နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သာသနတက္ကသီလ ဓမ္မာစရိယတန်း B.A(Buddhism)

(တတိယနှစ်)သင်ရိုးအမှတ်(သု-၃၀၄)

# ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်အကဲခတ်ခြင်း

## အပိုင်း(၂)

# သာမညဖလသုတ်၊ အမ္ဗဋ္ဌသုတ်

၀၂
မ

**ဦးကိုကိုမြိုင်**
(ပါမောက္ခ/တွဲဘက်ဌာနမှူး)
သုတ္တန္တပိဋကမဟာဌာန

သာသနာ-၂၅၅၈ ကောဇာ-၁၃၇၆ ခရစ်-၂၀၁၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

**သာသနတက္ကသိုလဓမ္မာစရိယတန်း** B.A (Buddhism)

(တတိယနှစ်)သင်ရိုးအမှတ်(သု-၃၀၄)

# ဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်အကဲခတ်ခြင်း

အပိုင်း ( ၂ )

# သာမညဖလသုတ်၊ အမ္ဗဋ္ဌသုတ်

ဦးကိုကိုမြိုင်
(ပါမောက္ခ / တွဲဘက်ဌာနမှူး)
သုတ္တန္တပိဋကမဟာဌာန

သာသနာ-၂၅၅၈ ကောဇာ-၁၃၇၆ ခရစ်-၂၀၁၅

# ပုံနှိပ်မှတ်တမ်း

အမှတ် ၂၉၃၆၀
ရက်စွဲ ၂၅.၆.၁၅

ဒုတိယအကြိမ် – ၂၀၁၅–ခုနှစ်
အုပ်ရေ – ၁၀၀၀

ထုတ်ဝေသူ

ဦးစိုးမင်းထွန်း(မှတ်ပုံတင်အမှတ်–၀၃၈၄၅)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

ဦးတင်စိုး
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
အမှတ်(၂၄)၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အမှာစာ. . . . . . ဣ


## အခန်း (၁)

## ပါဠိ–အဋ္ဌကထာ–ဋီကာပါသောအကြောင်းအရာများ


-ပါဠိတော်၌ပါဝင်သောအကြောင်းအရာများ ၁

-အဋ္ဌကထာ၌ပါဝင်သောအကြောင်းအရာများ ၆

-ဋီကာ၌ပါဝင်သောအကြောင်းအရာများ ၉


## အခန်း (၂)

## သာမညဖလသုတ်


-သာမညဖလသုတ်ဆိုသည်မှာ ၁၁

-အတ္ထုပ္ပတ္တိနိဒါန်း ၁၆

-သာမညဖလသုတ်တော်ကိုလေ့လာ
အကဲခတ်ခြင်း ၇၇

-သာမညဖလသုတ်လာဂိုဏ်းဆရာကြီးများ၏
အယူဝါဒများကိုလေ့လာအကဲခတ်ခြင်း ၈၂
-သာမညဖလသုတ်လာ သာလွန်မွန်မြတ်သော
ရဟန်းပြုအကျိုးများအပေါ်၌
လေ့လာအကဲခတ်ခြင်း ၉၁
-သာမညဖလသုတ်လာ ဗုဒ္ဓ၏တပည့်သာဝက
ရဟန်းနှင့်အခြားရဟန်းတို့၏ခြားနားချက်အပေါ်
လေ့လာအကဲခတ်ခြင်း ၉၉
-သာမညဖလသုတ်လာ နိဂဏ္ဌနာဋ္ဌပုတ္တ
(မဟာဝီရ)ယနေ့ခေတ်ဂျိန်း(ဇိန)၏ဝါဒအပေါ်၌
လေ့လာအကဲခတ်ခြင်း ၁၀၄
-သာမညဖလသုတ်လာ ဗုဒ္ဓ၏စိတ်ချမ်းသာ
နည်းကျင့်စဉ်အပေါ်လေ့လာအကဲခတ်ခြင်း ၁၁၃
-သာမညဖလသုတ်လာ ဝိပဿနာချမ်းသာ
သို့မဟုတ် ထူးခြားသောဉာဏ်အဆင့်ဆင့်
ရမှုအပေါ် လေ့လာအကဲခတ်ခြင်း ၁၁၈
-သာမညဖလသုတ်လာ အဇာတသတ်မင်း၏
ဘဝကိုလေ့လာအကဲခတ်ခြင်း ၁၂၆

-သာမညဖလသုတ်လာ အဇာတသတ်မင်း၏
ဥပါသကာခံယူမှုအပေါ်၌ ဥပါသကာဂုဏ်ရည်
ကိုလေ့လာအကဲခတ်ခြင်း ၁၃၇
-သာမညဖလသုတ်လာ အဇာတသတ်မင်း၏
သရဏဂုံဆောက်တည်မှုအပေါ်မှသိရှိရသော
သရဏဂုံအကျိုးကျေးဇူးများကို
လေ့လာအကဲခတ်ခြင်း ၁၄၃

## အခန်း (၃)

## အမ္ဗဋ္ဌသုတ်

-အမ္ဗဋ္ဌသုတ်ဆိုသည်မှာ ၁၅၅
-အတ္ထုပ္ပတ္တိနိဒါန်း ၁၆၁
-အမ္ဗဋ္ဌသုတ်ကိုလေ့လာအကဲခတ်ခြင်း ၂၀၃
-အမ္ဗဋ္ဌသုတ်လာ သကျသာကီဝင်မင်းတို့
ဖြစ်ပေါ်လာမှုကို လေ့လာအကဲခတ်ခြင်း ၂၀၇
-အမ္ဗဋ္ဌသုတ်လာ ပေါက္ခရသာတိပုဏ္ဏားကြီး
ဘဝကို လေ့လာအကဲခတ်ခြင်း ၂၁၄

-အမွှေသုတ်လာ မင်းမျိုးနှင့်ပုဏ္ဏားမျိုးတို့
အမျိုးမြတ်မှု-မမြတ်မှုအပေါ်လေ့လာ
အကဲခတ်ခြင်း ၂၂၂
-အမွှေသုတ်လာ ဝိဇ္ဇာစရဏပျက်စီးမှု
ရသေ့နှင့်ရသေ့ကျင့်ဝတ်များအပေါ်
လေ့လာအကဲခတ်ခြင်း ၂၂၇
-အမွှေသုတ်လာ ဗုဒ္ဓ၏ဒေသစာရီ
လှည့်လည်ခြင်းကိုအကဲခတ်ခြင်း ၂၃၅
-အမွှေသုတ်လာ ဗုဒ္ဓ၏လက္ခဏာ ၃၂-ပါးနှင့်
သိရှိရမှုအကျိုးကိုလေ့လာအကဲခတ်ခြင်း ၂၄၂

# အမှာစာ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး) တို့၌ ဓမ္မာစရိယတန်း B.A(Buddhism)တတိယနှစ်အတွက် သုတ္တန္တအပိုင်းသင်ရိုးအမှတ် သု-၃၀၄ ခေတ်အမြင်လေ့လာနည်း ၌ ဒီဃနိကာယ် သီလက္ခန္ဓဝဂ်လာ သာမညဖလသုတ်နှင့်အမ္ဗဋ္ဌ သုတ်တို့ကို ပြဋ္ဌာန်းပေးထားပါသည်။

ထိုသို့သင်ကြားရာတွင် ပြဋ္ဌာန်းကျမ်းစာအဖြစ်-

**(က) ပင်ရင်းကျမ်းစာများ**

၁။ သီလက္ခန္ဓဝဂ္ဂပါဠိတော်

၂။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (စာမျက်နှာ၁၂၂မှ၂၄၁ထိ)

၃။ သီလက္ခန္ဓဝဂ္ဂဋီကာ (စာမျက်နှာ၂၀၈မှ ၃၁၂ အထိ)

၄။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ဒုတိယ)

(စာမျက်နှာ ၁ မှ ၂၈၁ အထိ)

မှတ်ချက်-သာမညဖလသုတ်၊ အမ္ဗသုတ်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ အဖွင့်များ ဖြစ်သည်။

**(ခ) မှီငြမ်းပြုရာ ကျမ်းစာများ**

၁။ သီလက္ခန္ဓဝဂ္ဂပါဠိတော်နိဿယများ

၂။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာနိဿယများ

၃။ သီလက္ခန္ဓဝဂ္ဂဂဏ္ဌိ

၄။ သာသနတက္ကသိုလ်နီယံပေါင်းချုပ်

ဟူ၍ ပြဋ္ဌာန်းလမ်းညွှန်ပေးထားပါသည်။

ထို့ပြင် ခေတ်လေ့လာနည်းနှင့်ပတ်သက်၍-

(က) သုတ္တန္တပိဋက(ပင်ရင်းပြဋ္ဌာန်းကျမ်းစာ)က ညွှန်ပြသော လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးစသည်များကို လေ့လာသင်ကြားခြင်း

(ခ) သင်ကြားမှုဓလေ့နှင့်စာပေအဆင့်အတန်းကို သုံးသပ်ပြခြင်း

(ဂ) ဘုရားဟောတော်မူရခြင်း၏ရည်ရွယ်ချက်၊ ဟောရကျိုးရရှိသည့်သင်ခန်းစာများကို ထုတ်ပြခြင်း

(ဃ) အခြားပိဋကကျမ်းစာများ၊ ခေတ်ကျမ်းစာများနှင့် နှိုင်းယှဉ်လေ့လာတင်ပြခြင်း

ဟူ၍ ခေတ်လေ့လာနည်းနှင့်ပတ်သက်၍ လေ့လာရမည့်အချက်အလက်တို့ကို လမ်းညွှန်ပြဌာန်းပေးထားပါသည်။

သုတ်တစ်သုတ်ကို လေ့လာအကဲခတ်တော့မည်ဆိုလျှင် အောက်ပါအချက်များကို အဓိကထား ပါဝင်အောင် လေ့လာအကဲခတ်သုံးသပ်တင်ပြရပါမည်-

(က) သုတ်တော်အမည်
(ခ) ဟောသောပုဂ္ဂိုလ်
(ဂ) ရည်ရွယ်အဟောခံရသောပုဂ္ဂိုလ်
(ဃ) ဟောသောနေရာ
(င) ဟောခြင်း၏ရည်ရွယ်ချက်
(စ) တရားတော်၏သဘာဝ(သို့မဟုတ်)အနှစ်သာရ
(ဆ) တရားအဟောခံပုဂ္ဂိုလ်အားအကျိုးပြုမှု
(ဇ) လောကသဘာဝလူအများအားအကျိုးပြုမှု
(ဈ) တရားတော်အပေါ် ခေတ်သဘာဝနှင့်နှိုင်းယှဉ်သုံးသပ်ဝေဘန်ချက်

ဟူသောအချက်များ အဓိကထားပါဝင်ပြီး လေ့လာအကဲခတ်ရန်လိုအပ်ပါသည်။

သုတ်တစ်သုတ်၏ မူလဘုရားဟောတွင် ထိုခေတ်ထိုအခါ လူနေမှုစနစ်နှင့်လိုက်လျောညီထွေစွာ ဟောပြောခဲ့သလို အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ကလည်း သူတို့ခေတ် သူတို့

အမြင်တို့ကို ဗုဒ္ဓဟောကြားသောတရားတော်အပေါ်မှီ၍ ဖွင့်ဆို ရေးပြထားခဲ့ကြပါသည်။

ထိုအဋ္ဌကထာ၊ ဋီကာဆရာတို့၏ဖွင့်ဆိုရေးသားတင်ပြချက်နှင့်ယနေ့ခေတ်သဘာဝနှင့်ထင်ဟပ်စပ်ပြနိုင်ရန် လိုအပ်ပါသည်။

ဤအချက်ကို အဓိကထားဝေဘန်သုံးသပ်ရန်လိုအပ်ပါသည်။

စာရေးသူသည် ဓမ္မာစရိယတန်း(တတိယနှစ်)အတွက် ပြဋ္ဌာန်းထားသော သာမညဖလသုတ်နှင့်အမ္ဗဋ္ဌသုတ်အပေါ်၌ စာသင်သားများအား နည်းစနစ်ရရန်အတွက်သာ အဓိကထား၍ အကျဉ်းလေ့လာအကဲခတ်ပြထားပါသည်။

နောင်ကျမ်းတစ်စောင် ပေတစ်ဖွဲ့ရေးသားလိုသူ တင်ပြလိုသူတို့အတွက်မူ ဤနည်းကိုမှီ၍ လေ့လာအကဲခတ်ဝေဘန်သုံးသပ်တင်ပြနိုင်က တင်ပြရေးသားဝေဘန်နိုင်ကြပါသည်။

ယနေ့ခေတ်သည် ကမ္ဘာ့ရွာဟုဆိုသည့်အတိုင်း ဗုဒ္ဓ၏ဓမ္မများသည် ခေတ်မှီသိပ္ပံပညာ၊ စက်မှုတို့ဖြင့် ကမ္ဘာတစ်ဝှမ်းဖြန့်နိုင်ကြပြီး ဖြစ်ပါသည်၊ သို့အတွက် ဗုဒ္ဓ၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်အရေးတို့ဖြင့် လေ့လာအကဲခတ်သုံးသပ်တင်ပြရန်လိုနေသောအချိန်ဖြစ်၍ ဤတက္ကသိုလ်ကြီးများက ဤခေတ်လေ့လာနည်းကို ထည့်သွင်းသင်ကြားပြသ

နည်းပေးနေသည်ကို အထူးသတိပြုဆောင်ရွက်ရမည်ဖြစ်၍လည်း ဤကျမ်းစာနမူနာကို ဒုတိယနှစ်အတွက် ရေးသားထုတ်ဝေရပါသည်။

ဤဗုဒ္ဓ၏ဓမ္မအမြင်များကို ခေတ်အမြင်ဖြင့် လေ့လာသုံးသပ်ခြင်းအပိုင်း(၂)စာအုပ်ဖြစ်မြောက်ရေးအတွက် ကိုယ်အားစိတ်အားဖြင့်ကူညီအားပေးတိုက်တွန်းကြသော ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရမဟာထေရ်၊ ဒုတိယပါမောက္ခချုပ်(ပညာ)အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကမဟာထေရ်၊ သုတ္တန္တပိဋကမဟာဌာနမှူးပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသဆရာတော်နှင့် စာအုပ်အဖြစ်ရိုက်နှိပ်ထုတ်ဝေခွင့်ပြုသောတက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့နှင့် အလှူရှင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
ဦးကိုကိုမြိုင်
(ဓမ္မာစရိယ၊ ဘီ-ဒီ-တီ၊ ဘီ-အေ၊ မြန်မာစာ)
ပါမောက္ခ၊ တွဲဘက်ဌာနမှူး
သုတ္တန္တပိဋကမဟာဌာန

# အခန်း ( ၁ )

# ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၌ ပါဝင်သောအကြောင်းအရာများ

## (က) သာမညဖလသုတ်ပါဠိတော်၌ ပါဝင်သော အကြောင်းအရာများ

### ရဟန်းပြုခြင်း၏ လက်တွေ့အကျိုးတရား

| | |
|---|---|
| ဟောရာအချိန် | -တန်ဆောင်မုန်းလပြည့်နေ့ ညဦးယံချိန် |
| ဟောရာအရပ် | -ရာဇဂြိုဟ်ပြည်၊ ဆရာဇီဝက၏ သရက်ဥယျာဉ် |
| ဟောသူ | -ဗုဒ္ဓ |
| တရားနာသူ | -အဇာတသတ်မင်းနှင့် အခြံအရံများ၊ ရဟန်းတော် ၁၂၅၀ |

ဟောခြင်းအကြောင်း -ရဟန်းပြုခြင်းအကျိုးကို အဇာတသတ်မင်း မေးလျှောက်ခြင်း

ဟောသောတရား -ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးများ (မင်းမှုစိုးမှုလွတ်ခြင်းမှ အရဟတ္တဖိုလ်အထိ)

## ပါဝင်သောကဏ္ဍများ

-အဇာတသတ်မင်း၏ ညညီလာခံသဘင်

-အမတ်များနှင့် ဆရာဇီဝကတို့မိမိတို့၏ ဆရာများ အကြောင်းလျှောက်ထားပြောကြားကြခြင်း

-အဇာတသတ်မင်း ဘုရားရှင်ထံသို့ ထွက်တော်မူခြင်း

-အဇာတသတ်မင်း၏ သာမညဖလ ပြဿနာ

-တိတ္ထိဆရာကြီး(၆)ယောက်တို့၏ အဖြေများ

(၁) ပူရာဏကဿပ၏ အကြိယာဒိဋ္ဌိ

(၂) မက္ခလိ ဂေါသာလ၏ သံသရာသုဒ္ဓိဝါဒ

(၃) အဇိတ၏-ဥစ္ဆေဒဒိဋ္ဌိ

(၄) ပကုဓကစ္စာယန၏ အနုတ္တဝါဒ

(၅) နာဋ္ဌပုတ္တနိဂဏ္ဌ၏ စတုယာမ သံဝရအကျင့်

(၆) သိဥ္စည်းဆရာ၏ ဝိက္ခေပဝါဒ

## မျက်မြင်ကိုယ်တွေ့ရဟန်းဖြစ်ကျိုးများ

(က) မင်းစိုးမှုလွတ်၍ အပူဇော်ခံရခြင်း
(ခ) ရဟန်းကျင့်ဝတ်ခေါင်းစဉ်
၁။ သီလ
၂။ ဣန္ဒြိယ သံဝရ
၃။ သတိသမ္ပဇဉ်
၄။ သန္တုဋ္ဌိ (ရောင့်ရဲခြင်း)
(ဂ) တရားကိုအားထုတ်ခြင်း နီဝရဏပယ်ပုံ
(ဃ) နီဝရဏတရားငါးပါး ဥပမာ ---
(င) ဈာန်သမာပတ်များ
၁။ ပဌမဈာန်
၂။ ဒုတိယဈာန်
၃။ တတိယဈာန်
၄။ စတုတ္ထဈာန်
(စ) ဉာဏ်(၁၀)ပါး
၁။ ဝိပဿနာဉာဏ် (နာမ်ရုပ်ကိုသိခြင်း)
၂။ မနောမယဉာဏ် (ကိုယ်ခွဲဖန်ဆင်းခြင်း)
၃။ ဣဒ္ဓိဝိဓဉာဏ် (တန်ခိုး ဖန်ဆင်းခြင်း)
၄။ ဒိဗ္ဗသောတဉာဏ် (အသံအမျိုးမျိုးကြားခြင်း)
၅။ စေတောပရိယဉာဏ်
(သူတစ်ပါး၏ စိတ်ကိုသိခြင်း)

၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
(ရှေ့ဖြစ်ကို သတိရခြင်း)
၇။ စုတူပပါတဉာဏ်(ဒိဗ္ဗစက္ခု)
(စုတိ၊ ပဋိသန္ဓေ အသေအဖြစ်ကိုသိခြင်း)
၈။ အာသဝက္ခယဉာဏ်(အာသဝေါကုန်ခမ်းခြင်း)
၉။ အဇာတသတ်မင်း သရဏဂုံဆောက်
တည်ခြင်းနှင့်အပြစ်ကို ကန်တော့ခြင်း

## (ခ) အမ္ဗဋ္ဌသုတ်ပါဠိ၌ ပါဝင်သောအကြောင်းအရာများ

ဟောရာအချိန် -နေမွန်းလွဲချိန်
ဟောရာနေရာ -ကောသလတိုင်း၊ ဣစ္ဆာနင်္ဂလ
ပုဏ္ဏားရွာအနီး၊ ဣစ္ဆာနင်္ဂလတောအုပ်
ဟောသောပုဂ္ဂိုလ် -ဗုဒ္ဓ
နာယူသောပရိသတ် -အမ္ဗဋ္ဌလုလင်နှင့် အဖော်များ
ပေါက္ခရသာတိနှင့်အခြံအရံများ
ဟောခြင်းအကြောင်း -အမ္ဗဋ္ဌလုလင်၏ဝိဇ္ဇာစရဏပြဿနာ
ဟောသောတရား -အမျိုးလေးပါးတို့တွင် မင်းမျိုးသာ
မြတ်ကြောင်း၊ သာကီဝင်မင်းတို့၏
ရာဇဝင်၊ ကဏှာယနမျိုး၏ရာဇဝင်၊

ဝိဇ္ဇာစရဏများ၊ ဗေဒင်ပြုရသေ့များ
နှင့် သာသနာပျက်စီးကြောင်းရသေ့
(၄)မျိုး

## ပါဝင်သောကဏ္ဍများ

- ပေါက္ခရသာတိ ပုဏ္ဏားဝတ္ထု
- အမ္ဗဋ္ဌလုလင်ကို ဘုရားထံစေလွှတ်ခြင်း
- ဇာတ်နိမ့်ဟူသောစကားဖြင့် ရှေးဦးစွာရှုတ်ချခြင်း
- (၂)ကြိမ်မြောက်ရှုတ်ချခြင်း(၃)ကြိမ်မြောက်ရှုတ်ချခြင်း
- ကျွန်မ၏သားဝါဒ
- အမ္ဗဋ္ဌ၏ အဆက်အနွယ်အကြောင်း
- မင်းမျိုးသည် မြင့်မြတ်သည့်အကြောင်း
- အသိဉာဏ်(ဝိဇ္ဇာ)နှင့် စရဏ(အကျင့်)သာကြောင်း
- ပျက်စီးကြောင်း(၄)ပါး
- ရှေး၌ဖြစ်သော ရသေ့တို့အကြောင်းကိုမေးမြန်းခြင်း
- လက္ခဏာ-၂-မျိုးကိုပြခြင်း
- ပေါက္ခရသာတိပုဏ္ဏား ဘုရားထံသွားခြင်း
- ပေါက္ခရသာတိ ပုဏ္ဏား၊ ဥပါသကာဖြစ်ခြင်း

## (၁) သာမညဖလသုတ်အဋ္ဌကထာ၌ပါဝင်သော အကြောင်းအရာများ

- အဇာတသတ်ဝတ္ထုအကျဉ်း
- ပုရာဏကဿပဝတ္ထုစသည်
- အဇာတသတ်ဘုရားထံသွားခန်း
- ဉာဏဘယစသည့် ၄-ပါး
- လောမဟံသ (၂)ပါး
- ရာဇဂြိုဟ်၌တံခါးကြီး-၃၂၊ တံခါးငယ်-၆၄
- သားအဆက်ဆက်က အဖကိုသတ်ပုံ
- ဘုရားသံဃာ၌ ရှိခိုးပုံအခြင်းအရာ
- သဗ္ဗညုတ ပဝါရဏာစသည်
- သာမည-သာမည ဖလအရ
- ပဏ္ဍိတ ပဋိရူပကပုဂ္ဂိုလ်သဘော
- ဥတ္တရ ဒက္ခိဏာပထတိုင်းသားတို့၏ဝိသေသ
- ဆဠာဘိဇာတိအဖွင့်
- အဋ္ဌပုရိသဘူမိ
- ပါဏာဘူတစသည်မည်ကြောင်း
- မဟာကပ်ပမာဏ
- ဒိဋ္ဌိကြီး(၃)ပါးအတား
- ဝဋ္ဋ ခါဏုက ပုဂ္ဂိုလ်
- အဘိဟာရ(၂)မျိုး

- ရက္ခဝရဏဂုတ္တိ(၂)မျိုး
- မဇ္ဈိမဒေသ အပိုင်းအခြား
- လက်ညှိုးတစ်ချောင်းနှင့် စကြာဝဠာ တစ်ခုလင်းပုံ
- အာဒိ ကလျာဏ စသည်ကိုပြခဏ်း
- ပရိသုဒ္ဓ-အပရိသုဒ္ဓ ဒေသနာ
- ဂဟပတိမျိုးမှ ရဟန်းပြုသူများကို ချီးမွမ်းခန်း
- ဘောဂဉာတိ အပ္ပမဟန္တ ဖြစ်ပုံ
- ဘိက္ခုသီလသမ္ပန္နနှင့် မဟာအဋ္ဌကထာဝါဒ
- စက္ခုပဘေဒ အကျယ်
- သမ္ဗဇည(၄)ပါးအကျယ်
- သန္တောသ (၁၂)ပါးအဖွင့်
- ပရိက္ခရာ(၈)ပါး (၉)ပါး အဖွင့်
- ရဟန်းယုတ်များ တောကျောင်းမနေနိုင်ပုံ
- ကာမစ္ဆန္ဒ စသည် ကြွေးမြီးနှင့် တူပုံစသည်
- ဥပ္ပလ-ပုဏ္ဍရိက၊ ပဒုမ အထူး
- ဩဝါဒ ဝတ္ထုသည်အားရှိပုံ
- သေနာသနလေးမျိုး အပြား
- ဝိဟာရနှင့် သေနသနအထူး
- သရဏဂမနနှင့် ပဘေဒ စသည်
- အဇာတသတ်အား ဗျာဒိတ်ထားခန်း

- ဇနသဂ်ဟာဓမ္မ ကထာထားအပ်ကြောင်း
- ပဘေဒဝဏ္ဏန
- ပလ္လင်္ကအဖွင့်
- ဒေသနာသုခတ္တအရာ

## (ဃ) အမွှဋ္ဌအဋ္ဌကထာ၌ပါဝင်သော အကြောင်းအရာများ

- ကောသလမည်ပုံ
- စာရိက (၂)မျိုး
- မဏ္ဍလ(၃)မျိုး
- ပြဟ္မဏ(၂)မျိုး ဝိဂ္ဂဟ
- မဟာပုရိသ လက္ခဏာကျမ်းအဖွင့်
- ရတနာ(၇)ပါး အာနိသံသ
- တံခါးမုခ်၌သာ ယဉ်စီးပုံ
- လောကဆဒန(၇)ပါး
- တံခါးခေါက်ဝတ်၊ တံခါးဖွင့်ပုံ
- ဘုရားလျှင်စွာ ကြွခြင်းအကြောင်း
- ဒေသစာရီ ၄-၅-၈ မျိုး
- ပေါက္ခရသာတိ ဝတ္ထု
- ဥက္ကာကမင်းဆက် သာကီဝင်ဝတ္ထု
- ဘူမိဇာလဝိဇ္ဇာ

- သိကြားသာသနာ စောင့်ရန်ဝန်ခံပုံ
- မတကဘာတ် မင်္ဂလာဒိဘာတ်
- ရသေ့သည် သာသနာပျက်စီးကြောင်းဖြစ်ပုံ
- ရသေ့(၈)ပါး
- ခရုသင်းနာ ကူးစက်တတ်ပုံ
- အာဝဋ္ဋနီကဝိဇ္ဇာ
- ရှေးဗေဒင်ဘုရားဟောနှင့် ညှိထားပုံ
- အန္တပဝေဏီ
- ပြဟ္မဏ ကရဏ ဓမ္မအစု
- ဝိမတိ(၃)မျိုး
- ဒိဋ္ဌဓမ္မာ-စသည်အဖွင့်

## ( င) သာဓညဖလသုတ်ငှီကာ၌ပါဝင်သော အကြောင်းအရာများ

- အနုပုဗ္ဗပဒဝဏ္ဏနာ အဖွင့်
- စတုမဓုတစ်မျိုး
- သုတ်,ဝိနည်း, ဝန္ဒနာ (၂)မျိုး
- ဆနိသဇ္ဇဒေါသကိုတား
- ပဋိရူပ- အပဋိရူပ ဒေသနာ-၂-ပါး
- ပရမတ္တအဖွင့်
- ဩဝါဒ အနုသာသနိ(၂)ပါးအထူး

- မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ တရားကိုယ်
- မာရ်နတ်-ဝသဝတ္တိအစိုးရပုံ
- အာဂန္တု (၂)မျိုး
- မဟာစေတီ (၁၂၀)မြင့်ကြောင်း
- မိဿကာဟာရ အဖွင့်
- စတုမဓုတစ်မျိုး
- ဝိနည်း သုတ္တန်ပရိယာယ ဒေသနာမည်ပုံ
- ပါမောဇ္ဇနှင့် ပီတိအထူး
- ဝေဠုရိယ မှတ်ဖွယ်အကျယ်
- သရဏဂုဏ်ဆိုင်ရာ စကားစုအခန်း
- ဝေလာမဒါနသို့ လောကုတ္တရာသရဏဂုံဖြစ်ပုံ
- ပဒက္ခိဏာအဖွင့်
- ကောကနဒအဖွင့်
- ကရဏ္ဍ(၂)မျိုး ဝိဂ္ဂဟ
- လောကိယ-လောကုတ္တရာ ပဓာနတရား(၂)ပါး

## (၈) အမ္ဗဋ္ဌသုတ်ဋီကာ၌ ပါဝင်သောအကြောင်းအရာများ

- ကရုဏာသမထ-ဝိပဿနာ ကောက်ချက်
- ဇာတိပြဟ္မဏ-ဝိသုဒ္ဓိအထူး
- ဂေါသိတာ စန္ဒကူးအဖွင့်
- သိက္ခာပုဒ်ပေါင်းပြဂါထာ

## အခန်း (၂)

# သာမညဖလသုတ်

### သာမညဖလသုတ်ဆိုသည်မှာ

သာမညဖလသုတ် ဆိုသည်မှာ ရဟန်းပြုလုပ်ခြင်း၏ လက်တွေ့အကျိုးကျေးဇူးများကို အကျယ်တဝင့် ဟောကြားတော်မူသောသုတ် ဖြစ်ပေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်ကို မာဂဓတိုင်း, ရာဇဂြိုဟ်မြို့တော်, ဆရာဇီဝက၏ သရက်ဥယျာဉ်၌ ဟောကြားတော်မူခဲ့လေသည်၊ ရာဇဂြိုဟ်မြို့တော်မှာ, ဘီဟာနယ်တောင်ပိုင်း၊ အရှေ့အိန္ဒိယ မီးရထားလမ်း၊ ဘက်တီယာပူရ်မှ ၃၆-မိုင်ဝေးသော ယခု ရာ(ဂ်ျ) ဂီ (ရ်) ခေါ်သော နေရာပင်ဖြစ်ပေသည်၊ ဗုဒ္ဓမပေါ်မီတွင်

ဂိရိဗ္ဗဇ, ဝါသုမတီအမည်များဖြင့် ထင်ရှားခဲ့၍ တရုတ်ခရီးသည် ဟူယန်ဆိုင်၏ မှတ်တမ်းတွင် ကုဆာဂါရ (KUSAGARA)ဟု ရေးမှတ်ထားခဲ့သည်၊ ထိုခရီးသည် ရောက်သောခေတ်တွင် ကုဆာဂါရဟု ခေါ်တွင်ဟန်ရှိပေသည်၊ အမှန်မှာရှေးအခါ ဘုရားလောင်း မဟာဂေါဝိန္ဒ ဗိသုကာသည် ဂိရိဗ္ဗဇတောင်ကို ခံတပ်ပြု၍ တောင်ထိပ်၌ မြို့တည်ခဲ့ရာ ထိုမြို့သည် ဂိရိဗ္ဗဇမြို့ဟု ခေါ်တွင်ပြီး အိန္ဒိယပြည်တွင် ရှေးအကျဆုံး ကျောက်မြို့ရိုးကြီး တစ်ခုဖြစ်လာခဲ့ပေသည်၊ ထိုနောက် ဗိမ္ဗိသာရမင်းကြီးလက်ထက်တွင် ထိုတောင်ခြေရင်း, တောင်ငါးလုံးတို့၏အကြား မြေပြန့်၌ မြို့သစ်တည်ပြန်ရာ ထိုမြို့သစ်သည် ရာဇဂြိုဟ်မြို့ဟောင်း၏ ပြင်ဘက်၌ မြို့သစ်တည်ထောင်နေထိုင်ပြန်ရာ အဇာတသတ်မြို့ဟု တွင်ပြန်သည်၊ ထိုနောက်ဆုံး မြို့နေရာတွင် ယခု အိမ်ခြေ ၂၀၀-ခန့်ရှိ၍ ရှေးမြို့ဟောင်းများကား အပျက်အစီးများဖြင့် သခ်ိဳရ၏ လက္ခဏာကို ဖော်ပြလျက် ရှိကြပေသည်။

ခမည်းတော်ကို သတ်ဖြတ်စေခဲ့မိသော အဇာတသတ်မင်းသည် စိတ်မချမ်းမသာရှိလှသဖြင့် ညစဉ်လိုလို အိပ်စက်မရအောင်ရှိနေခဲ့ရာ တစ်နေ့သောအခါ တန်ဆောင်မုန်းလပြည့်နေ့ လဝန်းပေါ်စ အလွန်သာယာကြည်နူးဖွယ်ကောင်းလှသော ညဦးယာမ်အချိန်တွင် ခမည်းတော်၏ ဆရာဗုဒ္ဓဘုရားအထံတော်သို့ ဆည်းကပ် တရားနာ၍ စိတ်ချမ်းသာမှုကို ရှာလိုသဖြင့် ဗုဒ္ဓ

ဘုရားအထံတော်သို့ ဆည်းကပ်တရားနာနိုင်ရန် စကားစဖော်ကာ ဆရာဇီဝကကို ရှေ့သွားပြု၍ ဗုဒ္ဓဘုရားအထံ အဖူးအမြော် ထွက်ခဲ့လေသည်၊ ဗုဒ္ဓဘုရားအထံတော်သို့ ရောက်သောအခါ အဇာတသတ်မင်းသည် ရဟန်းပြုလုပ်ခြင်း၏ လက်တွေ့အကျိုးကျေးဇူးကို ဟောကြားပညတ်နိုင်ပါမည်လောဟု မေးလျှောက်လေသည်၊ ဤပြဿနာမှာ ရာဇဂြိုဟ်မြို့တော်တွင် နေတစ်ဆူ လတစ်ဆူ ထင်ရှားနေကြသည့် ပုရဏကဿပ စသော ဝါဒပြုဂိုဏ်းဆရာကြီးများကိုလည်း မေးမြန်းခဲ့ပြီး ဖြစ်ပေသည်၊ ဤပြဿနာ၏ အဖြေကို မင်းမှုစိုးမှု လွတ်ငြိမ်းခြင်းမှ အစပြု၍ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်ရသည့်တိုင်အောင် ဖြေရှင်းဟောကြားတော်မူခဲ့ရာ ထိုဟောကြားချက်များမှာ ဤသာမညဖလသုတ်ပင် ဖြစ်ပေသည်။

ဤသုတ်၌လာသော လက်တွေ့ရဟန်းပြုကျိုးများကို အကျဉ်းချုပ် ရေတွက်ရသော်-

| | |
|---|---|
| ၁။ အနဝဇ္ဇသုခ | - အပြစ်မရှိခြင်း ချမ်းသာ။ |
| ၂။ အဗျာသေကသုခ | - ကိလေသာမိုး မစိုတ်သောချမ်းသာ။ |
| ၃။ ဈာနသုခ | - ဈာန်သမာပတ် ချမ်းသာ။ |
| ၄။ အဘိညာသုခ | - အဘိညာဉ်ချမ်းသာ။ |
| ၅၊ မဂ္ဂဖလသုခ | - မဂ်ဖိုလ်ချမ်းသာတို့ကို အစဉ်မပျက် တွေ့ရှိနိုင်ကြပေသည်။ |

အမှန်အားဖြင့် ဤသုတ်သည် ဗုဒ္ဓသာသနာတော်၌ မည်သို့သော အကျင့်သီလများ ရှိနေကြသည်၊ မည်မျှ အဆင့်အတန်းမြင့်သော စိတ်တန်ခိုးများရှိနေကြသည်၊ မည်သည့်အသိဉာဏ်အဆင့်အတန်းများ ရှိနေကြသည်ဟူသော အချက်များကို ဖော်ထုတ်ဟောကြားတော်မူခဲ့သဖြင့် သာသနာ့ရုပ်လုံးဖော် ဒေသနာဖြစ်သည်သာမက ဗုဒ္ဓနှင့်အပြိုင် ထွန်းကားနေကြသော ပူရဏကဿပ, မက္ခလိဂေါသာလ စသော ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့၏ ဝါဒများကိုလည်း အဇာတသတ်မင်းက ဖော်ထုတ်လျှောက်ထားခဲ့ရာ ယနေ့တိုင် ခေတ်စားနေသေးသည့် ဂျိန်းဘာသာကို စတင်တည်ထောင်သူ နိဂဏ္ဌနာဋပုတ္တခေါ် ဝဒ္ဓမာန မဟာဝီရ၏ အကြောင်းအရာ, ဝါဒများလည်း ပါဝင်ခဲ့လေသည်။

ဒေဝဒတ်၏ ဖျားယောင်းမှုကြောင့် ခမည်းတော်ကိုပင်သတ်စေဝံ့ခဲ့သော အဇာတသတ်သည် ဤသုတ်ကို ကြားနာသောအခါမှစ၍ အတိုင်းထက်အလွန် သဒ္ဓါကြည်ညိုခြင်းရှိလှသဖြင့် သာသနာတော်၌ အရေးပါလှသော ပထမသံဂါယနာတင် သာသနာ့ဒါယကာမဟာမြေ့ရာဇ်တစ်ပါးအဖြစ်သို့ ရောက်ရှိလာခဲ့ပေသည်။

**(သာမည = ရဟန်းအဖြစ် (ရဟန်းပြုခြင်း၏) + ဖလ = အကျိုး။)**

ဤသုတ်၌ ရဟန်းပြုသော ပုဂ္ဂိုလ်များ လက်တွေ့ခံစားရရှိနိုင်သည့် အကျိုးကျေးဇူးများကို အစဉ်အတိုင်း အခြေခံသီလမှစ၍ ဈာန်တရားများ-ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်

ဟူသော ပညာတရားများအားဖြင့် အကုန်အစင် ဟောဖော်ထား သည်၊ အကျဉ်းချုပ်အားဖြင့် သီလ သမာဓိ ပညာ သုံးမျိုးပင် ဖြစ်သည်။

နိဗ္ဗာန်ရောက်ကြောင်း တရားသည် သီလ သမာဓိ ပညာ ဟူ၍ သုံးမျိုးရှိကြောင်း သိကြသော်လည်း သီလဘယ်နှစ်မျိုးရှိ သည် သမာဓိ ဘယ်နှစ်ဆင့်ရှိသည် ပညာဘယ် * နှစ်စားရှိသည် ဟု အစိတ်စိတ်အားဖြင့် မသိကြသော ပုဂ္ဂိုလ်များသည် ဤသုတ် ကို ဖတ်ကြားနာယူပါက အစဉ်အတိုင်း အကျယ်သိနိုင်ကြလေ သည်။

ရဟန်းပြုခြင်း၏ အကျိုးဟုဆိုသော်လည်း စင်စစ်အား ဖြင့် မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင် ကျင့်ခဲ့သည့် ကျင့်စဉ် တက်လမ်းကိုပင် ဟောဖော်ထားသည်ဖြစ်သောကြောင့် ဗုဒ္ဓကျင့် စဉ် ဟူ၍လည်း ခေါ်ဆိုနိုင်လေသည်၊ ၎င်းပြင် အခြေခံသီလမှစ ၍ အာသဝက္ခယဉာဏ်အထိ နိဗ္ဗာန်တက်လမ်းကို စခန်းစုံ ဟော ဖော်ထားသည်ဖြစ်သောကြောင့် နိဗ္ဗာန်တက်လမ်း စခန်းစုံဟူ၍ လည်း ဆိုနိုင်သည်။

သို့ဖြစ်၍ ဤသုတ်ကို ဖတ်ကြားနာယူလျှင် ရဟန်းတော် များ ခံစားရောက်ရှိနိုင်သည့် အကျိုးကျေးဇူး ဂုဏ်ထူးအဆင့် အတန်းများကို အကုန်အစင်သိမြင်လျက် ဗုဒ္ဓ၏ကျင့်စဉ်နှင့်တကွ နိဗ္ဗာန်တက်လမ်း စခန်းစုံကို သိကြလိမ့်မည် ဖြစ်ပေသတည်း။

ကုမုဒြာ ကြာပန်းပွင့်ချိန် လပြည့်, စန်းပြည့် ကြံ့သော သာယာသည့် တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့ညပင် ဖြစ်ပေသည်။

ထိုအခါ အဇာတသတ်မင်းသည်-

အချင်းတို့. . . အပြစ် ကင်းစင်သောညသည် မွေ့လျော်ဖွယ် ရှိလှပါပေ၏၊ အလွန်လှပပါပေ၏၊ ရှုမငြီးအောင် ရှိလှပါပေ၏၊ ကြည်လင်ဖွယ် ရှိလှပါပေ၏၊ မှတ်သားဖွယ် ကောင်းလှပါပေ၏၊ ကျွနုပ်တို့စိတ်ကို(ပို၍) ကြည်လင်စေနိုင်သည့် ယခုအချိန်၌ အဘယ်ရဟန်း, ပုဏ္ဏားထံသို့သွား၍ ဆည်းကပ်ရပါမည်နည်းဟု ဥဒါန်းကျူးရင့်တော်မူ၏။

ထိုအခါ အမတ်တစ်ယောက်သည်-

"အရှင်မင်းကြီး. . . ပူရဏကဿပသည် တပည့်သံဃာလည်း ရှိပါသည်၊ ဂိုဏ်းဂဏလည်းရှိ၍ ဂိုဏ်းဆရာကြီး ဖြစ်ပါသည်၊ ထင်ရှားကျော်ဇောပါသည်၊ အခြံရံလူအများတို့က သူတော်ကောင်းဟု သမုတ်ကြပါသည်၊ နေ့ညတို့ကို မှတ်သားမိ သူဖြစ်ပါသည်၊ ရဟန်းပြုခဲ့သည်မှာလည်း ကြာပါပြီ၊ မင်းနှစ်ဆက်သုံးဆက်ကို မှီသူလည်း ဖြစ်ပါသည်၊ တတိယအရွယ်သို့ ရောက်ပါပြီ၊ ထိုပူရဏကဿပကို ဆည်းကပ်တော် မူစေလိုပါသည်၊ ပူရဏကဿပသို့ ဆည်းကပ်ရလျှင် အရှင်မင်းကြီး၏ စိတ်တော်သည် ကြည်လင်လိမ့်မည် ထင်ပါသည်။"

ဟု လျှောက်၏၊ ထိုသို့ လျှောက်သောအခါ အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေတော်မူ၏။

ဤနည်းတူပင် အခြားအမတ်တစ်ယောက်သည် မက္ခလိ ဂေါသာလ၏အကြောင်းကို၊ အခြားတစ်ယောက်သည် အဇိတ ကေသကမ္ဗလ၏အကြောင်းကို၊ အခြားတစ်ယောက်သည် ပကုဓကစ္စာန၏အကြောင်းကို၊ အခြားတစ်ယောက်သည် ဗေလဋ္ဌ၏ သား သိဉ္စည်း၏အကြောင်းကို၊ အခြားအမတ်တစ်ယောက်သည် နာဋ္ဌ၏သား နိဂဏ္ဌ၏အကြောင်းကို လျှောက်ထားကြလေ၏၊ ထိုသို့ လျှောက်ထားကြသော်လည်း အဇာတသတ်မင်းသည် ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုအခါ ဆရာဇီဝကသည် အဇာတသတ်မင်း၏ မနီးမဝေး၌ ဆိတ်ဆိတ်သာလျှင် ထိုင်လျက်ရှိ၏၊ ထိုနောက် အဇာတသတ်မင်းသည် ဆရာဇီဝကကို ဤသို့ မိန့်၏-

"အဆွေ ဇီဝက . . . သင်ကား အဘယ်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း။"

ထိုအခါ ဇီဝကသည် ဤသို့ လျှောက်တင်၏-

"အရှင် မင်းကြီး. . . ဘုန်းတော်ကြီးမားသော သမ္မာသမ္ဗုဒ္ဓ * မြတ်စွာဘုရားသည် ရဟန်းတော် ၁၂၅၀-တို့နှင့်အတူ

---

* သမ္မာသမ္ဗုဒ္ဓ။ ။ သမ္မာ = သဘာဝအတိုင်း + သံ = ကိုယ် တော်တိုင်, (သူပြော တစ်ဆင့်ကြားမဟုတ်) + ဗုဒ္ဓ = သိစရာရှိသမျှကို သိတော်မူသော ဗုဒ္ဓဘုရား = သိသင့် သိကောင်းရာ တရားမှန်သမျှကို အမှန်အတိုင်း သိမြင်တော်မူသော ဗုဒ္ဓဘုရား။

အကျွန်ုပ်၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူလျက် ရှိပါသည်၊ ထိုမြတ်စွာဘုရားသည် (၁) ကိလေသာရန်သူကို ပယ်သတ်တော်မူပြီး ဖြစ်ပေသည်၊ (၂) သိသင့်သိထိုက်သော တရားအားလုံးကို သဘာ ဝအမှန်အတိုင်း ကိုယ်တိုင် သိမြင်တော်မူပေသည်၊ (၃) ဝိဇ္ဇာဟူ သော အသိဉာဏ်, စရဏဟူသော အကျင့်တရားနှင့် ပြည့်စုံတော် မူပေသည်၊ (အသိလည်း ရှိတော်မူသည်၊ အကျင့်လည်း ရှိတော်မူသည်)၊ (၄) ဗုဒ္ဓဘုရားတို့ အစဉ်အလာဖြင့် ကောင်းစွာပွင့်လာတော်မူပေသည်၊ (၅) လောကအားလုံးကို လည်း သိမ်းကြုံးသိမြင်တော်မူပေသည်၊ (၆) ယောကျ်ားကြမ်းတို့ ကို ဆုံးမတော်မူရာ၌ အတုမဲ့ဆရာ ဖြစ်တော်မူပေသည်၊ (၇) နတ်, လူတို့၏ ရှေ့ဆောင်လမ်းပြ ဆရာတစ်ဆူ ဖြစ်တော်မူပေ သည်၊ (၈) အမှန်တရားကို မိမိလည်း သိမြင်၍ သူတစ်ပါးတို့ ကိုလည်း သိမြင်စေတော်မူသည်၊ (၉) ဘုန်းတော်ခြောက်ပါးနှင့် လည်း ပြည့်စုံတော်မူပေသည်ဟု ဘဝဂ်မဆုံ ပျံ့နှံ့၍တက်သော ကျော်စောသတင်းလည်း ရှိပါသည်၊ ထိုမြတ်စွာဘုရားကို ဆည်းကပ်တော်မူရပါလျှင် အရှင်မင်းကြီး၏ စိတ်တော်သည် ကြည်လင်လိမ့်မည် ထင်ပါသည်။"

"အဆွေ ဇီဝက. . . သို့ဖြစ်လျှင် ဆင်ယာဉ်တို့ကို စီမံချေလော့။"

"အရှင်မင်းကြီး. . . အမိန့်တော်အတိုင်းပါ။"

## အဇာတသတ်မင်းဖြတ်စွာဘုရားထံထွက်တော်မူခြင်း

ထို့နောက် ဆရာဇီဝကသည် ဆင်မယာဉ်သာ ငါးရာတို့ကို ကကြိုးတန်ဆာ တပ်ဆင်ပြုပြင်စေပြီးလျှင် ဘုရင်မင်းမြတ်စီးတော်ဆင်ကိုလည်း အသင့်ပြင်ဆင်စေ၍-

"ဆင်ယာဉ်များကို စီမံပြီးစီးပါပြီ၊ ထွက်တော်မူရမည့်အချိန်ကို သိတော်မူပါ။"

ဟု လျှောက်၏။

ထိုအခါ အဇာတသတ်မင်းသည် ဆင်မယာဉ်သာ ငါးရာတို့၌ မိန်းမငါးရာတို့ကို တစ်ယောက်စီ * တင်စေ၍ စီးတော်ဆင်ကို တက်စီးတော်မူပြီးလျှင် မီးရှူးမီးတိုင်များကို ကိုင်ဆောင်ကြ စေပြီးနောက် ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် ရာဇဂြိုဟ်မြို့မှ သရက်ဥယျာဉ်သို့ ထွက်တော်မူ၏။

သရက်ဥယျာဉ်အနီးသို့ ရောက်သောအခါ အဇာတသတ်မင်းအား ကြောက်ရွံ့တုန်လှုပ်၍ ကြက်သီးမွေးညင်းထလျက် ဆရာဇီဝကကို ဤသို့မိန့်၏။

---

* မိန်းမငါးရာ။ ။ ဇီဝကသည် ညအချိန် လမ်းခရီး၌ မင်းကြီးအား ဘေးရန်မဖြစ်နိုင်စေရန် စိတ်ချရသော မိန်းမငါးရာကို စစ်သားများအသွင် ဝတ်ဆင်စေ၍ ဆင်းငါးရာတို့၌ တင်သည်ဟု အဋ္ဌကထာ၌ ဖွင့်၏။ ပါဠိတော်၌ အဇာတသတ်မင်းသည် ဆင်ငါးရာတို့၌ မိန်းမငါးရာတို့ကို တစ်ယောက်စီ စီးစေသည်ဟု လာ၏၊ သို့ရာတွင် ဇီဝက စီမံသည်ကိုပင် အမိန့်အရ စီမံခြင်းမျိုးဖြစ်၍ အဇာတသတ်မင်းတင်သည်ဟု ပါဠိတော် ဆိုသည်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန


"အဆွေဇီဝက. . . သင်သည် ကျွန်ုပ်ကို မလှည့်ပတ်ခြင်း ဟုတ်ပါ၏လော၊ မဖျားယောင်းခြင်း ဟုတ်ပါ ၏လော၊ ကျွန်ုပ်ကို ရန်သူတို့အား မပေးအပ်ခြင်းဟုတ်ပါ၏လော၊ ၁၂၅၀-အထိ များပြားသော ရဟန်းအပေါင်းတို့၏ ချေဆတ်သံ, ချောင်းဆိုးသံ စကားပြောသံမျှ အဘယ်ကြောင့် မကြားရပါလေ သနည်း၊ (အဘယ်ကြောင့် ဘာသံမျှ မကြားရပါသနည်း။"

"မြတ်သောမင်းကြီး. . . ကြောက်တော်မမူပါလင့်၊ မြတ်သောမင်းကြီး ကြောက်တော်မမူပါလင့်၊ အရှင်မင်းကြီးကို အလှည့်ပတ်၊ မဖျားယောင်းပါ၊ ရန်သူတို့အားလည်း မပေးအပ်ပါ၊ မြတ်သောမင်းကြီး. . . ရှေ့သို့ တက်တော်မူပါ၊ တန်ဆောင်းဝိုင်း၌ ဤဆီမီးတို့သည် တောက်လျက်ရှိနေကြပါသည်။"

ထိုအခါ အဇာတသတ်မင်းသည် ဆင်ယာဉ်ဖြင့် သွားသင့်သော နေရာတိုင်ရုံသာ ဆင်ဖြင့်သွားပြီးနောက်၊ ဆင်မှ ဆင်းသက်ပြီးလျှင် ခြေလျှင်လျှောက်ကာ တန်ဆောင်းဝိုင်း တံခါးသို့ ချဉ်းကပ်၍၊ တံခါးသို့ရောက်လျှင် ဤသို့ မေးပြန်၏။

"အဆွေဇီဝက. . . ဘုန်းတော်ကြီးမားသော မြတ်စွာဘုရားကား အဘယ်မှာနည်း။"

"မြတ်သောမင်းကြီး. . . ဤပုဂ္ဂိုလ်ကား မြတ်စွာဘုရား ပင် ဖြစ်ပါသည်၊ မြတ်စွာဘုရားသည် အလယ်တိုင်ကို အမှီပြု၍ အရှေ့ဘက်သို့ မျက်နှာမူလျက် ရဟန်းအပေါင်း၏ ရှေ့မှ ထိုင်နေတော်မူပါသည်။"

၂၉၃၆၀

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ သင့်ရာ၌ ရပ်ပြီးလျှင် ငြိမ်သက်ကြည်လင်သောရေအိုင်ကဲ့သို့ ဆိတ်ဆိတ်နေသော ရဟန်းအပေါင်းကို လှည့်လည်ကြည့်ရှု၍-

"သားတော် ဥဒယဘဒ္ဒသည် ယခု ရဟန်းအပေါင်းတို့၏ ငြိမ်သက်ခြင်းမျိုးနှင့် ပြည့်စုံပါစေတော့"

ဟု ဥဒါန်းကျူးရင့်၏။ *

"မြတ်သောမင်းကြီး. . . အသင်မင်းကြီးသည် ချစ်ခင်ရာသို့သာ ရောက်သွားခဲ့တော့သည်။

အဇာတသတ် ။ ။ အရှင်ဘုရား. . . အကျွန်ုပ်သည် ဥဒယဘဒ္ဒမင်းသားကို ချစ်ခင်ပါသည်၊ ဥဒယဘဒ္ဒမင်းသားသည် ယခု ငြိမ်သက်ခြင်းမျိုးနှင့် ပြည့်စုံစေချင်ပါသည်။"

## အဇာတသတ်၏ သာမညဖလပြဿနာ

ထို့နောက် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းအပေါင်းအားလည်း လက်အုပ်ချီပြီးလျှင် သင့်ရာ၌ ထိုင်၏။

---

* **ဥဒါန်းကျူး** ။ ။ အချိန်အခါ, နေရာဒေသကောင်းတွင် နှစ်သက်ဝမ်းမြောက်ဖွယ် တစ်ခုခုနှင့်တွေ့၍ ပီတိအရှိန်ဖြင့် နှုတ်မှထွက်ပေါ်လာသော ကြည်နူးခြင်းပြ စကားမျိုးကို မြွက်ဆိုခြင်းသည် ဥဒါန်းကျူးခြင်းပင် ဖြစ်၏။

"အရှင်ဘုရား. . . အကျွန်ုပ်အား ခွင့်ပြုတော်မူမည်ဖြစ်ပါလျှင် မြတ်စွာဘုရားကို အနည်းငယ် မေးလျှောက်လိုပါသည်။"

"မြတ်သောမင်းကြီး. . . အလိုရှိရာကို မေးလျှောက်လော့။"

"အရှင်ဘုရား. . . လောက၌ ဆင်စီး, မြင်းစီး, လေးပစ်, တစ်တိုက်စသော အတတ်သည်များရှိကြရာ ထိုအတတ်သည်တို့သည် မျက်မှောက်ဘဝ၌ လက်တွေ့ဖြစ်သော အတတ်၏အကျိုးကျေးဇူးကိုမှီ၍ အသက်မွေးနိုင်ကြပါသည်၊ အရှင်ဘုရားသည် ထိုကဲ့သို့ပင် မျက်မှောက်ဘဝ၌ လက်တွေ့ဖြစ်သော ရဟန်းပြုခြင်း ၏ အကျိုး(သာမညဖလ)ကို ဟောကြားပညတ်တော် မူနိုင်ပါမည် လော။"

"မြတ်သောမင်းကြီး. . . ဤပြဿနာကို တစ်ပါးသော ရဟန်းပုဏ္ဏားတို့အား မေးဖူးပြီလော။"

"မေးဖူးပါသည်။"

"အဘယ်သို့ ဖြေဆိုကြသနည်း၊ ဝန်မလေးလျှင် ပြောပြစေလိုသည်။"

# တိတ္ထိဆရာကြီး ခြောက်ယောက်တို့၏ အဖြေများ

## ပူရဏကဿပ၏ အကြိယဒိဋ္ဌိ

"အရှင်ဘုရား, အခါတစ်ပါး၌ အကျွန်ုပ်သည် ပူရဏ ကဿပ * အထံသို့ သွားရောက်၍ ဤသို့မေးပါသည်။"

"အို ကဿပ. . . ဆင်စီး သူရဲများ, မြင်းစီးသူရဲများ, ရထားစီးသူရဲများ, လေးတော်သားများ, အောင်လံကိုင် ရှေ့သွား သူရဲများ, တပ်ကြပ်တပ်မှူးများ, ရိက္ခာမှူးများ, ထင်ရှားကျော်စော သော မင်းသားသူရဲများ, စစ်ပွဲသို့ဝင်၍ ရန်သူ၏ လက်နက် ရန်သူ၏ဦးခေါင်းကိုအရတိုက်ယူနိုင်သော သူရဲပုံ့များ, ဆင်ပြောင်

---

* ပူရဏကဿပ ။ ။ ပူရဏမှာ အမည်းရင်း၊ ကဿပမှာ အနွယ်၊ ပေါင်း၍ ပူရဏကဿပ ခေါ်သည်၊ ထိုပူရဏကဿပသည် ဘုရား ဟုဝန်ခံထားသူပင် ဖြစ်၏၊ ပူရဏသည် သူဌေးတစ်ယောက်၏ တစ်ရာပြည့် မင်္ဂလာကျွန်ဖြစ်၍ အခိုင်းအစေမခံရ၊ ချမ်းသာစွာနေရသည်၊ ပူရဏဟူသောအမည်မှာ ရာပြည့်ဟု အဓိပ္ပါယ်ရှိ၏၊ သူသည် ထိုအရှင့်အိမ်၌ မနေလို၍ ထွက်ပြေးလာခဲ့ရာ လမ်း၌ သူခိုးလုယက်သဖြင့် အဝတ် အစားမပါဘဲ ရွာတစ်ရွာသို့ ရောက်လာသည်၊ ဉာဏ်နည်းသဖြင့် သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးလွှမ်းရန်ကိုပင် နားမလည်ချေ၊ သူ့ကို ရွာသားတို့ မြင်လျှင် 'အလိုနည်းသောရဟန္တာ' ဟုထင်ကြ၍ လျှူဖွယ်တို့ကို ချဉ်းကပ် လှူဒါန်းကြသည်၊ သူသည် အဝတ်မပါ၍သာ ဤသို့အပူဇော်ခံရသည်ဟု သိသဖြင့် နောင်အဝတ်အစားရသော်လည်း မဝတ်တော့ဘဲ တက္ကတွန်း လုပ်တော့သည်၊ သူ့ထံ၌ သူ့ကဲ့သို့ပင် အဝတ်မဝတ်သော တက္ကတွန်း လုပ်ကြသူတို့မှာ နောက်အခါ၌ ငါးရာမျှရှိသော ဟူ၏။

ကြီးနှင့်တူသောသူရဲများ, သမုဒ္ဒရာကိုပင် ဖြတ်ကူးဝံ့သော သူရဲကောင်း စစ်သားများ, သားရေကာဖြင့် တိုက်သော ကာဆောင်သူရဲများ, အိမ်ကျွန်မ၏ သားသစ္စာရှိသူများ, အပ်ချုပ်သမား, ဆတ္တာသည်, ရေချိုးသမား(ခဝါ), ထမင်းချက်, ပန်းသည် ဆေးဆိုး(ပင်မင်း), ယက္ကန်းသမား, ကျူထရံသည်, အိုးလုပ်, ဂဏန်းသင်္ချာ (စာရေး, စာချီ, စာရင်းစစ်)သမားများနှင့် ထိုမှတစ်ပါးသော အတတ်ပညာ သည်တို့သည် မျက်မှောက်ဘဝမှာပင် မိမိတို့၏ အတတ်ပညာကို အမှီပြု၍ အသက်မွေးမြူ နေထိုင်ကြကုန်၏၊ ထိုသူတို့သည် မိဘ, သားမယား, အဆွေ ခင်ပွန်းတို့ကို ချမ်းသာ, ဝဖြိုးစေနိုင်ကြကုန်၏၊ နတ်ရွာသုဂတိ, ကောင်းကျိုးချမ်းသာ, ဆယ်ဖြာသော အကျိုးကျေးဇူး တို့ကို ဖြစ်ထွန်းစေနိုင်သည့်ကောင်းမှုများကိုလည်း ရဟန်းပုဏ္ဏားတို့၌ ပြုလုပ်လှူဒါန်းနိုင်ကြ၏။ ထို့အတူပင် ရဟန်းပြုလုပ်ခြင်း၏ မျက်မြင် လက်တွေ့အကျိုးကျေးဇူးကို အရှင်ကဿပသည် ဟောကြား ပညတ်နိုင်ပါမည်လော။"

"မြတ်စွာဘုရား(အရှင်ဘုရား) ထိုအခါ ပူရဏကဿပ သည် ဤသို့ ပြောဆိုပါသည်၊ မြတ်သောမင်းကြီး. . . ပြုလုပ် သောသူ, ပြုလုပ်စေသောသူ, ဖြတ်သောသူ, ဖြတ်စေသောသူ, နှိပ်စက်သောသူ, နှိပ်စက်စေသောသူ, စိုးရိမ်ကြောင့်ကြသူ, စိုးရိမ် ကြောင့်ကြစေသောသူ, ဆင်းရဲပင်ပန်းခံသူ, ဆင်းရဲပင်းပန်းခံ စေသူ, တုန်းလှုပ်သောသူ, တုန်လှုပ်စေသောသူ, သူ့အသက်ကို သတ်သူ, သူဥစ္စာကို ခိုးသူ, သူ့အိမ်ကို ဖောက်ထွင်းသူ, မြို့ရွာကို

လုယက် ဖျက်ဆီးသူ, တစ်အိမ်ကို လုယက် ဖျက်ဆီးသူ, လမ်းဓားပြ လုပ်သောသူ, သူ့မယားကို သွားလာသူ, လိမ်လည်ပြောဆိုသူ, အားလုံးသည် မကောင်းမှုကို ပြုရာမရောက်၊ ဤမဟာပထဝီမြေကြီး၌ရှိသော သတ္တဝါတို့ကို သင်တုန်းသွားတပ်သောစက်ဖြင့် တစ်ခုတည်းသော အသားစုံ အသားပုံဖြစ်အောင် ပြုသော်လည်း ထိုသို့ပြုခြင်းကြောင့် မကောင်းမှုအကုသိုလ် ဖြစ်သည်ဟူ၍မရှိ၊ မကောင်းမှုအကုသိုလ် ရောက်လာသည်ဟူ၍မရှိ။

ဂင်္ဂါမြစ်၏ တောင်ဘက်သို့ရောက်၍ ကိုယ်တိုင်သတ်သော်, သူတပါးကို သတ်စေသော်, ခုတ်ဖြတ်သော်, ခုတ်ဖြတ်စေသော်, နှိပ်စက်ညှဉ်းဆဲသော်, နှိပ်စက်ညှဉ်းဆဲစေသော်, ထိုသို့ပြုလုပ်ခြင်းကြောင့် မကောင်းမှု အကုသိုလ်ဖြစ်သည်ဟူ၍ မရှိ၊ မကောင်းမှု အကုသိုလ် ရောက်လာသည်ဟူ၍မရှိ၊ ဂင်္ဂါမြစ်မြောက်ဘက်သို့ရောက်၍ လှူဒါန်းသော်, ပူဇော်သော်, ပူဇော်စေသော်, ထိုသို့ပြုလုပ်ခြင်းကြောင့် ကောင်းမှုကုသိုလ် ဖြစ်သည်ဟူ၍ မရှိ၊ ကောင်းမှုကုသိုလ် ရောက်လာသည်ဟူ၍ မရှိ၊ ပေးလှူခြင်း, ဣန္ဒြေကို ဆုံးမခြင်း, ဥပုသ်, သီလစောင့်ထိန်းခြင်း, အမှန်ကို ပြောဆိုခြင်းတို့ကြောင့် ကောင်းမှုကုသိုလ်ဖြစ်သည် ဟူ၍ မရှိ၊ ကောင်းမှုကုသိုလ်ရောက်လာသည်ဟူ၍ မရှိ။" *

---

* ဂင်္ဂါ၏ ဝဲ-ယာ ။ ။ ဂင်္ဂါမြစ်၏ တောင်ဘက်ကျသော အိန္ဒိယသားတို့သည် ထိုခေတ်အခါ၌ ကြမ်းတမ်းကြ၏၊ အကုသိုလ်ကို ပြုလုပ်ကြကုန်၏၊ ဂင်္ဂါမြစ်၏ မြောက်ဘက်ကျသော အိန္ဒိယသားတို့ကား နူးညံ့ကြ၏၊ ကုသိုလ်ကောင်းမှုပြုကြ၏၊ ထို့ကြောင့် ပုရဏသည် ဂင်္ဂါမြစ်၏ဝဲယာကို ခွဲခြား၍ ဤသို့ ဟောပြောလေ့ ရှိသတတ်။

အရှင်ဘုရား ဤသို့လျှင် ပုရဏကဿပသည် ရဟန်းပြုခြင်း၏ အကျိုးကို မေးသည်ဖြစ်ပါလျက် အကျိုးမဲ့အယူကို အကြွယ်ဒိဋ္ဌိ ဖြေကြားပါသည်၊ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက်တောင် ပိန္နဲပင်ကို ဖြေဆိုသကဲ့သို့, တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေဆိုသကဲ့သို့သာ ဖြစ်ပါသည်၊ သို့ရာတွင် 'ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ရှိနေသော ရဟန်းပုဏ္ဏားကို အဘယ်ကြောင့် ခြိမ်းခြောက်မောင်းမဲ သင့်မည်နည်း'ဟု အကြံပြု၍ သူ၏စကားကို နှစ်သက်ခြင်းလည်းမရှိ, တားမြစ်ခြင်းလည်းမရှိ တစ်စုံတရာမပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

## ပူရဏကဿပ၏ သံသာရသုဒ္ဓိဝါဒ

အရှင်ဘုရား, အကျွန်ုပ်သည် အခါတစ်ပါး၌ မက္ခလိဂေါသာလထံသို့ * ရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏

---

* ။ မက္ခလိဂေါသာလ ။ ။ မက္ခလိ + ဂေါသာလ။ ဂေါသာလမှာ ပထမအမည်အရင်း၊ မက္ခလိမှာ ဒုတိယအမည်ဖြစ်၏၊ နွားခြံ၌ ဖွားမြင်သူဖြစ်၍ ဂေါသာလဟု တွင်သည်၊ သူသည် ရွှံ့ရှိနေသောမြေ၌ ဆီအိုးကို ယူလာရာ အရှင်သခင်ဖြစ်သူမြင်၍ 'အမောင်, မချော်စေနှင့် (မာခလိ)'ဟု သတိပေးဆဲမှာပင် ချော်လဲ၍ ဆီအိုး ကွဲလေ၏၊ ထိုအခါ အရှင်သခင်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးမည်ပြုရာ အရှင်သခင်ဖြစ်သူသည် ပြေးလာ၍ ပုဆိုးစွန်းကိုဆွဲ၏၊ သူလည်း ပုဆိုးကိုချွတ်၍ အလွတ်ထွက်ပြေးလေ၏၊ နောက် ပုရဏကဲ့သို့ပင် ရွာတစ်ရွာသို့ ဝင်ရောက်ရသောအခါ ရဟန္တာဟု ကိုးကွယ်ဆည်းကပ်ခြင်း ခံရသည်၊ ထိုစဉ်က မာခလိ-(မချော်စေလင့်) ဟူသော စကားကို အစွဲပြု၍ မက္ခလိဟု တွင်လေတော့၏၊ သူ့ထံတွင် လည်း တစတစတပည့် တက္ကတွန်းငါးရာ ရှိသောဟူ၏။

လက်တွေ့အကျိုးကို မေးမြန်းရာ မက္ခလိဂေါသာလ သည် ဤသို့ ဖြေဆိုပါသည်။

"မြတ်သောမင်းကြီး, သတ္တဝါတို့ ညစ်ညူးခြင်းမှာ အကြောင်းမရှိ သတ္တဝါတို့ စင်ကြယ်ခြင်းမှာလည်း အကြောင်းမရှိပေ၊ သတ္တဝါတို့သည် အကြောင်းမဲ့ ညစ်ညူးကြရသည်၊ အကြောင်းမဲ့ စင်ကြယ် ကြရသည်၊ မိမိကိုယ်တိုင် ပြုစွမ်းနိုင်သော ကံသည်မရှိ သူတစ်ပါးတို့က ဟောပြောဆုံးမ၍ ပြုပြင်နိုင်သော ကံလည်းမရှိ သတ္တဝါတို့စွမ်းနိုင်သော ကံလည်းမရှိ ခွန်အားဗလ လုံ့လဝီရိယ, အစွမ်းသတ္တိ ဟူသည်မရှိ သတ္တဝါတို့၏ ကြိုးပမ်းအားသစ်မှုလည်း မရှိ၊ အလုံးစုံသော သတ္တဝါဟူသမျှတို့တို့သည်, အသက်ရှူသော အကောင်တို့သည်, ထင်ရှားရှိသောအရာတို့သည် အသက်ရှင် သော (သစ်ပင်စသည်)တို့သည် အစွမ်းသတ္တိမရှိကြကုန်၊ အားအင် ဗလ မရှိကြကုန်၊ လုံ့လဝီရိယ မရှိကြကုန်၊ ဓမ္မတာနိယာမအားဖြင့် ပြောင်းရွှေ့ဖြစ်ပျက်တတ်သော သဘောအရ ဇာတ်(အဘိဇာတိ) ခြောက်မျိုးတို့၌ လှည့်ပတ် ဖြစ်ပွားကြကုန်၍ ချမ်းသာဆင်းရဲကို ခံစားကြရသည်။

အမျိုးမြတ်ပေါင်း ၁၄ သိန်း, အမျိုးမြတ်ခြောက်ထောင်, အမျိုးမြတ် ခြောက်ရာ, ကံပေါင်းငါးရာ, ကံပေါင်းငါးမျိုး, ကံ (ကာယကံ)ကံဝက်, (မနောကံ), အကျင့်ခြောက်ဆယ့်နှစ်ပါး, အန္တရကပ်ခြောက်ဆယ့်နှစ်ကပ်, ဇာတ်(အဘိဇာတိ)ခြောက်မျိုး, သတ္တဝါတို့တည်ရာ (ပုရိသဘုံ)ရှစ်ပါး, အသက်မွေးမှု လေးထောင့် ကိုးရာ, ဣန္ဒြေနှစ်ထောင်, ငရဲသုံးထောင်, မြူဓာတ် (ရဇဓာတု) သုံးဆယ့်ခြောက်မျိုး, စိတ်သညာရှိသော ပဋိသန္ဓေ (သညီဂဗ္ဘ)

ခုနစ်မျိုး, စိတ်သညာမရှိသော ပဋိသန္ဓေ(အသညိဂဗ္ဘ) ခုနစ်မျိုး, အဆစ်ပဋိသန္ဓေ (နိဂဏ္ဌိဂဗ္ဘ)ခုနစ်မျိုး, နတ်ခုနစ်မျိုး, လူခုနစ်မျိုး, အသားစား မြေဘုတ်ဘီလူးခုနစ်မျိုး, အိုင်ကြီးခုနစ်အိုင်, အဖုရှိသော အပင်ကြီး ခုနစ်မျိုး, အဖုရှိသော အပင်ငယ် ခုနစ်ရာ, ချောက်ကြီး ခုနစ်ချောက်, ချောက်ငယ် ခုနစ်ရာ, အိမ်မက်ကြီး ခုနစ်မျိုး, အိမ်မက်ငယ် ခုနစ်ရာ, မဟာကပ်ပေါင်း ၈၄-သိန်းတို့ ရှိကြသည်၊ ဤမဟာကပ် ၈၄-သိန်းတို့ပတ်လုံး, လူမိုက်, လူလိမ္မာ ပညာရှိအားလုံးတို့သည် ပြေးသွား ကျင်လည်ကြ ရပြီးနောက် ဆင်းရဲဒုက္ခ၏အဆုံးကို ပြုနိုင်ကြလိမ့်မည်၊ ဤမဟာ ကပ် ၈၄-သိန်းအတွင်း၌ သီလအကျင့်ရိုးရိုး, အကျင့်ပူ, အကျင့် မြတ်တို့ဖြင့် မရင့်ကျက်သေးသော ကံကို ရင့်ကျက်အောင်, ရင့် ကျက်ပြီးသော ကံကိုလည်း ခံစား၍ ကုန်ဆုံးပျောက်ပျက်သွားအောင် ပြုလုပ်နိုင်သော သဘောမရှိ၊ ချမ်းသာဆင်းရဲသည် စိတ်တောင်းဖြင့် ချင့်ထားသကဲ့သို့ အတိအကျ ဖြစ်၏၊ သံသရာသည် ပိုင်းခြားထားပြီး ဖြစ်၏၊ လျော့ခြင်း တိုးခြင်းမရှိ၊ အလွန်အယုတ်မရှိ၊ ဥပမာအားဖြင့် ချည်လုံးကို ပစ်လွှတ်လိုက်သော် ပြေ၍ လိမ့်သွားသကဲ့သို့ (ချည်ကုန်လျှင်ရပ်သည်) လူမိုက်, လူလိမ္မာ ပညာရှိတို့သည် ပြေးသွားကျင်လည်ကြရပြီးနောက် ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်ကြလိမ့်မည် (ဆင်းရဲဒုက္ခအလိုလို ကုန်ဆုံးလိမ့်မည်)။ *

---

* သံသာရသုဒ္ဓိဝါဒ။ ။ သံသရာမှ စင်ကြယ်ရေးဝါဒ။ ဤဝါဒ ၏လိုရင်းမှာ မဟာကပ် ၈၄-သိန်းကုန်လွန်လျှင် အလိုလို သံသရာမှ စင်ကြယ်သည်၊ သံသရာ ပြီးဆုံးသည်ဟူသော အချက်ပင်ဖြစ်၏၊ အမျိုး မြတ်ပေါင်း ၁၄-သိန်း စသည်တို့မှာ သူ၏ အတွေးအခေါ်မျှသာဖြစ်၍ သရုပ်သကောင် ရှာဖွယ်မရှိပြီ။

အရှင်ဘုရား, ဤသို့လျှင် မက္ခလိဂေါသာလသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက် သံသရာမှ စင်ကြယ်မှု (သံသာရသုဒ္ဓိ)ဝါဒကို ဖြေကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေဆိုသကဲ့သို့ ဖြစ်သော်လည်း (ရှေးအတူပင် အသင့်အတင့် နှလုံးသွင်း၍) နှစ်သက်ခြင်း, တားမြစ်ခြင်းမရှိ တစ်စုံတရာ မပြောဆိုဘဲနေရာမှ ထ၍ပြန်လာခဲ့ပါသည်။

## အဇိတ၏ ဥစ္ဆေဒဒိဋ္ဌိ

အရှင်ဘုရား,အခါတစ်ပါး၌ အကျွန်ုပ်သည် လူဆံပင်ဖြင့် ယက်သော ဆံပင်ကမ္ဗလာကိုဝတ်သည့် အဇိတ*ထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့ အကျိုးကို မေးမြန်းရာ အဇိတသည် ဤသို့ပြောဆိုပါသည်။

မြတ်သောမင်းကြီး, အလှူဒါန၏ အကျိုးသည် မရှိ၊ ယဇ်ကြီး, ယဇ်ကလေး ပူဇော်ခြင်း၏ အကျိုးသည်မရှိ၊ ကောင်းမှု

---

* အဇိတ ။ ။ အဇိတသည် ဆံပင်ကမ္ဗလာကိုဝတ်၏၊ ဆံပင် ကမ္ဗလာ(ဆံပင်အဝတ်)ကား အဝတ်တကာတွင် အညစ်ညမ်းဆုံးဖြစ်၏၊ ပူသောဥတု၌ ပူ၏၊ အေးသောဥတု၌ အေး၏၊ အဖိုးလည်းမတန်၊ အတွေ့ အထိလည်း ဆိုးဝါး၏၊ အဆင်းလည်းမလှ၊ အနံ့လည်း ဆိုး၏၊ ထိုသို့သော ဆံပင်ကမ္ဗလာကို ဝတ်သောကြောင့် ကေသကမ္ဗလဟုလည်း တွင်၏။

ကံ, မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ၊ ခုလောကသည် မရှိ၊ နောက်လောကသည်မရှိ၊ အမိအဘသည်, သို့မဟုတ် အမိအဘကို လုပ်ကျွေးခြင်း၏ အကျိုးသည်မရှိ၊ မလုပ်ကျွေးခြင်း၏ အပြစ်သည် မရှိ၊ ဥပပတ် သတ္တဝါဟူသည် (နတ်ဗြဟ္မာ)မရှိ၊ ဤလောကနှင့် နောက်လောကကို ကိုယ်တိုင်သိမြင်၍ သူတစ်ပါးတို့အား ဟောကြားနိုင်သည့် အကျင့်မှန် ကျင့်ကြံကြသော ရဟန်းပုဏ္ဏားတို့ဟူ၍ မရှိ၊ (ဘုရားရဟန္တာမရှိ)။

ဤသတ္တဝါသည် မဟာဘုတ်ရုပ်ကြီးလေးပါးဖြင့် ပြီး၏၊ သေလွန်သောအခါ မြေဓာတ်(ပထဝီ)သည် မြေဓာတ်အပေါင်းသို့ ရောက်သွား၏၊ ရေဓာတ်(အာပေါ)သည် ရေဓာတ်အပေါင်းသို့, မီးဓာတ်(တေဇော)သည် မီးဓာတ်အပေါင်းသို့, လေဓာတ်(ဝါယော)သည် လေဓာတ်အပေါင်းသို့ ရောက်သွား၏၊ စိတ်ဝိညာဉ်ဟူသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ပျံတက်ကြကုန်၏၊ ထမ်းစင်လျှင် ငါးခုမြောက်ရှိသော ယောကျ်ားလေးယောက်တို့သည် သေသူကို ယူဆောင်သွားကြကုန်၏၊ ဂုဏ်ပုဒ်တို့သည် သုသာန်တိုင်ရုံသာ ထင်ရှားကြကုန်၏၊ အရိုးတို့သည် ခိုတောင်အဆင်းရှိကြကုန်၏၊ အလှူဒါနတို့သည် ပြာသာလျှင် အဆုံးရှိကြကုန်၏၊ (ထိုထက်အကျိုးမရှိ) အလှူဒါနဟူသည် လူမိုက်တို့ပြုလုပ်သော အရာသာဖြစ်၏၊ (လူမိုက်ကလှူသည်၊ လူလိမ္မာက ခံယူသည်ဟူလို) ကံ၏အကျိုးသည် ရှိ၏ဟု ပြောဆိုကြသောသူတို့၏စကားသည် အချည်းအနှီး အမှားသာ ဖြစ်၏၊ လူမိုက်,

လူလိမ္မာပညာရှိအားလုံးတို့သည် ကိုယ်ခန္ဓာ ပျက်စီးသေဆုံးခဲ့သော် ပြတ်စဲကြကုန်၏၊ ပျောက်ပျက်ကြကုန်၏၊ သေလွန်ပြီးနောက် ထင်ရှားမရှိတော့ပြီ"။

အရှင်ဘုရား၊ ဤသို့လျှင် အဇိတသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့ အကျိုးကိုမေးသည်ဖြစ်ပါလျက် သတ္တဝါပြတ်စဲကြောင်း ဥစ္ဆေဒဒိဋ္ဌိကို ဖြေကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကိုမေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ ဖြစ်သော်လည်း (ရှေးအတူပင် အသင့်အတင့် နှုတ်ဆက်ခြင်း၊ နှလုံးသွင်း၍)နှစ်သက်ခြင်း၊ တားမြစ်ခြင်းမရှိ တစုံတရာမပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့သည်။

## ပကုဓကစ္စာယန၏ အနတ္ထကဝါဒ

အရှင်ဘုရား၊အခါတစ်ပါး၌ အကျွန်ုပ်သည် ပကုဓကစ္စာယန* ထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြု ခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးမြန်းရာ ပကုဓကစ္စာယန သည် ဤသို့ ပြောဆိုပါသည်။

---

* ပကုဓကစ္စာယန ။ ။ ပကုဓမှာ အမည်ရင်းဖြစ်၏၊ တစ်ချို့က ပကုဒ္ဓဟု ရေးကြ၏၊ ကစ္စာယနကား အနွယ်ဖြစ်၏၊ ပကုဓသည်၊ သို့မဟုတ်၊ ပကုဒ္ဓသည် စိတ်ဆိုးလွယ်သူ ဒေါသကြီးသူဟု အစိပ္ပါယ်ရှိ၏၊ သူသည် ရေးအေးကိုပယ်၏၊ ရေအေးကို အသက်ရှိသည်ဟု ယူဆပုံရ၏၊ ကျင်ကြီးစွန့်သောအခါ၌ပင် ရေနွေးဖြစ်စေ၊ ပအုံးရည်ဖြစ်စေ၊ ရရှိမှသာ သန့်သက်ရေဆေး၏၊ မရလျှင် မဆေးဘဲနေ၏၊ မြစ်၊ ချောင်း၊လမ်းပေါ်၌ရှိသောရေတို့ကို ဖြတ်ကူးမိလျှင် သီလပျက်ပြီဟု အယူရှိသဖြင့် သဲပုံစေတီတည်၍ သီလကို အသစ်ဓိဋ္ဌာန်ပြီးမှ သွားသောဟူ၏။

"မြတ်သောမင်းကြီး, တရားကိုယ် ခုနစ်ပါးတို့ ရှိကြ၏၊ ထိုတရားကိုယ် ခုနစ်ပါးတို့သည် ပြုလုပ်, ဖန်ဆင်း၍ မရနိုင်ကြကုန်၊ ဖန်ဆင်းအပ်သောအရာတို့သည် ပြုလုပ်, ဖန်ဆင်း၍ မရနိုင်ကြကုန်၊ ဖန်ဆင်းအပ်သောအရာတို့ မဟုတ်ကြကုန်၊ မြဲကြကုန်၏၊ (တစုံတရာတိုးပွားမှုမရှိ) တောင်ထွန်, တံခါးတိုင်ကဲ့သို့ အမြဲတည်ကြကုန်၏၊ လှုပ်ရှားခြင်း မရှိကြကုန်၊ မပြောင်းလဲကြကုန်၊ အချင်းချင်း သတ်ဖြတ် ဖျက်ဆီးခြင်း မရှိကြကုန်၊ အချင်းချင်း၏ ချမ်းသာ, ဆင်းရဲ, ချမ်းသာဆင်းရဲ နှစ်ပါးစုံအတွက် မဟုတ်ကြကုန်၊ ထိုတရားကိုယ် ခုနစ်ပါးတို့မှာ ၁။ မြေတရားကိုယ် (ပထဝီကာယ) ၂။ ရေတရားကိုယ် (အာပေါကာယ) ၃။ မီးတရားကိုယ် (တေဇောကာယ) ၄။ လေတရားကိုယ်(ဝါယောကာယ) ၅။ ချမ်းသာခြင်း၊ ၆။ ဆင်းရဲခြင်း၊ ၇။ အသက်(ဇီဝ)တို့ ဖြစ်ကြကုန်၏။

ထိုတရားကိုယ် ခုနစ်ပါးတို့၌ သတ်တတ်သောသူ, သတ်စေတတ်သောသူ, ကြားနာတတ်သောသူ, ကြားနာစေတတ်သောသူ, သိတတ်သောသူ, သိတတ်စေတတ်သောသူ ဟူ၍မရှိ၊ တစ်ယောက်ယောက်သည် ဓါးထက်ထက်ဖြင့် ဦးခေါင်းကို ဖြတ်သော်လည်း တစုံတယောက်သည် တစုံတယောက်ကို သတ်ခြင်းမဟုတ်၊ (သတ်ခြင်းမဖြစ်နိုင်) တရားကိုယ်ခုနစ်ပါးတို့၏အကြားသို့ ဓါးဝင်၍သွားခြင်းသာဖြစ်၏။"

အရှင်ဘုရား, ဤသို့လျှင် ပကုဓကစ္စာယနသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက် အဓိပ္ပါယ်မရှိသော (အနတ္တက)ဝါဒကို ဖြေကြားပါသည်၊ သူ၏ အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကိုဖြေသကဲ့သို့, တောင်ပိန္နဲပင်ကိုမေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ ဖြစ်သော်လည်း (ရှေးအတူပင် အသင့်အတင့် နှလုံးသွင်း၍) နှစ်သက်အားပေးခြင်း, တားမြစ်ခြင်းမရှိ တစုံတရာ မပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

## နာဋပုတ္တနိဂဏ္ဌ၏စတုယာမသံဝရအကျင့်

အရှင်ဘုရား, အခါတစ်ပါး၌ အကျွန်ုပ်သည် နာဋ၏သား (နာဋပုတ္တ) နိဂဏ္ဌထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကိုမေးမြန်းရာ နိဂဏ္ဌသည် ဤသို့ ပြောဆိုပါသည်။

---

* **နာဋပုတ္တနိဂဏ္ဌ** ။ ။ နာဋ + ပုတ္တ = နာဋ၏သား။ နိ + ဂဏ္ဌ = ကိလေသာအထုံးအဖွဲ့ မရှိသူ။ နိဂဏ္ဌတို့သည် ကိလေသာအထုံးအဖွဲ့မရှိသူ ရဟန္တာများ မဟုတ်ကြကုန်သော်လည်း သူတို့ကိုယ်တိုင်ကပင် ကိလေသာ အထုံးအဖွဲ့ နိဂဏ္ဌဟုပြောဆိုကြော်ငြာထားသဖြင့် နိဂဏ္ဌများဟု ခေါ်ဝေါ်ကြသည်၊ ဤနိဂဏ္ဌ၏ဝါဒ၌ စောင့်စည်းခြင်းလေးပါးမပြည့်၊ ၂-၃-၄-တို့သည် ထပ်၍နေကြ၏ မရွှိမနိကာယ် . . . . . . . . .

"မြတ်သောမင်းကြီး, ဤလောက၌ နိဂဏ္ဌသည် လေးစုလေးဘို့ရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ အဘယ်သို့ စောင့်စည်းပါသနည်းဟုဆိုသော်၊ ၁-အလုံးစုံသောရေအေးကို ပယ်၍ (ရေအေးကို သတ္တာအမှတ်ရှိ၍မသုံး)။ ၂-အလုံးစုံသော မကောင်းမှုကို တားမြစ်ပိတ်ဆို့၏၊ ၃-အလုံးစုံသော မကောင်းမှုကို ခါတွက်၏၊ ၄-အလုံးစုံသောမကောင်းမှုကို တားမြစ်ပိတ်ဆို့ခြင်း သဘောဖြင့် ပျံ့နှံ့၏, မြတ်သောမင်းကြီး, နိဂဏ္ဌသည်-ဤသို့သော လေးစုံလေးဘို့ရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏။

မြတ်သောမင်းကြီး, နာဋ္ဋ၏သား ဤနိဂဏ္ဌ(ဟူသောကျွန်ုပ်)သည် ဤစောင့်စည်းခြင်းလေးပါးတို့နှင့် ပြည့်စုံသော ကြောင့် အထွတ်အထိပ်သို့ရောက်သောစိတ်, စောင့်စည်းထိန်းသိမ်းထားသောစိတ်, တည်ငြိမ်သောစိတ်မျိုးရှိသူဖြစ်သည်ဟု ဆို ထိုက်၏။"

အရှင်ဘုရား, ဤသို့လျှင် နာဋ္ဋ၏သား နိဂဏ္ဌသည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးသည်ဖြစ်ပါလျက် စတုယာမသံဝရအကျင့်ကို ဖြေကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့, တောင်ပိန္နဲပင်ကိုမေးပါလျက် သရက်ပင်ကိုဖြေသကဲ့သို့ဖြစ်သော်လည်း (ရှေးအတူပင် အသင့်အတင့်နှလုံးသွင်း၍) နှစ်သက်ခြင်း တားမြစ်ခြင်းမရှိ တစုံတရာမပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

## သိဥ္စည်းဆရာ၏ ဝိက္ခေပဝါဒ

အရှင်ဘုရား, အခါတစ်ပါး၌ အကျွန်ုပ်သည် ဗေလဋ္ဌ၏ သား သိဥ္စည်း(သဥ္စယ)ဆရာထံသို့ သွားရောက်၍ ရှေးနည်းတူပင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကို မေးမြန်းရာ သိဥ္စည်းဆရာသည် ဤသို့ ဖြေဆိုပါသည်။

"မြတ်သောမင်းကြီး တစ်စုံတစ်ယောက်သည် ကျွန်ုပ်ကို နောင်လောက (တမလွန်လောက)ရှိပါသလောဟု မေးခဲ့လျှင် နောင်လောကရှိသည်ဟု ကျွန်ုပ်စိတ်၌ အယူရှိသည်တိုင်အောင် ဤသို့ ဖြေဆိုမည်၊ နောင်လောကရှိသည်ဟုလည်း အယူမရှိပါ၊ မရှိဟုလည်း အယူမရှိပါ၊ ရှိမရှိမှတစ်ပါး အခြားနည်းမျိုးဖြင့် ဖြစ်သည်ဟုလည်း အယူမရှိပါ၊ အခြားနည်းမျိုးဖြင့် မရှိဟုလည်း မယူမရှိပါ"ဟု ဖြေဆိုမည်။

(နောင်လောက မရှိပါသလော စသော အမရာဝိက္ခေပ ပြဿနာများကို ဗြဟ္မဇာလသုတ် အမရာဝိက္ခေပဒိဋ္ဌိခန်း၌ ကြည့်ပါ)။

အရှင်ဘုရား, ဤသို့လျှင် ဗေလဋ္ဌ၏သား သိဥ္စည်းဆရာ သည် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးကိုမေးသည်

---

* သိဥ္စည်းဆရာ ။ ။ သိဥ္စယ-ပါဠိမှ သိဥ္စည်းဖြစ်လာသည်, သဥ္စယရှိသောမူတို့ အလိုမူ သိဥ္စည်းဟု ပြန်သင့်၏ သဥ္စယသည် စုဝေးရာ ဟု အဓိပ္ပါယ်ရှိ၍ အတတ်ပညာတို့၏ စုဝေးရာ ဆရာကြီးဟု ဆိုလိုသည်။ သိဥ္စယကား အောင်-----၍ အောင်မြင်သော ဆရာဟု ဆိုလိုသည်။

ဖြစ်ပါလျက် ပျံ့လွင့်လှုပ်ရှားသော (ဝိက္ခေပ)ဝါဒကို ဖြေကြားပါသည်၊ သူ၏အဖြေမှာ ဥပမာအားဖြင့် သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့, တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကိုဖြေသကဲ့သို့ (အမေးနှင့် အဖြေ တစ်ခြားစီသာ) ဖြစ် ပါသည်။

ထိုအခါ အကျွန်ုပ်သည်, ဤသိဉ္စည်းဆရာသည် ဤ ရဟန်းပုဏ္ဏား(ဂိုဏ်းဆရာ)များတွင် အားလုံးထက် မိုက်မဲတွေဝေသူ ဖြစ်တော့သည်၊ မျက်မြင်လက်တွေ့ ရဟန်းပြုခြင်း၏အကျိုးကို မေးပါလျက် အဘယ်ကြောင့် ပျံ့လွင့်လှုပ်ရှားသော (ဝိက္ခေပ)ဝါဒကို ဖြေကြားရလေသနည်း၊ သို့ရာတွင်, ငါကဲ့သို့သောမင်းသည် နိုင်ငံတော်၌ နေထိုင်သော ရဟန်းပုဏ္ဏားကို အဘယ်ကြောင့် ပြစ်တင် မောင်းမဲသင့်ပါမည်နည်းဟု ဆင်ခြင်မိပါသည်၊ အကျွန်ုပ်သည် သိဉ္စည်းဆရာ၏ စကားကို နှစ်သက်အားပေးခြင်း, တားမြစ်ကန့်ကွက်ခြင်းမရှိ, တစ်စုံတစ်ရာ မပြောဆိုဘဲ နေရာမှထ၍ ပြန်လာခဲ့ပါသည်။

အရှင်ဘုရား, ယခုလည်း ထိုပြဿနာကိုပင် အရှင်ဘုရားအား မေးလျှောက်ပါသည်၊ အရှင်ဘုရားသည် ဆင်စီးသူရဲစသော သူတို့ကဲ့သို့ မျက်မြင်လက်တွေ့ဖြစ်သော ရဟန်းပြုခြင်း၏ အကျိုးကို ဟောကြားပညတ်တော် မူနိုင်ပါမည်လော။

# ချက်မြင်ကိုယ်တွေ့ရဟန်းပြုရကျိုးများ

## ခင်းမှုစိုးမှုလွတ်၍ ခံရခြင်း

"မြတ်သောမင်းကြီး. . . ဟောကြားပညတ်နိုင်ပေ သည်၊ ထိုသို့ ဟောကြားပညတ်ရမည်ဖြစ်လျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် ပြန်၍မေးရလိမ့်ဦးမည်၊ နှစ်သက်သဘောကျသလိုသာ ဖြေလော့။"

မြတ်သောမင်းကြီး . . . ယခုမေးမည့်စကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဤရာဇဂြိုဟ်မြို့၌ သင်မင်းကြီးအား အမှုထမ်း ကျွန်ယောကျ်ားတစ်ယောက် ရှိခဲ့ရာ၏၊ ထိုကျွန်သည် ရှေးဦးစွာ ထခြင်း, နောက်မှထိုင်ခြင်း, အိပ်ခြင်း, အဘယ်ကိုပြု ဟူသောအမိန့်ကို နာခံခြင်း, အရှင့်အကြိုက်ကိုသာ လိုက်၍ပြုလုပ်ခြင်း, ချစ်ခင်ဖွယ်ရာ စကားချိုသာခြင်း, အရှင်၏မျက်နှာကို ကြည့်မြော်ထောက်ထားခြင်းတို့နှင့် ပြည့်စုံခဲ့ရာ၏၊ ထိုကျွန်သည် (တစ်နေ့သောအခါ) ဤသို့ အကြံဖြစ်ရာ၏၊ "အချင်းတို့. . . ကောင်းမှုကုသိုလ်တို့၏ ဖြစ်ပုံအလားနှင့် အကျိုးပေးပုံများသည် အံ့ဩဖွယ်ရှိလှပါပေသည်၊ ထူးဆန်းလှပါပေသည်၊ ဤဝေဒေဟီ မိဖုရား၏သား, မာဂဓာပြည့်ရှင်, ဘုရင်အဇာတသတ်သည်လည်း လူပင်ဖြစ်ခဲ့၏၊ ကျွန်ုပ်လည်း လူပင်ဖြစ်ခဲ့၏၊ (သို့ရာတွင်) ဤအဇာတသတ်မင်းသည် ကာမဂုဏ်ငါးပါးတို့နှင့် ပြည့်စုံသဖြင့် နတ်ကဲ့သို့စည်းစိမ်ခံစားရပေသည်၊ ကျွန်ုပ်မှာမူကား ဤအဇာတသတ်၏

ကျွန်အမှုထမ်းဖြစ်၍ နေရပေသည်။ ငါသည် ကောင်းမှုကုသိုလ်များကို ပြုလုပ်လျှင် ဤအဇာတသတ်မင်းကဲ့သို့ ဖြစ်ရာသည်၊ ငါသည် ဆံ, မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ရဟန်းပြုမှ ဖြစ်မည်။"

ထိုကျွန်ုပ်သည် ဤသို့အကြံဖြစ်ပြီးနောက် ဆံ, မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ရဟန်းပြုပြီးလျှင် ကိုယ်, နှုတ်, စိတ် သုံးပါးတို့ဖြင့် စောင့်ထိန်းနေထိုင်ရာ၏၊ စားရုံ ဝတ်ရုံမျှသာ ဖြစ်သော(အပို အလျှံ မရှိသော) ပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်ခဲ့ရရ၏။ ဆိတ်ငြိမ် ရာ၌ မွေ့လျော်ခဲ့ရာ၏။

မြတ်သောမင်းကြီး. . . ထိုကျွန် ရဟန်းပြုသွားကြောင်းကို အမှုထမ်းယောကျ်ားတို့ လျှောက်ထား၍ သင်မင်းကြီး သိရလျှင် ထိုကျွန်ကို ရှေးနည်းတူ ကျွန်ပြန်ဖြစ်ရမည်ဟု ဆိုရမည်လော။

"အရှင်ဘုရား. . . ဤသို့ ဆိုမည် မဟုတ်ပါ၊ အကျွန်ုပ်တို့ ပင်လျှင် ထိုရဟန်းကို ရှိခိုးခြင်း, ခရီးဦးကြိုပြုခြင်း, နေရာထိုင်ခင်းဖြင့် ဖိတ်ကြားခြင်း, သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားခြင်းများကို ပြုကြရပါမည်၊ တရားသဖြင့် စောင့်ရှောက်ခြင်း, ဘေးရန်ကို တားမြစ်ပေးခြင်း, လုံခြုံအောင် စီမံခြင်းများကိုသော်လည်း ပြုလုပ်ကြရပါမည်။"

"မြတ်သောမင်းကြီး. . . ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးသည် ရှိသည်ဟု ဆိုမည်လော၊ မရှိဟု ဆိုမည်လော။"

"အရှင်ဘုရား. . . ဤသို့ဖြစ်လျှင် အမှန်ပင်ရှိသည်ဟု ဆိုရပါလိမ့်မည်။"

"မြတ်သောမင်းကြီး. . . ဤအချက်ကို ပထမ မျက်မြင် လက်တွေ့ရဟန်းပြုကျိုးဟု ဟောကြားပညတ်တော်မူသည်။"

"အရှင်ဘုရား. . . ထို့ပြင် ပညတ်တော်မူနိုင်ဦးမည် လော။"

"မြတ်သောမင်းကြီး. . . ဟောကြားပညတ်တော်မူနိုင် ပေသည်၊ ထိုသို့ ဟောကြားပညတ်ရမည်ဖြစ်လျှင် ဤကိစ္စ၌ သင်မင်းကြီးကိုပင် တစ်ဖန်ပြန်၍ မေးရလိမ့်ဦးမည်၊ နှစ်သက် သဘောကျသလိုသာ ဖြေဆိုလော့။"

မြတ်သောမင်းကြီး. . . ယခုမေးမည့်စကားကို အဘယ် သို့ ထင်မြင်သနည်း၊ ဤရာဇဂြိုဟ်မြို့၌ အသင်မင်းကြီး၏ အခွန် ထမ်း လယ်သမား သူကြွယ်တစ်ယောက်သည်(ရှေးနည်းတူ) အကြွံဖြစ်ပေါ်၍ ရဟန်းပြုခဲ့ရာ၏၊ သင်မင်းကြီးသည် ထိုအ ကြောင်းကို သိလျှင် "ဘဏ္ဍာတော်တိုး, အခွန်ထမ်း, လယ်သမား သူကြွယ်သည် လယ်သမားပင် ပြန်၍ ဖြစ်ရမည်"ဟု ဆိုမည်လော။

"အရှင်ဘုရား. . . ဤသို့ ဆိုမည် မဟုတ်ပါ၊ (ရှေးနည်း တူပင်) အရိုအသေပြုခြင်း, ပစ္စည်းလေးပါး တို့ဖြင့် ဖိတ်ကြားခြင်း, လုံခြုံမှုကို စီမံစောင့်ရှောက်ခြင်းများကို ပြုရပါမည်။"

"မြတ်သောမင်းကြီး. . . ဤသို့ဖြစ်လျှင် ရဟန်းပြုခြင်း၏ မျက်မြင်လက်တွေ့အကျိုးသည် ရှိသည်ဟု ဆိုမည်လော၊ မရှိဟုဆိုမည်လော။"

"အရှင်ဘုရား. . . ဤသို့ဖြစ်လျှင် အမှန်ပင် ရှိသည်ဟု ဆိုရပါလိမ့်မည်။"

"မြတ်သောမင်းကြီး. . . ဤအချက်ကို ဒုတိယမျက်မြင်လက်တွေ့ ရဟန်းပြုကျိုးဟု ဟောကြားပညတ်တော်မူသည်။"

## ရဟန်းကျင့်ဝတ်ခေါင်းစဉ်

"အရှင်ဘုရား. . . ဤ မျက်မြင်လက်တွေ့ရဟန်းပြုကျိုးများထက် သာလွန်၍ နှစ်သက်အပ်, မွန်မြတ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးကို ဟောကြားပညတ်တော် မူနိုင်ပါမည်လော။"

"မြတ်သောမင်းကြီး. . . ဟောကြားပညတ်နိုင်ပေသည်၊ ထိုသို့ သာလွန်မွန်မြတ်သော ရဟန်းပြုကျိုးများကို နာယူလိုလျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားတော်မူမည်။"

"အရှင်ဘုရား. . . ကောင်းလှပါပြီ။"

"မြတ်သောမင်းကြီး. . . ဤလောက၌ (၁) ကိလေသာပယ်သတ်ပြီး ရဟန္တာဖြစ်သူ၊ (၂) တရားအလုံးစုံကို မှန်ကန်စွာ

ကိုယ်တိုင်သိမြင်သူ၊ (၃) အကျင့်တရား၊ အသိတရား အားလုံးနှင့် ပြည့်စုံသူ၊ (၄) ဗုဒ္ဓတို့တံထွာ ကောင်းစွာ ဖြစ်ပေါ်လာသူ၊ (၅) လောကကို အစုံအလင် အတိအကျသိသူ၊ (၆) ဆုံးမ ထိုက်သူတို့ကို ဆုံးမရာ၌ အတုမဲ့ ဆုံးမနိုင်သူ၊ (၇) နတ်လူဗြဟ္မာ တို့၏ ဆရာဖြစ်သူ၊ (၈) တရားမှန် လေးပါးကို သိသူ၊ သို့မဟုတ်၊ သိစေသူ၊ (၉) မိမိစိတ်ကိုအစိုးရခြင်းဟူသော ဘုန်းခြောက်ပါးတို့နှင့် ပြည့်စုံသူ ဖြစ်သော မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူလာ၏။

ထိုမြတ်စွာဘုရားသည် နတ်ပြည် ငါးထပ်၊ မာရ်နတ် နေရာ ပရနိမ္မိတဝသဝတ္တီနတ်ပြည်၊ ဗြဟ္မာပြည်နှင့်တကွသော လောက အားလုံးနှင့် ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူ၊ ဗြဟ္မာနှင့်တကွသော သတ္တဝါအပေါင်းကို ကိုယ်တိုင်သိမြင် မျက်မှောက်ပြုပြီးမှ သတ္တဝါ တို့အား ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၊ အလယ်၊ အဆုံးကောင်းခြင်းနှင့် ပြည့်စုံသော၊ အနက်သဒ္ဒါနှင့် ကောင်းစွာပြည့်စုံသော၊ ကျင့်ဝတ်ပဋိပတ်အရာ ကောင်းစွာ ပြည့်စုံ လုံလောက်သော၊ စင်ကြယ်သည့် အကျင့်မြတ်ကို ပြသတော်မူ၏။

တစ်စုံတစ်ယောက်သောသူသည် ထိုတရားကို ကြားနာ ရသဖြင့် မြတ်စွာဘုရား၌ ယုံကြည်မှု သဒ္ဓါတရားကို ရရှိပြီးလျှင် "အိမ်ရာတည်ထောင် လူ့ဘောင်၌နေခြင်းသည် ကျဉ်းမြောင်းကြပ် တည်း၏၊ ကိလေသာ မြူထရာ အရပ်ဖြစ်၏၊ ရဟန်းအဖြစ်သည်

လွှင်ပြင်နှင့် တူ၏၊ အိမ်၌နေသောသူသည် (လူအဖြစ်နှင့် နေသောသူ) ဤအကျင့်မြတ်ကို စင်စစ်ပြည့်စုံအောင်, စင်ကြယ်အောင်, ပွတ်သစ်စခရုသင်းအတူ ဖြူစင်အောင်ကျင့်ကြံဖို့ မလွယ်ကူပေ၊ ငါသည် ဆံ, မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ် (သင်္ကန်း)ကို ဝတ်ပြီးလျှင် ရဟန်းပြုလုပ်မှ သင့်မည်"ဟု အကြံဖြစ်၏၊ ထို့နောက် ထိုသူသည် စည်းစိမ်ဥစ္စာ အဆွေအမျိုးတို့ကို စွန့်ပယ်ခဲ့၍ ရဟန်းပြု၏။

ထိုသို့ ရဟန်းဖြစ်လာသောသူသည် အလွန်မြတ်သော သီလ (ပါတိမောက္ခသံဝရ)ကို * စောင့်ထိန်း၍ နေထိုင်၏၊ ကျင့်ဝတ်ပဋိပတ်, ကျက်စားရာ အရပ်တို့နှင့် ပြည့်စုံလျက် အဏုမြူမျှ သေးငယ်လှသော အပြစ်တို့၌ပင် ဘေးအန္တရာယ်ဟု ဆင်ခြင်ရှုကြည့်၍ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏၊ ကောင်းသော ကာယကံ, ဝစီကံတို့နှင့် ပြည့်စုံ၏၊ အသက်မွေးစင်ကြယ်၏၊ သီလနှင့်ပြည့်စုံ၏၊ ဣန္ဒြေ(ခြောက်ပါး)တို့၌ လုံခြုံသောတံခါးရှိ၏၊

---

* ပါတိမောက္ခသံဝရ ။ ။ ပါတိမောက္ခမှာ ပ + အတိ + မောက္ခဟူသော ပုဒ်တို့ ပေါင်းစပ်နေခြင်းဖြစ်၍ အလွန်မြန်သောဟု အဓိပ္ပါယ်ရှိ၏၊ သံဝရမှာ စောင့်စည်းခြင်း, စောင့်စည်းရသော သီလဟု အဓိပ္ပါယ်ရှိ၏၊ ထိုသီလမှာ ရဟန်းတော်တို့ ကျင့်ရသော ဝိနည်းပိဋကတော်လာ သိက္ခာပုဒ်များပင် ဖြစ်ကြ၏။

အစားအစာ၌ အတိုင်းအရှည် ပမာဏကို သိတတ်၏၊ သိမှတ်, ဆင်ခြင်မှု-သတိသမ္ပဇဉ် * နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

**သီလ**

"မြတ်သောမင်းကြီး. . . အဘယ်သို့သီလနှင့် ပြည့်စုံသနည်း။"

"မြတ်သောမင်းကြီး. . . ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော သီလနှင့် ပြည့်စုံ၏၊ (စူဠ, မဇ္ဈိမ, မဟာသီလ အားလုံး၊ ပြဟ္မဇာလသုတ်ကြည့်) ဤသို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလကို စောင့်ရှောက်မှုကြောင့် မည့်သည့်နည်းနှင့်မျှ ဘေးအန္တရာယ်ကို မတွေ့မြင်ရပြီ၊ ဥပမာအားဖြင့် ရန်သူကို သတ်ဖြတ်နှိမ်နင်းပြီးသော မင်းသည် ထိုရန်သူကြောင့် မည်သည့်နည်းနှင့်မျှ ဘေးအန္တရာယ်ကို မတွေ့မြင်ရသကဲ့သို့ ဖြစ်ပေသည်၊ ထိုရဟန်းသည် ဤသို့ မြတ်သောမတွေ့မြင်ရသကဲ့သို့ ဖြစ်ပေသည်၊ ထိုရဟန်းသည် ဤသို့ မြတ်သောသီလဂုဏ်နှင့် ပြည့်စုံသဖြင့်

---

* သတိသမ္ပဇဉ် ။ ။ သတိသည် သိမှတ်ခြင်းဖြစ်၍ သမ္ပဇဉ်မှာ ဆင်ခြင်ခြင်းပင် ဖြစ်၏၊ သိမှတ်နေလျှင် ဆင်ခြင်မှုလည်း ထပ်ချပ်မကွာ လိုက်ပါလာတတ်သဖြင့် တွဲ၍ ဟောတော်မူသည်၊ သတိနှင့် ပညာ တရား နှစ်ပါးပင် ဖြစ်၏။

အနဝဇ္ဇသုခ ခေါ် အပြစ်မရှိခြင်း ချမ်းသာကို ခံစားရ၏၊ မြတ်သောမြင်းကြီး. . . ဤသို့ သီလနှင့် ပြည့်စုံပေသည်။

**ဣန္ဒြိယသံဝရ**

မြတ်သောမင်းကြီး. . . အဘယ်သို့ ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသနည်း၊

မြတ်သောမင်းကြီး. . . ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် မျက်စိဖြင့် အဆင်း-ရူပါရုံကို မြင်သည်ရှိသော် ကိလေသာဖြစ်ကြောင်း ယောကျ်ား, မိန်းမ, အာရုံ နိမိတ်ကို မှတ်ယူလေ့မရှိ၊ စက္ခုန္ဒြေ * ကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုးလာတတ်ကြကုန်သော သူတစ်ပါး ဥစ္စာကို မတရား ရလိုမှု အဘိဇ္ဈာ, ပျက်စီးစေလိုမှု ဒေါမနဿ ဟူသော အကုသိုလ် တရားယုတ်တို့ကို စောင့်စည်းခြင်းငှာကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏။

နားဖြင့် အသံကို ကြားသည်ရှိသော်, နှာခေါင်းဖြင့် အနံ့ကို နံသည်ရှိသော်, လျှာဖြင့် အစားအစာ အရသာကို စားသောက်သာယာသည်ရှိသော် စိတ်ဖြင့် သဘောတရားတစ်ခုခုကို သိရ

---

* စက္ခုန္ဒြေ ။ ။ စက္ခု + ဣန္ဒြိယ = မြင်တတ်သော ခေါင်းဆောင်တရား၊ ဤအမည်မှာ မျက်လုံးအိမ်, မျက်လုံးအကြည်ဓာတ်, ထိုနှစ်မျိုးကို အမှီပြု၍ ဖြစ်ပေါ်လာသော အမြင်စိတ်, ဤသုံးမျိုးတွင် အမြင်စိတ်သာ လိုရင်းဖြစ်၍ စက္ခုန္ဒြေ-အမြင်ခေါင်းဆောင်တရားဟု အမည်တွင်သည်။

သည်ရှိသော်, ကိလေသာ * ဖြစ်ကြောင်း အာရုံနိမိတ်ကို မှတ်ယူလေ့မရှိ၊ ကိလေသာဖြစ်ကြောင်း အခြင်းအရာကို မှတ်ယူလေ့မရှိ။

မနိန္ဒြေခေါ် စိတ်ခေါင်းဆောင် တရားကို မစောင့်ရှောက်လျှင် ဖြစ်ပေါ်လွှမ်းမိုး လာတတ်ကြကုန်သော သူတစ်ပါးဥစ္စာကို မတရား ရလိုမှု-အဘိဇ္ဈာ, ပျက်စီးစေလိုမှု-ဒေါမနဿ ဟူသော အကုသိုလ် တရားယုတ်တို့ကို စောင့်စည်းခြင်းငှာ ကျင့်၏၊ စိတ်ခေါင်းဆောင်(မနိန္ဒြေ)ကို စောင့်ထိန်း၏။

ထိုရဟန်းသည် ဤဣန္ဒြေတို့၌ စောင့်စည်းခြင်းနှင့် ပြည့်စုံသဖြင့် မိမိသန္တာန်၌ အဗျာသေကသုခ ခေါ် ကိလေသာတို့နှင့် မရောနှောသော ချမ်းသာသုခကို ခံစားရ၏၊ မြတ်သောမင်းကြီး . . . ဤသို့ ဣန္ဒြေတို့၌ လုံခြုံသောတံခါး ရှိပေသည်။

## သတိသမ္ပဇဉ်

မြတ်သောမင်းကြီး. . . အဘယ်သို့ မှတ်ခြင်း, သိခြင်း - သတိ, သမ္ပဇဉ် နှင့် ပြည့်စုံသနည်း၊

မြတ်သောမင်းကြီး. . . ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း၌ သိမှတ်ဆင်ခြင်ခြင်းကို ပြုလေ့ရှိ၏။

---

* ကိလေသာ ။ ။ ညစ်ညူးကြောင်း, ဆင်းရဲကြောင်းတရား၊ စိတ်ကို ညစ်ညူး ဆင်းရဲစေတတ်သော တရား၊ ဤတရားမှာ တပ်မက်မှု - လောဘ, အမျက်ထွက်မှု-ဒေါသ စသည် ဆယ်မျိုးရှိ၏။

တည့်တည့်ကြည့်ခြင်း, တစောင်းကြည့်ခြင်း၌ ကွေးခြင်း, ဆန့်ခြင်း၌ သပိတ်သင်္ကန်းကို ဆောင်ခြင်း၌ စားခြင်း, သောက်ခြင်း, ခဲခြင်း, လျက်ခြင်း၌ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၌ တိတ်တိတ်နေခြင်း၌ မှတ်ခြင်း, သိခြင်းကို ပြုလေ့ရှိ၏၊ မြတ်သောမင်းကြီး. . . ဤသို့ သတိသမ္ပဇဉ်နှင့် ပြည့်စုံပေသည်။

## သန္တုဋ္ဌိရောင့်ရဲခြင်း

မြတ်သောမင်းကြီး. . . အဘယ်သို့ရောက် ရဲတင်းတိမ်လွယ်သနည်း။

မြတ်သောမင်းကြီး. . . ဤသာသနာတော်၌ တစ်ပါးပါးသော ရဟန်းသည် ကိုယ်ကိုဆောင်တတ်သော (ကိုယ်လုံရုံမျှဖြစ်သော) သင်္ကန်းဖြင့် ရောင့်ရဲ၏၊ ဝမ်းကိုဆောင်တတ်သော (ဝမ်းဝရုံမျှဖြစ်သော) ဆွမ်းဖြင့် ရောင့်ရဲ၏၊ (တင်းတိမ်၏)။

ထိုရဟန်းသည် မိမိသွားလိုရာခရီးသို့ (မိမိပရိက္ခရာ * ကို)ယူဆောင်၍သာ သွားနိုင်၏၊ (မနိုင်မရှိ)၊ ဥပမာအားဖြင့် အတောင်ရှိသောငှက်သည် မိမိအတောင်သာလျှင် (သယ်ပို့စရာ)

---

* ပရိက္ခရာ ။ ။ ပရိက္ခရာမှာ မိမိကိုယ် ပတ်ဝန်းကျင်တွင် ဆင်ယင် ပြုပြင်ရသော တရား၊ သို့မဟုတ်, အသုံးအဆောင်ပင် ဖြစ်၏၊ ပရိက္ခရာမှာ ရှစ်မျိုး ရေတွက်ရသော်လည်း ရဟန်းဖြစ်ဖို့မှာ သပိတ်နှင့် သင်္ကန်းသာ လိုရင်းဖြစ်၏။

ဥစ္စာရှိသည်ဖြစ်၍ သွားလိုရာခရီးသို့ ပျံသွားသကဲ့သို့တည်း၊ မြတ်သောမင်းကြီး. . . ဤသို့ ရောင့်ရဲတင်းတိမ်လွယ်ပေသည်။

## တရားကိုအားထုတ်ခြင်း နီဝရဏကိုပယ်ခွာခြင်း

ထိုရဟန်းသည် ဤမြတ်သော သီလဂုဏ်နှင့်လည်း ပြည့်စုံ၏၊ ဤမြတ်သော ဣန္ဒြေကို စောင့်ရှောင်ခြင်းနှင့်လည်း ပြည့်စုံ၏၊ ဤမြတ်သော သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံ၏၊ ဤမြတ်သော ရောင့်ရဲတင်းတိမ်ခြင်းနှင့်လည်း ပြည့်စုံ၏၊ ထိုရဟန်းသည် တောအရပ်, တောင်ချောက်, တောင်ဂူ, သုသာန်, တောနက်, လွင်ပြင်, ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းစားကျောင်းမှ ထွဲ့သည့်ရှိသော် ကိုယ်ကို ဖြောင့်ဖြောင့်ထား၍ ကမ္မဋ္ဌာန်း * သို့ ရှေးရှုသတိကို ဖြစ်စေ၍, သို့မဟုတ်, ထွက်လေဝင်လေထိရာ နှုတ်ခမ်းထက်၌ သတိကိုဖြစ်စေ၍ တင်ပလ္လင်ခွေ ထိုင်နေ၏။

ထိုရဟန်းသည် ၁-လောက၌ သူတစ်ပါးဥစ္စာကို မတရား ရလိုမှု အဘိဇ္ဈာကို ပယ်စွန့်၍ အဘိဇ္ဈာကင်းသော စိတ်ဖြင့်

---

* ကမ္မဋ္ဌာန်း ။ ။ ကမ္မ+ဌာ = ဘာဝနာအလုပ်၏ တည်ရာ အာရုံ ကမ္မဋ္ဌာန်း။ ကိလေသာငြိမ်းမှု သမာဓိရမှုကို ပဓာနထားသော သမထကမ္မဋ္ဌာန်းမျိုး, ရုပ်နာမ်တို့၏ သဘောမှန်ကို ရှာဖွေရှုကြည့်ရသော ပညာဖြစ်ပေါ်မှုကို ပဓာနထားသော ဝိပဿနာ ကမ္မဋ္ဌာန်းဟု နှစ်မျိုးရှိ၏၊ ဘာဝနာ နှစ်မျိုးလည်း ခေါ်ရ၏။

နေထိုင်၏၊ အဘိဇ္ဈာမှ စိတ်ကို သုတ်သင်၏၊ ၂-သူတစ်ပါးကို ပျက်စီး စေလိုမှု-ဗျာပါဒခေါ် ဒေါသကို ပယ်စွန့်၍ ဗျာပါဒ မရှိသောစိတ် ဖြင့် အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွားကို သနားစောင့် ရှောက်တတ်သည်ဖြစ်၍ နေထိုင်၏၊ ဗျာပါဒခေါ် ဒေါသမှ စိတ်ကို သုတ်သင်၏၊ ၃-တွေဝေငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို ပယ်စွန့်၍ ထိန မိဒ္ဓကင်း၍ နေထိုင်၏၊ အလင်းရောင်ဟူသော အမှတ်သညာ ရှိသည်, သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ နေထိုင်၏၊ ထိနမိဒ္ဓမှ စိတ်ကို သုတ်သင်၏၊ ၄-ပျံ့လွင့်ခြင်း, နောင်တတဖန် ပူပန်ခြင်းဟူသော ဥဒ္ဓစ္စ, ကုက္ကုစ္စစိတ်ကို ပယ်စွန့်၍ ပျံ့လွင့်ခြင်း မရှိဘဲ အဇ္ဈတ္တသန္တာန်၌ ငြိမ်းချမ်းသော စိတ်ရှိသည်ဖြစ်၍ နေထိုင်၏၊ ဥဒ္ဓစ္စ, ကုက္ကုစ္စမှမှစိတ်ကို သုတ်သင်၏၊ ၅-ယုံမှား တွေးတောခြင်း ဝိစိကိစ္ဆာကို ပယ်စွန့်၍ ကုသိုလ်တရားတို့၌ သို့လောသို့လော တွေးတောမှုမရှိဘဲ ဝိစိကိစ္ဆာကို လွန်မြောက်၍ နေထိုင်၏၊ ဝိစိကိစ္ဆာမှ စိတ်ကို သုတ်သင်၏။

## နီဝရဏငါးပါး

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ၁-ယောကျ်ား တစ်ယောက်သည် ကြွေးယူ၍အလုပ်လုပ်ရာ၏၊ ထိုအလုပ်အကိုင် အကြံအစည်တို့သည် ပြီးစီးအောင်မြင်ကုန်ရာ၏။ ထိုသူအား ကြွေးဟောင်းတို့ကို ပေးဆပ်ပြီးနောက် မယားကို မွေးမြူရန် အပို

အမိုလည်း ကျန်ရှိနေသေးရာ၏၊ ထိုသူအား ငါသည် ရှေးအခါ၌ ကြွေးယူ၍ အလုပ်လုပ်ခဲ့ရ၏၊ ထိုအလုပ်အကိုင်တို့လည်း ပြီးစီးအောင်မြင်ကြပေပြီ၊ ကြွေးဟောင်းတို့ကိုလည်း ပေးဆပ်ပြီး ပေပြီ၊ ငါ့အား မယားကို မွေးမြူရန် အပိုအမို ဥစ္စာလည်း ကြွင်းကျန်ပေသေး၏ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုကြွေးပြီကျေ ခြင်းဟူသော အကြောင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏။

၂-မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် အနာရောဂါရ၍ ဆင်းရဲဒုက္ခရောက်၍ နေရာ၏၊ ထိုသူသည် ပြင်းထန်စွာ ဖျားနာသဖြင့် ထမင်းကိုလည်း မစားနိုင်ရာ၊ အားအင်ဗလ အနည်းငယ်မျှလည်း မရှိခဲ့ရာ၊ ထိုသူသည် နောက်အခါ၌ ထိုအနာရောဂါမှ လွတ်မြောက်ရာ၏၊ ထမင်းကိုလည်း စားနိုင်ရာ၏၊ ကိုယ်၌ အားအင်ဗလ အနည်းငယ်မျှလည်း ရှိလာခဲ့ရာ၏။

ထိုသူအား 'ငါသည် ရှေးအခါ၌ အနာရောဂါရှိသူဖြစ်၍ ဆင်းရဲဒုက္ခ ရောက်ခဲ့၏၊ ပြင်းစွာဖျားနာခဲ့၏၊ ထမင်းကိုလည်း မစားနိုင်၊ အားအင်ဗလ အနည်းငယ်မျှလည်း မရှိခဲ့၊ ယခုငါသည် ထိုအနာမှ လွတ်ခဲ့ပြီ၊ ထမင်းကိုလည်း စားနိုင်ခဲ့ပြီ၊ ကိုယ်၌ အား အနည်းငယ်လည်း ရှိခဲ့ပြီ' ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုသို့ အနာရောဂါ ပျောက်ကင်းခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၃-မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် နှောင်အိမ်(ထောင်)၌ အချုပ်အနှောင်ခံ၍ နေရရာ၏၊ ထိုအကျဉ်းသားသည် နောက်အခါ၌ ထိုနှောင်အိမ်မှ ချမ်းချမ်းသာသာ ဘေးမရှိဘဲ လွတ်မြောက်ခဲ့ရာ၏၊ ထိုသူ၏ အိမ်ရှိ ပစ္စည်းဥစ္စာတို့လည်း ပျက်စီးခြင်းမရှိ ဖြစ်ခဲ့ရာ၏၊ ထိုသူအား 'ငါသည် ရှေးအခါ၌ နှောင်အိမ်တွင် အချုပ်အနှောင်ခံ၍ နေရ၏၊ ယခုကား ထိုနှောင်အိမ်မှ ချမ်းချမ်းသာသာ ဘေးမရှိဘဲ လွတ်မြောက်ခဲ့ရပြီ၊ (အိမ်ရှိ)ဥစ္စာတို့လည်း တစ်စုံတစ်ရာမျှ မပျက်စီးကြပေ'ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုသို့ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၄-မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် မိမိကိုယ်ကို မိမိမပိုင်သော, သူတစ်ပါးတို့ စိုးပိုင်၍နေသော, အလိုရှိရာခရီးသို့ မသွားလာနိုင်သော, ကျေးကျွန်ဖြစ်၍ နေရာ၏၊ ထိုသူသည် နောက်အခါ၌ ထိုကျွန်အဖြစ်မှ လွတ်မြောက်ခဲ့ရာ၏၊ မိမိကိုယ်ကို မိမိအစိုးရသူ, သူတစ်ပါးကို မအုပ်စိုးဘဲ လွတ်လပ်သူ, အလိုရှိရာ သွားနိုင်သူ, ဖြစ်ခဲ့ရာ၏၊ ထိုသူအား 'ငါသည် ရှေးအခါ၌ မိမိကိုယ် မိမိအစိုးမရသော, သူတစ်ပါးတို့ စိုးပိုင်၍နေသော, အလိုရှိရာ မသွားနိုင်သော, ကျေးကျွန်ဖြစ်၍ နေခဲ့၏၊ ယခုကား ထိုကျွန်အဖြစ်မှ လွတ်မြောက်ရပေပြီ၊ မိမိကိုယ်

ကို စိုးပိုင်သော, လွတ်လပ်သော, အလိုရှိရာ သွားလာနိုင်သောသူ, ဖြစ်ခဲ့ရပေပြီ'ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုသို့ ကျွန်အဖြစ်မှ လွတ်ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

၅-မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောကျ်ား တစ်ယောက်သည် ရွှေငွေ ဥစ္စာနှင့်တကွ အစာရှားပါး, ဘေးရန် များသော ဝေးလံသော ကန္တာရသို့ ခရီးသွားခဲ့ရာ၏၊ နောက် အခါ၌ ထိုသူသည် ထိုကန္တာရခရီးကို လွန်မြောက်ခဲ့ရာ၏၊ ဘေးကင်းရာ ရွာအနီးသို့ ချမ်းသာစွာ ရောက်လာခဲ့ရာ၏၊ ထိုသူအား 'ငါသည် ရှေးအခါ၌ ဥစ္စာရွှေငွေနှင့်တကွ အစာရှားပါး, ဘေးရန်များသော ကန္တာရ ခရီးရှည်သို့ သွားခဲ့ရ၏၊ ယခုကား ထိုခရီးခဲမှ လွန်မြောက် ခဲ့ရပြီ၊ ချမ်းသာစွာ ဘေးကင်းရာ ရွာအနီးသို့ ရောက်ခဲ့ရပြီ'ဟု အကြံဖြစ်ရာ၏၊ ထိုသူသည် ထိုသို့ ကန္တာရခရီးရှည်မှ လွန်မြောက် ခြင်းကြောင့် နှစ်သက်ခြင်းကို ရရှိခဲ့ရာ၏၊ ဝမ်းမြောက်ခြင်းသို့ ရောက်ခဲ့ရာ၏။

မြတ်သောမင်းကြီး. . . ဤဥပမာတို့ အတူသာလျှင် ထိုရဟန်းသည် မိမိသန္တာန်၌ မပယ်ရသေးသော နီဝရဏ ငါးပါး တို့ကို ကြွေးမြီကဲ့သို့လည်းကောင်း, အနာရောဂါကဲ့သို့လည်း ကောင်း, နှောင်အိမ်ကဲ့သို့လည်းကောင်း, ကျွန်ဘဝကဲ့သို့လည်း ကောင်း, ကန္တာရခရီးဝေးကဲ့သို့လည်းကောင်း (အစဉ်အတိုင်း) ကောင်းစွာရှု၏၊ (ကောင်းစွာ ထင်မြင်၏)။

မိမိသန္တာန်၌ ပယ်ပြီးသော နီဝရဏငါးပါးတို့ကို ကြွေးမြီကျေခြင်းကဲ့သို့လည်းကောင်း, ကျန်းမာလာခြင်းကဲ့သို့လည်းကောင်း, အနှောင်အဖွဲ့မှ လွတ်ခြင်းကဲ့သို့လည်းကောင်း, ကျွန်ဘဝမှ တော်လှန်ခြင်းကဲ့သို့လည်းကောင်း, ဘေးကင်းရာအရပ်သို့ ရောက်ခြင်းကဲ့သို့လည်းကောင်း ကောင်းစွာရှု၏၊ (ကောင်းစွာ ထင်မြင်၏)။

## ဈာန်သမာပတ်များ

### ပထမဈာန်

ဤသို့ ပယ်ပြီးသော နီဝရဏငါးပါးတို့ကို မိမိသန္တာန်၌ ကောင်းစွာရှုမြင်သော ရဟန်းအား ဝမ်းမြောက်ခြင်း(ပီတိ)ဖြစ်ပေါ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သက်ခြင်း(ပီတိ)ဖြစ်ပေါ်၏၊ နှစ်သက်သောစိတ်ရှိသည့် ရဟန်း၏ ကိုယ်ကာယသည် ငြိမ်းချမ်း၏၊ ကိုယ်ကာယငြိမ်းချမ်းသော ရဟန်းသည် ချမ်းသာ(သုခ)ကို ခံစားရ၏၊ ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် ကောင်းစွာ တည်ငြိမ်၏၊ ထိုသို့ စိတ်တည်ငြိမ်သော ရဟန်းသည် တပ်မက်မှု (ကာမ)တရားတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် (စူးစိုက်၍) ကြံစည်မှု (ဝိတက်) ဆင်ခြင်သုံးသပ်မှု (ဝိစာရ)ကို ပါဝင်သော နီဝရဏ ကင်းခြင်းကြောင့် ဖြစ်ပေါ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိ,သုခ)

ရှိသော ပထမစျာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုရဟန်းသည် ဤကိုယ်ကာယကို နီဝရဏကင်းခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း(ပီတိ,သုခ)ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ပျံ့နှံ့စေ၏၊ ထိုနှစ်သက်ခြင်း,ချမ်းသာခြင်း(ပီတိ, သုခ)ဖြင့် မတွေ့ထိရာ အရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ပြရသော် လိမ္မာကျွမ်းကျင်သော ဆတ္တာသည်, သို့မဟုတ်, ဆတ္တာသည်၏ တပည့် သည် ကြေးခွက်၌ ရေးချိုးကသယ်မှုန့်(ဆပ်ပြာမှုန့်)တို့ကို လောင်း ထည့်၍ ရေဖြင့်ဖျန်းကာ ဖျန်းကာ လုံးရာ၏၊ ထိုရေချိုးကသယ် မှုန့်လုံးသည် ညနေချမ်းအခါ၌ ရေ၏ အစိုဓာတ်သို့ လိုက်လျက် ရေ၏အစိုဓာတ်ဖြင့် အတွင်းပြင် ပျံ့နှံ့၍နေ၏၊ ယိုစီး၍ကား မကျ ရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . *ဤပထမစျာန် ချမ်းသာသည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုရကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

---

* **ပထမစျာန် ချမ်းသာ။** ။ ပထမစျာန် ချမ်းသာမှာ တပ်မက်လိုလားမှု, ပျက်စီးစေလိုမှုစသော အကုသိုလ် အပိတ်အဆို့တရားတို့မှ ကင်းလွတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော နှစ်သက်ဝမ်းမြောက်ခြင်း, ချမ်းသာခြင်း(ပီတိသုခ)ပင်ဖြစ်၏၊ ဝိဝေကဇံ ပီတိသုခဟု ပါဠိလို ခေါ်ဝေါ်၏။

## ဒုတိယဈာန်

မြတ်သောမင်းကြီး. . . ထို့ပြင်လည်း တစ်ပါးပါးသော ရဟန်းသည်(စူးစိုက်၍) ကြံစည်မှု(ဝိတက်) သုံးသပ်ဆင်ခြင်မှု (ဝိစာရ)တို့ ချုပ်ငြိမ်းခြင်းကြောင့် (ချုပ်ငြိမ်းအောင် ပွားများပြန်ခြင်းကြောင့်) အဇ္ဈတ္တသန္တာန်၌ ကောင်းစွာ ကြည်လင်စေတတ်သော, အာရုံတစ်ခုတည်း၌ တက်ရောက်ဖြစ်ပေါ်တတ်သော သမာဓိကို ဖြစ်ပွားစေတတ်သော, ကြံစည်မှု သုံးသပ်ဆင်ခြင်မှု (ဝိတက် ဝိစာရ)တို့ မရှိသော, ပထမဈာန်သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိသုခ)ရှိသော ဒုတိယဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုရဟန်းသည် ဤကိုယ် ကာယကို ပထမဈာန် သမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း, ချမ်းသာခြင်း, (ပီတိ,သုခ)ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ ပျံ့နှံ့စေ၏၊ ထိုနှစ်သက်ခြင်း, ချမ်းသာခြင်း(ပီတိ,သုခ)ဖြင့် မတွေ့ထိရာ အရပ်ဟူ၍ မရှိပြီ။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ပြရသော် နက်လှစွာသော စိမ့်ရေအိုင်တစ်အိုင်ရှိ၏၊ ထိုစိမ့်ရေအိုင်၌ အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာတို့၌ ရေဝင် ရာ အပေါက်မရှိ၊ အထက်မှလည်း မပြတ်မလပ် မိုးရွာသွန်းခြင်း မရှိခဲ့၊ သို့ရာတွင် စင်စစ်အားဖြင့် ထိုစိမ့်ရေအိုင်မှ အေးမြသော ရေအလျဉ်တို့သည် လျှံထွက်၍ ထိုစိမ့်ရေအိုင်ကို စွတ်စိုစေရာ၏၊

ပြည့်လျှံစေရာ၏၊ ပျံ့နှံ့စေရာ၏၊ ထိုရေအေးဖြင့် မတွေ့ထိရာ (မပျံ့နှံ့ရာ)ဟူ၍ မရှိသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤဒုတိယစျာန် ချမ်းသာသည်လည်း * ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုရကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

## တတိယစျာန်

မြတ်သောမင်းကြီး. . . ထို့ပြင်လည်း တစ် ပါးပါးသော ရဟန်းသည်(အထက်ပါ) နှစ်သက်ခြင်း(ပီတိ)ကိုလည်း မတပ်မက်ဘဲ လျစ်လျူရှု၍သာ နေထိုင်၏၊ သိမှတ်ခြင်း, ဆင်ခြင်တိုင်းထွာခြင်း (သတိသမ္ပဇဉ်)ရှိသည်ဖြစ်၍ ကိုယ်ကာယဖြင့် ချမ်းသာ (သုခ)ကို ခံစား၏၊ တတိယစျာန်ရရှိသူကို အရိယာပုဂ္ဂိုလ်တို့သည် "လျစ်လျူရှုတတ်သူ, သိမှတ်ခြင်း(သတိ)ရှိသူ, ချမ်းသာစွာ နေထိုင်လေ့ရှိသူ"ဟု ချီးကျူးကြကုန်၏၊ (ထိုသို့ ချီးကျူးရသော) တတိယစျာန်ကို ရရှိပြည့်စုံစေ၍ ဝင်စား နေထိုင်၏၊ ထိုတတိယစျာန်

---

* ဒုတိယစျာန်ချမ်းသာ။ ။ ဒုတိယစျာန်ချမ်းသာမှာ ပထမစျာန် သမာဓိကြောင့် ဖြစ်ပေါ်လာသော သို့မဟုတ်, ပထမစျာန် သမာဓိပေါ်တွင် အခြေတည်သော နှစ်သက်ဝမ်းမြောက်ခြင်း, ချမ်းသာခြင်း(ပီတိသုခ)ပင်ဖြစ်၏၊ သမာဓိဇ ပီတိသုခဟု ပါဠိလိုခေါ်ဝေါ်သည်။

ရရှိသော ရဟန်းသည် ဤကိုယ်ကာယကို နှစ်သက်ခြင်း(ပီတိ) မရောသော ချမ်းသာ(သုခ)သက်သက်ဖြင့် စွတ်စိုစေ၏၊ ပြည့်လျှံစေ၏၊ ပျံ့နှံ့စေ၏၊ ထိုချမ်းသာ(သုခ)ဖြင့် မတွေ့ထိ မပျံ့နှံ့ရာ အရပ်ဟူ၍ (ထိုရဟန်း၏ ကိုယ်၌) မရှိပြီ။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ဥပ္ပလကြာ, ပဒုမ္မာကြာ, ပုဏ္ဍရိတ်ကြာတောတို့၌ * အချို့သောကြာတို့သည် ရေထဲတွင်သာ ဖြစ်ပေါ်,ကြီးမား၍ ရေပေါ်သို့ မတက်လာဘဲ ရေထဲ၌သာ ငုပ်၍ ဖြစ်ပွားကြကုန်၏၊ ထိုရေငုပ်ကြာတို့သည် အေးမြသောရေဖြင့် စွတ်စို, ပြည့်လျှံ, တွေ့ထိပျံ့နှံ့၍ နေကြကုန်၏၊ ရေအေးဖြင့် မတွေ့ထိ မပျံ့နှံ့ရာ အရပ်ဟူ၍ မရှိကြကုန်ရာသကဲ့ သို့ ဖြစ်ပေသည်။

---

* ကြာမျိုးသုံးပါး။ ။ ကြာဖြူ, ကြာနီ, ကြာညို တို့သည် ဥပ္ပလကြာမျိုးများ ဖြစ်ကြကုန်၏၊ အထပ်တစ်ရာရှိသော ကြာသည် ပဒုမ္မာကြာ, အထပ်တစ်ရာ မပြည့်သောကြာသည် ပုဏ္ဍရိတ်ကြာမျိုးများ ဖြစ်ကြ၏၊ တစ်နည်းအားဖြင့် (အထပ်များ၍ နီသောကြာသည် ပဒုမ္မာ, ဖြူသောကြာသည် ပဏ္ဍရိတ်ကြာမျိုးများ ဖြစ်ကြ၏၊ ဤနှစ်မျိုးတွင် ရှေ့ဥပ္ပလကြာ ၃-မျိုးလည့်လျှင် ကြာမျိုးငါးပါး ဖြစ်ပေမည်၊ အမှန်အားဖြင့် ကြားများမှာ ကြာဖြူ, ကြာနီ, ကြာညို, ကြာတံဆိပ်, ကြာခေါင်းလောင်း, ပဒုမ္မာ, ပုဏ္ဍရိတ်ကြာ စသည် အမျိုးမျိုးပင် ရှိကြသဖြင့် ကြာမျိုးငါးပါး ဟူသော စကားသည် ထင်းရှားရာ, များရာသို့လိုက်၍ ရှေးက သုံးခဲ့သော စကားသာ ဖြစ်ရာသည်၊ ဗုဒ္ဓ၏ ဒေသနာ၌ကား အထက်ပါ သုံးမျိုးသာ လာသည်ကို သတိချပ်ရာသည်။

မြတ်သောမင်းကြီး. . . ဤတတိယဈာန်ချမ်းသာ သည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုရကျိုးထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

## စတုတ္ထဈာန်

မြတ်သောမင်းကြီး. . . ထို့ပြင်လည်း တစ်ပါးပါးသော ချမ်းသာခြင်း(သုခ), ဆင်းရဲခြင်း(ဒုက္ခ)ကို ပယ်စွန့်နိုင်ခြင်းကြောင့်, ဝမ်းမြောက်ခြင်း (သောမနဿ), ဝမ်းနည်းခြင်း(ဒေါမနဿ)တို့ ရှေးဦးကပင် ချုပ်ပျောက်ပြီး ဖြစ်ခြင်းကြောင့်, ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော, လျစ်လျူရှုခြင်းကြောင့် ဖြစ်ပေါ်သော သတိတရား၏ စင်ကြယ်ရာဟူ၍ ဆိုအပ်သော, စတုတ္ထဈာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ထိုစတုတ္ထဈာန်ရသော ရဟန်းသည် ဤကိုယ်ကာယကို စင်ကြယ်, ဖြူစင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေထိုင်၏၊ ထိုစိတ်ဖြင့် မတွေ့ထိ မပျံ့နှံ့ရာအရပ်ဟူ၍ (ထိုရဟန်း၏ကိုယ်၌) မရှိပြီ။

မြတ်သောမင်းကြီး. . . ဤစတုတ္ထဈာန် ချမ်းသာသည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုရကျိုးထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

# ဈာန်ဆယ်ပါး

## စတုတ္ထဈာန် နာမ်ရုပ်ကိုသိခြင်း

မြတ်သောမင်းကြီး. . . ထို့ပြင်လည်း ထိုဈာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် ၁-ဤသို့ စတုတ္ထဈာန်သမာဓိဖြင့် ကောင်းစွာ စိတ်တည်ငြိမ်သည်ရှိသော်၊ ၂-နီဝရဏကင်း၍ စင်ကြယ်သည်ရှိသော်၊ ၃-(ဝိတက် စသည်ကိုလွန်၍) ဖြူစင်သည်ရှိသော်၊ ၄-လာဘ်လာဘရလိုမှုစသော အကုသိုလ် အပြစ်ကင်းသည်ရှိသော်၊ ၅-တပ်မက်မှု(လောဘ)စသော စိတ်ခာတ်ညစ်ညူးကြောင်း (ဥပက္ကိလေသ)ကင်းဝေးခဲ့သော်၊ ၆-ဈာန်သမာပတ်ကို အထပ်ထပ်လေ့လာခြင်းဖြင့် လျော်ပြီးသော ရွှေပမာ နူးညံ့၍ အလိုရှိရာ ပါသည်ရှိသော်၊ ၇-ဉာဏ်ဆယ်ပါးတို့ ဖြစ်ပွားလောက်အောင် ခံ့ကျန်းလုံလောက် သည်ရှိသော်၊ ၈-ဘာဝနာ ကိစ္စပြည့်စုံ၍ မတုန်မလှုပ်တည်ငြိမ်သည်ရှိသော်၊ ဝိပဿနာဉာဏ်အမြင်အလို့ငှာ စိတ်ကိုရှေ့ရှု ဆောင်၏၊ ထိုသို့ ရှေ့ရှုဆောင်သော ရဟန်းသည် “ဤ ငါ၏ကိုယ်ကာယအား ရုပ်သာဖြစ်၏၊ မဟာဘုတ်လေးပါးကို အမှီပြု၏၊ အမိအဖတို့၏ သုက်သွေးကြောင့် ဖြစ်ပေါ် ခဲ့ရ၏၊ ထမင်းမုယောမုန့်တို့ဖြင့် (အစာအဟာရ) ကြီးပွားခဲ့ရ၏၊မမြဲသောသဘော, (အနံ့ဆိုးသဖြင့်)လိမ်းကျံဖုံးလွှမ်းရခြင်းသဘော, နှိပ်နယ်ပြုပြင်ရခြင်းသဘော, ပျက်စီးခြင်းသဘော,

ဖရိုဖရဲ ပြိုကွဲတတ်ခြင်း သဘောရှိ၏၊ ငါ၏ ဤအသိဝိညာဉ်သည် ဤကိုယ်ကာယ၌ မှီ၏၊ ဆက်စပ်၏" ဟု သိမြင်၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် လှပသော, ဇာတိဖြစ်သော ကောင်းစွာသွေး၍ ပြုပြင်အပ်ပြီးသော, ကြည်လင်လှသော, အပေါက်ဖောက်ခြင်း စသော အခြင်းအရာ စုံပါသော ရှစ်မြှောက်ပတ္တမြား ကြောင်မျက်ရွဲ၌ ညိုသောချည်ကိုဖြစ်စေ၊ ဝါသောချည်, နီသောချည်, ဖြူသောချည်, ဖျော့တော့သောချည်ကိုဖြစ်စေ၊ သွတ်သွင်းထိုးသိ၍ ထားရာ၏၊ ထိုပတ္တမြားကြောင့်မျက်ရွဲကို မျက်စေ့အားကောင်းသော ယောကျ်ားတစ်ယောက်သည် လက်ပေါ်၌တင်ထား၍ ကြည့်ရှုသောအခါ ဤကား ပတ္တမြားကြောင်မျက်ရွဲ, ဤကား ပတ္တမြားကြောင်မျက်ရွဲ၌ သွတ်သွင်းထိုးသီထားသောချည်ဟု သိမြင်သကဲ့သို့ပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤဝိပဿနာဉာဏ်အမြင်သည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

## မနောမယဉာဏ်

ထိုစျာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည်(ရှေ့နည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်)စျာန်စိတ်ကြောင့်ဖြစ်သော (မနောမယ)ကိုယ်ခွဲတစ်ခုကို ဖန်းဆင်းခြင်းငှာ စိတ်ကို ရှေ့ရှု ဆောက်တည်၏၊ ထိုရဟန်းသည် ဤကိုယ်ကာယမှ တစ်ပါးဖြစ်သော, ရုပ်သာဖြစ်သော, စျာန်စိတ်ကြောင့်ဖြစ်ပေါ်သော, အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော, မျက်စိ, နား, နှာစသော ဣန္ဒြေတို့ ယုတ်လျော့ခြင်းလည်း မရှိသော, ကိုယ်ခွဲတစ်ခုကို (မိမိကိုယ်နှင့်အလားတူ)ဖန်ဆင်းနိုင်၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် ဖြူဆံမြက်မှ အရိုးညှောက်ကို နုတ်လိုက်ရာ၏၊ ထိုနောက် ထိုယောကျ်ားသည် "ဤကား ဖြူဆံမြက်၊ ဤကား ဖြူဆံမြက်၏ အရိုးအညှောက်၊ ဖြူဆံသည် တခြား, အရိုးညှောက်သည် တခြားသာဖြစ်၏၊ (သို့ရာတွင်) ဖြူဆံမြက်မှသာလျှင် အရိုးညှောက်ကိုနုတ်ယူအပ်၏"ဟုသိမြင်ရာသကဲ့သို့ပင် ဖြစ်စေသည်။

---

* စျာန်။ ။ စျာန်ဆိုသော စကားမှာ စျာနဟူသော ပါဠိမှ လာသည်၊ စျာနဟူသော ပါဠိသည် ၁-ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို အရှိန်အစော် အစွမ်းသတ္တိကင်းအောင် လောင်ကျွမ်းတတ်သော တရား။ ၂-ကသိုဏ်းနိမိတ် စသော ကမ္မဋ္ဌာန်းအာရုံကို စူးစိုက်ကြည့်ရှုတတ်သော တရားဟု အဓိပ္ပါယ်ရှိ၏၊ ထို့ကြောင့် စျာန်ဆိုသည်မှာ အလောင်းတရား, တည်ငြိမ်စွာ စူးစိုက်၍ ရှုကြည့်တတ်သော အကြည့်တရားဟု မှတ်ရာသည်။

မြတ်သောမင်းကြီး. . . ဥပမာ တစ်နည်းအားဖြင့် ယောက်ျား တစ်ယောက်သည် သန်လျက်ကို အအိမ်မှနုတ်ရာ၏၊ ထိုနောက် ထိုယောက်ျားသည် "ဤကားသန်လျက်၊ ဤကား သန်လျက်အိမ်၊ သန်လျက်သည် တခြား, အအိမ်သည် တခြားဖြစ်၏၊ (သို့ရာတွင်) အအိမ်မှသာလျှင် သန်လျက်ကို နုတ်ယူအပ်၏"ဟု သိမြင်ရာ သကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဥပမာတစ်နည်းအားဖြင့် ယောက်ျား တစ်ယောက်သည် မြွေကို ပခြုပ်မှ ထုတ်ယူရာ၏၊ ထိုနောက် ထိုယောက်ျားသည် "ဤကား မြွေ၊ ဤကား ပခြုပ်၊ မြွေသည် တခြား, ပခြုပ်သည် တခြားသာ ဖြစ်၏၊ (သို့ရာတွင်)ပခြုပ်မှ သာလျှင် မြွေကို ထုတ်ယူအပ်၏"ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေ သည်။ *

---

* ပခြုပ်နှင့် မြွေရေလဲ ။ ။ ဤဥပမာ၌ ကရဏ္ဍာဟု ပခြုပ်ဟော ပါဠိ ရှိနေသော်လည်း ပခြုပ်ကိုမယူရ၊ မြွေရေလဲကိုသာ ယူရမည်၊ မြွေ ရေလဲမှသာ မြွေနှင့် တူသည်၊ ထို့ပြင် ယောက်ျားသည် မြွေကို မြွေရလဲမှ ထုတ်ယူရာ၏ဟု ဟောတော်မူရာ၌ လက်ဖြင့် မြွေကို ထုတ်ယူသည်ဟု မယူရ၊ မြွေရေလဲမှ မြွေကို လက်ဖြင့် ထုတ်ယူ၍ မရနိုင်။ ၁-မြွေဇာတ်၌ တည်ခြင်း၊ ၂-သစ်ပင်ကြား သစ်တုံးကြား စသည် အမှီတစ်ခုခုကို ရရှိခြင်း၊ ၃-အရေကျွတ်အောင် အားထုတ်ကြိုးစားခြင်း၊ ၄-အရေဟောင်းကို စက်ဆုပ်ခြင်းဟူသော အင်္ဂါလေးပါးရှိမှသာ မြွေသည် အရေလဲနိုင်မည်ဟု အဋ္ဌကထာဖွင့်၏။

သို့ရာတွင် ပါဠိတော်အရှိနှင့် အဋ္ဌကထာဖွင့် နှစ်မျိုးလုံး သိရှိနိုင် စေရန် ပါဠိတော်ကို ရှိတိုင်းပြန်ဆို၍ အဋ္ဌကထာကို အမှာထည့်သည်။

မြတ်သောမင်းကြီး. . . ဤကိုယ်ခွဲ ဖန်ဆင်းခြင်း မနောမယဉာဏ်သည်လည်း ရှေ့ဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုရကျိုးပင်ဖြစ်ပေသည်။

## မနောမယဉာဏ်

ထိုစျာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်) တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်၏၊ တစ်ယောက်သာဖြစ်သော်လည်း အများအပြား ဖြစ်စေနိုင်၏၊ အများအပြားပင်ဖြစ်သော်လည်း တစ်ယောက်သာ ဖြစ်စေနိုင်၏၊ မျက်မှောက်အရပ်, မျက်ကွယ် အရပ်, နံရံခြားသောအရပ်, တံတိုင်းခြားသောအရပ်, တောင်ခြား သောအရပ်၌လည်း ကောင်းကင်ဟင်းလင်းပြင်၌ကဲ့သို့ မထိမခိုက် မငြိမတွယ်ဘဲ သွားရောက်နိုင်၏၊ မြေ၌လည်း ရေ၌ကဲ့သို့ငုပ်ခြင်း, ပေါ်ခြင်းကို ပြုနိုင်၏၊ ကောင်းကင်၌လည်း အတောင်ရှိသော ငှက်ကဲ့သို့ တင်ပလ္လင်ခွေဖြင့် သွားလာနိုင်၏၊ ဤသို့ တန်ခိုးအာနုဘော် ကြီးမားကြကုန်သော လ-နေတို့ကိုလည်း သုံးသပ်, ဆုပ်နယ်နိုင်၏၊ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ကာယဖြင့် အလိုသို့ လိုက်စေနိုင်၏၊ (အလိုရှိသလို သွားရောက်, ပြောဆိုနိုင်၏)။

မြတ်သောမင်းကြီး. . . ဥပမာ တစ်နည်းအားဖြင့် လိမ်မာကျွမ်းကျင်သော ဆင်စွယ် ပွတ်သမား, ဆင်စွယ်ပွတ်သမား၏ တပည့်သည် ကောင်းစွာ ပြုပြင်ထားအပ်ပြီးသော ဆင်စွယ်၏ အလိုရှိတိုင်းသော ဆင်စွယ်ရုပ် အထူးထူးတို့ကို ဖြစ်မြောက်ပြီးစီးစေနိုင်သကဲ့သို့. . .

မြတ်သောမင်းကြီး. . . ဥပမာ တစ်နည်းအားဖြင့် လိမ်မာကျွမ်းကျင်သော ရွှေပန်းတိမ်ဆရာ, ရွှေပန်းတိမ်ဆရာ၏ တပည့်သည် ကောင်းစွာ ပြုပြင်ထားအပ်ပြီးသော ရွှေ၏ အလိုရှိတိုင်းသော ရွှေတန်ဆာအထူးထူးတို့ကို ဖြစ်မြောက်ပြီးစီးစေနိုင်သကဲ့သို့ပင် ဖြစ်ပေသည်။

## ဒိဗ္ဗသောတဉာဏ် အသံအမျိုးမျိုး ကြားခြင်း

ထိုစျာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်)နတ်ဖြစ် အကြားဓာတ် (ဒိဗ္ဗသောတဓာတ်)အလို့ငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် စင်ကြယ်သော, လူတို့၏ အကြားဓာတ်(နား)ထက်လွန်သော နတ်ဖြစ်အကြားဓာတ်ဖြင့် လူသံ, နတ်သံ အဝေးသံ, အနီးသံဟူသော အသံနှစ်မျိုးတို့ကို ကြားနိုင်၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ခရီးရှည်သွားသော ယောကျ်ားသည် စည်ကြီးသံ, မုရိုးစည်သံ, ခရုသင်းသံ,

ထက်စည်သံ, ဖားစည်သံတို့ကို ကြားရာ၏၊ ထိုယောကျ်ားသည် "ဤကား စည်ကြီးသံ၊ ဤကား မုရိုးစည်သံ၊ ဤကား ခရုသင်းသံ၊ ဤကား ထက်စည်သံ၊ ဤကား ဖားစည်သံ"ဟု သိရှိရာသကဲ့သို့ပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤ နတ်ဖြစ်အကြားဓာတ်(ဒိဗ္ဗသောတဉာဏ်)သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ရဟန်းပြုကျိုးတို့ထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

## စေတောပရိယဉာဏ် – သူတစ်ပါး၏စိတ်သိခြင်း

ထိုစျာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်) သူတစ်ပါးတို့၏ စိတ်ကို ပိုင်းခြားသိမြင်ခြင်း (စေတောပရိယဉာဏ်) အလို့ငှါ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် တစ်ပါးသော သတ္တဝါတို့၏စိတ်ကို မိမိအဘိညာဉ်စိတ်ဖြင့် ပိုင်းခြား၍ သိမြင်၏၊ တပ်မက်ခြင်းရှိသော စိတ်(သရာဂစိတ်)ကိုလည်း တပ်မက်ခြင်းရှိသောစိတ်ဟု သိ၏၊ တပ်မက်ခြင်းကင်းသောစိတ်(ဝီတရာဂစိတ်)ကိုလည်း, အမျက်ဒေါသရှိသော စိတ်ကိုလည်း, (သဒေါသစိတ်)အမျက်ဒေါသမရှိသော စိတ်ကိုလည်း, (ဝီတဒေါသစိတ်) မိုက်မဲတွေဝေခြင်းရှိသော စိတ်ကိုလည်း, (သမောဟစိတ်)၊ မိုက်မဲတွေဝေခြင်း မရှိသော စိတ်ကိုလည်း, (ဝီတမောဟစိတ်)၊ နယ်

ကျဉ်းသော ကျုံ့သော စိတ်ကိုလည်း, (သံခိတ္တစိတ်)၊ ပျံ့လွင့်သော စိတ်ကိုလည်း, (မဟဂ္ဂတစိတ်)၊ ဈာန်ရုပ္ပဂ္ဂိုလ်မြတ်တို့ ရောက်အပ်သော စိတ်ကိုလည်း, (အမဟဂ္ဂတစိတ်)၊ ထိုသို့မဟဂ္ဂုတ်မဟုတ်သော စိတ်ကိုလည်း (အမဟဂ္ဂတစိတ်)၊ မိမိထက် အမြက်ရှိသေးသော စိတ်ကိုလည်း (သဥတ္တရစိတ်)၊ မိမိထက် အမြက်မရှိသော စိတ်ကိုလည်း, (အနုတ္တရစိတ် လောကုတ္တရာစိတ်)၊ တည်ငြိမ်သော စိတ်ကိုလည်း, (သမာဟိတစိတ်)၊ မတည်ငြိမ်သော စိတ်ကိုလည်း, (အသမာဟိတစိတ်) နီဝရဏ ကိလေသာတို့မှ လွတ်သော စိတ်ကိုလည်း (ဝိမုတ္တစိတ်) နီဝရဏ ကိလေသာတို့မှ မလွတ်သော စိတ်ကိုလည်း (အဝိမုတ္တစိတ်)ဟု သိ၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ ပြင်ပြင်ဆင်ဆင်နေလေ့ရှိသော မိန်းမ, သို့မဟုတ်, ယောကျ်ားသည် စင်ကြယ်ဖြူစင်သော မှန်၌ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ဖြစ်စေ၊ မိမိ၏မျက်နှာရိပ်ကို ကြည့်ရှုသည်ရှိသော် အပြစ်အနာအဆာရှိသော မျက်နှာကို အပြစ်အနာအဆာရှိသည်ဟု, အပြစ်အနာအဆာမရှိသော မျက်နှာကို အပြစ်အနာအဆာမရှိဟု, သိရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤသူတစ်ပါးတို့၏ စိတ်ကို ပိုင်းခြားသိမြင်ခြင်း (စေတောပရိယဉာဏ်)သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် သာလွန် နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

# ပုဗ္ဗေနိဝါသာနုဿတိဉာဏ်–ရှေးဖြစ်ကိုသတိရခြင်း

ထိုစျာန်သမာပတ်တို့ကို ရရှိသောရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့်ပြည့်စုံသည်ဖြစ်၍ရှိသော်) ရှေးဘဝဇာတ်တို့ကို အောက်မေ့သတိရခြင်း(ပုဗ္ဗေနိဝါသာနုဿတိဉာဏ်) အလို့ငှါ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် များပြားလှစွာသော ရှေးဖြစ်ဘဝဇာတ်တို့ကို အောက်မေ့သတိရ၏၊ ဤ ဘဝဇာတ်တို့သည် အဘယ်တို့နည်းဟူမူ တစ်ခုသော ဘဝဇာတ်ကို, နှစ်ခုသောဘဝဇတ်တို့ကို, သုံးခုသောဘဝဇာတ်တို့ကို, လေးခုသောဘဝဇာတ်တို့ကို, ငါးခုသောဘဝဇာတ်တို့ကို, ငါးခုသောဘဝဇာတ်တို့ကို, ဆယ်ခုသောဘဝဇာတ်တို့ကို, နှစ်ဆယ်သောဘဝဇာတ်တို့ကို, သုံးဆယ်သောဘဝဇာတ်တို့ကို, လေးဆယ်သောဘဝဇာတ်တို့ကို, ငါးဆယ်သောဘဝဇာတ်တို့ကို, တစ်ရာသောဘဝဇာတ်တို့ကို, တစ်ထောင်သောဘဝဇာတ်တို့ကို, တစ်သိန်းသောဘဝဇာတ်တို့ကို, များစွာသော ကမ္ဘာပျက်ကပ်တို့ကို, (သံဝဋ္ဋ)၊ များစွာသော ကမ္ဘာဖြစ်ကပ်တို့ကို, (ဝိဝဋ္ဋ)၊ ဤမည်သောဘဝ၌ ဖြစ်ခဲ့သည်၊ ဤသို့သော အမည်ရှိခဲ့သည်၊ ဤသို့သော အမျိုးအနွယ်ရှိခဲ့သည်၊ ဤသို့သော ရုပ်ဆင်းသဏ္ဌာန် ရှိခဲ့သည်၊ ဤသို့သော အစာအဟာရကို စားသောက်ခဲ့သည်၊ ဤသို့သော ချမ်းသာ, ဆင်းရဲကို ခံစားခဲ့ရသည်၊ ဤသို့သော အသက်တမ်းရှိခဲ့သည်၊

ထိုငါသည် ထိုဒုတိယဘဝမှ ဤဘဝသို့ ကပ်ရောက် ဖြစ်ပွားခဲ့ရသည်ဟု အကြောင်းအရာရည်ညွှန်းချက်တို့နှင့်တကွ များပြားလှစွာသော ရှေးဖြစ်ဘဝဇာတ်တို့ကို အောက်မေ့သတိရ၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် ယောက်ျားတစ်ယောက်သည် မိမိရွာမှ တခြားရွာသို့ သွားခဲ့ရာ၏၊ ထိုရွာမှလည်း ဒုတိယတခြားရွာသို့ သွားခဲ့ရာ၏၊ ထိုဒုတိယ တခြားရွာမှ မိမိရွာသို့ ပြန်လာခဲ့ရာ၏၊* ထိုယောက်ျားသည် "ငါကား မိမိရွာမှ ဤမည်သော တခြားရွာသို့ သွားခဲ့၏၊ ထိုရွာ၌ ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ တိတ်တိတ်နေခဲ့၏၊ ထိုတခြားရွာမှလည်း (တစ်ဖန်) ဒုတိယမြောက် တခြားရွာသို့ သွားခဲ့၏၊ ထိုဒုတိယ တခြားရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ တိတ်တိတ်နေခဲ့၏၊ ထိုငါသည် ထို ဒုတိယရွာ တခြားရွာမှ မိမိရွာသို့ ပြန်လာခဲ့၏"ဟု အောက်မေ့ သတိရသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤရှေးဖြစ် ဘဝဇာတ်တို့ကို အောက်မေ့သတိရခြင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည်လည်း ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟာန်းပြုကျိုးထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟာန်းပြုကျိုးပင် ဖြစ်ပေသည်။

---

* ရွာသုံးရွာ။ ။ ဤဥပမာ၌ ထင်ရှားစွာသတိရနိုင်လောက်သော တစ်နေ့ခရီး ရွာသုံးရွာကို ဥပမာပြုတော်မူသည်၊ မိမိရွာ တခြားရွာ, ဒုတိယတခြားရွာ သုံးရွာဖြစ်သည်။

## စေတောပရိယဉာဏ်-(ဒိဗ္ဗစက္ခု)စုတိပဋိသန္ဓေအသေအဖြစ်ကို သိခြင်း

ထိုစျာန်သမာပတ်တို့ကို ရရှိသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်) သတ္တဝါတို့၏ စုတိပဋိသန္ဓေအသေအဖြစ်ကို သိခြင်း(စုတုပပါတဉာဏ်)အလို့ငှါ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် လူတို့၏မျက်စိ ထက်လွန်သော စင်ကြယ်သောနတ်မျက်စိနှင့်တူသော အဘိဉာဏ် မျက်စိဖြင့် (ဒိဗ္ဗစက္ခု) စုတေသေ လွန်ဆဲဖြစ်သောသတ္တဝါ၊ ပဋိသန္ဓေနေဆဲဖြစ်သောသတ္တဝါ၊ ယုတ်သောသတ္တဝါ၊ မြတ်သော သတ္တဝါ၊ လှသောသတ္တဝါ၊ မလှသောသတ္တဝါ၊ ချမ်းသာသော သတ္တဝါ၊ ဆင်းရဲသောသတ္တဝါ၊ (သုဂတိ ဒုဂ္ဂတိ သတ္တဝါများ)တို့ကို သိမြင်၏၊ ကံအားလျော်စွာ လားရောက်ဖြစ်ပွားကြသော သတ္တဝါ တို့ကိုလည်း "ဤသတ္တဝါတို့သည် ကာယကံ မကောင်းကျင့်၊ (ကာယဒုစရိုက်)၊ ဝစီကံ မကောင်းကျင့်၊ (ဝစီဒုစရိုက်)၊ မနောကံ မကောင်းကျင့်၊ (မနောဒုစရိုက်)တို့ ရှိခဲ့ကြကုန်၏၊ အရိယာ သူတော်ကောင်းတို့ကို ကဲ့ရဲ့စွပ်စွဲခဲ့ကြကုန်၏)၊ အယူမှားကို ယူဆစွဲလန်းကြကုန်၏၊ (မိစ္ဆာဒိဋ္ဌိ ဖြစ်ကြကုန် ၏)၊ အယူမှားကို သူတစ်ပါးတို့အား ဟောကြားပြုကျင့်စေကုန်၏၊ ထိုသတ္တဝါတို့

သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ကြပြီးနောက် ချမ်းသာကင်းရာ, မကောင်းသောလားရာ, ပျက်စီး၍ကျရာဖြစ်သော ငရဲသို့ လားရောက်ကြကုန်၏၊ ဤသတ္တဝါတို့သည်ကား ကာယကံ အကျင့်ကောင်း, ဝစီကံအကျင့်ကောင်း, မနောကံ အကျင့်ကောင်းတို့ ရှိခဲ့ကြကုန်၏၊ (ကာယသုစရိုက်စသည်)အရိယာ သူတော်ကောင်းတို့ကို မကဲ့ရဲ့ မစွပ်စွဲကြကုန်၊ မှန်ကန်သောအယူဝါဒ ရှိကြကုန်၏၊ အယူမှန်ကို သူတစ်ပါးတို့အား ဟောကြားပြုကျင့်စေကုန်ကြ၏၊ ထိုသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ကြပြီးနောက် ကောင်းသောလားရာ နတ်ရွာသုဂတိသို့ လားရောက်ကြကုန်၏”ဟု နတ်မျက်စိနှင့်တူသော အဘိညာဉ် မျက်စိဖြင့် သိမြင်၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် လမ်းဆုံ လမ်းခွ အလယ်၌ ပြာသာဒ်တစ်ခု ရှိရာ၏၊ မျက်စိအားကောင်းသော ယောကျ်ားတစ်ယောက်သည် ထိုလမ်းဆုံ ပြာသာဒ်၌နေ၍ အိမ်သို့ ဝင်သော လူတို့ကိုလည်းကောင်း, ထွက်သော လူတို့ကိုလည်းကောင်း, လမ်းမ၌ သွားလာနေသော လူတို့ကိုလည်းကောင်း, လမ်းခွလယ်၌ ထိုင်နေသော လူတို့ကိုလည်းကောင်း တွေ့မြင်ရာ၏၊ ထိုယောကျ်ားသည် “ဤလူတို့ကား အိမ်သို့ ဝင်ကြကုန်၏၊ ဤလူတို့ကား ထွက်ကြကုန်၏၊ ဤလူတို့ကား လမ်းမ၌ သွားလာ

ကြကုန်၏၊ ဤလူတို့ကား လမ်းခွလယ်၌ ထိုင်နေကြကုန်၏”ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤစုတိ ပဋိသန္ဓေ အသေအဖြစ်ကိုသိခြင်း စုတူပပါတဉာဏ်သည်လည်း * ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

---

* စုတူပပါတဉာဏ် ။ ။ ဤဉာဏ်၌ စုတိပဋိသန္ဓေကို မြင်သည်မှာ စုတူပပါတဉာဏ်၊ ကံအားလျော်စွာ ဒုဂ္ဂတိ၊ သုဂတိသို့ လားရောက်ကြရပုံကို မြင်သည်မှာ ယထာကမ္မူပဂဉာဏ်၊ ထိုနှစ်ပါးလုံးသည်ပင် နတ်ဖြစ်မျက်စိမျိုးဖြင့်သာ မြင်သိနိုင်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်ဟု အမည်သုံးမျိုး ပါဝင်သည်၊ ဤသို့ သုံးမျိုးယူမှ ဉာဏ် ၁၀-ပါး ပြည့်မည်၊ ရှေ့ဆုံးနှင့်နောက်ဆုံးကို လွတ်၍ ရေတွက်လျှင် အဘိညာဉ်များသာ ဖြစ်ကြသည်ကိုတွေ့ရလိမ့်မည်၊ အဘိညာဉ်ဆိုသည်မှာလည်း ဈာန်ပေါ်တွင် အခြေတည်သော အသိထူးဉာဏ်ပင် ဖြစ်၏၊ ဤရှစ်ပါးတွင် မနေမယကို ဣဒ္ဓိဝိဓ၌သွင်း၊ စုတူပပါတနှင့် ယထာကမ္မူပဂကို ဒိဗ္ဗစက္ခု၌သွင်းလျှင် အဘိညာဉ်ငါးပါး၊ မနောမယကို သီးခြားယူ၍ အဘိညာဉ် ခြောက်ပါးဖြစ်၏၊ အချို့နေရာ၌ စေတောပတိရိကို ပရစိတ္တဝိဇာနန အဘိညာဉ်ဟု ခေါ်ဝေါ်သေး၏။

## အာသဝက္ခယဉာဏ်–အာသဝေါကုန်ခန်းခြင်း

ထိုဝိပဿနာ၏ အခြေခံ စတုတ္ထဈာန်ကို ရရှိပြီးသော ရဟန်းသည် (ရှေးနည်းတူ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံသည်ရှိသော်) အာသဝတရားတို့၏ ကုန်ခမ်းရာဉာဏ်(အာသဝက္ခယဉာဏ်) အလို့ငှာ စိတ်ကို ရှေးရှုဆောက်တည်၏၊ ထိုရဟန်းသည် ၁- ဤကား ဆင်းရဲဒုက္ခတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၂- ဤကား ဆင်းရဲဒုက္ခ၏ အကြောင်းတရားတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၃-ဤကား ဆင်းရဲချုပ်တည်းရာဟု အမှန်အတိုင်း သိမြင်၏၊ ၄- ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့် လမ်းစဉ်တည်းဟု အမှန်အတိုင်း သိမြင်၏။

၁-ဤသည်တို့ကား ယိုစီးဖြစ်ပွားတတ်သော (အာသဝ) တရားတို့တည်း ဟု အမှန်အတိုင်း သိမြင်၏၊ ၂- ဤကား အာသဝ တရား၏ အကြောင်းတရားဟု အမှန်အတိုင်း သိမြင်၏၊ ၃-ဤကား အာသဝချုပ်ရာတည်းဟု အမှန်အတိုင်း သိမြင်၏၊ ၄-ဤကား အာသဝချုပ်ရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ် တည်းဟု အမှန်အတိုင်း သိမြင်၏။

ဤသို့(သစ္စာလေးပါးကို)သိမြင်သော ရဟန်း၏စိတ်သည် ယိုစီးဖြစ်ပွားတတ်သော ကာမဂုဏ်ကို တပ်မက်မှု-ကာမာသဝ မှလည်း လွတ်မြောက်၏၊ ဘဝကို တပ်မက်တွယ်တာမှု-ဘဝါသဝ မှလည်း လွတ်မြောက်၏၊ အဃူဝါဒ မှားယွင်းစွဲလမ်းမှု-ဒိဋ္ဌာသဝ

မှုလည်း လွတ်မြောက်၏၊ အမှန်ကိုမသိဘဲ မိုက်မဲတွေဝေမှု- အဝိဇ္ဇာသဝမှုလည်း လွတ်မြောက်၏၊ (ဤသို့ အာသဝ လေးပါးတို့မှ) လွတ်မြောက်သောအခါ၌ ငါသည် * အာသဝတို့မှ လွတ်မြောက်ရပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ဘဝဇာတ် ကုန်ခန်းပြီး၊ အကျင့်မြတ်ကို ကျင့်သုံးပြီးခဲ့ပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးခဲ့ပြီ၊ ဤသစ္စာကို သိမှုအတွက် တစ်ဖန်အားထုတ်ဖို့ မရှိပြီဟု သိမြင်၏။

မြတ်သောမင်းကြီး. . . ဥပမာအားဖြင့် တောင်ထိပ်၌ အလွန်ကြည်လင်သော ရေအိုင်တစ်အိုင် ရှိရာ၏၊ မျက်စိအားကောင်းသော ယောကျ်ားတစ်ယောက်သည် ထိုရေအိုင်၏ကမ်း၌ ရပ်လျက် သွားလာလှုပ်ရှား၍နေသော ခရု, ယောက်သွား, ငါးအပေါင်းကိုလည်းကောင်း၊ ရပ်တည်နေသော ကျောက်ခဲ, အိုးချမ်းကွဲကိုလည်းကောင်း၊ ခရု, ယောက်သွား, ငါးအပေါင်းကိုလည်းကောင်း မြင်ရာ၏၊ ထိုယောကျ်ားသည် "ဤရေအိုင်ကား အလွန်တရာ ကြည်လင်လှပေ၏၊ ဤရေအိုင်၌ ဤခရု, ယောက်သွား, ကျောက်ခဲ, အိုးချမ်းကွဲ, ငါးအပေါင်းတို့သည် သွားလာလှုပ်ရှား၍လည်း နေကြ၏၊ ရပ်တည်၍လည်း နေကြ၏"ဟု သိမြင်ရာသကဲ့သို့ ဖြစ်ပေသည်။

---

* အာသဝ ။ ။ အာ+သဝ=ဘုံအားဖြင့် ဘဝဂ်, တရားအားဖြင့် သောတာပတ္တိမဂ် စိတ်၏ရှေ့တွင်ကပ်၍ ဖြစ်ပေါ်သော ဂေါတြဘူစိတ်တိုင် အောင် ဖြစ်ပွားတတ်သော တရား၊ သို့မဟုတ် ကြာမြင့်စွာ စိမ်၍ ဖောက် ထားအပ်သော စိမ်ရည်နှင့်တူသောတရား။

မြတ်သောမင်းကြီး. . . ဤအာသဝကုန်ခမ်းရာ-အာသဝက္ခယဉာဏ်သည်လည်း * ရှေးဖြစ်သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးတို့ထက် အထူးသဖြင့် နှစ်သက်အပ်, မွန်မြတ်သော ရဟန်းပြုကျိုးပင် ဖြစ်ပေသည်။

မြတ်သောမင်းကြီး. . . ဤအာသဝက္ခယဉာဏ်ဟူ သော မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက် သာလွန်, မွန်မြတ်သော ရဟန်းပြုကျိုးကား မရှိတော့ပြီ။

## အဇာတသတ်မင်းသရဏဂုံဆောက်တည်ခြင်းနှင့် အပြစ်ကိုကန်တော့ခြင်း

ဤသို့ ဟောကြားတော်မူပြီးသော အခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏။

"အရှင်ဘုရား. . အလွန်နှစ်သက်ဖွယ် ရှိလှပါပေသည်၊ အရှင်ဘုရား. . ဥပမာအားဖြင့် မှောက်နေသောအရာကို လှန်၍ပြသကဲ့သို့, ဖုံးလွှမ်းနေသောအရာကို ဖွင့်ပြသကဲ့သို့ မျက်စိလည် လမ်းမှားသောသူအား လမ်းကိုပြောကြားလိုက်သကဲ့သို့၍ မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟူသော

---

* အာသဝက္ခယဉာဏ် ။ ။ အာသဝ+ခယ+ ဉာဏ။ အာသဝကုန်ခမ်းရာ အရဟတ္တဖိုလ်၌ ဖြစ်ပေါ်သော ဝရဇိန်နှင့် တူသောဉာဏ်။ အာသဝကို အပြီးသတ်ကုန်ခမ်းအောင် ဖြတ်တောက်နိုင်သောဉာဏ်။

သဘောဖြင့် အမိုက်မှောင်၌ ဆီမီးကို ညှိထွန်းသကဲ့သို့, ဤအတူ မြတ်စွာဘုရားသည် များလှသော အကြောင်းပရိယာယ်ဖြင့် အကျွန်ုပ်အား တရားဟောတော်မူပါပေသည်။

အရှင်ဘုရား. . . အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားသံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်သိမှတ်ပါသည်၊ အကျွန်ုပ်ကို ရာသက်ပန် သရဏဂုံတည်သော ဥပါသကာဟူ၍ မှတ်ယူတော် မူစေလိုပါသည်။

အရှင်ဘုရား. . မိုက်မဲတွေဝေ မလိမ္မာသည့်အလျောက် အပြစ်ဒေါသသည် အကျွန်ုပ်ကို လွှမ်းမိုး ဖြစ်ပွားခဲ့ပါသည်၊ အကျွန်ုပ်သည် တရားစောင့်သည့်ပြင် တရားသဖြင့် မင်းဖြစ်လာတော်မူသော ခမည်းတော်ကို အစိုးရလိုမှုဟူသော အကြောင်းကြောင့် (အာဏာရလိုသောကြောင့်) သတ်ဖြတ်စေခဲ့မိပါသည်၊ ထိုအကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်ရှောက်ခြင်း အကျိုးငှာ မြတ်စွာဘုရားသည် အပြစ်အား ခံယူတော်မူပါလော့။ (သည်းခံတော်မူပါ)

ဗုဒ္ဓ ။ ။ မြတ်သောမင်းကြီး. . . တကယ်အားဖြင့် သင်မင်းကြီးကို အပြစ် ဒေါသ လွှမ်းမိုးခဲ့ပေသည်၊ တရားစောင့်သော တရားသဖြင့် မင်းဖြစ်၍လာသော ခမည်းတော်ကိုပင် သတ် ဖြတ်စေခဲ့တော့သည်၊ သင်မင်းကြီးသည် အပြစ်ကို အပြစ်ဟု သိမြင်၍ တရားသဖြင့် ကုစားခြင်းကြောင့် ငါဘုရားသည် သင်မင်းကြီး၏အပြစ်ကို အပြစ်အားဖြင့် ခံယူတော်မူသည်။

မြတ်သောမင်းကြီး. . . အပြစ်ကို အပြစ်ဟု သိမြင်၍ တရားသဖြင့် ကုစားခြင်း, နောင်အဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်းခြင်းသည် မြတ်စွာဘုရားတို့၏ အဆုံးအမတော်၌ ကြီးပွားတိုးတက်ကြောင်းပင် ဖြစ်ပေသည်ဟု မိန့်မြွက်တော်မူသည်။

အဇာတသတ် ။ ။ အရှင်ဘုရား. . . အကျွန်ုပ်တို့ ယခု သွားကြပါကုန်မည်၊ အကျွန်ုပ်တို့သည် ကိစ္စတာဝန်များသူများ ဖြစ်ကြပါသည်ဟု သွားရန် အခွင့်တောင်းသည်။

ဗုဒ္ဓ ။ ။ မိမိအချိန်ကာလကိုသိ၍ သွားလိုက သွားနိုင်ပြီဟု ခွင့်ပြုတော်မူသည်။

အဇာတသတ်မင်းသည် တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ ပြန်လေ၏၊ အဇာတသတ်မင်း ပြန်သွား၍ အကြာမြင့်မီပင် မြတ်စွာဘုရားသည် "ရဟန်းတို့. . . ဤမင်းသည် မိမိကိုယ်ကို မိမိတူးဖြိုခဲ့လေပြီ၊ ဖျက်ဆီးခဲ့လေပြီ၊ ဤမင်းသည် ခမည်းတော်ကို မသတ်စေခဲ့လျှင် ဤနေရာမှာပင် မြူမှုန့် အညစ်အကြေးကင်းသော တရားမျက်စိ(ဓမ္မစက္ခု)ဖြစ်ပေါ် ခဲ့ရာသည်၊ (သောတာပန် ဖြစ်ရာသည်။)

ဤသို့ မိန့်တော်မူရာ ရဟန်းတော်တို့သည် အလွန် နှစ်သက် ဝမ်းမြောက်ကြကုန်၏။

**သာမညဖလသုတ် ပြီးပြီ။**

## သာမညဖလသုတ်တော်ကိုလေ့လာအကဲခတ်ခြင်း

သာမညဖလသုတ်ဆိုသည်မှာ-ဗုဒ္ဓဂေါတမ၏သားတော်ရဟန်းပြုခြင်း၏ လက်တွေ့အကျိုးကျေးဇူးများကို အကျယ်တဝင့် စုံလင်စွာ ဟောကြားထားသောသုတ်ဖြစ်ပေသည်။

ဗုဒ္ဓဂေါတမသည် ဤသာမညဖလသုတ်ကို မာဓတိုင်း ရာဇဂြိုဟ်မြို့တော် ဆရာဇီဝက၏ သရက်ဥယျာဉ်၌ ဟောကြားခဲ့ပါသည်။

ယနေ့ခေတ်ရာဇဂြိုဟ်မြို့တော်မှာ ဘီဟာနယ်တောင်ပိုင်း အရှေ့အိန္ဒိယ မီးရထားလမ်း ဘက်တီယာပူရ်မှ-၃၆-မိုင်ဝေးသော ယ္ခုရာဂျ် ဂီ(ရ်) ခေါ်သော နေရာပင် ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမမပေါ်မီတွင် ဂိရဗ္ဗ, ဝါသုမတီ အမည်များဖြင့် ထင်ရှားခဲ့၍ တရုပ်ခရီးသည် ဟူယဉ်ဆိုင်၏ မှတ်တမ်းတွင် ကုဆာရဂါရ-ဟူ၍ ရေးမှတ်ထားသည်ကို တွေ့ရပါသည်။

အမှန်မှာ ရှေးအခါဘုရားလောင်း မဟာဂေါဝိန္ဒ ဗိသုကာသည် ဂိရိဗ္ဗဇတောင်ကို ခံတပ်ပြုရာ တောင်ထိပ်၌မြို့တည်ခဲ့ရာထိုမြို့သည် ဂိရိဗ္ဗဇမြို့ ဟုခေါ်တွင်ပြီး အိန္ဒိယ၌ ရှေးအကျဆုံးကျော်မြို့ရိုးကြီး တစ်ခုဖြစ်လာလေသည်။

ထို့နောက်ဗိမ္ဗိသာရမင်းကြီးလက်ထက်တွင် ထိုတောင်ခြေရင်းတောင်ငါးလုံးတို့၏အကြား မြေပြန့်၌ မြို့သစ်တည်ပြန့်ရာ ထိုမြို့သစ်သည် ရာဇဂြိုဟ် (ရာဇဂဟ) ဟုခေါ်တွင်ခဲ့သည်။ တစ်

ဖန်သားတော် အဇာတသတ်မင်းလက်ထက်တွင် ရာဇဂြိုဟ်မြို့ဟောင်း၏ ပြင်ဘက်၌ မြို့သစ်တည်ထောင်နေပြန်ရာ အဇာတသတ်မြို့ ဟုတွင်ပြန်သည်။ ယခုနောက်ဆုံးမြို့နေရာတွင် အိမ်ခြေ(၂၀၀)ခန့်ရှိ ရွာမြို့ဟောင်း အပျက်အစီးများဖြင့် သခိၤရ၏ လက္ခဏာကို ဖေါ်ပြလျက်ရှိပေသည်။

ခမည်းတော်ကို သတ်ဖြတ်မိခဲ့သော အဇာတသတ်မင်းသည် စိတ်မချမ်းမသာရှိလှသဖြင့် ညစဉ်လိုလို အိပ်စက်မရလောက်အောင် ရှိနေခဲ့ရာ တစ်နေ့သောအခါ တန်ဆောင်မုန်းလပြည့်နေ့ လဝန်းပေါ်စ အလွန်သာယာကြည်နူးဖွယ်ကောင်းသော ညဦးယံအချိန်တွင် ခမည်းတော်၏ဆရာ ဗုဒ္ဓဂေါတမထံသို့ ဆည်းကပ်တရားနာ၍ စိတ်ချမ်းသာမှုကိုရှာလိုသဖြင့် ဗုဒ္ဓဘုရားတော်ထံသို့ ဆည်းကပ်တရားနာနိုင်ရန် စကားစဖေါ်ကာ ဆရာဇီဝက ကို ရှေ့သွားပြု၍ ဗုဒ္ဓထံ အဖူးအမြော်ထွက်ခဲ့လေသည်။

ဗုဒ္ဓဂေါတမထံသိုရောက်သောအခါ အဇာတသတ်မင်းသည် ဗုဒ္ဓဂေါတမ၏ တပည့်များ၏ရဟန်းပြုခြင်း၏လက်တွေ့အကျိုးကျေးဇူးကို ဟောကြားပညတ်နိုင်ပါမည် လော--ဟုမေးလျှောက်ခဲ့သည်၊ ဗုဒ္ဓက ဤမေးခွန်းကို အခြားထင်ရှားသောဘုရားဟု အမည်ခံထားသော ပုဂ္ဂိုလ်များထံသို့လည်း သွားရောက်စုံစမ်းမေးမြန်းဘူးခြင်းရှိ-မရှိ ဆက်လက်မေးရာ အဇာတသတ်မင်းက မိမိရှေးက ရာဇဂြိုဟ်မြို့တွင် နေလတစ်ဆူပမာ ထင်ရှားရှိ

နေကြသော ပုရာဏကဿပ၏ အကြိယာဒိဋ္ဌိ၊ မက္ခလိဂေါမ သာလ၏ သံသာရ သုဒ္ဓိဝါဒ၊အဇိတ၏ ဥစ္ဆေဒဒိဋ္ဌိဝါဒ၊ ပကုဓ ကစ္စာယန၏ အနတ္တကဝါဒ၊ နာဋ္ဌပုတ္တ နိဂဏ္ဍ၏ စတုယာမသံဝရ အကျင့်သိဥညည်းဆရာ၏ ဝိက္ခေသဝါဒများကို မေးမြန်းပြီး ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

ဤပြဿနာ၏အဖြေကို မင်းမှု၊စိုးမှု လွတ်ငြိမ်းခြင်းမှ အစပြု၍ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ရသည့်တိုင်အောင် ဤ သာမညဖလသုတ်၌ ဖြေရှင်းဟောကြားခဲ့ပါသည်။

ဤသုတ်၌ လာသောလက်တွေ့ရဟန်းပြုကျိုးများကို အကျဉ်းအားဖြင့် ရေတွက်သော် -

၁။ အနဝဇ္ဇသုခ---အပြစ်မရှိသောချမ်းသာ

၂။ အဗျာသေကသုခ---ကိလေသာမိုး မစွတ်သောချမ်းသာ

၃။ ဈာနသုခ--ဈာန်သမာပတ်ချမ်းသာ

၄။ အဘိညာသုခ---အဘိညာဉ်ချမ်းသာ

၅။ မဂ္ဂဖလသုခ--မဂ်ဖိုလ်ချမ်းသာ တို့ကို အစဉ်မပျက်တွေ့ရှိနိုင် ပါသည်။

အမှန်အားဖြင့် ဤသမညဖလသုတ်သည် ဗုဒ္ဓသာသနာ တော်၌ မည်သို့သောအကျင့်သီလများရှိနေကြသည်၊ မည်မျှအ ဆင့်အတန်းမြင့်သော စိတ်တန်ခိုးများရှိနေကြသည်၊ မည်သည့် အသိဉာဏ် အဆင့်အတန်းများရှိနေကြသည် ဟူသော အချက်

များကို ဖော်ထုတ်ဟောကြားသဖြင့်--ဗုဒ္ဓဂေါတမ၏ သာသနာရုပ်လုံးဖော် ဒေသနာဖြစ်သည်သာမက ဗုဒ္ဓခေတ်နှင့် ယနေ့ခေတ်ထွန်းကားနေသော ဘာသာအယူဝါဒတို့နှင့် နှိုင်းယှဉ်စံပြုရာဝါဒများ ကျင့်စဉ်တရားများ ပါဝင်ခဲ့ပါသည်။

ဤသာမညဖလသုတ်၌ ရဟန်းပြုသော ပုဂ္ဂိုလ်များလက်တွေ့ခံစား ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အစဉ်အတိုင်းအခြေခံသီလမှစ၍ ဈာန်တရားများ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဟူသောပညာတရားများအားဖြင့် အကုန်အစင် ဟောဖော်ထားပါသည်။ အကျဉ်းချုပ်အားဖြင့် သီလ, သမာဓိ, ပညာ (၃)မျိုးပင် ဖြစ်ပါသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားသည် သီလ, သမာဓိ,ပညာ ဟူ၍ (၃)မျိုး ရှိကြောင်းသိကြသော်လည်း သီလ ဘယ်နှစ်မျိုးရှိသည်၊ သမာဓိ ဘယ်နှစ်မျိုးရှိသည်၊ ပညာဘယ်နှစ်မျိုးရှိသည်၊ ဟုအစိတ် အစိတ်အားဖြင့် မသိကြသော ပုဂ္ဂိုလ်များအတွက် ဤသုတ်တွင် အကျယ်သိနိုင်ပါသည်။

ရဟန်းပြုခြင်း၏အကျိုး ဟုဆိုသော်လည်း စင်စစ်အားဖြင့် ဗုဒ္ဓဂေါတမသည် မိမိကိုယ်တော်တိုင် ကျင့်ခဲ့သော ကျင့်စဉ်တက်လမ်းကိုပင် ဟောဖော်ထားသောကြောင့် ဂေါတမ ဗုဒ္ဓ၏ကျင့်စဉ် ဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။

ဤသုတ်ကို ဖတ်ကြားနာယူလျှင် ရဟန်းရှင်၊လူများ ကျင့်ရမည့်ကျင့်စဉ်များ၊ ရရှိမည့်အကျိုးကျေးဇူးများ ဂုဏ်ထူးအဆင့်အတန်းများကို အကုန်အစင်သိမြင်ပြီးလျှင် ယနေ့ခေတ်အခြားဘာသာများ၏ ကျင့်စဉ်များ၏ ရဟန်းဘ၀ကျင့်စဉ်များနှင့် နှိုင်းယှဉ်ဝေဖန်သုံးသပ်နိုင်ပြီး တရားစစ် တရားမှန်ကို ရှာဖွေရရှိ ခံစားနိုင်ကြပေသည်ဟု လေ့လာအကဲခတ်၍ရပါသည်။

## သာမညဖလသုတ်လာ ဝိုဏ်းဆရာကြီးများ၏ အယူဝါဒများကို လေ့လာအကဲခတ်ခြင်း

သာမညဖလသုတ်သည် လက်တွေ့ရဟန်းပြုသူ၏အကျိုးကိုအဓိကထားဟောကြားထား သည်မှန်သော်လည်း ဗုဒ္ဓဂေါတမမပွင့်ခင်ကတည်းကပေါ်ပေါက်နေသော အခြားအယူဝါဒများ၊ အိန္ဒိယ၌ပေါ်ထွန်းနေခဲ့ကြောင်းကို ဤသာမညဖလသုတ်ကိုလေ့လာသောအားဖြင့်တွေ့ရှိရပါသည်။

ဤအယူဝါဒများသည် ဗုဒ္ဓဂေါတမပွင့်တော်မူလာပြီးနောက် ဆက်လက်တည်ရှိနေခဲ့သည်၊ အဇာတသတ်မင်းသည် ထိုအယူဝါဒကိုလက်ခံကျင့်သုံးနေကြသော ဘုရားအမည်ခံဆရာကြီးများနှင့်အယူဝါဒများကို ဦးစွာလေ့လာသိရှိထားပြီးသူဖြစ်ပါသည်။

အဖတ်သတ်မိ၍ အိပ်မရဖြစ်နေသောအဇာတသတ်သည် ဤတန်ဆောင်မုန်းလပြည့်နေ့ည၌ ဆရာဇီဝက၏လျှောက်ထားချက်အရ ဇီဝက သရက်ဥယျာဉ်၌သီတင်းသုံးနေသော ဗုဒ္ဓဂေါတမထံ ညဉ့်အချိန်သွားရောက်ခဲ့ပြီး ဗုဒ္ဓဂေါတမကို ရဟန်းပြုခြင်း၏အကျိုးကိုမေးလျှောက်ခဲ့သည်။

ထိုအခါ ဗုဒ္ဓက ယခင်ကမည်သည့်ဆရာများ၏အယူဝါဒကိုနာကြားမှတ်သားဘူးပါသလဲဟုမေးရာ အဇာတသတ်မင်းက

ဘုရားအမည်ခံဆရာကြီး(၆)ဦး၏ အယူဝါဒကိုနာကြားဘူး ကြောင်း လျှောက်ထားပြခဲ့ပါသည်။

ထိုဆရာကြီးများ၏အယူဝါဒအသီးသီးတွင် ပူရာဏကဿပ၏အယူဝါဒသည် အကြိယာဒိဋ္ဌိအယူဝါဒဖြစ်သည်၊ သူ၏ အယူဝါဒမှာ သူတစ်ပါးကိုသတ်ဖြတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ လိမ်ညာပြောဆိုခြင်းစသော တစ်စုံတစ်ခုသောမကောင်းမှုကိုပြုလုပ်သော်လည်း ပြုလုပ်သည်မမည်၊ ဤမြေပြင်၌ သတ္တဝါတို့ကို ဓားစက်ဖြင့်အသားပုံကြီးဖြစ်သွားစေသော်လည်း ထိုအကြောင်းကြောင့် မကောင်းမှုမဖြစ်၊ လှူဒါန်းပူဇော်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ အမှန်ကိုပြောဆိုခြင်းသည်လည်း ကုသိုလ်မဖြစ် ထိုအကုသိုလ်၊ ကုသိုလ်တို့၏အကျိုးတရားကိုခံစားရမည်မဟုတ် ဟုဆိုသည်။

ထိုပူရာဏကဿပ၏ဘဝကိုသုံးသပ်ကြည့်လျှင် သူ သည် သူဌေးတစ်ယောက်၏တစ်ရာပြည့်မင်္ဂလာကျွန်ဖြစ်ခဲ့ပြီး အခိုင်းအစေမခံရ၊ ချမ်းသာစွာနေခဲ့ရသည်၊ ပူရာဏမှာ ရာပြည့်ဟူ၍ အဓိပ္ပာယ်ရသည်၊ သူသည် သူဌေးအိမ်မနေလို၍ ထွက်ပြေးခဲ့ရာ လမ်းတွင်သူခိုးလုယက်ခံရသဖြင့် အဝတ်အစားမပါ၊ ရွာတစ်ရွာသို့ရောက်သွားသည်၊ ဉာဏ်နည်းသဖြင့် သစ်ရွက်ဖြင့်ဖုံးရမည်ကိုပင်မသိသဖြင့် သူ့ကိုရွာသားတို့ကမြင်သော် အလိုနည်းသော် ရဟန္တာဟုထင်မှတ်ကာ လှူဖွယ်တို့ကိုချဉ်းကပ်လှူဒါန်းကြ

သည်၊ သူသည် အဝတ်မဝတ်၊ မဝတ်၍သာအလှူခံမှုရသည်ဟု မှတ်ထင်ကာ နောင်အဝတ်အစားရသော်လည်း အဝတ်မဝတ် တော့ဘဲ တက္ကတွန်းလုပ်ကာ ဘုရားအမည်ခံခဲ့သူဖြစ်သည်၊ သူ့ တွင် နောင်အခါ တပည့်ငါးရာရှိခဲ့သည်။

သူ၏ဘဝနှင့်သူ၏အယူဝါဒကိုကြည့်လျှင် ပညာမဲ့ အောက်တန်းစားတစ်ယောက်၏ စိတ်ထင်ရာပြောဆိုသော အယူဝါဒ၊ ကံနှင့်ကံ၏အကျိုးကိုပယ်သောဝါဒဖြစ်နေသည်၊ ထို သည်ကိုစူးစမ်းဆင်ခြင်မှုအသိဉာဏ်မရှိသောသူတို့က ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဘုရားဟူ၍ လက်ခံယုံကြည်ကိုးကွယ်ခဲ့ကြသည်။

လောက၌ လူသားသည် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ် သည်မှန်သော်လည်း စူးစမ်းဆင်ခြင်မှု၊ နှိုင်းယှဉ်ဝေဖန်မှုမရှိက အသိဉာဏ်ကင်းမဲ့သောသူသာလျှင်ဖြစ်ပါမည်။

အလားတူ ဘုရားအမည်ခံတစ်ယောက်မှာ မက္ခလိဂေါ သာလဖြစ်သည်၊ သူသည် နွားခြံ၌ဖွားခဲ့၍ ဂေါသာလဟုအမည် တွင်ခဲ့သည်၊ သူသည် ရွှံ့၌ရှိသောမြေဆီကိုသယ်ယူလာခဲ့ရာ ကျွန် ပိုင်ရှင်က မချော်လဲစေနှင့်(မက္ခလိ)ဟုလှမ်းပြောရာမှာချော်လဲ သဖြင့် ကြောက်လန့်ထွက်ပြေးရာ ကျွန်ပိုင်ရှင်က လိုက်ဖမ်းစဉ် ပုဆိုးစဆွဲမိသည်၊ ပုဆိုးစကိုချွတ်၍ပြေးရာ ရွာတစ်ရွာအရောက် တွင် သူ့ကိုရဟန္တာဟုထင်မှတ်ပြီး ကိုးကွယ်ရာမှ ဘုရားအမည်ခံ ခဲ့သည်၊ တပည့်ငါးရာရှိခဲ့သည်။

သူ၏အယူဝါဒမှာ သတ္တဝါဟူသမျှ၌ညစ်ညူးခြင်းလည်း မရှိ၊ စင်ကြယ်ခြင်းလည်းမရှိ၊ အကြောင်းမဲ့သာလျှင် ညစ်ညူးခြင်း - စင်ကြယ်ခြင်းများဖြစ်နေရသည်၊ မိမိကိုယ်တိုင်ပြုလုပ်မှု၊ သူတစ်ပါးပြုလုပ်မှုများလည်းမရှိ၊ ယောကျ်ား၏အားအစွမ်းကင်းမဲ့ကြ ကုန်လျက် ဆုံဆည်းသည့်အတိုင်း ထိုထိုဘဝတို့၌ဖြစ်ပေါ်၍ ချမ်းသာဆင်းရဲကိုခံစားကြရသည်၊ လောက၌ပဓာနဖြစ်သော ယောနိဘဝတို့သည် တစ်သန်းလေးသိန်းခြောက်ထောင့်ခြောက် ရာရှိသည်၊ ကံတို့သည်(၅၀၅)မျိုးရှိသည်၊ ကျင့်စဉ်(၆၂)ပါးရှိသည်၊ ပုရိသဘူမိ(၈)ပါးရှိ၊ အာဇီဝကနှင့်ပရဗိုဇ်တို့ကား(၄၉၀၀)ရှိ၏၊ နဂါးဘုံပေါင်း(၄၉၀၀)၊ ဣန္ဒြေပေါင်း(၂၀၀၀)၊ ငရဲပေါင်း(၃၀၀၀)၊ ရာဇဓာတ်ပေါင်း(၃၆)၊ သညိဂဗ္ဘ၊ အသညီဂဗ္ဘ၊ နိဂဏ္ဌဂဗ္ဘတို့ကား (၇)ခုစီရှိ၏၊ နတ်(၇)မျိုး၊ လူ(၇)မျိုး၊ မြေဘုတ်ဘီလူး(၇)မျိုး၊ အိပ်မက်ကြီး(၇)မျိုး၊ အိပ်မက်ငယ်(၇၀၀)မဟာကပ်(၈၄၀၀၀၀၀)ရှိ၏။

အကျင့်စာရိတ္တကောင်းသော သူတော်သူမြတ်ပင်ဖြစ်စေ ညစ်ညမ်းယုတ်မာသောလူမိုက်ပင်ဖြစ်စေ၊ မဟာကပ်(၈၄၀၀၀၀၀) ၌သာ သံသရာခုန်ချည်ဆန်ချည် ကျင်လည်သွားပြီး ဘဝကုန်ဆုံး ကြရသည်၊ ဘဝကုန်ဆုံးရန်အတွက် အထူးကျင့်ရန်မလို၊ ကောင်းမှုကိုပြုသည်ဖြစ်စေ၊ မကောင်းမှုကိုပြုသည်ဖြစ်စေ၊ ထို(၂) မျိုးလုံးမပြုဘဲနေသည်ဖြစ်စေ၊ ထိုကာလအပိုင်းအခြားကုန်ဆုံး လျှင် ဘဝကုန်ဆုံးသည်ဟူသော သံသရသုဒ္ဓိဝါဒ(သံသရာစင် ကြယ်ရေး)ဝါဒအယူရှိလေသည်။

မက္ခလိဂေါသာလ၏ဘာဝသည် အမျိုး၊ ဇာတ်၊ ပညာ အဆင့်အတန်းမရှိသလို သူ၏အယူဝါဒများလိုသုံးသပ်ဆင်ခြင်ကြည့်ပါက အရှုးတစ်ယောက်ထင်ရာလျှောက်ပြောနေသကဲ့သို့ရှိနေပါသည်၊ သူ၏အယူဝါဒသည် ယနေ့ခေတ်ခရာဇ်ယံ၊ မွတ်စလင်တို့၏နောက်ဆုံး ကောင်းကင်ဘုံ ပုံသဏ္ဍာန်နှင့်အလားတူသယောင်ယောင်ရှိနေသည်၊ ခရာဇ်ယံ၊ မွတ်စလင်တို့က ထာဝရဘုရားရှင် အလ္လာအရှင်မြတ်ကကယ်တင်ပြီး ထာဝရဘုံ၌ထာဝရနေရမည်ဟုဆိုထားသည်၊ မက္ခလိဂေါသာလကမူ မည်သူမှဘာမျှလုပ်စရာမလိုဘဲ သတ်မှတ်ထားသောကပ်ပြီးသွားပါက အလိုလိုပြီးပျောက်သွားသည်ဟုယူထားပါသည်။

အလားတူ ဘုရားအမည်ခံပြီးလျှင် ဆံပင်ကမ္ဗလာကိုဝတ်ဆင်လေ့ရှိသော အဇိတကေသကမ္ဗလ၏အယူဝါဒသည် ပေးလှူခြင်း၊ ယာဇ်ပူဇော်ခြင်းအကျိုးမရှိ ကောင်းမှု-မကောင်းမှုတို့၏အကျိုးတရားသည်မရှိ၊ ဤလောက၊ တမလွန်လောကဆိုတာမရှိ၊ မိဘဆိုတာမရှိ သေပြီးနောက်ထပ်မံဖြစ်သူမရှိ၊ ဤလောက၊ တမလွန်လောက၌ ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ဘာဝဟောကြားနိုင်သောသမဏ၊ ဗြဟ္မဏဆိုသည်မှာလည်းမရှိ၊ သတ္တဝါဟူသမျှ မဟာဘုတ်လေးပါးအစုအဝေးဖြစ်သည်၊ သေသောအခါ မြေဓာတ်သည် မြေကြီးဓာတ်အစုသို့ရောက်မည်၊ ရေဓာတ်သည် ရေဓာတ်အစုသို့ရောက်မည်၊ မီးဓာတ်သည် မီးဓာတ်

အစုသို့ရောက်မည်၊ လေဓာတ်သည် လေဓာတ်အစုသို့ရောက် မည်၊ မျက်စိ၊ နား၊ နှာစသောဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့သွားကုန်ကြသည်၊ လူတို့သည် လူသေကောင်ကို သင်္ချိုင်းသို့ယူဆောင်သွားကြကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့ သို့ဖြစ်၏၊ အလှူတို့သည်ပြာဖြစ်ကုန်၏၊ အလှူပေးခြင်းကို လူ မိုက်တို့ကပညတ်ထားသည်၊ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာ ကိုယ်ပျက်စီးသွားလျှင်ပြတ်၏၊ သေပြီးနောက်မရှိတော့ ဟူသော ဥစ္ဆေဒဝါဒအယူရှိလေသည်။

ကေသကမ္ဗလာ၏အယူဝါဒသည် ဤဘဝသေလျှင်ပြတ် ပြီဟူသောအယူဝါဒသာအဓိကဖြစ်သည်၊ လောကသဘာဝနှင့် ဆန့်ကျင်နေသောအယူဝါဒဖြစ်နေသည်၊ ကျင့်စဉ်မရှိ၊ သဘာဝ ယုတ္တိမရှိ၊ မိမိစိတ်ထင်ရာကို မိမိစိတ်ကြိုက်၊ ကလေးသူငယ်ကဲ့ သို့လည်းကောင်း၊ လူရူးကဲ့သို့လည်းကောင်း ပြောဆိုထားသော အယူဝါဒမျိုးဖြစ်နေသည်ကိုတွေ့ရပါသည်။

ဘုရားအမည်ခံဂိုဏ်းဆရာတစ်ဦးမှာ စိတ်ဆိုးလွယ်သူ၊ ဒေါသထွက်တတ်သူဟုအမည်ရသော ပကုဓ(ပကုဒ္ဓ)ကစ္စာယန ဖြစ်သည်၊ ကစ္စာယနသည် အနွယ်ဝင်အမည်ဖြစ်သည်။

သူ၏အယူဝါဒမှာ အနတ္ထက(အကျိုးမရှိ)ဝါဒဖြစ်သည်။

သူက မြေ၊ ရေ၊ လေ၊ မီးစု၊ ချမ်းသာခြင်း ၊ဆင်းရဲခြင်း အသက်(ဇီဝ)အားဖြင့် (၇)ပါးသောအစုတို့သည်ပြုလုပ်ထားသည့်

မဟုတ်၊ ပြုလုပ်ထားစေသည်မဟုတ်၊ ဖန်ဆင်းထားသည်မဟုတ်၊ ဖန်ဆင်းထားစေသည့်မဟုတ်မြဲကုန်၏၊ တောင်ထွတ်ကဲ့သို့တည်ကုန်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်ကုန်၏၊ မတုန်လှုပ်၊ မဖောက်ပြန်ကုန်၊ အချင်းချင်းမညှင်းဆဲမနှိပ်စက်ကုန်၊ အချင်းချင်း ဆင်းရဲရန်သော်လည်းကောင်း၊ ချမ်းသာရန်သော်လည်းကောင်း၊ မတတ်နိုင်ကုန်၊ ထိုအစုတို့သည် သတ်သူ၊ သတ်စေသူ၊ ကြားသူ၊ ကြားစေသူ၊ သိသူ၊ သိစေသူမရှိကုန်၊ ထက်စွာသောသန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်စေကာမူ တစ်ဦးတစ်ယောက်က တစ်ဦးတစ်ယောက်ကိုသတ်သည်မမည်၊ လက်နက်သည်(၇)ပါးသောအစုတို့၏ ဟင်းလင်းပြင်သို့သာကျရောက်၏ ဟူသောအယူဝါဒဖြစ်သည်။

ပကုဓကစ္စာယန၏အယူဝါဒကိုလေ့လာလျှင်လည်း ဓာတ်ကြီးလေးပါးအစုတည်ရှိမှုသဘာဝမှန်သော်လည်း ပြုလုပ်သူပြုလုပ်စေသူမရှိ ဟူသော အနတ္တက အကျိုးမရှိ၊ အယူကိုယူထားသဖြင့် ကံနှင့်ကံအကျိုးကိုပယ်ထားသောအယူဝါဒဖြစ်သည်၊ လောကသဘာဝဖြစ်စဉ်နှင့်ဆန့်ကျင်နေသောအယူဝါဒသာဖြစ်နေသည်ကိုတွေ့ရပါသည်။

နောက်ဘုရားအမည်ခံဂိုဏ်းဆရာကြီးတစ်ဦးမှာ နိဂဏ္ဌနာဋပုတ္တဖြစ်သည်၊ သူသည် နာဋပုတ္တ၏သားတစ်ဦးဖြစ်သည်၊ ကိလေသာအထုံအဖွဲ့ရှိသူ (နိဂဏ္ဌ)ဟုအမည်ယူထားသည်၊ သူ၏

အယူဝါဒမှာ အလုံးစုံသောရေအေးကိုတားမြစ်၏၊ အလုံးစုံသော မကောင်းမှုကိုတားမြစ်၏၊ အလုံးစုံသောမကောင်းမှုကိုတားမြစ်ခြင်းဖြင့် ပယ်ခွာပြီးဖြစ်၏၊ လွတ်မြောက်ရာကိုတွေ့ပြီးဖြစ်၏၊ ဤလေးမျိုးကိုစောင့်စည်းပြီး အထွတ်အထိပ်ရောက်ပြီးသူဖြစ်သည် ဟူသောအယူဝါဒရှိသည်။

သူ၏အယူဝါဒသည် တစ်စိတ်တစ်ဒေသအားဖြင့် လောကသဘာဝနှင့်ကိုက်ညီနေသည့်အတွက် ယနေ့အထိသူ့ဝါဒသည် ဂျိန်းဝါဒအဖြစ် အိန္ဒိယနိုင်ငံ၌ဆက်လက်ရပ်တည်နေနိုင်လေသည်။

နောက်ဘုရားအမည်ခံဂိုဏ်းဆရာကြီးမှာ အတတ်ပညာတို့စုဝေးရာဆရာကြီးဟုအမည်ရသော သိဉ္စည်းဆရာကြီး၏ ဝိက္ခေပဝါဒအယူဖြစ်ပါသည်၊ သူ၏အယူဝါဒမှာ တစ်ပါးသောလောကရှိ၏ဟူလည်းကောင်း၊ မရှိ၏ဟူ၍လည်းကောင်း ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ် ဟူ၍လည်းကောင်း မယူသောအယူဝါဒဖြစ်သည်။

သူ၏ဝါဒသည်လည်း မရေမရာ၊ လှီလွဲဖြေကြားနေသောအယူဝါဒမျိုးဖြစ်သည်၊ မည်သည့်အရာမျှ ခိုင်ခိုင်မာမာရှိသောအယူဝါဒမျိုးမဟုတ်ပေ။

ဗုဒ္ဓမပွင့်ခင်နှင့်ဗုဒ္ဓပွင့်လာမည့်အချိန်အထိ ထင်ရှားရှိခဲ့ကြသော ထိုဂိုဏ်းဆရာကြီးများ၏အယူဝါဒ၊ အတွေးအခေါ်များ

သည် လူ့လောက လူ့သဘာဝနှင့်လည်းကောင်း၊ နိယာမဖြစ်စဉ်များနှင့်လည်းကောင်း လုံးဝမကိုက်ညီသည်ကိုတွေ့ရပေမည်။

ဤကဲ့သို့အယူဝါဒများ ဘုရားမပွင့်ခင်နှင့်ပွင့်ပြီးကာလများ၌ အိန္ဒိယနိုင်ငံ၌ထွန်းကားနေကြောင်းကို ဤသာမညဖလသုတ်ကိုလေ့လာသဖြင့်သိရှိမှတ်သားနိုင်သဖြင့် အဖိုးတန်သောသမိုင်းစဉ်တစ်ရပ်ကိုသိမှတ်ရသကဲ့သို့ရှိပါသည်၊ ယနေ့ သိပ္ပံပညာခေတ်နှင့်နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက ထိုဆရာကြီးများ၏အယူဝါဒများသည် ဘာမှမရေရာ မတိကျသောအယူဝါဒများဖြစ်၍ ယနေ့ခေတ်ပျောက်ကွယ်သွားရခြင်းဖြစ်သည်ဟု သုံးသပ်အကဲခတ်၍ရပါသည်။

လောကသဘာဝနှင့်ဆန့်ကျင်သော တရားကျင့်စဉ်များသည် ရေရှည်မခံ၊ ခဏတစ်ဖြုတ်သာဖြစ်ပြီး မကြာခင်ကွယ်ပျောက်သွားတတ်သော သဘောရှိသည်ကို ဤဂိုဏ်းဆရာကြီးများ၏အယူဝါဒများကို လေ့လာကြည့်က သိသာနိုင်ကြောင်း လေ့လာအကဲခတ်၍ရပါသည်။

# သာမညဖလသုတ်လာ သာလွန်ဗွန်မြတ်သော ရဟန်းပြုအကျိုးများအပေါ်၌ လေ့လာအကဲခတ်ခြင်း

သာမညဖလသုတ်တွင် အဇာတသတ်မင်းသည် လက်တွေ့မျက်မြင်ခံစားရသော ရဟန်းဘဝ၏အကျိုးကျေးဇူးကို ထင်ရှားပြသခြင်းငှာ စွမ်းနိုင်ပါသလားဟု မေးလျှောက်ခဲ့သည်။

ဗုဒ္ဓက ဤပြဿနာနှင့်ပတ်သက်၍ အခြားသောသမဏ ဗြာဟ္မဏတို့ကို မေးဖူးပါသလားဟု မေးသောအခါ အဇာတသတ်က ပုရာဏကဿပစသောဘုရားအမည်ခံ တိတ္ထိဆရာကြီး(၆)ဦးကို မေးခဲ့ပုံ၊ သူတို့ကအဖြေပေးခဲ့သောအဖြေများကို အဇာတသတ်မင်းက လျှောက်ထားပြခဲ့သည်။

ဗုဒ္ဓက သာမန်ရဟန်းပြုအကျိုးနှင့်ပတ်သက်၍ မင်းချင်းတစ်ယောက်ကုသိုလ်ကောင်းမှုအကျိုး၏အံ့ဩဖွယ်ကို စဉ်းစားမိပြီး ရဟန်းပြုသွားသည်၊ ထိုမင်းချင်းကို ပြန်ခေါ်မလားဟု မေးသောအခါ မခေါ်ပါ၊ ထိုမင်းချင်းတစ်ဖြစ်လဲ ရဟန်းကို ခရီးဦးကြိုဆိုခြင်း၊ ရှိခိုးခြင်း၊ ပစ္စည်းလေးပါးဖြင့်ပူဇော်လှူဒါန်းထောက်ပံ့ပေးပါသည် ဟု လျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓက ဤသည်ပင်မျက်မှောက်ဘဝ၌ သိမြင်အပ်သောရဟန်းပြုခြင်း၏ ပထမဦးဆုံးအကျိုးဖြစ်ကြောင်း မိန့်ကြားသည်။

အဇာတသတ်မင်းက ဆက်လက်၍ ထိုထက်သာလွန်မွန်မြတ်သောရဟန်းပြုကျိုးရှိ-မရှိ ဆက်လက်မေးလျှောက်ခဲ့သည်။

ထိုအခါ ဗုဒ္ဓက ဤလောကတွင် တရားအားလုံးကိုသိသော ဗုဒ္ဓပေါ်ထွန်းခဲ့ပြီး ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသောတရားကိုဟောကြားခဲ့၏၊ ထိုတရားကိုကြားနာရသော သူကြွယ်တစ်ဦးသည် သားမယားစည်းစိမ်ဥစ္စာကိုစွန့်လွှတ်ပြီး ရဟန်းပြုသွားခဲ့သည်၊ ထိုရဟန်းသည် ကောင်းသောအကျင့်သီလနှင့်ပြည့်စုံပြီး ဣန္ဒြေစောင့်စည်းမှုရှိပြီး ကမ္မဋ္ဌာန်းတရားတို့ကို ကြိုးစားအားထုတ်သဖြင့် ဈာန်ချမ်းသာကိုရခဲ့သည်၊ ထိုဈာန်ချမ်းသာဖြင့်နေရခြင်းသည် သာလွန်မွန်မြတ်သောရဟန်းပြုခြင်း၏အကျိုးဟူ၍ ဗုဒ္ဓက အဖြေပေးခဲ့သည်။

ဗုဒ္ဓ၏သာလွန်မွန်မြတ်သော ရဟန်းပြုအကျိုးခံစားရမှု နှင့်ပတ်သက်၍ ဗုဒ္ဓသားတော်အမည်ခံ ရဟန်းပြုမှုသည် သာမန်စိတ်ဓာတ်နှင့်ပြု၍မရသလို ကိုယ်ပြုချင်သလို စည်းမရှိ-ကမ်းမရှိ ပြုလုပ်၍ရသောအရာမဟုတ်ပါပေ၊ ဗုဒ္ဓ၏သားတော်အဖြစ် ရဟန်းပြုလိုသောပုဂ္ဂိုလ်သည်-

- "သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ"
- သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်လိုသော မူလစိတ်ဓာတ်ခိုင်မာစွာရှိရမည်။
- ဥစ္စာစည်းစိမ် သားမယားတို့ကိုစွန့်လွှတ်ရဲသော စိတ်ဓာတ်ခိုင်မာစွာရှိရမည်။

ထိုသို့သောစိတ်ဓာတ်ရှိပြီးလျှင် ရဟန်းပြုသောပုဂ္ဂိုလ်သည် ရဟန်းတစ်ပါးဖြစ်ရန်အတွက်-

-အသက်(၂၀)ပြည့်ရပါမည်။

-ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က အတိတ်ဘဝက သက်န်းပရိက္ခရာလှူဖူးသူတို့သည် ဧဟိဘိက္ခုခေါ်ရုံမျှဖြင့်ရဟန်းဖြစ်ကြရသည်။

-သင်္ကန်းမလှူဖူးသောပုဂ္ဂိုလ်များသည် ဧဟိဘိက္ခုမဖြစ်နိုင်၍ ရဟန်းတစ်ပါးအတွက်လိုအပ်သော ပရိက္ခရာ(၈)ပါး ပြည့် စုံရန်လိုသည်။

-မိမိကို ရဟန်းဘဝ၌ တာဝန်ယူဆုံးမပေးနိုင်မည့်ဥပဇ္ဈာယ်ဆရာရှိရန်လိုသည်။

-ဉတ္တိစတုတ္ထကမ္မဝါစာဖတ်ပေးမည့် သံဃာအရေအတွက် ရရန်လိုသည်။

-ကမ္မဝါစာ၌ ဉတ်၊ ကမ္မဝါစာ၊ နိဂုံးဟူ၍ သုံးပိုင်းရှိရာ-

-ဤရဟန်းလောင်းသည် ဤမည်သော ဥပဇ္ဈာယ်ဆရာ၏တပည့်ဖြစ်ပါသည်၊ အန္တရာယ်ကင်းသူဖြစ်ပါသည်၊ ပရိက္ခရာပြည့်စုံပါသည်၊ ဖြစ်နိုင်လျှင် သံဃာအများက ဤရဟန်းလောင်းကို ရဟန်းပြုပေးဖို့ရန် ကြိုတင်အသိပေးပါသည် ဟု ဉတ်ဖြင့် ကြိုတင်အသိပေးသည်။

-ရဟန်းလောင်းကို သံဃာအဖွဲ့က ဤရဟန်းပြုပေးပါ

သည်၊ ဤသို့ရဟန်းပြုပေးခြင်းကို သဘောတူလျှင်
ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမတူသူရှိလျှင်လည်း
ကန့်ကွက် ပြောဆိုပါဟု သုံးကြိမ်သုံးခါ အဆိုတင်သွင်း
ရာတွင် ကမ္မဝါစာဖြင့် အဆိုတင်သွင်းသည်။

-သံဃာအဖွဲ့က ရဟန်းလောင်းကို ရဟန်းပြုပေးပြီးပါပြီ၊
သံဃာအဖွဲ့က သဘောတူကြောင်း ဆိတ်ဆိတ်နေခြင်း
ဖြစ်ပါသည်ဟု နိဂုံးဖြင့် အတည်ပြုကြေငြာပေးရသည်။

ပဓာနကိစ္စဖြစ်သော ဉတ်၊ ကမ္မဝါစာ၊ နိဂုံးသုံးပါးလုံးကို ပါဠိဘာသာစည်းကမ်း ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ ယုတ်လျော့ ဖောက်ပြန်မှုမရှိဘဲ မှန်ကန်ပီသစွာရွတ်ဖတ်ပြီးသော် ရဟန်းကိစ္စ ပြီးမြောက်သည်။

ထိုကဲ့သို့သော ရဟန်းတစ်ပါးဖြစ်မြောက်ရေးအတွက် လိုအပ်သောစိတ်ဓာတ်ခံယူချက် အဆောင်အယောင်ပရိက္ခရာ၊ အသက်၊ ဥပဇ္ဈာယ်အရည်အချင်း၊ ဆောင်ရွက်လုပ်ကိုင်ပုံစည်း မျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး၍ ရဟန်း ဖြစ်ပြီးသောရဟန်းတစ်ပါးသည်-

-သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးကို မှီခို
ရသည်

-ကောင်းမြတ်သော အကျင့်သီလ(ပါတိမောက္ခသံဝရ)
သီလကိုစောင့်ထိန်းရသည်။

-အနုမြူမျှသေးငယ်သောအပြစ်တို့၌ပင် အန္တရာယ်ဟု ထင်မြင်ကြည့်ရှု၍ ပညတ်ထားသော သိက္ခာပုဒ်(၂၂၇) ကို အသက်ကဲ့သို့မြတ်နိုးဆောက်တည်ကျင့်သုံးရသည်။

-စင်ကြယ်သော အသက်မွေးမှုရှိရသည်။

-ကောင်းသောကာယကံ၊ ဝစီကံရှိရမည်။

-ဣန္ဒြေခြောက်ပါးတို့၌လုံခြုံသောတံခါးရှိရသည်။

-အစားအစာ၌ အတိုင်းအရှည်ကိုသိရသည်။

-သိမှတ်ဆင်ခြင်မှု သတိသမ္ပဇဉ်နှင့်ပြည့်စုံရသည်။

-ကိုယ်လုံရုံမျှဖြစ်သောသင်္ကန်း၊ ဝမ်းဝရုံမျှဆွမ်း၊ သစ်တစ်ပင်အောက်ကျောင်း၊ မြက်၊ သစ်ဥ စသောဆေးဖြင့် ရောင့်ရဲလွယ်ရသည်။

-အတောင်ရှိသောငှက်သည် အတောင်လျှင် သယ်ပိုးရာရှိသကဲ့သို့ ပရိက္ခရာလျှင် သယ်ပိုးရာရှိရမည်။

ရဟန်းသည် ရဟန်းဖြစ်ပြီးနောက် ပိဋကတ်ကျမ်းဂန် (ဂန္ထဓုရ)ကို သင်ယူခြင်း၊ မဂ်တရား-ဖိုလ်တရားတို့အတွက် (ဝိပဿနာဓုရ)ကိုကျင့်ခြင်း ဟူသောကျင့်စဉ်(၂)ရပ်ကို ကျင့်ရပါသည်။

ဂန္ထဓုရကျမ်းဂန်သင်ရာ၌ ဉာဏ်ထက်သောရဟန်းသည် (၅)ဝါရပြီးနောက် ဉာဏ်နှံ့သောရဟန်းသည် ဝါ (၂၀)ရပြီးနောက် သမထဝိပဿနာကို ကြိုးစားအားထုတ်ရပါမည်။

စာပေကျမ်းဂန်သင်ကြားရာတွင်-

-သူတစ်ပါးကိုချုပ်ချယ်လိုသောသဘောဖြင့် မဖမ်းတတ် ဖမ်းတတ်သောမြွေဖမ်းသမားကဲ့သို့ မသင်ရ။

-(အလဂဒ္ဒူပမာ)

-သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေခြင်းငှာ သင်ရမည် (နိဿရဏတ္တ)

-ဘဏ္ဍာစိုးကဲ့သို့ ထိန်းသိမ်းခြင်းသဘောဖြင့် သင်ယူရမည်။

ဂန္ထဓုရပြီး၍ ဝိပဿနာဓုရအဆင့်သို့ကူးသောအခါ ရဟန်းသည် ဆွမ်းစားပြီးနောက် တော၊ တောင်၊ ဂူ၊ ချောင်း၊ သစ်တစ်ပင်၊ လွင်ပြင်၊ ကောက်ရိုးပုံ စသည့်ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ကိုယ်ကို တင်ပလ္လင်ခွေမတ်မတ်ထိုင်ပြီး ကမ္မဋ္ဌာန်းသို့ ရှေ့ရှုသောသတိကို ဖြစ်စေရမည်၊ သို့မဟုတ် ဝင်လေ၊ ထွက်လေ ရှုမှတ်ရမည်။

-သူတစ်ပါးဥစ္စာကို မတရားလိုချင်မှု(အဘိဇ္ဈာ)စိတ်ကို သုတ်သင်၍ အဘိဇ္ဈာကင်းသောစိတ်ဖြင့်နေရမည်။

-သူတစ်ပါးအားပျက်စီးစေသော(ဗျာပါဒ)စိတ်ကို သုတ်သင်၍ မေတ္တာစိတ်ဖြင့် နေရမည်။

-တွေဝေထိုက်မြည်းခြင်း(ထိန-မိဒ္ဓ)စိတ်ကို သုတ်သင်၍ အလင်းရောင်အမှတ်ဖြင့်နေရမည်။

-ပျံ့လွင့်ခြင်း၊ နောင်တတစ်ဖန်ပူပန်ခြင်း(ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) စိတ်ကို သုတ်သင်၍ အဇ္ဈတ္တသန္တာန် ငြိမ်းချမ်းသော စိတ်ရှိသည် ဖြစ်ရမည်။

-ယုံမှားမှုတွေးတောမှု(ဝိစိကိစ္ဆာ)ကိုသုတ်သင်၍ ထိုစိတ်မှလွန်မြောက်ရမည်။

ထိုနီဝရဏ(၅)ပါးကင်းပြီး ပယ်ပြီးသောရဟန်းသည်-

"ကြွေးမြီရှိ၍ ကြွေးမြီဆပ်ပြီးသူကဲ့သို့လည်းကောင်း၊ ရောဂါရှိနေသူ ရောဂါကင်းသွားသကဲ့သို့လည်းကောင်း၊ ထောင်ကျသူ ထောင်မှလွတ်လာသကဲ့သို့လည်းကောင်း၊ ကျွန်ဘဝရောက်နေသူ ကျွန်ဘဝမှလွတ်မြောက်သကဲ့သို့လည်းကောင်း၊ ကန္တာရခရီးသွားသူ ဘေးကင်းရာရောက်သကဲ့သို့လည်းကောင်း ကောင်းစွာရှု၍ ထင်မြင်လေသည်။

ထိုရဟန်းသည် ကြံစည်ခြင်း၊ သုံးသပ်ဆင်ခြင်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်း၊ တည်ကြည်ခြင်းနှင့်ပြည့်စုံသောပထမစျာန်သို့ရောက်၍နေ၏၊ ထိုရဟန်း၏တစ်ကိုယ်လုံးတွင် ချမ်းသာခြင်း၊ နှစ်သိမ့်ခြင်းတို့ဖြင့် ပျံ့နှံ့၍နေပါ၏။

တစ်ဖန် ကြံစည်ခြင်း၊ သုံးသပ်ခြင်းမရှိတော့ဘဲ တည်ကြည်ခြင်း၊ သမာဓိကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းနှင့်ပြည့်စုံသော ဒုတိယစျာန်ကိုလည်းကောင်း၊ နှစ်သိမ့်ခြင်းကင်းပြီး ချမ်းသာခြင်းသက်သက်နှင့်ပြည့်စုံသော တတိယစျာန်ကိုလည်းကောင်း၊ ချမ်းသာဆင်းရဲခြင်းမရှိတော့ဘဲ လျစ်လျူရှုခြင်း

ကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်းနှင့်ပြည့်စုံသော စတုတ္ထဈာန်သို့လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ဆိုက်ရောက်ပြန်၏။

ထိုရဟန်း၏ တစ်ကိုယ်လုံးဝယ် သန့်ရှင်းဖြူစင်သောစိတ်ဖြင့်သာ ပျံ့နှံ့ပြည့်လျှံနေ၏။

ဤသို့သောအဆင့်ဆင့်သော ဈာန်ချမ်းသာများသို့ ဆိုက်ရောက်လာခြင်းသည် သာလွန်မွန်မြတ်သော ရဟန်းဘဝ၏ အကျိုးများပင် ဖြစ်ပါသည်။

ဤသာလွန်သောရဟန်းပြုကျိုးသည် ဗုဒ္ဓမပေါ်ထွန်းမီခေတ် ရဟန်းပြုသူအမည်ခံပုဂ္ဂိုလ်များ၏ကျင့်စဉ်နှင့်ယနေ့ခေတ် အခြားဘာသာအယူဝါဒရှိ ရဟန်းပြုသူတို့၏ကျင့်စဉ်များနှင့်မတူသလို လက်တွေ့ချမ်းသာခံစားရမှု နောက်တမလွန်ချမ်းသာခံစားရမှုတို့သည် မတူညီသည်ကို တွေ့ရပါမည်။

ဗုဒ္ဓ၏ သာလွန်သောရဟန်းပြုအကျိုးတွင် ရဟန်းပြုစည်းကမ်းပြုလုပ်နည်းနှင့် ရဟန်းပြုပြီးနောက် မိမိကိုယ်ကို အားကိုးအားထားပြီးကျင့်ရမည့်နည်းလမ်းများကို လမ်းညွှန်ထားသဖြင့် သာမန်အပြောနှင့်မရ၊ သာမန်အကျင့်အားထုတ်မှုနှင့်မရ၊ မိမိကိုယ်ကို အတ္တဒီပါ-အတ္တသရဏ ဖြစ်အောင် ကြိုးစားမှရမည်ဖြစ်သောနည်းများဖြစ်ကြောင်း သုံးသပ်လေ့လာအကဲခတ်ရပါသည်။

# ဗုဒ္ဓ၏ တပည့်သာဝကရဟန်းနှင့်အခြားရဟန်းတို့၏ ခြားနားချက်ကို လေ့လာအကဲခတ်ခြင်း

အဇာတသတ်မင်းသည် ဗုဒ္ဓအား ဆင်စီးသူရဲ စသည်သူတို့ကဲ့သို့ မျက်မြင်လက်တွေ့ ရဟန်းပြုခြင်းအကျိုးကို မေးလျှောက်ခဲ့ရာတွင် ဗုဒ္ဓက-

-မင်းမှုထမ်းတစ်ဦးရဟန်းပြုက မင်းကျွန်ပြန်မဖြေဘဲ အပူဇော်ခံရသည့်ဘဝရောက်သွားပုံ

-အခွန်ထမ်းလယ်သမားသူကြွယ်တစ်ယောက် ရဟန်းပြုသွားက လယ်သမားပြန်မဖြစ်၊ အရိုအသေပြုခံရ၊ ပစ္စည်းလေးပါး ထောက်ပံ့မှုခံရပုံ

-ပုဂ္ဂိုလ်တစ်ယောက်သည် ဗုဒ္ဓထံမှ တရားကောင်း၊ တရားမြတ်ကို နာယူသိရှိပြီး ရဟန်းဝတ်သည်၊ ဣန္ဒြိယသံဝရလုံခြုံ၊ သတိသမ္ပဇဉ်ရှိ၊ သန္တုဋ္ဌိရောင့်ရဲမှုရှိပြီး ကာမစ္ဆန္ဒစသောနီဝရဏ တရားတို့ကိုချုပ်ငြိမ်းကာ ပထမစျာန်စသော စျာန်သမာပတ်များကိုရလာပါက မျက်မြင်လက်တွေ့ ရဟန်းပြုကျိုးထက်သာလွန် နှစ်သက်နှစ်သက်အပ်၊ မွန်မြတ်သောရဟန်းပြုကျိုးဖြစ်ကြောင်းနှင့် ထို့နောက် ရုပ်ကိုပိုင်းခြားသိသော ဝိပဿနာတရားကိုအားထုတ်၍ အဘိညာဉ်များရပြီး ရဟန္တာ

ဖြစ်သွားကာ သာလွန်မြင့်မြတ်သောရဟန်းပြုကျိုး ဖြစ်ကြောင်း ဟောကြားခဲ့သည်။

သမဏ ရဟန်းဟူသောဝေါဟာရသည် ဗုဒ္ဓမပေါ်ထွန်းခင်ကတည်းကပင် ပရဗိုဇ်လောက၊ တက္ကတွန်းလောက၌ခေါ်ဝေါ်နေသောစကားဖြစ်သည်၊ အလားတူ ဗြဟ္မဏတို့သည်လည်း ဗုဒ္ဓမပေါ်ထွန်းခင်ကတည်းကပင် အိန္ဒိယ၌ အရှိန်အဝါကြီးမားစွာဖြင့် ပေါ်ထွန်းဖြစ်ပေါ်နေသော လူတန်းစားတစ်ရပ် ဖြစ်သည်။

ဗုဒ္ဓပေါ်ထွန်းလာသောအခါ ဗုဒ္ဓက သူ၏တပည့်များကို ဘိက္ခု ဟူသောဝေါဟာရဖြင့် သုံးစွဲပြီး ရဟန်းဟူ၍ မြန်မာလို ခေါ်ခဲ့သည်။

ဗုဒ္ဓက အဇာတသတ်မင်း၏ရဟန်းပြုကျိုးကို မေးရာတွင် အဇာတသတ်မင်းက အခြားဂိုဏ်းများ၏ရဟန်းနှင့်ဗုဒ္ဓ၏ရဟန်း တူ-မတူကို အဓိကထားသိလို၍ မေးခြင်းဖြစ်၍ ဗုဒ္ဓက မိမိသာသနာ၌ရဟန်းပြုကြသောပုဂ္ဂိုလ်များ၏ရည်ရွယ်ချက်နှင့်ပန်းတိုင် ထိုရည်ရွယ်ချက်နှင့်ပန်းတိုင်ရောက်ဖို့ ကျင့်စဉ်အဆင့်ဆင့်ကို ရှင်းလင်းဟောကြားပေးခဲ့ပါသည်။

ဗုဒ္ဓ၏ရဟန်းသည် နတ်ပြည်ရောက်ဖို့၊ ဗြဟ္မာပြည် ရောက်ဖို့အဆင့်မဟုတ်၊ ကိလေသာတဏှာကုန်ခမ်းပြတ်ရာ မြတ်နိဗ္ဗာန်သို့ရောက်ဖို့ (၃၁)ဘုံကျင်လည်သောသံသရာဝဋ္ဋအတွင်းက လွတ်ဖို့ အဓိကထားသောရဟန်းပြုမှုဖြစ်သည်။

ဗုဒ္ဓ၏ရဟန်းတွင် တတ်သိနားလည်သင်ကြားရမည့် ပရိယတ္တိရှိသည်၊ တတ်သိနားလည်ပြီး ကျင့်ရမည့်ကျင့်စဉ် သမထ ဝိပဿနာဟူသော ပဋိပတ္တိ ရှိသည်၊ ထိုသို့ကျင့်သဖြင့် ဤရုပ်နာမ်မချုပ်ခင် ခံစားရမည့်ချမ်းသာနိဗ္ဗာန်၊ ရုပ်နာမ်ချုပ်ပြီး ငြိမ်းအေးသွားမည့်နိဗ္ဗာန်ဟူသော ပဋိဝေဓ ရှိသည်။

ဗုဒ္ဓ၏ရဟန်းပြုနည်းတွင် ရဟန်းပြုရန်သတ်မှတ်ထားသော နည်းလမ်းစည်းကမ်းများပြည့်စုံရန်လိုအပ်သော ပရိက္ခရာစသောပစ္စည်းများ၊ ရဟန်းခံလုပ်ထုံးလုပ်နည်းများ၊ လိုက်နာရမည့်ကျင့်ဝတ်ဝိနည်းကျင့်ဝတ်များနှင့်အပြည့်အစုံသတ်မှတ်ထားမှု ရှိနေပါသည်။

ဗုဒ္ဓ၏ရဟန်းသည် ဗုဒ္ဓမပေါ်မီက ရဟန်းများ၊ ဗုဒ္ဓခေတ်ယှဉ်ပြိုင်ပေါ်ထွန်းခဲ့သောဂိုဏ်းများ၏ရဟန်းများ၊ ယနေ့ခေတ်ထင်ရှားသော ခရာဇ်ယာ၊ မွတ်စလင်၊ ဟိန္ဒူစသော ဘာသာများရှိရဟန်းတို့နှင့်နေမှု-ထိုင်မှု-စားမှု-သောက်မှု ကျင့်စဉ်အထိ မတူသည်ကို တွေ့ရပါမည်။

အခြားဘာသာတို့တွင် ရဟန်းတို့အတွက် သတ်မှတ်ထားသော ဝိနည်းသိက္ခာကျင့်ဝတ်များ၊ ရဟန်းဘောင်၌ နေ့စဉ်တွေ့ကြုံရမည့်ပြဿနာဖြေရှင်းနည်းများ စသည် မရှိသလို ကျမ်းစာလည်း မရှိပေ၊ ဗုဒ္ဓ၏ရဟန်းတို့တွင် ပါရာဇိက သံဃာဒိသိသ်၊ နိဿဂ္ဂိပါစိတ်၊ ပါစိတ်-ဒုက္ကဋ်-ထုလ္လစ္စဉ်းဟူသော အပြစ်အဆင့်အတန်း

သတ်မှတ်ချက်ရှိသည်၊ အခြားဘာသာတို့တွင် ထိုကဲ့သို့သော အဆင့်သတ်မှတ်ချက်မရှိပေ။

ပုဂ္ဂိုလ်အဆင့်တွင်လည်း ဗုဒ္ဓ၏ရဟန်းသည် ကလျာဏ ပုထုဇဉ်ရဟန်း၊ စူဠသောတာပန်၊ မဟာသောတာပန်၊ သကဒါဂါမ် အနာဂါမ်၊ ရဟန္တာဟူ၍ ကျင့်ကြံအားထုတ်၍ရသော တရားအ ဆင့်အတန်းအရ ပုဂ္ဂိုလ်အဆင့်အတန်းသတ်မှတ်ထားပါသည်၊ အခြားဘာသာတို့တွင် ထိုကဲ့သို့အဆင့်သတ်မှတ်မှုမရှိပေ၊ သာမန် အဆင့်သတ်မှတ်မှုသာရှိသည်။

ဗုဒ္ဓသာသနာ၌ ရဟန်းပြုလိုသောပုဂ္ဂိုလ်သည် လက်ရှိ ခန္ဓာရပ်တည်ရန်နှင့် တရားကျင့်နိုင်ရန်အတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို လယ်ထွန်၊ ဈေးရောင်းစသည် ဖြင့် အလုပ်မလုပ်ရဘဲရထားသလို မိမိဘဝလွတ်မြောက်ရေး အတွက် ကျင့်စဉ်တရားများကို လွတ်လပ်စွာ အေးချမ်းစွာကျင့် နိုင်ရန် အခွင့်အရေးပေးထားသည်။

တစ်ဖန် မိမိသည် ပစ္စည်းလေးပါးအလှူရှင်များ၏ ကျေးဇူးကြောင့် အလုပ်မလုပ်၊ မပင်မပန်းမကြောင့်မကြရဘဲ တရားအားထုတ်ခဲ့သည်၊ ထိုကျေးဇူးကိုမမေ့ရ၊ မိမိသိထားသော တရားကို ကျေးဇူးရှင်ဒကာ-ဒကာမများကို ပြန်လည်သွန်သင် ဆုံးမနည်းလမ်းပြပေးရန် ရဟန်းကျင့်ဝတ်(၆)ပါးဟူသော

**"မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ပောကြူး၊ နာဘူးထပ်မံ၊ နတ်ထံတရား၊ မေတ္တာလည်းပြု၊ ရဟန်းမှူ၊ ခြောက်ခု လွှန်သေချာ"** ကို သတ်မှတ်ထားပေးပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ရဟန်းပြုမှုသည် အတ္တဟိတ၊ ပရဟိတ နှစ်ဝအကျိုးကို သည်ပိုးသောအလုပ်ကိုလုပ်ရသောဘဝဖြစ်သည်၊ အခြားဘာသာရှိ ရဟန်းတို့၌ ဤကဲ့သို့ အတ္တဟိတ၊ ပရဟိတအကျိုးကျင့်စဉ် အတိအကျသတ်မှတ်ချက် မရှိပေ။

ဗုဒ္ဓ၏သာသနာ၌ ရဟန်းပြုမှုသည် သာမန်ယုံကြည်ခံယူချက်နှင့်ပြု၍မရပေ၊ ယုံကြည်ချက်၊ ခံယူချက်အဓိပတိတပ်သောစိတ်ရှိမှ ပြုလုပ်၍ရပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာအတွင်း၌ ရဟန်းပြုမှုသည် အခြားဘာသာရှိ ရဟန်းပြုမှုနှင့်မတူ ခြားနားကြောင်း၊ ကျင့်စဉ်အရည်အသွေးနှင့်ရရှိမှုအဆင့်အတန်းကွာခြားမှုများစွာ ရှိနေကြောင်း သုံးသပ်လေ့လာအကဲခတ်ရပါသည်။

## သာဓညဖလသုတ်လာ နိဂဏ္ဌာနာဋပုတ္တ(မဟာဝီရ) ယနေ့ခေတ် ဂျိန်း(ဇိန) ၏ဝါဒအပေါ်လေ့လာအကဲခတ်ခြင်း

အိန္ဒိယပြည်တွင် ဗုဒ္ဓဂေါတမမပေါ်ထွန်းမီခေတ် ဘီစီ (၆၀၀-၈၀၀)အတွင်းပေါ်ပေါက်ခဲ့သော ဘုရားအမည်ခံ တိတ္ထိဆရာကြီး(၆)ဦးအနက် နိဂဏ္ဌနာဋပုတ္တ၏ ဗုဒ္ဓမပေါ်ထွန်းမီကလည်း ထင်ရှားခဲ့သကဲ့သို့ ဗုဒ္ဓခေတ်၌လည်း ထင်ရှားကျော်ကြားခဲ့ပြီး ယနေ့ခေတ်ထိ ဗုဒ္ဓဂေါတမဝါဒနှင့် အပြိုင်တည်ရှိနေပါသည်။

နိဂဏ္ဌဂိုဏ်းဆရာကြီး မဟာဝီရကို နာတိကရွာကို အပိုင်စားရသော နာဋ၏သားဖြစ်သောကြောင့် နိဂဏ္ဌနာဋပုတ္တ ဟူ၍ ပူးတွဲခေါ်ပါသည်၊ နိဂဏ္ဌ၏အဓိပ္ပာယ်မှာ ကိလေသာအနှောင်အဖွဲ့(ဝါ)ကိလေသာအထုံးအဖွဲ့မရှိဟု အဓိပ္ပာယ်ရပြီး ထိုဂိုဏ်းဝင်သူတိုင်းကို နိဂဏ္ဌ ဟု အမည်ရလေ့ရှိပါသည်။

ယင်းနိဂဏ္ဌနာဋပုတ္တကို မဟာဝီရ(သူရဲကောင်းကြီး) ဟူ၍လည်းကောင်း၊ ဂျိန(ဇိန)=ဂျိန်းဘုရားဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

သမဏဂိုဏ်းများတွင် နိဂဏ္ဌဂိုဏ်းသည် ရှည်လျားသော သမိုင်းကြောင်းရာဇဝင်ရှိသောဂိုဏ်းဖြစ်သည်။

နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် ဗုဒ္ဓဂေါတမသက်တော်ထင်ရှားရှိစဉ်ပင် မိမိ၏တပည့်ဥပါလိသူကြွယ် ဗုဒ္ဓဂေါတမ၏

အဆုံးအမကိုခံယူသွားပြီး မိမိကိုပစ်ပယ်ခဲ့သည်ကို ဒေါသထွက် စိုးရိမ်သောကဝင်ကာ သွေးအံပြီး ပါဝါပြည်၌ကွယ်လွန်ခဲ့ကြောင်း ဗုဒ္ဓစာပေမှတ်တမ်း၌ အတိအကျပါ-ပါသည်။

သူကွယ်လွန်ပြီးနောက် သူ၏တရားများကို သူ၏တပည့် များက ဆက်လက်ထိန်းသိမ်းဖြန့်ဖြူးနိုင်ခဲ့သည်။

ဗုဒ္ဓဘာသာ၌ နှစ်ကျိပ်ရှစ်ဆူဘုရားရှိသလို နိဂဏ္ဌဂိုဏ်း (ဂျိန်းဘာသာ)၌လည်း တိတ္ထကရခေါ် ဘုရား(၂၄)ဆူရှိခဲ့သည်။

နိဂဏ္ဌနာဋပုတ္တ (မဟာဝီရ)သည် ၂၄-ဆူမြောက် တိတ္ထိကရဘုရားဖြစ်သည်ဟု ဆိုပါသည်။

(၂၃)ဆူမြောက် တိတ္ထကရဘုရားမှာ လွန်ခဲ့သောနှစ် ပေါင်း(ဘီ-စီ ၂၅၀-၉၀၀)က ဗြဟ္မဏဘာဝမှခွဲထွက်ခဲ့ပြီး သမဏ ဟုအမည်ခံပြီး ကျင့်စဉ်အသစ်များချမှတ်ပေးခဲ့သော ပါသျှဝ (ပါသနာထ)ဟု လက်ခံထားကြပါသည်။

နာဋပုတ္တ(မဟာဝီရ)သည် နိဂဏ္ဌဂိုဏ်း(ဂျိန်းဘာသာ)၏ ဓမ္မဟောင်းများကို ဖြည့်စွက်ဟောကြားခဲ့သူဖြစ်၍ နိဂဏ္ဌအများစု က မဟာဝီရကို ဂိုဏ်းခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြ သော်လည်း သစ္စကပရိဗိုဇ်စသော အချို့သောနိဂဏ္ဌဂိုဏ်းဝင် များက မဟာဝီရကိုခေါင်းဆောင်အဖြစ် အသိအမှတ်မပြုသည် ကိုလည်း လေ့လာတွေ့ရှိရသည်။

(၂၃)မြောက် ဂိုဏ်းဘုရားပါသနာထသည် သူ့အသက်မသတ်ရ၊ သူ့ဥစ္စာမခိုးရ၊ လိမ်ညာမပြောရ၊ ပြင်ပမိန်းမ၊ ရွှေ၊ ငွေစသည်အလှူမခံရ ဟူ၍(၄)မျိုးသောသီလကို သတ်မှတ်ခဲ့သော် မဟာဝီရက ပြင်ပမိန်းမ၊ ရွှေ၊ ငွေအလှူခံမှုနှင့်ပတ်သက်၍(၂)မျိုး ထပ်မံခဲ့ကာ-

-မေထုန်ခံစားမှုမှရှောင်ကြဉ်ခြင်း (အပြဟ္မစရိယာဝေရမဏိ)

-ပစ္စည်းမသိမ်းဆည်းမှု (အပရိဂ္ဂဟော)

ဟူ၍ (၂)ပါးထပ်မံဖြည့်စွက်ပညတ်ပေးခဲ့သဖြင့် (၅)ပါးသီလ ဟူ၍ ဗုဒ္ဓဘာသာနှင့်ဆင်တူရိုးမှားပြုလုပ်ခဲ့သည်။

အမှတ်(၅) ပစ္စည်းမသိမ်းဆည်းမှု(အပရိဂ္ဂဟော)သီလအရ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် မည်သည့်ပစ္စည်းကိုမျှ မသိမ်းဆည်းရ၊ အားလုံးကိုစွန့်လွှတ်ရမည်ဟု ဆိုထားပါသည်။

ထို့ကြောင့် မဟာဝီရ၏အဆုံးအမကို အတိအကျလိုက်နာသော နိဂဏ္ဌာဘုန်းကြီးများသည် အဆောက်အအုံ၌နေလေ့မရှိ၊ အဝတ်မဝတ်ဘဲ လွင်တီးခေါင်၌နေလေ့ရှိကြသည်၊ ယင်းတို့အတွက် မဟာပထဝီမြေကြီးသည် အရံသင့်ခင်းပေးအပ်ပြီးသော အိပ်ရာဖြစ်သည်၊ မိုးကောင်းကင်သည် အမိုးဖြစ်သည်၊ အရပ်ရှစ်မျက်နှာက အရှက်လုံအောင်ဖုံးပေးသောအဝတ်အထည်များ ဖြစ်သည်။

အဝတ်ဝတ်က ထိုအဝတ်ကို သိမ်းဆည်းတွယ်တာ ကပ်ငြိမှုရှိကြောင်း ဖော်ပြနေသောကြောင့် တစ်စုံတစ်ခုကိုမျှ တွယ်တာမှုမရှိကြောင်း ဖော်ပြရန် အဝတ်မဝတ်ဘဲနေကြသည်။

သို့သော် ဂျိန်းဘာသာတွင် အဝတ်မဝတ် ဂိုဏ်း(ဒိဂမ္ဗရ) အဝတ်ဖြူဂိုဏ်း(သေတမ္ဗရ)ဟူ၍ ဂိုဏ်း(၂)ဂိုဏ်းကွဲသည်။

မဟာဝီရသည် လူဝတ်ကြောင်များအတွက်မူ အနည်း ငယ်လျော့ပေါ့၍ အကျင့်လမ်းစဉ်ကို ချမှတ်ပေးခဲ့သည်။

အမှတ်(၄)အဗြဟ္မစရိယသိက္ခာပုဒ်အစား မိမိမယားဖြင့် ကျေနပ်ရောင့်ရဲမှု(သဒါရသန္တောသ)သိက္ခာပုဒ်ကို ချမှတ်ပေးခဲ့ သည်။

အမှတ်(၅)အပရိဂ္ဂဟသိက္ခာပုဒ်အတွက် စားဝတ်နေရေး လုံလောက်ရုံထက် ပိုမို၍ပစ္စည်းဥစ္စာမထားရှိဟု ပညတ်ခဲ့သည်။

လူဝတ်ကြောင်များသည် နိဂဏ္ဌငါးပါးသီလကို ဆောက် တည်ကျင့်သုံးနေစဉ် ကာလအတွင်း၌ လက်ရှိမြေယာ၊ ရွှေ၊ ငွေ၊ ကျွဲ၊ နွားအရေအတွက်ထက် မတိုးပွားစေရ၊ စီးပွားရေးတိုးတက် မှုကို လုံးဝမပြုရ ဟုဆိုလိုသည်။

ထို့ပြင် -

-ကျွဲ၊ နွားများကို အတိုင်းထက်လွန်၍ ကြာရှည် ခရီး ဝေးမောင်းနှင်စေခိုင်းမှု၊ မနိုင်ဝန်ခိုင်းစေမှု

-ကောက်ပဲသီးနှံများကို သိုလှောင်၍အမြတ်တင်
ရောင်းချမှု

-သင့်တော်သောအမြတ်ထက်ပို၍ရယူမှုများကိုလည်း
ရှောင်ကြဉ်ရမည် ဟုဆိုသည်။

သာမညဖလသုတ်၌ကား နိဂဏ္ဌနာဋ္ဌပုတ္တကိုယ်တိုင် သူ၏ကျင့်စဉ်(၄)ရပ်ကို အဇာတသတ်မင်းကြီးအား ဟောကြားခဲ့ကြောင်း ဖော်ပြထားရာ၌-

-အလုံးစုံသောရေအေးကိုပယ်၏။

-အလုံးစုံသောမကောင်းမှုကိုတားမြစ်ပိတ်ဆို့၏။

-အလုံးစုံသောမကောင်းမှုကိုခါထွက်၏။

-အလုံးစုံသောမကောင်းမှုကို တားမြစ်ပိတ်ဆို့ခြင်း
သဘောမျိုးဖြင့် အမြဲတွေ့ထိအပ်၏

ဟူ၍ ဟောကြားပညတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယင်း(၄)မျိုးအနက် ရေအေးကို သက်ရှိဟု ယူဆ၍ မသုံးခြင်းဖြစ်သည်၊ မကောင်းမှုကို တားမြစ်ဟုဆိုရာ၌ ဗုဒ္ဓဘာသာ၌ ဥပုသ်စောင့်သူကဲ့သို့ မကောင်းမှုကိုတားမြစ်ခြင်းဖြစ်သည်။

ခါထွက်ဆိုရာ၌ ဗုဒ္ဓဘာသာရဟန်းတော်များ ဓုတင်ဆောက်တည်၍ မကောင်းမှုကိုလှုပ်ခါချသကဲ့သို့ မကောင်းမှုကို အကြွင်းမဲ့ဆွေးမြေ့သွားအောင် လှုပ်ခါရခြင်းမျိုးဖြစ်သည်။

တားမြစ်ပိတ်ဆို့ခြင်းသဘောဖြင့် တွေ့ထိအပ်၏ ဟုဆိုရာ၌ ဗုဒ္ဓဘာသာ၌ ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်ခြင်းကဲ့သို့ မကောင်းမှုကံများကို ကုန်ခြင်းမျိုးဖြစ်ပါသည်။

နာဋ္ဋပုတ္တ၏မကောင်းမှုကိုဖယ်ရှားတားမြစ်ခြင်း ဟူသောဤကျင့်စဉ်သည် ဗုဒ္ဓ၏အဆုံးအမသာသနာနှင့်လျော်ညီသကဲ့သို့ ရှိသည်၊ သို့ရာတွင် မကောင်းမှုကိုပယ်ရာ၌ အသက်ဇီဝအတ္တက ပယ်သည်ဟူ၍လည်းကောင်း၊ ထိုဇီဝအတ္တသည် အချို့မြဲ၏၊ အချို့မမြဲ ဟူ၍လည်းကောင်း၊ အယူရှိသောကြောင့် မှားယွင်းသောမစင်ကြယ်သောအယူဝါဒဖြစ်သွားရပါသည်၊ ဤသည်မှာ ဗုဒ္ဓစာပေလာ နိဂဏ္ဌနာဋ္ဋပုတ္တ၏ဝါဒ အကျဉ်းဖြစ်ပါသည်။

ဂျိန်းဘာသာ နိဂဏ္ဌနာဋ္ဋပုတ္တ(မဟာဝီရ)သည် သံသရာလည်ပုံနှင့်သံသရာမှလွတ်မြောက်ပုံကို သတ္တ(၇)ပါးဖြင့် ရှင်းပြဟောပြထားပါသည်။

သတ္တဟူသည် အခြေခံအမာခံတရား ထိုအဖြစ်၊ ထိုအတိုင်းဖြစ်စေသောသဘော၊ အရှိကိုအရှိတိုင်း ထားရသောသဘော၊ မပြောင်းလဲမှုသဘောဟု အဓိပ္ပာယ်ရပါသည်။

သတ္တ(၇)ပါးမှာ-

၁။ ဇီဝ -အတ္တ၊ အသက်၊ ဝိညာဉ်၊ လိပ်ပြာ

၂။ အဇီဝ -ဓမ္မ၊ အဓမ္မ စသောငါးပါး

၃။ အာသဝ -ဇီဝထဲသို့ ကံရုပ်များစီးဝင်ခြင်း

၄။ ဗန္ဓ -ကံတရားက ဇီဝကိုချုပ်နှောင်မှု(ဝါ)ဇီဝနှင့် သရီရ(ခန္ဓာကိုယ်)ကို ပေါင်းစပ်မှု

၅။ သံဝရ -ဇီဝအတွင်းသို့ ကံရုပ်များစီးဝင်မှုကိုပိတ်ဆို့ခြင်း

၆။ နိဇ္ဇရ -ဇီဝအတွင်းသို့ဝင်ရောက်ပြီးဖြစ်နေသော ကံဟောင်းများကို ကုန်ခန်းအောင် တပအကျင့်ဖြင့် အပူတိုက်ခြင်း၊ အပြင်းအထန်ဆင်းရဲခံစားခြင်း

၇။ မောက္ခ -ကံသစ်လည်းမဖြစ်၊ ကံဟောင်းလည်းကုန်၍ ရုပ်အနှောင်အဖွဲ့မှ ဇီဝသည် လွတ်မြောက်ခြင်း

ဥပမာအားဖြင့် ဇီဝသည် အိုင်တစ်ခုနှင့်တူသည်၊ ရေအိုင်ထဲသို့ဝင်ပေါက်ရေမြောင်းမှရေစီးဝင်လာမှုကြောင့် ရွံ့ပွက်အိုင်ကြီးဖြစ်လာသည်၊ ယင်းရေဝင်ပေါက်ကိုပိတ်ထားပါက နောက်ထပ်ရေမတိုးနိုင်တော့ချေ၊ ရှိပြီးရေကို နေပူခံပေး၊ ရေနုတ်မြောင်းတူးပေးပါက ယင်းရွံ့ညွန်အိုင်ကြီးသည် ရေကုန်ခမ်းသန့်ရှင်း၍ ညစ်ပေမှုများ အနံ့ဆိုးများမထွက်တော့ချေ။

ဤဥပမာနည်းတူ-

-ဇီဝအတွင်းသို့ ရုပ်တရားများစီးဝင်လာ၍ ကံအဖြစ်သို့ ပြောင်းလဲသွားခြင်းသည် ရေအိုင်ထဲသို့ရေဝင်သည်နှင့် တူသည် အာသဝ

-ထိုကံများသည် ဇီဝကိုချုပ်နှောင်၍ ဆင်းရဲ၊ ချမ်းသာ ခံစားရခြင်းသည် ရေအိုင်ညစ်ပေ၍ ရွှံ့ပုပ်နံ့ထွက်သည် နှင့်တူသည် ဗန္ဓ

-ပြင်ပရုပ်ဝတ္ထုများနှင့်မဆက်နွယ်ဘဲ ဇီဝကို ရုပ်နှင့်ခွဲခြား သီးသန့်ထားသဖြင့် ကံအသစ်မဖြစ်တော့ခြင်းသည် ရေဝင်လမ်း ပိတ်ထားသည်နှင့်တူသည် သံဝရ

အစာအငတ်ခံ၍ ဆူးပေါ်အိပ်၍ အချမ်း-အပူဖြင့် နှိပ်စက်၍ ဆင်းရဲခံစားခြင်းသည် ရှိပြီးသောကံဟောင်းများကို ကုန်စေသည်မည်သည်၊ ဆင်းရဲခံစားဖြစ်ရခြင်းသည် ကံကြောင့် သာဖြစ်သည်၊ ဆင်းရဲများစွာခံစားလျှင် အကြောင်းကံများမှာ လည်း ကုန်သည်၊ နောက်ထပ်ငွေမရှာဘဲ စုဆောင်းထားသော လက်ကျန်ငွေကို ပြောင်းအောင်သုံးစွဲလိုက်ပါက ငွေလုံးဝမရှိ အောင်ကုန်သွားမည်။

ဤအတူ အကျိုးပေးမည့်ကံများကို မြန်မြန်ရင့်ကျက်၍ မြန်မြန်အသီးသီးအောင် ပြုလုပ်ပေးရမည်၊ ဆင်းရဲများများဖြစ် အောင် ပြုလုပ်ပေးရမည်၊ ဆင်းရဲပေါင်းတစ်ထောင်ခံစားပါက ကံတစ်ထောင်ကုန်မည်။

ဆင်းရဲများစွာဖြစ်အောင် ပြုလုပ်သော တပအကျင့်သည် ရေအိုင်မှရေများကိုဖောက်ထုတ်ခြင်း၊ နေလှန်းခြင်းနှင့်တူသည် နိဇ္ဇရ။

ရုပ်တရား(ကံ)တည်းဟူသော အညစ်အကြေးကင်းလွတ်၍ စိတ်ဝိညာဉ်(ဇီဝ)သက်သက်သာလျှင် တည်နေမှု၊ စိတ်-စိတ်အတိုင်းရှိနေမှုသည် ရေအိုင်ကြီးခန်းခြောက်၍ သန့်ရှင်းစင်ကြယ်သွားသည်နှင့်တူသည် မောက္ခ။

မောက္ခရပြီးသောဇီဝသည် ဤလောက၏အမြင့်ဆုံးအထွတ်အထိပ်သို့ရောက်ရှိသွားသည်၊ ဤကံ၌ လွတ်မြောက်ပြီးသော အခြားဇီဝများနှင့်ရောနှောပေါင်းစပ်သွားတော့သည် ဟုဆိုသည်။

ဤနိဂဏ္ဌနာဋပုတ္တ(ဂျိန်းဘာသာ)သည် ယနေ့အထိ ဗုဒ္ဓဘာသာနှင့်ယှဉ်ပြိုင်ပြီး ယနေ့အထိ ရပ်တည်နိုင်ခြင်းကို လေ့လာဆန်းစစ်ကြည့်ပါက သူ၏တရားများသည် ဗုဒ္ဓဘာသာတရားများနှင့်အတုလိုက်ပြီး ဗုဒ္ဓဘာသာကဲ့သို့ပင် လူ့လောက၌ အလေးအမြတ်ထားပြီး ကျင့်သုံးဆောက်တည်ရမည်၊ ငါးပါးသီလကဲ့သို့သော သီလကျင့်စဉ်ကိုပြဌာန်းပေးနိုင်ခြင်း၊ လူသားတို့လက်ခံထားသော အတ္တ၊ ဇီဝ၊ ဝိညာဉ်၊ လိပ်ပြာကိုသတ်မှတ်ပေးခြင်း၊ ဗုဒ္ဓဘာသာ၌အလေးထားအပ်သလို လူ့လောက၌ အလေးထားအပ်သော အကုသိုလ်ပယ်ခွာမှုကို အလေးထားကျင့်သုံးစေသောကြောင့် ယနေ့ထိ နိဂဏ္ဌ(မဟာဝီရ)(ဂျိန်းဘာသာ)သည် ရပ်တည်နေနိုင်သည်ဟု သုံးသပ်လေ့လာအကဲခတ်ရပါသည်။

## သာမညဖလသုတ်လာဗုဒ္ဓ၏ စိတ်ချမ်းသာနည်း ကျင့်စဉ်အပေါ် လေ့လာအကဲခတ်ခြင်း

ဂေါတမဗုဒ္ဓသည် အရဟံစသောဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသည်၊ ထိုဗုဒ္ဓသည် အစ၊ အလယ်၊ အဆုံးသုံးပါးလုံး ကောင်းသောတရားတော်များကို ဟောကြားခဲ့သည်။

ထိုတရားကိုနာကြားခဲ့ရသော ပုဂ္ဂိုလ်တစ်ဦးသည် အဘိသိက်သွင်းပြီး၍ ရန်သူကိုဖယ်ပြီးသောမင်းသည် မည်သည့်အကြောင်းမျှဖြင့် ဘေးကိုမတွေ့မြင်ရတော့သကဲ့သို့ သီလနှင့်ပြည့်စုံသောရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းနှင့်မျှဘေးကို မတွေ့ရသလို မိမိသန္တာန်၌ အပြစ်ကင်းစင်သောချမ်းသာကို ခံစားနေရသည်။

သီလနှင့်ပြည့်စုံပြီးနောက် ထိုပုဂ္ဂိုလ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၌ထင်လာသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ စိတ်အာရုံတို့ကို စွဲယူလေ့မရှိ၊ ထိုအရာများကို မစောင့်စည်းလျှင် မက်မောခြင်း၊ နှလုံးမသာယာခြင်းဟူသော အကုသိုလ်တရားများသည် ထိုမစောင့်စည်းသောပုဂ္ဂိုလ်၌ လိုက်၍နှိပ်စက်တတ်ကုန်သဖြင့် ထိုပုဂ္ဂိုလ်သည် ဣန္ဒြေတို့၌ ပိတ်ထားသောတံခါးရှိ၍၊ ဣန္ဒြေတို့ကို စောင့်စည်းသည်။

ထိုပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုစောင့်စည်းပြီးနောက် သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ နေရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောဆိုရာ၊ စားရာ

သောက်ရာ၊ ခဲရာ၊ ကျင်ကြီးကျင်ငယ်စွန့်ရာ စသည်တို့၌ အောက်မေ့ခြင်း(သတိ)၊ ဆင်ခြင်ခြင်း(သမ္ပဇဉ်)နှင့် ပြည့်စုံစွာနေလေ့ရှိသည်။

ထိုပုဂ္ဂိုလ်သည် အတောင်ရှိသောငှက်သည် ပျံလေရာသို့ မိမိအတောင်သာဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ ကိုယ်နှင့်မျှတနိုင်သော အစားအစာ၊ အဝတ်အထည်ဖြင့် ရောင့်ရဲလွယ်သည်။

ထိုပုဂ္ဂိုလ်သည် မြတ်သောသီလနှင့် ပြည့်စုံ၊ ဣန္ဒြေစောင့်စည်းမှုရှိ၊ အောက်မေ့ခြင်း(သတိ)၊ ဆင်ခြင်ခြင်း(သမ္ပဇဉ်)ရှိပြီး ရောင့်ရဲခြင်းနှင့်ပြည့်စုံကာ ဆိတ်ငြိမ်သောကျောင်း၊ အိပ်ရာ၊ နေရာ၊ တော၊ တောင်၊ သစ်ပင်ရင်း၊ ချောက်၊ တောင်ခေါင်း၊ သင်္ချိုင်း၊ လွင်ပြင်၊ တောအုပ်၊ ကောက်ရိုးပုံ စသည်တို့တွင် တစ်နေရာရာ၌မှီဝဲပြီး အစားအစာ စားပြီးနောက် ကိုယ်ကို တင်ပလ္လင်ခွေထိုင် မတ်မတ်ထားပြီး ကမ္မဋ္ဌာန်းကိုရှေ့ရှုသတိကိုဖြစ်စေလျက် ထိုင်သည်။

ထိုပုဂ္ဂိုလ်သည် စွဲလမ်းစရာ ခန္ဓာငါးပါး(ရုပ်၊ ခံစားမှု၊ မှတ်သားမှု၊ ပြုပြင်မှု၊ သိမှု)ဟူသော လောက၌-

-မက်မောခြင်းကင်းသောစိတ်ဖြင့်နေ၏၊ ထိုစိတ်မှ စင်ကြယ်စေ၏။

-ပျက်စီးစေလိုမှုကို ပယ်၍ မပျက်စီးစေလိုသောစိတ်ဖြင့် ခပ်သိမ်းသောသတ္တဝါတို့၏အစီးအပွားကို လိုလားလျက်နေ၏၊ ထိုစိတ်မှ စင်ကြယ်စေ၏။

-လေးလံထိုင်းမှိုင်းခြင်းကိုပယ်၍ ထိုစိတ်မှကင်းသည် ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍နေ၏၊ ထိုစိတ်မှ စင်ကြယ်စေ၏။

-ပျံ့လွင့်ခြင်း၊ နောင်တတစ်ဖန် ပူပန်ခြင်းကိုပယ်၍ မိမိ သန္တာန်၌ ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ မပျံ့လွင့် သောစိတ်ရှိကာနေ၏၊ ထိုစိတ်မှ စင်ကြယ်စေ၏။

-ယုံမှားခြင်းကိုပယ်၍ ယုံမှားခြင်းကိုလွန်မြောက်သည် ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော-သို့လော မရှိသည် ဖြစ်၍နေ၏၊ ထိုစိတ်မှ စင်ကြယ်စေ၏။

လောကဥပမာဖြင့်ဆိုရသော်-

-ကြွေးယူ၍ အလုပ်လုပ် သောသူသည် အလုပ်ဖွံ့ဖြိုး၍ ကြွေးလည်းဆပ်နိုင်၊ သားမယားကိုလည်း ကျွေးမွေးနိုင် သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသကဲ့သို့

-အနာရောဂါနှိပ်စက်ခံရ၍ ထမင်းပင်မစားနိုင်သောသူ သည် နောင်တွင် အနာရောဂါပျောက်၍ ဝမ်းမြောက် ဘိသကဲ့သို့

-နှောင်အိမ်၌စာချခံရသူသည် နှောင်အိမ်မှလွတ်သော အခါ ဝမ်းမြောက်ခြင်းကိုရဘိသကဲ့သို့

-သူတစ်ပါးအခိုင်းခံ၊ အစေခံကျွန်တစ်ယောက်သည် သူတစ်ပါးအစေခံ၊ ကျွန်ဘဝမှလွတ်၍ ဝမ်းမြောက်ခြင်း ကိုရဘိသကဲ့သို့

-အစားအစာရှားပါးသောခရီးခဲ ဘေးရန်ရှိသော ရှည်
ဝေးသောခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်သွားသော
သူသည် နောင်အခါ ခရီးခဲကိုလွန်မြောက်ပြီး ချမ်းသာ
သောရွာသို့ရောက်ကာ ဝမ်းမြောက်ရဘိသကဲ့သို့

ဤပုဂ္ဂိုလ်သည် မိမိ၌အပိတ်အပင် တရားငါးပါးကို ပယ်ပြီး ဖြစ်သည်ကိုကောင်းစွာ သိ၍ဝမ်းမြောက်ရသည်၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်ခြင်းရှိသော ပုဂ္ဂိုလ်၏ ကိုယ်သည်ငြိမ်း၏၊ ငြိမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏။

ဗုဒ္ဓဂေါတမ၏ လောကလူသားများစိတ်ချမ်းသာနည်း အခြေခံကျင့်စဉ်(စရဏ)သည် ဤကမ္ဘာပေါ်ရှိ အခြားမည်သည် ဘာသာ မည်သည့်တရား၌မျှ မရှိပါ၊ ဗုဒ္ဓဂေါတမ၏သာသနာ၌ သာတိကျမှန်ကန်သောကျင့်စဉ်အဆင့်ဆင့်ဖြင့် လမ်းညွှန်ထား သည်ကို တွေ့ရပါမည်။

တကယ် လက်တွေ့ကျင့်ကြံအားထုတ်လျှင်လည်း တကယ် စိတ်ချမ်းသာမှုကို လက်တွေ့ခံစားရမည်ကိုလည်း ဗုဒ္ဓ ဂေါတမက အာမခံထားခဲ့ပါသည်။

ဗုဒ္ဓ၏ လက်တွေ့စိတ်ချမ်းသာခံစားရမှုကျင့်စဉ်သည် အပြောနှင့်လုပ်၍မရ၊ လက်တွေ့ကျကျ စိတ်ရှည်ဇွဲသန်ပြီးလုပ်မှ ရသောကျင့်စဉ်ဖြစ်သည်၊ ယနေ့ကမ္ဘာတစ်ဝှမ်းတွင် ရုပ်ဝတ္ထုချမ်း

သာမှုထက် စိတ်ချမ်းသာမှုကိုရှာဖွေနေသူတို့အတွက် မှန်စွာရရှိနိုင်စေသောအကျင့်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတစ်ဝှမ်းတွင် လောကလူသားများသည် ရုပ်ဝတ္ထုများဖွံ့ဖြိုးတိုးတက်မှုအတွက် တဒင်္ဂကိုယ်ချမ်းသာမည်ဟု ထင်မှတ်ခဲ့ကြသည်၊ တကယ်လက်တွေ့ တွေ့ကြုံရသောအခါ စိတ်ချမ်းသာမှုသည်သာ အဓိကဖြစ်နေသည်ကို သဘောပေါက်နားလည်လာကြသည်။

သို့အတွက် စိတ်ချမ်းသာမှုကို နည်းမျိုးစုံနှင့်ရှာဖွေလာကြပါသည်၊ စိတ်ပညာရှင်အမျိုးမျိုးက မိမိတို့တွေးခေါ်ရသလောက် တွေးခေါ်တင်ပြကြသည်၊ သို့သော် အမှန်စိတ်ချမ်းသာမှုကိုမရကြချေ။

ဗုဒ္ဓဓမ္မနှင့်ကျင့်စဉ်ကို ကောင်းစွာသိကြသောပုဂ္ဂိုလ်တို့သည် ကမ္ဘာလူသားတို့အတွက် စိတ်ချမ်းသာမှုကိုရစေသော ဤဗုဒ္ဓဂေါတမ၏ကျင့်စဉ်နည်းကို ကျယ်ပြန့်စွာဖြန့်ဝေနိုင်ကြပါလျှင် ဤကမ္ဘာလောကကြီးရှိလူသားတိုင်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိကြပြီး တစ်ကမ္ဘာလုံးလည်း မေတ္တာဓာတ်လွှမ်းပြီး ငြိမ်းအေးချမ်းသာမှုကိုရကြလိမ့်မည်ဟု သုံးသပ်အပ်ပါသည်။

## သာမညဖလသုတ်လာဝိပဿနာချမ်းသာ(သို့မဟုတ်) ထူးခြားသော ဉာဏ်အဆင့်ဆင့်ရမှုအပေါ်လေ့လာအကဲခတ်ခြင်း

ဗုဒ္ဓသည် အဇာတသတ်မင်းကို ဝိပဿနာချမ်းသာ(သို့မဟုတ်) ထူးခြားသော ဉာဏ်အဆင့်ဆင့်ရလာမှုကို ဆက်လက်ဟောပြတော်မူပါသည်။

ဤလောကတွင် စန္ဒကူးနှစ်ကိုရယူလိုလျှင် စန္ဒကူးမကြီးမှ အပွေးအခေါက်အခွံ၊ အကာတို့ကို ပယ်ရှားပစ်ရမည်၊ ထိုအရာများဖြင့် တင်းတိမ်နေလျှင် စန္ဒကူးနှစ်ကိုမရနိုင်သကဲ့သို့ သာသနာဘောင်ဝင်၍ ရဟန်းပြုနေခြင်းသည် အရဟတ္တဖိုလ်အနှစ်ကို ရှာဖွေနေခြင်း ဖြစ်ပါသည်။

ရဟန်းသည် အပေါ်ယံအပွေးမျှဖြစ်သော လာဘသက္ကာရလာဘ်ရမှု၊ အပူဇော်ခံရမှု၊ အရှိန်အဝါရှိမှုနှင့်တင်းတိမ်မနေရပါ။ အခေါက်ပမာသီလဖြင့် တင်းတိမ်မနေရပါ၊ အခွံနှင့်တူသော စျာန်သမာပတ်လောက်ကို အဟုတ်ကြီးထင်၍မနေရပါ။

အကာမျှဖြစ်သော စတုတ္ထစျာန်အဆင့်အမြင့်ထူးရ၍ တန်ခိုးပြနိုင်ခြင်းဟူသော အဘိညာဉ်ကိုပင် ရဟန္တာဟု ထင်မနေရပါ၊ အစစ်အမှန် အနှစ်သာရ အရဟတ္တဖိုလ်အစစ်ကိုရလိုလျှင် လာဘသက္ကာရဟူသော အပွေး၊ သီလဟူသောအခေါက်၊ သမာဓိဟူသော အခွံ၊ အကာဟူသော အဘိညာဉ်တို့ကို ပယ်ရပါမည်၊

အရဟတ္တဖိုလ် အစစ်ရနိုင်ရန် တရားအနှစ်အစစ်အမှန်ဟူသော ဝိပဿနာအဆင့်သို့ရောက်အောင် ကြိုးစားအားထုတ်ရပါမည်။

ဗုဒ္ဓက မိမိ၏တပည့်သား သံဃာတော်များအတွက် အာမိသအမွေ(ပစ္စည်းလေးပါး)၊ ဓမ္မအမွေ(ဓမ္မဝိနယ)နှစ်မျိုးစလုံး ပေးခဲ့ပါသည်၊ ရဟန်းသည် ထိုအမွေနှစ်မျိုးစလုံးကို အသုံးချသွားရန် လိုအပ်ပါသည်။

အာမိသအမွေဖြင့် သာယာလမ်းဆုံးနေကြလျှင် သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-သံသရာဝဋ္ဋ်ဆင်းရဲမှလွတ်မြောက်ရခြင်းအကျိုးငှာဟူသော မူလရည်ရွယ်ချက်ကိုစွပြီးမြောက်တော့မည်ဟုတ်ပါ။

ပစ္စည်းလေးပါးဟူသော အာမိသအမွေကို တရားနှင့်အညီသုံးဆောင်ခြင်း၊ ရှောင်ကြဉ်သင့်သည်ကိုရှောင်ကြဉ်ခြင်း၊ လိုက်နာခြင်းဟူသော ဓမ္မအမွေကို ခံယူမှသာ သံသရာဝဋ္ဋ်ဆင်းရဲမှလွတ်မြောက်ရေးရည်ရွယ်ချက် အောင်မြင်ပါမည်။

ဗုဒ္ဓက ရဟန်းများကို တတ်သိနားလည်အောင် သင်ယူခြင်း(ပရိယတ်)၊ တတ်သိနားလည်ပြီး ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်း(ပဋိပတ်) ထိုသို့ကြိုးစားအားထုတ်က အကျိုးတရားခံစားရခြင်း(ပဋိဝေဓ)ဟူ၍ လမ်းညွှန်ခဲ့သလို ဗုဒ္ဓဟောကြားခဲ့သော သုတ္တန်-ဝိနည်း-အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံ၌-

-ဝိနည်းကို ကောင်းစွာသင်ယူပြီး ကောင်းစွာကျင့်သော ရဟန်းသည် သီလနှင့်ပြည့်စုံခြင်းကိုအမှီပြု၍ တေဝိဇ္ဇ ပတ္တ-ရဟန္တာအဖြစ်သို့ရောက်နိုင်သည်၊ ဝိနည်းပိဋကတ် ဝိနည်းအကျင့်သည် ဝိဇ္ဇာသုံးပါးကိုရခြင်း၏ အခြေခံ အကြောင်းအကျင့်မြတ်ဖြစ်သည်။

-သုတ္တန်ပိဋကတ်ကို ကောင်းစွာသင်ယူ၍ သုတ္တန်ကို ကောင်းစွာကျင့်သောရဟန်းသည် သမာဓိနှင့်ပြည့်စုံနိုင်သည်၊ သမာဓိနှင့်ပြည့်စုံခြင်းကို အကြောင်းပြု၍ ဆဠဘိညာရဟန္တာအဖြစ်သို့ရောက်ရှိနိုင်သည်၊ သုတ္တန်သည် ခြောက်ပါးသော အဘိညာဉ်ရခြင်း၏ အခြေခံ အကျင့်မြတ် ဖြစ်သည်။

-အဘိဓမ္မာကို ကောင်းစွာသင်ယူ၍ အဘိဓမ္မာကို ကောင်းစွာကျင့်သောရဟန်းသည် ပညာနှင့်ပြည့်စုံ၍ ပဋိသမ္ဘိဒါပတ္တရ ရဟန္တာအဖြစ်သို့ရောက်ရှိနိုင်သည်၊ အဘိဓမ္မာသည် ပဋိသမ္ဘိဒါလေးပါးရခြင်း၏ အခြေခံ အကျင့်ဖြစ်ပါသည်။

ရဟန်းသည် အပြစ်အားလျော်စွာဆုံးမတတ်သော ယထာပရာဓသာသနာ၊ သတ္တဝါတို့၏စရိုက်နှလုံးသွင်းအားလျော်စွာဆုံးမတတ်သော ယထာနုလောမသာသနာ၊ ရုပ်နာမ်ဓမ္မအစုဍ္ဍ ငါ-ငါ၏ဥစ္စာစသည်ဖြင့် ဟုတ်မှန်သည့်အတိုင်းဆုံးမတတ်သော

ယထာဓမ္မသာသနာဟူသော သာသနာသုံးရပ်ကို စနစ်တကျ သင်ယူမှတ်သားနိုင်ရမည်၊ ထိုသို့မသင်ယူ မမှတ်သားနိုင်က ပျက်စီးသောရဟန်းဖြစ်သွားနိုင်သည်။

ရဟန်းသည် ဉာဏ်ပညာထက်မြက်သူဖြစ်က(၁၀)ဝါ၊ ဉာဏ်ပညာနုံသူဖြစ်က ဝါ(၂၀)အရတွင် သမထ၊ ဝိပဿနာ နှစ်ဖြာသောဘာဝနာကိုပွားများရမည်ဟု ဆိုထားသဖြင့် ဝိပဿနာ ဓုရကိစ္စကို အားထုတ်ကြရပါသည်။

ဝိပဿနာအားထုတ်မည့်ရဟန်းသည် ဆရာဥပဇ္ဈာယ် ထံ၌ ကမ္မဋ္ဌာန်းဆိုင်ရာကျင့်စဉ်နည်းများကို လေ့လာသင်ယူ၍ သီလစင်ကြယ်စွာရှိရမည်။

ပလိဗောဓဆယ်ပါးပြတ်တောက်နိုင်ရမည်၊ ကမ္မဋ္ဌာန်း ပေးတတ်သော ပိယဂရုကဘာဝနိယစသော ဂုဏ်နှင့်ပြည့်စုံသော ဆရာကောင်းထံကပ်၍ မိမိစရိုက်အားလျော်သောကမ္မဋ္ဌာန်းကို ယူပြီး ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ မဂ်-ဖိုလ်ရအောင် ကျင့်ကြံ အားထုတ်ရမည်၊ ဤကား ဝိပဿနာဓုရကိစ္စပင် ဖြစ်သည်။

ရဟန်းသည် ကျမ်းဂန်စာပေသင်ရမည့်ကာလ၊ ဝိပဿ နာတရားအားထုတ်ရမည့်ကာလကိုပိုင်းခြားသိက ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓက ကာလညူပုဂ္ဂိုလ်ဟူ၍ ဟောကြားခဲ့ပါသည်၊ မသိသော ပုဂ္ဂိုလ်ကို မဂ်-ဖိုလ်မှအချည်းနှီး(မောဃပုရိသ)ဟူ၍ဆိုခဲ့ပါသည်။

ရဟန်းသည် ရဟန်းဘဝဝယ် ဗုဒ္ဓ၏စကားကိုနားထောင်လိုက်နာ၍ မိမိ၏အကျိုးပြီးမြောက်၊ ပစ္စည်းလေးပါးဒါယကာတို့အကျိုးကြီးရောက်၍ ခံစားရရှိနိုင်စေရန် ဓုရ(၂)ပါးကို ကြိုးစားအားထုတ်ရသည်၊ ထိုသို့ အားမထုတ်က ရဟန်းဖြစ်ကျိုးမနပ်သူဗုဒ္ဓသာသနာကိုဖျက်ဆီးရာရောက်သူ၊ ဒါယကာတို့၏ကုသိုလ်အစီးအပွားကိုဖျက်ဆီးသူ ဖြစ်သွားတတ်သည်။

ရဟန်းသည် သာလွန်မြင့်မြတ်သောရဟန်းပြုကျိုး(၀၊)

(၁) စတုတ္ထစျာန်ချမ်းသာသမာဓိဖြင့်စိတ်တည်ငြိမ်သည်ရှိသော်

(၂) နီဝရဏကင်း၍ စင်ကြယ်သည်ရှိသော်

(၃) ဝိတက်ကင်း၍ ဖြူစင်သည်ရှိသော်

(၄) လာဘ်လာဘရလိုမှုအကုသိုလ်အပြစ်ကင်းသော်

(၅) တပ်မက်မှုလောဘစသော စိတ်ဓာတ်ညစ်ညူးမှုကင်းသော်

(၆) စျာန်သမာပတ်ကို အထပ်ထပ်လေ့လာခြင်းဖြင့်လျော့ပြီးသောရွှေပမာ နူးညံ့၍အလိုရှိရာပါသည်ရှိသော်

(၇) ဉာဏ်ဆယ်ပါးတို့ဖြစ်ပွားလောက်အောင် ခန့်ကျန်လုံလောက်သော်

(၈) ဘာဝနာကိစ္စပြည့်စုံ၍ မတုန်မလှုပ်တည်ငြိမ်သည်ရှိသော်

ဤအင်္ဂါ(၈)ပါးနှင့်ပြည့်စုံပါက ဝိပဿနာဉာဏ်အမြင်အလို့ငှာ စိတ်ကိုရှေ့ရှုဆောင်သည်။

ထိုရှေ့ရှုဆောင်သောရဟန်းသည် ဤငါ၏ကိုယ်သည် ရုပ်သာဖြစ်၏၊ မဟာဘုတ်လေးပါးအမှီပြု၏၊ အမိအဖသုတ်သွေး ကြောင့်ဖြစ်ရ၏၊ ထမင်းစသောအာဟာရဖြင့် ကြီးပွားရ၏၊ အမြင် အသိဝင်သည်၊ ငါ၏ ဤအသိဝိညာဏ်သည် ဤကိုယ်ကိုမှီ၍ နေရ၏၊ ဆက်စပ်နေရ၏၊ ထိုသည်တို့သည် မမြဲ၊ ဆင်းရဲ၊ အစိုး တရမရှိ ဟု ဝိပဿနာအမြင်ရရှိလာသည်။

ဤဝိပဿနာဉာဏ်အမြင်သည် ရှေးဖြစ်သောမျက်မြင် လက်တွေ့ရဟန်းပြုအကျိုးထက် သာလွန်မွန်မြတ်သောရဟန်းပြု အကျိုးပင်ဖြစ်သည်။

ဈာန်သမာပတ်ရရှိသော အထက်ပါအင်္ဂါ(၈)ပါးနှင့် ပြည့်စုံသောရဟန်းသည်-

-မိမိနှင့်အလားတူ ကိုယ်ခွဲဖန်ဆင်းနိုင်သော မနောမယ ဉာဏ်စိတ်ကို ရှေ့ရှုဆောင်နိုင်သည်။ (မနောမယိဒ္ဓိ)

-တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်စိတ်ကို ရှေ့ရှုဆောင်နိုင်သည်။ (ဣဒ္ဓိဝိဓဉာဏ်)

-နတ်၏နားကဲ့သို့ အသံအမျိုးမျိုးကိုကြားနိုင်သော ဉာဏ်စိတ်ကိုရှေ့ရှုဆောင်နိုင်၏။ (ဒိဗ္ဗသောတဉာဏ်)

-သူတစ်ပါး၏စိတ်ကိုသိနိုင်သောဉာဏ်စိတ်ကို ရှေ့ရှု ဆောင်နိုင်၏။ (စေတောပရိယဉာဏ်)

-ရှေးဘဝများစွာကိုအောက်မေ့ဆင်ခြင်နိုင်သော ဉာဏ်စိတ်ကိုရှေ့ရှုဆောင်နိုင်၏။ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်)

-သတ္တဝါတို့၏သေခြင်း၊ ပြန်ဖြစ်ခြင်းကိုသိနိုင်သောဉာဏ်စိတ်ကိုရှေ့ရှုဆောင်နိုင်၏။ (စုတူပပါတဉာဏ်)

-အာသဝေါတရားတို့၏ကုန်ခမ်းရာ ဉာဏ်စိတ်ကိုရှေ့ရှုဆောင်နိုင်၏။ (အာသဝက္ခယဉာဏ်)

-ဤအာသဝက္ခယဉာဏ်ဟူသော မျက်မြင်လက်တွေ့ရဟန်းပြုအကျိုးထက် သာလွန်မွန်မြတ်သောရဟန်းပြုကျိုးကားမရှိတော့ပေ။

ဗုဒ္ဓက မိမိ၏တပည့်သား ရဟန်းသံဃာတော်များကိုပစ္စုပ္ပန်သီလအကျိုး၊ သမာဓိရအောင် သမထကမ္မဋ္ဌာန်းစီးဖြန်းခြင်း၏အကျိုး၊ ဝိပဿနာ၏အကျိုးတို့ကို လမ်းညွှန်ဟောထားခဲ့သည်။

ရဟန်းတို့၏ သီလသိက္ခာနှင့်ပတ်သက်၍ ပစ္စုပ္ပန်အကျိုးတို့ကို မူလပဏ္ဏာသအကင်္ခေယျသုတ်၌-

-မိမိကို သီတင်းသုံးဖော်များက ကြည်ညိုလေးစားခံယူလိုလျှင် မိမိသီလသိက္ခာကို စင်ကြယ်အောင်ဖြည့်ကျင့်ရမည်။

-ပစ္စည်းလေးပါးကို တရားသဖြင့် ရယူလိုလျှင် မိမိ၏သီလကို စင်ကြယ်အောင်ဖြည့်ရမည်။

-မိမိအား ပစ္စည်းလေးပါးထောက်ပံ့သူတို့ အကျိုးများစေလိုလျှင် မိမိသီလကို စင်ကြယ်အောင်ပြုရမည်။

-ကွယ်လွန်သူဆွေမျိုးဉာတိတို့ရောက်ရာဘဝမှာ အကျိုးရစေလိုလျှင် မိမိသီလကို စင်ကြယ်အောင်ပြုရမည်။

ဤတရားတော်အရ ရဟန်းတစ်ပါး၏ဘဝနှင့်သီလ စင်ကြယ်အောင်နေနိုင်မှု၊ သံသရာဝဋ်ဆင်းရဲမှလွတ်အောင် သမထဝိပဿနာ ကျင့်ကြံအားထုတ်မှု၊ ထိုသို့ကျင့်ကြံအားထုတ်မှုကြောင့် ရရှိခံစားရသော ထူးခြားသောဉာဏ်အဆင့်ဆင့်ရမှုတို့သည် ဗုဒ္ဓဘာသာရဟန်းတော်များမှတစ်ပါး အခြားမည်သည့်ဘာသာ၊ မည်သည့်ရဟန်းလောကမှာမှမရှိသည်ကို တွေ့ရပါမည်။

ဤကမ္ဘာလောကတွင် ဗုဒ္ဓဂေါတမသာသနာ၏ရဟန်းပြုမှုနှင့်ကျင့်စဉ်နည်းလမ်းရရှိသောအကျိုးတို့ကို ယနေ့သိပ္ပံပညာရှင်တို့သည် မည်သူတစ်ဦးတစ်ယောက်မျှ ရုပ်ဝတ္ထုအရာဖြင့် ထုတ်ဖော်မပြနိုင်သေးပါ။ စိတ်ဓာတ်သဘာဝအရ ပြုလုပ်ရမည့်ကျင့်စဉ်ဖြစ်နေ၍ ယနေ့သိပ္ပံပညာသည် လိုက်မမှီနိုင်သေးဟု ဆိုရပါမည်။

ဗုဒ္ဓ၏သာလွန်မွန်မြတ်သော ရဟန်းပြုအကျိုးနှင့်ဉာဏ်အဆင့်ဆင့်ဖြစ်ပေါ်ရရှိမှုသည် ဤကမ္ဘာပေါ်၌ထူးခြားသော ဓမ္မကျင့်စဉ်တစ်ခုဖြစ်နေသည်ဟု သုံးသပ်လေ့လာအကဲခတ်ရပါသည်။

# သာမညဖလသုတ်လာ အဇာတသတ်မင်း၏ဘဝကို လေ့လာအကဲခတ်ခြင်း

သာမညဖလသုတ်တွင် ရဟန်းဖြစ်ကျိုးနှင့် တရားကျင့်စဉ်အဆင့်ဆင့်ကို အဓိကထား၍ ဟောထားပါသည်။

ဤတရားဟောကြားရန် ဖြစ်ပေါ်လာသော အဓိကဇာတ်ကောင်မှာ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်ဖြစ်ပါသည်၊ အဇာတသတ်မင်း၏ ဘဝသည် မှတ်သားစရာ သင်ခန်းစာယူစရာများစွာ ပါဝင်ခဲ့သလို ဤအဇာတသတ်မင်းကြောင့် ဗုဒ္ဓသာသနာတော်ဝယ် ဤမည်သောတန်ခိုးကြီးသော ဈာန်မဂ်ဖိုလ်ကျင့်စဉ်များကို စနစ်တကျဟောပြောပြထားသော တရားတော်များ မှတ်တမ်းတင် ကျန်ရစ်ခဲ့ရပါသည်။

အဓိကတရားတော်၏ဇာတ်ကောင် ဘုရင်အဇာတသတ်၏ဘဝသည် အတုယူစရာကောင်းသလို သံဝေဂယူဖွယ် ကောင်းသောဘဝ၊ သနားစရာကောင်းသောဘဝလည်း ဖြစ်ပါသည်။

အဇာတသတ်၏ဖခင်မှာ သောတာပန်ဘုရင်ကြီး၊ ဘုရားရှင်၏ဥပါသကာ၊ ဝေဠုဝန်ကျောင်း ဒါယကာကြီးတစ်ဦးဖြစ်ပြီး မိခင်မှာ အရာရာနှိုင်းယှဉ်ဝေဖန်တတ်သော ပညာရှိသူကောသလမင်းကြီး၏ အမဝေဒေဟီမိဖုရားဖြစ်သည်။

ဝေဒေဟီသည် အဇာတသတ်မင်းကို ကိုယ်ဝန်ရှိစဉ် ဘုရင်ဗိမ္ဗိသာရ၏ လက်ျာလက်မောင်းသွေးကို သောက်လိုသော

ချဉ်ခြင်း ဆန္ဒဖြစ်ပေါ်ခဲ့သည်။ထိုအခါ မိဖုရားကြီးသည် ဝန်လေးသောအရာ၌ ချဉ်ခြင်းဖြစ်ပေါ်လာ၍ တစ်စုံတစ်ယောက်မျှ ပြောကြားရန်မဖြစ်-ဟု ပညာဖြင့်ဆင်ခြင်ကြည့်ပြီး ထုတ်ဖော်မပြောကြားဘဲနေခဲ့သည်။ စိတ်ဆင်းရဲနေ၍ ကြုံလှီပြီး ရုပ်အဆင်းမလှဖြစ်သွားခဲ့သည်။

ထိုသည်ကို မင်းကြီးက အကဲခတ်လေ့လာမိပြီး စိတ်ဆင်းရဲဖြစ်မှုကို ဖွင့်ပြောရန်ပြော၍ မိဖုရားကြီးဝေဒေဟီသည် နောက်ဆုံး ဖွင့်ပြောလိုက်ရသည်။

ထိုအခါ ဘုရင်ဗိမ္ဗိသာရသည် အလွယ်တကူပင် ရွှေဓားငယ်ဖြင့် လက်မောင်းကိုဖောက်စေ၍ ရွှေခွက်ငယ်ဖြင့် ခံယူကာရေနှင့်ရောသောက်စေသည်။

နိမိတ်ဖတ်သော ဆရာ၊ပုဏ္ဏားတို့က မမွေးဖွားမီကပင် ခမည်းတော်မင်းကြီး၏ ရန်သူဖြစ်လာလိမ့်မည်ဟု ကြားသိရသောအခါ ဥယျာဉ်သို့ အကြိမ်ကြိမ်သွား၍ ဗိုက်ကိုနှိပ်နယ်ကာကိုယ်ဝန်ကိုပျက်အောင်ဖျက်သည်။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးသိ၍ သားမှန်းမသိသမီးမှန်းမသိ၊ မထင်ရှားသေးပါဘူး မိမိဝမ်းထဲဖြစ်လာတဲ့ကလေးကို ဒီလိုဖျက်ဆီးပစ်တယ်လို့ ကျေးဇူးမဲ့ အပြစ်ပုံကြီး ဇမ္ဗူဒိပ်တစ်ပြင်လုံးမှာ ထင်ပေါ်သွားလိမ့်မယ်၊ ဟု မင်းကြီးက တားမြစ်၍ မသတ်ဖြစ်တော့ဘဲ မွေးပြီးမှသတ်ပစ်မည် ဟု စီမံသည်။

မွေးပြီးသောအခါ ကလေးကို ဖယ်ထားလိုက်၍ မသတ်ဖြစ်ချေ၊ ကြီးပြင်းသောအခါမှ သားကိုမိဖုရားထံပြရာ သားကိုမြင်လျှင်မြင်ခြင်း သားဟူသော ချစ်ခြင်းဖြစ်လာ၍ မသတ်ဖြစ်တော့ချေ။။

နောက်အရွယ်ရောက်သော် ဒေဝဒတ်ရဟန်း၏ စည်းရုံးမှုနောက်ပါသွားပြီး ဖခင်ထံမင်းအဖြစ်ကိုတောင်းသည်။ ဖခင်က မင်းအဖြစ်ကိုပေးသောအခါ ဒေဝဒတ်ဆရာ၏ အကြံပေးမှုဖြင့် ဖမ်းဆီးထောင်ချ၊ အစာငတ်သေရန် စီမံသည်၊ ထိုသို့မသေသောအခါ ဖြေထောက်ကိုခွဲစေရာမှ ဖခင်ဘုရင်ကြီး နတ်ရွာစံခဲ့ရသည်။

ဗိမ္ဗိသာရမင်းကြီး၏ ခြေကိုဓားခွဲခံရသည်မှာ ရှေးအခါက စေတီရင်ပြင်၌ ဖိနပ်စီးလျက် သွားခဲ့သည်။ သံဃာထိုင်ရန်ခင်းထားသော သင်ဖြူးကိုလည်း မဆေးသောခြေဖြင့် နင်းခဲ့သောအကုသိုလ်ကံကြောင့် ခြေကိုမီးကင်ပြီး အခွဲခံရသည် ဟုဆိုပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် ရတနာသုံးပါးဂုဏ်ကို အာရုံပြုပြီး အတိတ်ဘဝက မိမိစွဲလမ်းခဲ့သော စစ်သူကြီးဘဝကို အာရုံစွဲ၍ သေခဲ့သဖြင့် ကျောင်းဒကာသောတာပန်ကြီး ဖြစ်ခဲ့သော်လည်း အောက်ဆုံးနတ်ဘုံ စတုမဟာရာဇ်နတ်ပြည်၌ ဝေဿဝဏ်နတ်မင်းကြီးအလုပ်အကျွေး ဇနဝသဘ မည်သောနတ်သား သွားဖြစ်ရသည်။

မင်းကြီးနတ်ရွာစံသောနေ့၌ပင် အဇာတသတ်၏မိဖုရားက သားတော်လေးဥဒယဘဒ္ဒကို မွေးဖွားခဲ့သည်၊ အဇာတသတ်သည် မိမိ၏သားကိုမြင်မှ ဖခင်စိတ်ဝင်ကာ ဖခင်ချင်းကိုယ်ချင်းစာပြီး ဖခင်ကို ခွင့်လွှတ်နိုင်ခဲ့သည်၊ သို့သော်ဖခင်က နတ်ရွာစံပြီးဖြစ်ရာ ကြီးစွာသောနောင်တ ရခဲ့သည်။

သို့သော်အဇာတသတ်သည် ဆရာဒေဝဒတ်ကို ကိုးကွယ်မှု မစွန့်လွှတ်၍ ဒေဝဒတ်က ဘုရားကိုသတ်ရန် စီမံမှုပြုသောအခါ လေးသမားတို့ကို စေလွှတ်၍လည်းကောင်း ဂိဇ္ဈကုတ်တောင် ကျောက်တုံးယန္တရား တပ်ဆင်မှု၌လည်းကောင်း နာဠာဂီရိ ဆင်လွှတ်မှု၌လည်းကောင်း အကူအညီပေးခဲ့သည်။

နောက်ဒေဝဒတ် မြေမျို၍ သေသောအခါမှ သံဝေဂရခဲ့သည်၊ ဖခင်ကိုသတ်မိခဲ့သော စိတ်သောကကို အမြဲခံစားနေရကာ ည-ညအိပ်မရဖြစ်ခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့၌ ညအိပ်မရ အမတ်ကြီးများနှင့် ညီလာခံလုပ်ပြီး မည်သည့်ဆရာတော်ထံသွား၍ မည်သည့်ဆရာတို့ထံသွား၍ တရားနာရလျှင် ကောင်းမည်နည်း ဟုမေးသောအခါ အခြားအမတ်တို့က မိမိတို့ ကိုးကွယ်ဆည်းကပ်ကြသော ပူရဏကဿပ မက္ခလိဂေါသာလ နိဂဏ္ဌနာဋ္ဋ ပုတ္တဆရာကြီးများထံ သွားရောက်တရားနာရန် အကြံပေးသည်။

ဆရာဇီဝကကိုမေးသောအခါဆရာဇီဝကကမိမိ၏သရက်

ဥယျာဉ်၌ သီတင်းသုံးနေသော ဘုရားရှင်ထံသွားရောက်ဖူး မျှော်သင့်ကြောင်း အကြံပြုလျှောက်ထားသည်၊ ဘုရားရှင်၏ ဂုဏ်တော်များ ကိုလည်းလျှောက်ထားပြသသည်။

အဇာတသတ်မင်းသည် ဇီဝက၏အကြံပြုချက်ကို လက်ခံပြီး ဆင်မယဉ်သာ(၅၀၀)နှင့် အမျိုးသမီး(၅၀၀)ကို စစ်ဝတ်တန်ဆာ ဆင်စေပြီး ရာဇဂြိုလ်နှင့် ဂိစ္ဈကုတ်တောင်ကြားရှိ ဇီဝကပိုင် သရက်ဥယျာဉ်သို့ ညဥ့်အချိန် မီးများထွန်းညှိကာ သွားရောက်ခဲ့သည်။

ဇီဝကဥယျာဉ်အရောက်တွင် ဥယျာဉ်တစ်ခုလုံး တိတ်ဆိတ်နေသဖြင့် ကြောက်ရွံ့ သွားသည်၊ဗုဒ္ဓသည်အသံတိတ်ဆိတ်မှုကို လိုလားသည်၊ တိတ်ဆိတ်သောအသံရှိ၍သာ ဗုဒ္ဓထံ ချဉ်းကပ်သင့်သည်ဟု ကြိုလျှောက်ထားခဲ့သော်လည်း အဇာတသတ်သည် ဇီဝကအပေါ် ယုံမှားသံသယ ဖြစ်ခဲ့သည်။ မိမိကြောက်ရွံ့သော အချင်းအရာကိုလည်း ဇီဝကအားထုတ်ဖော်ပြောခဲ့သည်။

ဇီဝက က မကြောက်ရန် တိုက်တွန်းပြီး ဗုဒ္ဓထံအရောက်ခေါ်သွားခဲ့သည်၊အဇာတသတ်မင်းသည်ဘုရားရှင်နှင့်သံဃာတွေ့ရသောအခါ ချောင်းဟတ်သံ၊ ချေဆတ်သံမျှမကြားရ၊ အလွန်ငြိမ်သက်တည်ကြည်သော ဗုဒ္ဓနှင့်သံဃပရိသတ်ကို တွေ့မြင်ရသောအခါ အလွန်အံ့ဩသွားသည်၊ ကြည်လည်းကြည်ညိုမိသည်။

မိမိ၏သားဥဒယကို ဤကဲ့သို့သောစိတ်ငြိမ်သက်မှုရှိလျှင် ကောင်းမည်ဟုတွေးမိသည်။ မိမိကဖခင်ကို သတ်ထား၍ ဤသားက ထိုကိစ္စကို သိထားပြီး မိမိကိုပြန်သတ်မည်ကို အဇာတသတ်မင်း စိုးရိမ်ခဲ့သည်၊ မိမိသားအပေါ်၌လည်း ကြောက်ရွံ့စိုးရိမ်နေခဲ့သည့်အတွက် သူ၏သား ဤကဲ့သို့ စိတ်ငြိမ် တိတ်ဆိတ်မှုကို လိုလားသောစိတ် ဖြစ်ပေါ်ခဲ့သည်။

"မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကား အံ့ဩဖွယ်ကောင်းလေစွ၊ မြတ်စွာဘုရားအား ပြစ်မှားခြင်း၌ ငါနှင့်တူသူ ရှိမည်မထင်၊ ငါသည်ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ခမည်းတော်ကိုလည်း သတ်ခဲ့၏၊ ဘုရားကိုလုပ်ကြံသတ်ဖြတ်သော ဒေဝဒတ်ကိုလည်းအကူအညီ ပေးခဲ့၏၊ ဤမျှကြီးလေးသောအပြစ်ရှိသော ငါ့ကိုစကား ပြောဆိုတော်မူသော ဘုရားရှင်၏ နှုတ်တော်သည် မဆန်ပနိုင်အောင်ရှိဘိ၏၊ ဘုရားရှင် ငါးပါးသော အခြင်းအရာတို့ဖြင့် မလှုပ်မယိုင် ကြံ့ခိုင်သော တာဒိလက္ခဏာ၌ တည်တော်မူပေစွတကား၊ ဤသို့သဘောရှိသောဆရာကို စွန့်ပယ်၍ အပြင်၌ ဆရာကို ငါမရှာတော့အံ့"

ဟုအကြံဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဘုရားရှင်နှင့် သံဃာတော်များကို ရိုသေစွာရှိခိုးပြီးမှ နေရာတစ်ခု၌ ထိုင်သည်။

ဘုရားရှင်က အဇာတသတ်မင်းကို သင်၌ယုံမှားသံသယများရှိကမေးနိုင်သည်၊- ဟုခွင့်ပြုသောအခါ အလွန်ပင်နှစ်သက်ဝမ်းမြောက်ပြီးလျှင်---

"ဤလောက၌ ဆင်စီး၊မြင်စီးသော အတတ်ပညာဖြင့် မျက်မှောက်ဘဝ ချမ်းသာမှုရသလို ရဟန်းဘဝ၌ မျက်မှောက်ချမ်းသာမှုရှိ-မရှိ ကို အဇာတသတ်ကမေးခဲ့သည်"

ဘုရားရှင်က မင်းမြတ်၊ အခြား ဂိုဏ်းဆရာများကို ဤပြဿနာမေးမှုရှိ-မရှိ ထပ်ဆင့်မေးသောအခါ အဇာတသတ်က အခြားဂိုဏ်းဆရာကြီးများကို မေးခဲ့ကြောင်းနှင့် ထိုဆရာများ၏ အဖြေတို့ကို ပြန်လည်လျှောက်ထားပြခဲ့သည်။

ထို့နောက်ဗုဒ္ဓက အဇာတသတ်မင်းကို ရဟန်းပြုကျိုး၏ လက်တွေ့အကျိုးများ၊ဈာန်အဘိညာဉ်အကျင့်များ၊ မဂ်ဖိုလ်ရရန် အကျင့်များကို အစဉ်လိုက်ဟောပြပြီး ထိုကဲ့သို့သောအကျင့်များ၏ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြတ်ပုံတို့ကိုလည်းကောင်း၊ ရာဂကင်းကြောင်းဖြစ်သော အရိယာမဂ်တရားကိုလည်းကောင်း၊ တုန်လှုပ်ခြင်း တဏှာမရှိသော စိုးရိမ်ခြင်းမရှိသော အရိယာဖိုလ်တရားကိုလည်းကောင်း၊ အကြောင်းလေးပါးတို့ မပြုအပ်သော နိဗ္ဗာန်တရားကိုလည်းကောင်း၊ တစ်စုံတစ်ခုနှင့်မျှ ဆန့်ကျင်မှုမရှိသော ချိုဆိမ့်သောအရသာနှင့်တူသော အဖန်ဖန်အထပ်ထပ်လေ့လာအပ်သော ကောင်းစွာဝေဖန်အပ်သော ပရိယာတ်တရား

ဟူသော ဓမ္မလေးမျိုးတို့ကို ရှင်းပြပြီး ကိုးကွယ်ရန်တိုက်တွန်းခဲ့သည်။

ဘုရားရှင်တရားတော်အဆုံးဝယ် အဇာတသတ်မင်းသည် အလွန်နှစ်သက်ဝမ်းမြောက်ပြီး ဘုရားထံ၌ သရဏဂုံဆောက်တည်ကာ ဥပါသကာအဖြစ်ခံယူသည်၊ မိမိ၏ဖခင်အပေါ်၌ ပြစ်မှားမိခဲ့သော အပြစ်ကိုလည်း သည်းခံခွင့်လွှတ်ပေးရန် တောင်းပန်ခဲ့သည်။

ဘုရားရှင်က အပြစ်ကို အပြစ်ဟုမြင်၍ တရားအားလျော်စွာကုစားပြီး နောင်အခါ၌စောင့်စည်းခြင်းသို့ရောက်ကာ ကောင်းကြောင်း ဘုရားရှင်က လမ်းညွှန်မိန့်ကြားပေးခဲ့သည်။

အဇာတသတ်ပြစ်မှားသောအခါ ဘုရားရှင်က ရဟန်းများကို--"ဤမင်းသည် မိမိကိုယ်ကိုမိမိ တူးဖြိုခဲ့၏၊ ဖျက်ဆီးခဲ့၏ ဖျက်ဆီးခဲ့သောတည်ရာ ရှိသူဖြစ်ခဲ့၏" ဟုမိန့်ကြားခဲ့သည်။

အကယ်၍ အဇာတသတ်မင်းသည် ခမည်းတော်ကို မသတ်မိခဲ့သော် ဤနေရာ၌သာလျှင် သောတာပတ္တိမဂ်ရောက်ရာ၏၊ မိတ်ဆွေယုတ်နှင့်ပေါင်းမိခြင်းကြောင့် သောတာပတ္တိမဂ်အန္တရာယ် ဖြစ်ပေါ်ခဲ့ရသည်-ဟု ဘုရားရှင်က ဆိုလိုရင်း ဖြစ်ပါသည်။

ဤသို့ပင် ဖြစ်ငြားသော်လည်း ဤမင်းသည် ဘုရားရှင်ထံချဉ်းကပ်၍ ရတနာသုံးပါးကို ကိုးကွယ်ရာဟု ဆည်းကပ်ခဲ့သော

ကြောင့်လည်းကောင်း၊ ငါဘုရားသာသနာ၏ မြင့်မြတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဥပမာဆိုသော်-တစ်စုံတစ်ယောက် သောသူသည် တစ်စုံတစ်ယောက်သောသူကိုသတ်၍ ပန်းတစ် ဆုပ်မျှသောဥစ္စာဒဏ်ဖြင့် သေဒဏ်မှလွတ်သကဲ့သို့ ဤတူပင် ဤမင်းသည် အဝီစိမကျဘဲ လောဟကုမ္ဘီ ငရဲ၌ဖြစ်၍ နှစ်ပေါင်း (၃၉၀၀၀) တိုင်အောင် ခံစားရပြီး ငရဲမှလွတ်မည် ဟု ဘုရားရှင် က မိန့်ကြားခဲ့သည်ဟု ဆိုပါသည်။

အဇာတသတ်မင်းသည် ခမည်းတော်ကို သတ်မိသော ကာလမှစ၍ နေ့၌လည်းအိပ်ပျော်ခြင်းကိုမရ၊ ညဉ့်၌လည်းအိပ် ပျော်ခြင်းသို့မရ ဖြစ်နေခဲ့ရမှ ဤသာမညဖလသုတ်တရားတော် ကို နာပြီးသောအချိန်မှစ၍ အိပ်ပျော်မှုရခဲ့သည်၊ ပုထုဇဉ်ဖြစ် သော သဒ္ဓါတရားနှင့်ပြည့်စုံသောသူတို့တွင် ဤမင်းနှင့်တူသော သူမရှိခဲ့၊ နောင်အခါတွင် ဝိဇိတာဝီ မည်သော ပစ္စေကဗုဒ္ဓဖြစ် ၍ ပရိနိဗ္ဗာန်ပြုမည် -ဟု ဘုရားရှင်ကမိန့်ကြားခဲ့သည်ဟု ဆိုပါ သည်၊ သို့သော် ပါဠိတော်၌ မှတ်တမ်းမပါချေ။

ဤသာမညဖလသုတ်လာ အဇာတသတ်မင်းအကြောင်း ကို လေ့လာရခြင်းဖြင့် ဘုရင်ဗိမ္ဗိသာရ၊ အဇာတသတ်တို့ နန်းစံ ရာ ရာဇဂြိုဟ်မြို့သည် မန္ဒာတု စကြာမင်း၊ မဟာဂေါဝိန္ဒ ပုရော ဟိတ် စသောပုဂ္ဂိုလ်တို့ နေပြည်တော်အဖြစ် သိမ်းပိုက်ခဲ့သော ကြောင့် ထိုမြို့ကို ရာဇဂဟ ရာဇဂြိုဟ်ဟုခေါ်ပုံနှင့် စကြဝတေးမင်း

ဖြစ်ပေါ်သောအခါ ဘုရားရှင်များပွင့်သောအခါတို့၌ မြို့ဖြစ်ပြီး ကျန်သောအချိန်၌ လူနေတို့ဆိတ်သုဉ်းပြီး ဘီလူးများသိမ်းပိုက်နေသောအရပ်ဖြစ်ပုံကို သိရပါသည်။ ထိုမြို့တွင် တံခါးကြီး(၃၂)ပေါက်၊ တံခါးငယ်(၆၄)ပေါက်ရှိသည်၊

တစ်ဖန် ဤသုတ်တော်ဖွင့် အဋ္ဌကထာ၌ အဇာတသတ်မျိုးဆက် (၅)ဆက်သည် အဖကိုသတ်ခဲ့ကြောင်း မကောင်းသောသမိုင်းစဉ်ကို တွေ့ရှိရပြီး သိရှိရပါသည်။

သား--အဇာတသတ်မင်းက ဖခင်ဗိမ္ဗိသာရကို သတ်ခဲ့သည်။

သား--ဥဒယဘဒ္ဒမင်းက ဖခင်အဇာတသတ်ကို သတ်ခဲ့သည်။

သား--မဟာမုဏ္ဍိက က ဖခင်ဥဒယဘဒ္ဒ ကိုသတ်ခဲ့သည်။

သား--အနူရုဒ္ဓက ဖခင်မဟာမုဏ္ဍိ ကို သတ်ခဲ့သည်။

သား--နာဂဒါသက ဖခင် အနူရုဒ္ဓ ကိုသတ်ခဲ့သည်။

ဤမင်းတို့သည် အနွယ်ကိုဖြတ်သောမင်းမျိုးများဖြစ်၍ ဤမင်းတို့ဖြင့် အကျိုးမရှိ ဟုဆိုကာပြည်သူတို့က စိတ်ဆိုးပြီး နာဂဒါသက ကို သတ်ကာ မင်းအသစ်တင်မြှောက်ခဲ့ကြသည်။

ဤသုတ်တော်၌ ဘုရင်ဗိမ္ဗိသာရ၏ ဖခင်တစ်ယောက်အနေနှင့် သားသမီးအပေါ် မေတ္တာအလေးအနက်ထားမှု၊ ဘုရင်ဗိမ္ဗိသာရ၏ဝဋ်ကြွေး၊ ဝေဒေဟီ မိဖုရား၏ လင်သားအပေါ် ချစ်ပုံ သားအပေါ် သံယောဇဉ်ကြီးပုံများကို အတုယူစရာကောင်းသလို သားသမီးသည် ငယ်စဉ် အဆုံးအမကောင်းနှင့် ဆရာကောင်း

မတွေ့ရက အသိပညာအလိမ္မာမရှိက သားသမီးရော၊ မိဘပါဆုံး ရှုံးနစ်နာမှုများစွာ တွေ့ရပုံတို့ကို သင်ခန်းစာရယူနိုင်ပါသည်။

အဇာတသတ်မင်းသည် ဆရာပေါင်းမှား၍ ပစ္စုပ္ပန်ဘဝ၌ ဘုရားရှင်နှင့်တွေ့ရ၊ ဖူးရ၊ တရားနာရသော်လည်း သောတာပန်မျှ မဖြစ်ဘဲ ဘဝနစ်နာရသလို တမလွန်ဘဝ၌လည်း ငရဲသို့ကျသွား ရ၍ နှစ်ဘဝ နစ်နာသွားရပုံတို့ကို အတုယူသင်ခန်းစာယူစရာ ကောင်းပါသည်။

ယနေ့ခေတ် မိဘနှင့်သားသမီးတို့သည် ဤအဇာတ သတ်ဘဝဇာတ်လမ်းမျိုး မတိုးမိ-မရောက်မိအောင် သင်ခန်းစာယူ သင့်ကြောင်း လေ့လာသုံးသပ်အကဲခတ်ရပါသည်။

# သာမညဖလသုတ်လာ အဇာတသတ်မင်း၏ ဥပါသကာခံယူမှုအပေါ်၌ဥပါသကာဝတ်ရည်ကိုလေ့လာအကဲခတ်ခြင်း

အဇာတသတ်မင်းသည် ဗုဒ္ဓ၏ဝိဇ္ဇာ-စရဏကျင့်စဉ်တရားအဆင့်ဆင့်ကို ကြားနာမှတ်သားပြီးသောအခါ ဗုဒ္ဓထံ၌ သရဏဂုံဆောက်တည်ခဲ့သလို ဥပါသကာအဖြစ်-ဥပါသကံမံဘန္တေဘဂဝါ ဓာရေတု-ဘုရားရှင်သည် တပည့်တော်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ၊ သိတော်မူပါဟု လျှောက်ထားခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့တွင် သရဏဂုံဆောက်တည်မှုသည် အရေးပါအရာရောက်သလို ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြီးသောသူကို ဥပါသကာဟူ၍ သတ်မှတ်ခေါ်ဝေါ်ထားရာ ထိုဥပါသကာဖြစ်မှုသည်လည်း အလွန်ပင်အရေးကြီးလှသောကျင့်စဉ်တစ်ရပ်ဖြစ်ပါသည်။

ဤဥပါသကာနှင့်ပတ်သက်၍ အရေးကြီးသောအကြောင်းအရာဖြစ်၍ အဋ္ဌကထာဆရာက အဇာတသတ်မင်းဥပါသကာခံယူမှုနှင့်ပတ်သက်၍ ဥပါသကာမည်ပုံ၊ ဥပါသကာ၏သီလ၊ ဥပါသကာ၏အသက်မွေးမှု၊ ဥပါသကာ၏ပျက်စီးခြင်း၊ ဥပါသကာ ၏ပြည့်စုံခြင်းတို့ကို ရှင်းလင်းပြထားရာ ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်သိရှိမှတ်သားထိုက်သော အကြောင်းများဖြစ်ကြပါသည်။

ဥပါသကာဟူသည်နှင့်ပတ်သက်၍ အမှတ်မထား တစ်ပါးပါးသောကိုးကွယ်ရာဟု ဆည်းကပ်သောသူသည် ဥပါသကာမည်၏ ဟု ဆိုပါသည်။

ဗုဒ္ဓက မဟာနာမ်မင်းကို-

"မဟာနာမ်. . . အကြင်အကြောင်းကြောင့် ဥပါသကာသည် ဘုရား၊ တရား၊ သံဃာကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ဤမျှသောအကြောင်းဖြင့် ဥပါသကာမည်၏"

ဟု ဟောကြားရာ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်သောသူဟူသမျှ ဥပါသကာမည်၏ဟု ဆိုရပါမည်။

ဥပါသကာ၏သီလ၊ ထိုဥပါသကာသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟူသော ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ရုံမျှနှင့်မပြီးသေးပါ။ သူ့အသက်မသတ်ခြင်းစသော ငါးပါးသီလကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရပါသည်။

ဗုဒ္ဓက မဟာနာမ်မင်းကို-

"မဟာနာမ်. . . အကြင်အကြောင်းကြောင့် ဥပါသကာသည် သူ့အသက်သတ်မှုကို ရှောင်ကြဉ်၏၊ ပိုင်ရှင်မပေးသောပစ္စည်းကိုယူမှုမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာကျင့်ခြင်းမှရှောင်ကြဉ်၏၊ လိမ်ညာပြောဆိုခြင်းမှရှောင်ကြဉ်၏၊ သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်၏၊ ဤမျှသောအကြောင်းဖြင့် ဥပါသကာသည် သီလရှိသူဖြစ်၏"

ဟု ဟောကြားထားရာ ဥပါသကာသည် အနည်းဆုံးငါးပါးသီလ မြဲမှ ဥပါသကာဖြစ်ပါမည်။

တစ်ဖန် ဥပါသကာသည် ကိုးကွယ်ဆည်းကပ်မှု၊ သီလ မြဲမှုတွင်မက သီလအတွက် အသက်မွေးဝမ်းကြောင်းမှုသည် လည်း အရေးပါသောအကြောင်းတရားဖြစ်နေပါသည်။

သို့အတွက် ဥပါသကာအမည်ရသော ပုဂ္ဂိုလ်နှင့် ပတ်သက်၍ ဘုရားရှင်က ရဟန်းတို့ကို-

"ရဟန်းတို့. . . ဤငါးပါးသော ရောင်းဝယ်မှုတို့ကို ဥပါသကာသည် မပြုအပ်ကုန်-

-လက်နက်ရောင်းဝယ်ခြင်း

-သတ္တဝါရောင်းဝယ်ခြင်း

-သားငါးရောင်းဝယ်ခြင်း

-သေရည်ရောင်းဝယ်ခြင်း

-အဆိပ်ရောင်းဝယ်ခြင်း

ဤငါးပါးသောရောင်းဝယ်မှုတို့ကို ဥပါသကာသည် မပြုအပ်" ဟူ၍ ဟောကြားထားသောကြောင့် ဥပါသကာအမည်ခံ ပုဂ္ဂိုလ် တို့သည် လွဲမှားသော ဤရောင်းဝယ်မှုငါးမျိုးကိုမပြုရပါ။

ဥပါသကာ၏ပျက်စီးခြင်းတွင် ဤငါးပါးသီလနှင့်သမ္မာ အာဇီဝသည်သာလျှင် ပျက်စီးခြင်းရှိပါသည်။ ဤမျှမကသေး အကြင်ဖောက်ပြန်သောအကျင့်ဖြင့် ဥပါသကာသည် ဒွန်းစဏ္ဍား

အညစ်အကြေးအညှော်စားဖြစ်၏၊ ထိုဖောက်ပြန်သောအကျင့်ကို လည်း ဥပါသကာ၏ပျက်စီးခြင်းဟု သိအပ်ပါ၏။

ဥပါသကာအညှော်စား ဒွန်းစဏ္ဍားနှင့်အညစ်အကြေး ဥပါသကာနှင့်ပတ်သက်၍ ဗုဒ္ဓက ရဟန်းများကို-

"ရဟန်းတို့ . . . ငါးပါးသောတရားတို့နှင့်ပြည့်စုံသော ဥပါသကာသည် ဥပါသကာဒွန်းစဏ္ဍားဖြစ်၏၊ အညစ်အကြေး လည်းဖြစ်၏။ အညှော်စားလည်းဖြစ်၏၊ ငါးပါးဟူသည်-

-သဒ္ဓါတရားမရှိသူလည်းဖြစ်၏။

-သီလမရှိသူလည်းဖြစ်၏။

-အထူးအဆန်းကို မင်္ဂလာဟုယုံကြည်သည်လည်း ဖြစ်၏

-အမြင်အကြားကို မင်္ဂလာဟုယုံကြည်၏။

-ကံကိုမယုံကြည်

-ဤသာသနာမှပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကိုရှာ၏။

-ထိုသာသနာပြင်ပပုဂ္ဂိုလ်၌ ရှေးဦးစွာကောင်းမှုပြု၏။

ဟူ၍ ဟောကြားတော်မူရာ ဥပါသကာသည် ဤငါးပါးကို ကျင့်ပါက ပျက်စီးသည်မည်ပါ၏။

ဥပါသကာပြည့်စုံခြင်းဟူသည် သီလပြည့်စုံခြင်း၊ အသက် မွေးမှုနှင့်ပြည့်စုံခြင်း၊ ဤနှစ်မျိုးပြည့်စုံခြင်းသည် ဥပါသကာ၏ပြည့် စုံခြင်းမည်၏။ ထိုမျှမက ထိုဥပါသကာ၏

ရတနာ၏အဖြစ်ကို ပြုတတ်သောသဒ္ဓါအစရှိသော တရားငါးပါး တို့သည်လည်း ဥပါ သကာ၏ပြည့်စုံခြင်းမည်ကြောင်း ဗုဒ္ဓက ရဟန်းများကို-

"ရဟန်းတို့. . . ငါးပါးသောတရားတို့နှင့်ပြည့်စုံသော ဥပါသကာသည် ဥပါသကာရတနာလည်းဖြစ်၏၊ ဥပါသကာ ပဒုမ္မာလည်းဖြစ်၏၊ ဥပါသကာပုဏ္ဍရိပ်လည်းဖြစ်၏၊ ငါးပါးတို့ ဟူသည် သဒ္ဓါတရားလည်းရှိ၏၊ သီလရှိ၏၊ အထူးအဆန်းကို မင်္ဂလာဟု မယုံကြည်၊ ကံကိုယုံကြည်၏၊ အကြားအမြင် မင်္ဂလာကို မယုံကြည်၊ ဤသာသနာပြင်ပ၌ အလှူခံပုဂ္ဂိုလ်ကိုမရှာ၊ ဤ သာသနာတော်၌သာလျှင် ရှေးဦးစွာသောကောင်းမှုကိုပြု၏" ဟူ၍ ဘုရားရှင်ကဟောကြားထား၍ ဥပါသကာ၏ပြည့်စုံခြင်း သည် သာမန်လူသားမည်ကာ မတ္တမဟုတ်၊ အထက်ပါဂုဏ်အင်္ဂါ များနှင့်ပြည့်စုံမှသာ ဥပါသကာ မည်ပါသည်။

သာမညဖလသုတ်ကို လေ့လာရသောအားဖြင့် အဇာ့ တသတ်မင်း၏ ဥပါသကာခံယူမှုနှင့်ပတ်သက်၍ ဥပါသကာခံယူ မှုသည် သာမညနှင့်ဥပါသကာဖြစ်ရသည်မဟုတ်၊ သတ်မှတ်ထား သော ဥပါသကာဂုဏ်၊ ဥပါသကာ၏သီလ၊ ဥပါသကာတို့၏ အသက်မွေးမှုတို့နှင့်ပြည့်စုံမှသာလျှင် ဥပါသကာအမည်ခံနိုင် ကြောင်းကို လေ့လာသိရှိရပါသည်။

လူ့လောက လူ့သဘာဝတွင် လူတို့အားသတ်မှတ်ထားသောဂုဏ်နှင့်ဒြပ်တို့ ရှိပါသည်။ ဥပမာ-စစ်ဗိုလ်ချုပ်ကြီးဆိုက စစ် ဗိုလ်ချုပ်ကြီးနှင့်ညီသော ဂုဏ်အင်္ဂါဒြပ်များ၊ ဝန်ကြီးချုပ်ဆိုက ဝန်ကြီးချုပ်နှင့်ညီသောဂုဏ်အင်္ဂါဒြပ်များ၊ ရဟန်းဆိုလျှင် ရဟန်းနှင့်ညီသောဂုဏ်အင်္ဂါဒြပ်များ သတ်မှတ်ထားသလို ထိုဂုဏ်အင်္ဂါဒြပ်များနှင့်ညီပါမှ ထိုသတ်မှတ်ထားသောအမည်ဝေါဟာရဂုဏ်ထူးအမည်ပညာတ်ကို လက်ခံကြသလို ယခု ဥပါသကာတွင်လည်း သတ်မှတ်ထားသော ဥပါသကာဂုဏ်အင်္ဂါဒြပ်နှင့်ညီမှ ဥပါသကာ မည်ပါသည်။

ဤသာမညဖလသုတ် အဋ္ဌကထာတွင် ဤဥပါသကာဂုဏ်အင်္ဂါများကို ထုတ်ဖော်ယှဉ်ပြထားရာ ဗုဒ္ဓဘာသာဝင်ဥပါသကာတို့အတွက် အလွန်အကျိုးများ ကျေးဇူးများလှပါသည်။ ဤသုတ်တော်နှင့်အဋ္ဌကထာကိုလေ့လာရသော အကျိုးကျေးဇူးအားဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် အခြားဗဟုသုတလေ့လာသူများအတွက် များစွာအကျိုးကျေးဇူးရရှိခံစားရကြောင်း လေ့လာအကဲခတ်ရပါသည်။

# သာမညဖလသုတ်လာ အဇာတသတ်မင်း၏သရဏဂုံ ဆောက်တည်မှုအပေါ်၌သိရှိရသော သရဏဂုံအကျိုး ကျေးဇူးများကို လေ့လာအကဲခတ်ခြင်း

အဇာတသတ်မင်းသည် ဘုရားရှင်ထံမှ သမထ၊ ဝိပဿနာ ဉာဏ်ကျင့်စဉ်အဆင့်ဆင့်၏ သာလွန်မွန်မြတ်ပုံ၊ အစ၊ အလယ်၊ အဆုံးကောင်းမြတ်သောတရားတို့ကို ရှိုသေစွာ နာယူပြီးသော အခါ-

"ငါသည် စင်စစ် ဤပြဿနာတို့ကို များစွာသောရဟန်း ပုဏ္ဏားတို့ကို မေးလျက်ကြာမြင့်ခဲ့ရ၏၊ မေးမြန်းသော်လည်း ဖွဲတို့ကိုထောင်သကဲ့သို့ တစ်စုံတစ်ခုသောအနှစ်သာရကို မရခဲ့၊ မြတ်စွာဘုရားသည် ငါ့အား ဆီမီးတစ်ထောင်ထွန်းညှိပေးသကဲ့ သို့ ကြီးမားသောအလင်းရောင်ကိုပြု၍ ဤပြဿနာတို့ကို ဖြေဆို ပေး၏၊ မြတ်စွာဘုရား၏ဂုဏ်တော်များနှင့်ပြည့်စုံခြင်းသည် အံ့ဩ ဖွယ်ကောင်းလေစွ၊ ငါသည် မြတ်စွာဘုရား၏ဂုဏ်တော်အာနု ဘော်ကို မသိသည်ဖြစ်၍ အလွန်ကြာမြင့်စွာ အလှည့်စားခံရပေ တကား"

ဟု ကြံစည်စဉ်းစားမိပြီး ဘုရားရှင်၏ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်းကြောင့်ဖြစ်သော ငါးပါးအပြားရှိသောပီတိဖြင့် တွေ့ထိအပ်သောကိုယ်ရှိလျက် မိမိ၏ကြည်ညိုခြင်းကို ထင်ရှားစွာ

ပြလိုသည်ဖြစ်၍ ဗုဒ္ဓဟောကြားသောတရားဗုဒ္ဓကို အောက်ဘက် မျက်နှာဝရှိသောအိုးခွက်ကို အထက်သို့လှန်ပြသကဲ့သို့ မြက်သစ် ရွက်ဖုံးအုပ်ထားသောအရာကို ဖွင့်လှစ်ပြသကဲ့သို့ အရပ်မျက်နှာ တို့၌ မျက်စိလည်နေသူကို လက်ကိုင်၍ လမ်းမှန်ကိုပြသကဲ့သို့ တစ်ဆယ့်လေးရက်၊ ညသန်းကောင်ယံအချိန်၊ တခဲနက်သော တောအုပ်၊ မိုးတိမ်လွှာဟူသောအမိုက်မှောင်လေးမျိုး၌ ဆီမီး အလင်းရောင်ထွန်းပြသကဲ့သို့ဟူသော ဥပမာလေးမျိုးဖြင့် ချီးမွမ်း လျှောက်ထားပြီး ရတနာသုံးပါး၌ကြည်ညိုသောစိတ်ရှိ၍ ကြည်ညို သူတို့ပြုအပ်သော သရဏဂုံဆောက်တည်မှုဟူသော မြတ်စွာ ဘုရားသည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်၏၊ လဲလျောင်းရာဖြစ်၏၊ ဆင်းရဲကိုကာကွယ်သူဖြစ်၏၊ အစီးအပွားကို ဖန်တီးပေးသူဖြစ်၏၊ ဟူသော အလိုဆန္ဒဖြင့် ဘုရားရှင်ကိုဆည်းကပ်ပါ၏၊ မှီဝဲပါ၏ ဟူ၍ သရဏဂုံဆောက်တည်ခဲ့ပါသည်။

ဗုဒ္ဓသာသနာတော်တွင် ဗုဒ္ဓဘာသာအဖြစ်ခံယူရာ၌ သရဏဂုံဆောက်တည်မှုသည် အဓိကကျပါသည်၊ ဗုဒ္ဓဘာသာဝင် အဖြစ် ဝင်ရောက်ခံယူလိုသူသည်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဟူသော သရဏဂုံ(ကိုးကွယ်မှု)ကို ဆောက်တည်ရပါသည်။

ထိုသရဏဂုံနှင့်ပတ်သက်၍ သရဏ၊ သရဏဂမန၊ သရဏသို့ရောက်သူ၊ သရဏဂမနအပြား၊ သရဏဂမန၏အကျိုး၊ သရဏဂမန၏ညစ်နွမ်းခြင်း၊ သရဏဂမန၏ပျက်စီးခြင်းတို့ကို ဤသာမညဖလသုတ်အဋ္ဌကထာ၌ ဖွင့်ဆိုထားရာ ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးကျေးဇူးများလှပါသည်။

သရဏမည်ပုံမှာ ရတနာသုံးပါးကိုးကွယ်သူတို့၏ ထိုကိုးကွယ်ခြင်းသို့ရောက်ခြင်းဖြင့်သာလျှင် ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ဆင်းရဲခြင်း၊ ဒုဂ္ဂတိဘဝ၌ အဖန်ဖန်နှိပ်စက်ခံရခြင်းတို့ကို ဖျက်ဆီးတတ်သောရတနာသုံးပါးကို ကိုးကွယ်ခြင်းသည် သရဏမည်ပါသည်။

တစ်နည်း ဘုရားရှင်သည် အစီးအပွားဖြစ်စေခြင်းဖြင့်လည်းကောင်း၊ အစီးအပွားမဲ့မှုညစ်စေခြင်းအားဖြင့်လည်းကောင်း၊ သတ္တဝါတို့၏ဘေးကို ပယ်ဖျောက်ဖျက်ဆီးတတ်၏။

တရားတော်သည် ဘဝခရီးခဲမှလွန်မြောက်စေခြင်းအားဖြင့်လည်းကောင်း၊ သက်သာမှုကိုပေးခြင်းအားဖြင့်လည်းကောင်း၊ သတ္တဝါတို့၏ဘေးကိုပယ်ဖျောက်ဖျက်ဆီးတတ်၏။

သံဃာသည် အနည်းငယ်သောကောင်းမှုတို့ကို ပြန့်ပြောသောအကျိုးရရှိအောင်ပြုခြင်းဖြင့် သတ္တဝါတို့၏ဘေးကို ပယ်ဖျောက်ဖျက်ဆီးတတ်၏။

ဤသို့အကြောင်းပရိယာယ်အားဖြင့်လည်း ရတနာသုံးပါးသည် သရဏမည်ပါ၏။

သဒ္ဓါဂမန ဟူသည် ရတနာသုံးပါး၌ ကြည်ညိုခြင်း၊ ရတနာသုံးပါးလျှင် အလေးပြုရာရှိခြင်းတို့ဖြင့် ဖျက်ဆီးအပ်သော ကိလေသာရှိသော ထိုရတနာသုံးပါးလျှင် လဲလျောင်းရာရှိသည်၏ အဖြစ်ဟူသောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် သဒ္ဓါဂမန(သရဏဂုံ)မည်ပါသည်။

သရဏဂမနရောက်သူ ထိုစိတ္တုပ္ပါဒ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် သရဏသို့ရောက်သူ (ကိုးကွယ်ခြင်း)သို့ရောက်သူမည်ပါ၏၊ ထိုအပ်ပြီးသော စိတ္တုပ္ပါဒ်ဖြင့် ဤသုံးပါးသောရတနာတို့သည် ငါ၏ကိုးကွယ်ရာဖြစ်၏၊ လဲလျောင်းရာဖြစ်၏ ဟူ၍ဆည်းကပ်သူ ဖြစ်ပါသည်။

သရဏဂုံအပြား သရဏဂုံသည် လောကီသရဏဂုံနှင့် လောကုတ္တရာသရဏဂုံဟူ၍ (၂)ပါး ရှိပါသည်။

လောကုတ္တရာသရဏဂုံသည် သစ္စာလေးပါးကိုမြင်ပြီး ကုန်သောပုဂ္ဂိုလ်တို့အား မဂ်ခဏ၌ သရဏဂုံ၏အညစ်အကြေး တို့ကို အကြွင်းမဲ့ဖြတ်ခြင်းအားဖြင့် အာရုံအားဖြင့် နိဗ္ဗာန်လျှင် အာရုံအာရုံရှိသည်ဖြစ်၍ ပြည့်စုံခြင်းဖြစ်၏။

လောကီသရဏဂုံ သည်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား သရဏဂုံ ၏အညစ်အကြေးကိုခွာခြင်းအားဖြင့် အာရုံအားဖြင့် ဘုရား စသည်လျှင် အာရုံရှိသည်ဖြစ်၍ ပြည့်စုံခြင်းဖြစ်၏။

လောကီသရဏဂုံသည် ဘုရားအစရှိသောသတ္တဝါတို့၌ ယုံကြည်မှု(သဒ္ဓါ)ကိုရရှိခြင်းနှင့် ထိုသဒ္ဓါလျှင်အကြောင်းရင်းရှိ သော သမ္မာဒိဋ္ဌိပင်ဖြစ်ပါသည်၊ ယင်းသမ္မာဒိဋ္ဌိကို ပုညကိရိယာ ဝတ္ထု၌ ဒိဋ္ဌိဇုကမ္မဟု ခေါ်ဆိုပါသည်။

ထိုလောကီသရဏဂုံသည်-

၁။ အတ္တသန္နိယျာတနသရဏဂုံ- မိမိကိုအပ်နှင်းခြင်း

ယနေ့မှအစပြု၍ ကျွန်ုပ်သည် ဘုရားအားအပ်နှင်းပါ၏၊ တရားအား အပ်နှင်းပါ၏၊ သံဃာအား အပ်နှင်းပါ၏၊ ဟူ၍ ရတနာသုံးပါးတို့အား မိမိကိုယ်ကိုစွန့်ခြင်း။

၂။ တပ္ပရာယာဏတာသရဏဂမန- ထိုရတနာသုံးပါးလျှင် လဲလျောင်းရာရှိသည်အဖြစ်

ယနေ့မှအစပြု၍ ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ အားလျှင် လဲလျောင်းရာရှိ၏ဟု မှတ်ယူတော်မူပါ ဟူ၍ ရတနာ သုံးပါးလျှင် လဲလျောင်းရာရှိသည်အဖြစ်ရှိ၏။

၃။ သိဿဘာဝူပဂမန - တပည့်အဖြစ်သို့ကပ်ရောက်ခြင်း

ယနေ့မှအစပြု၍ ကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ၏ တပည့်ဖြစ်ပါ၏၊ ဟု မှတ်ယူတော်မူပါဟူ၍ တပည့်အဖြစ် ကပ် ရောက်ခြင်း။

၄။ ပဏိပါတ- ရိုသေလေးစားမှုပြုခြင်း

ယနေ့မှအစပြု၍ ကျွန်ုပ်သည် ရှိခိုးခြင်း၊ ခရီးဦးကြိုဆို ခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းများကို ရတနာသုံးပါး

အားသာလျှင် ပြုပါ၏ ဟုမှတ်ယူတော်မူပါ ဟူ၍ ရတနာသုံးပါးတို့၌ မြတ်သောရိုသေမှုကိုပြုခြင်း။

သရဏဂုံခံယူပုံဟူသည် ကျွန်ုပ်သည် ဘုရားရှင်အား မိမိကိုစွန့်ပါ၏၊ တရားတော်အား မိမိကိုစွန့်ပါ၏၊ သံဃာတော်အား မိမိကိုစွန့်ပါ၏၊ အသက်ကိုစွန့်ပါ၏၊ ကျွန်ုပ်သည် မိမိကိုစွန့်အပ်ပြီးသာဖြစ်ပါ၏၊ ကျွန်ုပ်သည် အသက်ကိုစွန့်အပ်ပြီးသာဖြစ်ပါ၏။

ကျွန်ုပ်သည် အသက်ထက်ဆုံး ဘုရားကိုကိုးကွယ်ခြင်းသို့ ရောက်ပါ၏၊ ဘုရားရှင်သည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်ပါ၏၊ ပုန်းအောင်းရာလည်းဖြစ်ပါ၏၊ အားကိုးရာလည်းဖြစ်ပါ၏။

ဟူ၍ မိမိကိုယ်ကို အပ်နှင်းရပါသည်။

"ကျွန်ုပ်သည် စင်စစ် သွန်သင်ဆုံးမတတ်သောဘုရားရှင်ကို တွေ့ရမည်ဆိုလျှင် မလွဲမသွေဘုရားရှင်ကိုသာ ဖူးတွေ့ရပါလို၏၊ ကျွန်ုပ်သည် စင်စစ် မကောင်းသောလာခြင်းရှိသော ဘုရားရှင်ကို ဖူးမြင်ရမည်ဆိုလျှင် မလွဲမသွေ ဤဘုရားရှင်ကိုဖူးမြင်ရပါလို၏၊ ကျွန်ုပ်သည် စင်စစ်မဖောက်မပြန် မှန်ကန်စွာ ကိုယ်တိုင်သိသော ဘုရားရှင်ကိုဖူးမြင်ရမည်ဆိုလျှင် မလွဲမသွေ ဤဘုရားရှင်ကိုသာ ဖူးမြင်ရလိုပါ၏"

ဟု အရှင်မဟာကဿပ၏ သရဏဂုံကဲ့သို့ တပည့်အဖြစ် ကပ်ရောက်ပုံအတိုင်း ဆောက်တည်ရမည်။

"ထိုအကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာကို ရှိခိုးလျက် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ လှည့်လည်ပါတော့မည်" ဟု အာဠဝကဘီလူးစသည်တို့၏ သရဏဂုံကဲ့သို့ ဆောက်တည်အပ်၏။

ဗုဒ္ဓကို ရှိသေလေးစားမှုနှင့်ပတ်သက်၍-

- ဆွေမျိုးဖြစ်၍ ရှိသေခြင်း
- ကြောက်၍ ရှိသေခြင်း
- ဆရာဖြစ်၍ ရှိသေခြင်း
- မြတ်သောပုဂ္ဂိုလ်ဖြစ်၍ ရှိသေခြင်း

ဟူ၍ရှိရာ မြတ်သောပုဂ္ဂိုလ်ဖြစ်၍ ရှိသေခြင်းသည်သာလျှင် သရဏဂုံဖြစ်ပါသည်၊ အခြားသောရှိသေခြင်းသည် သရဏဂုံ မဖြစ်ပါ၊ မြတ်သောပုဂ္ဂိုလ်၏အစွမ်းအားဖြင့်သာလျှင် သရဏဂုံ ယူခြင်းဖြစ်သလို မြတ်သောပုဂ္ဂိုလ်၏အစွမ်းအားဖြင့်သာလျှင် သရဏဂုံသည် ပျက်တတ်ပါသည်။

မြတ်စွာဘုရားသည် ငါတို့၏ဆွေမျိုးဖြစ်၏ဟု နှလုံးသွင်း၍ ဘုရားကိုရှိခိုးသော သာကီဝင်မင်းမျိုးသည်လည်းကောင်း၊ ကောလိယမင်းမျိုးသည်လည်းကောင်း သရဏဂုံယူအပ်သည် မဖြစ်။

ရဟန်းဂေါတမသည် မင်းပူဇော်ခံရသူဖြစ်၏၊ ကြီးသော အာနုဘော်ရှိသူဖြစ်၏၊ သူကိုရှိမခိုးပါက အကျိုးမဲ့ဖြစ်အောင် ပြု

ဖွယ်ရှိ၏ ဟု ကြောက်ခြင်းကြောင့် ဘုရားကိုရှိခိုးသူသည်လည်း သရဏဂုံယူအပ်သည် မမည်ပါ။

အကြင်သူသည် ဘုရားလောင်းဖြစ်စဉ်က ထိုဘုရားလောင်းထံ၌ တစ်စုံတစ်ခုသောအတတ်ပညာသင်ယူခဲ့ဖူးသည်ကို အမှတ်ရသည်ဖြစ်၍ ဘုရားရှင်ကိုရှိခိုး၏၊ သို့မဟုတ် ဘုရားဖြစ်ပြီးသောအချိန်၌ အိမ်ရာတည်ထောင်လူ့ဘောင်၌နေပြီး ဉာဏ်အမြော်အမြင်ရှိသောသူသည် စည်းစိမ်ဥစ္စာတို့ကို လေးစုလေးပုံအားဖြင့် ခွဲခြားရာ၏၊ တစ်စုဖြင့် စည်းစိမ်တို့ကိုခံစားရာ၏၊ နှစ်စုဖြင့် အလုပ်ကိုယှဉ်စေရာ၏၊ လေးစုမြောက်ဖြစ်သောအစုတို့ကိုမူ ဘေးအန္တရာယ်ဖြစ်သောအခါ သုံးစွဲရန်ဖြစ်ရမည် ဟုနှလုံးသွင်း၍ သိမ်းဆည်းထားရာ၏ ဟူ၍ ဤသို့သဘောရှိသောအဆုံးအမကို နာယူပြီး ငါ့ဆရာပေတည်း ဟုနှလုံးသွင်း၍ ဘုရားရှင်ကိုရှိခိုး၏ ထိုသူသည်လည်း သရဏဂုံမယူအပ်သည်သာဖြစ်၏။

"ဤပုဂ္ဂိုလ်သည်ကား လောက၌ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်ဖြစ်ပေ၏ ဟု ယုံကြည်ရှိခိုးသောသူသည်သာလျှင် သရဏဂုံယူအပ်သည်ဖြစ်ပေ၏"

သရဏဂုံပျက်ခြင်း-မပျက်ခြင်း ဟူသည် သရဏဂုံဆောက်တည်ပြီးသော ဥပါသကာ၊ ဥပါသကာမတစ်ဦးဦးသည် တစ်ပါးသောအယူရှိနေသော တိတ္ထိတို့ထံ၌ ရဟန်းပြုနေသော ဆွေမျိုးတော်စပ်သူကို မြင်လတ်သော် ဤသူကား ငါ့ဆွေမျိုးဖြစ်၏ဟု နှလုံးသွင်း၍ ဆိုငြားသော်လည်း သရဏဂုံသည် မပျက်စီး

ပါ။ မင်းကို မင်းသည် တိုင်းသူပြည်သားတို့၏အပူဇော်ခံပုဂ္ဂိုလ် ဖြစ်ခြင်းကြောင်း သူ့ကိုရှိမခိုးလျှင် အကျိုးမဲ့ဖြစ်အောင် ပြုလုပ် ဖွယ်ရှိ၏ ဟု ကြောက်လန့်ရှိခိုးသော် သရဏဂုံမပျက်စီးပါ။

တစ်စုံတစ်ယောက်သော အတတ်ပညာသင်ကြားပေးသူ ကို တိတ္ထိပင်ဖြစ်စေကာမူ ဤသူကား ငါ့ဆရာဖြစ်၏ ဟုနှလုံးသွင်း ၍ ရှိခိုးသူမှာလည်း သရဏဂုံမပျက်ပါ။

**လောကုတ္တရာသရဏဂုံအကျိုး** ဟူသည် အကြင်သူ သည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ဆည်းကပ်၏ အရိယာသစ္စာတရားလေးပါးတို့ဟူသောဆင်းရဲကိုလည်းကောင်း၊ ဆင်းရဲဖြစ်ကြောင်းကိုလည်းကောင်း၊ ဆင်းရဲချုပ်ရာကိုလည်း ကောင်း၊ ဆင်းရဲချုပ်ရာကျင့်စဉ်မဂ္ဂင်ရှစ်ပါးကိုလည်းကောင်း ဤ လေးပါးတို့ကို မဖောက်မပြန် မှန်သောပညာဖြင့်မြင်သည်။

ထိုသူ၏သစ္စာလေးပါးကို သိမြင်ခြင်းသည် ဘေးကင်း ကြောင်းဖြစ်သော ကိုးကွယ်ရာဖြစ်၏၊ မြတ်သောကိုးကွယ်ရာ ဖြစ်၏၊ ထိုသူသည် ဤကိုးကွယ်ရာအမှီပြု၍ ဆင်းရဲအားလုံးမှ လွတ်မြောက်၏။

အမြင်မှန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရကို နိစ္စ(မြဲ၏)ဟု ကပ်ရောက်ရန်အကြောင်းမရှိ၊ သုခဟု ကပ်ရောက်ရန် အကြောင်းမရှိ အတ္တဟုကပ်ရောက်ရန် အကြောင်း မရှိ၊ မိခင်၊ ဖခင်၊ ရဟန္တာကို အသက်မှခွင်းပစ်ရန် အကြောင်းမရှိ၊ ပြစ်မှားလိုသောစိတ်ရှိသည်ဖြစ်၍ ဘုရားရှင်အားသွေးထွက်စေရန်

အကြောင်းမရှိ၊ သံဃာကိုသင်းခွဲရန်အကြောင်းမရှိ၊ ဘုရားမှတစ်ပါးသောပုဂ္ဂိုလ်ကို ဆရာဟုရည်ညွှန်းရန်အကြောင်းမရှိ ဟု ဘုရားရှင်ဟောထားသောကြောင့် ဤလောကုတ္တရာ သရဏဂုံအကျိုးဆက်ကို သိရပါမည်။

လောကီသရဏဂုံအကျိုးအနေနှင့်ကြည့်လျှင် ဘဝ၏ပြည့်စုံခြင်းသည်လည်းကောင်း၊ စည်းစိမ်၏ပြည့်စုံခြင်းသည်လည်းကောင်း လောကီအကျိုးပင်ဖြစ်ပါသည်။

အကြင်သူသည် ဘုရားရှင်ကို ကိုးကွယ်ရာ ဟူ၍ ကပ်ရောက်ကုန်၏၊ ကိုသူတို့သည် အပါယ်ဘုံသို့ရောက်ကြမည်မဟုတ်၊ သေလွန်သော် နတ်ပြည်သို့ပြည့်စေလတ့် ဟူ၍ ဘုရားရှင် ဟောကြားထားသည်။

ရှင်မောဂ္ဂလာန်က သိကြားမင်းကို မိန့်ကြားရာ၌-

"နတ်မင်း. . . ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ကပ်ရောက်ခြင်းသည် ကောင်းလှ၏၊ ဤကိုးကွယ်ရာဟူသောအကြောင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေလွန်ပြီးနောက်ဝယ် ကောင်းသောလားရာဂတိဖြစ်သော နတ်ပြည်သို့ရောက်ကြကုန်၏၊ ထိုသတ္တဝါတို့သည် နတ်၌ဖြစ်သောအသက်၊ ရုပ်အဆင်း၊ ချမ်းသာ၊ အခြံအရံ၊ အစိုးရမှု၊ နတ်၌ဖြစ်သောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ဆယ်ပါးသောအကြောင်းတို့ဖြင့် အခြားသောနတ်တို့ကို လွှမ်းမိုး၍ယူကုန်၏" ဟူ၍ မိန့်ဆိုထားပါသည်။

တရားနှင့်သံဃာတို့လည်း အလားတူပင်ဖြစ်ပါ၏၊ ထို့ပြင် ဝေလာမသုတ္တန်စသည်တို့၏အစွမ်းအားဖြင့် သရဏဂုံ၏အကျိုး ထူးကိုသိရပါသည်။

သရဏဂုံညစ်နွမ်းခြင်းပျက်စီးခြင်းဟူသည် လောကီသရ ဏဂုံသည် ရတနာသုံးပါးတို့၌မသိခြင်း၊ ယုံမှားခြင်း၊ လွဲမှားခြင်း စသည်တို့ကြောင့် ညစ်နွမ်း၏၊ ကြီးသောအရောင်အဝါရှိသည် မဖြစ်၊ ကြီးသောပျံ့နှံ့ခြင်းရှိသည်မဖြစ်၊ လောကုတ္တရာသရဏဂုံ မှာ ညစ်နွမ်းခြင်းမရှိ။

ထို့ပြင် လောကီသရဏဂုံ၏ပျက်စီးခြင်းသည် အပြစ်ရှိ သောပျက်စီးခြင်းနှင့်အပြစ်မရှိသောပျက်စီးခြင်းဟူ၍ နှစ်မျိုးရှိရာ အပြစ်ရှိသောပျက်စီးခြင်းသည် ဘုရားမှတစ်ပါးသော ဆရာ စသည်တို့၌ မိမိကိုယ်ကိုအပ်နှင်းခြင်းကြောင့် ဖြစ်ပါသည်။

ထိုပျက်စီးခြင်းသည်လည်း မလိုလားအပ်သောအကျိုး ရှိ၏၊ အပြစ်မရှိသောပျက်စီးခြင်းသည် ကွယ်လွန်ခြင်းကြောင့် ဖြစ်၏၊ ထိုပျက်စီးခြင်းသည် အကျိုးပေးခြင်းသဘောမရှိသော ကြောင့် ကောင်းကျိုးဆိုးကျိုး မရှိပေ။

လောကုတ္တရာ သရဏဂုံမှာမူ ပျက်စီးခြင်းမရှိ၊ အရိယာ သာဝကသည် ဘဝတစ်ပါး၌ပင် ဘုရားမှတစ်ပါးသောပုဂ္ဂိုလ်ကို ဆရာဟု မညွှန်းချေ။

ဤသို့လျှင် သရဏဂုံ၏ညစ်နွမ်းခြင်းနှင့်ပျက်စီးခြင်းကို သိအပ်၏။

သာမညသုတ်လာ အဇာတသတ်မင်း၏သရဏဂုံဆောက်တည်မှု၊ ခံယူမှုနှင့်ပတ်သက်၍ အဋ္ဌကထာဆရာက သရဏမည်ပုံ၊ သရဏဂမနမည်ပုံ၊ သရဏဂမနရောက်သူ၊ သရဏဂုံအပြား၊ လောကုတ္တရာသရဏဂုံ၊ လောကီသရဏဂုံ၊ သရဏဂုံခံယူပုံ၊ သရဏဂုံအကျိုး၊ သရဏဂုံ၏ညစ်နွမ်းမှုပျက်စီးမှုတို့ကို အသေးစိတ်ဝေဖန်ဆွေးနွေးပြထားရာ ဗုဒ္ဓဘာသာဝင်များအတွက်ရော၊ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူမည့်သူများအတွက်ပါ အလွန်တန်ဘိုးကြီးမားသောကျေးဇူးတရားတို့ကို ရရှိခံစားနိုင်ကြပါသည်။

သရဏဂုံဟူသည် ဗုဒ္ဓဘာသာခံယူသူတို့၏အသက်သွေးကြောဖြစ်သည်၊ ထိုသရဏဂုံတည်ဆောက်နိုင်မှုကြောင့် ရရှိသောကောင်းကျိုးများ၊ သရဏဂုံ၏ညစ်နွမ်းမှု၊ ပျက်စီးမှုများအတွက်ဤသာမညဖလသုတ်လာ အဇာတသတ်မင်း၏သရဏဂုံတည်မှုနှင့်အဋ္ဌကထာဆရာ၏ဖွင့်ဆိုပြချက်တို့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက အခြား အခြားသော ဗဟုသုတလေ့လာလိုက်စားသူတို့အတွက်ပါ တန်ဖိုးမဖြတ်နိုင်သောအကြောင်းအရာအသိပေးမှုများဖြစ်သည်ဟု အကဲခတ်လေ့လာသုံးသပ်အကဲခတ်ရပါသည်။

## အခန်း (၃)

# အမ္ဗဋ္ဌသုတ်

### အမ္ဗဋ္ဌသုတ်ဆိုသည်မှာ

အမ္ဗဋ္ဌသုတ်ဆိုသည်မှာ အမ္ဗဋ္ဌလုလင်အား ဆုံးမဟောကြားသော သုတ်ဖြစ်ပေသည်။

ဤသုတ်ကို ဟောကြားတော်မူခဲ့သော နေရာမှာ ကောသလတိုင်း, ဣစ္ဆာနင်္ဂလနိဂုံးအနီး၊ ဣစ္ဆာနင်္ဂလ တောအုပ်ပင် ဖြစ်ပေသည်၊ မြို့တော်မှာ၊ သာဝတ္ထိမြို့တော်ကြီးဖြစ်၍ ဗုဒ္ဓခေတ်တွင် လူဦးရေမှာ ခုနှစ်ကုဋေမျှ ရှိသည်ဟု အရှင် ဗုဒ္ဓဃောသ ဆရာ မိန့်မြွက်ခဲ့ပေသည်၊ ယခုအခါ ဘီဟာနယ် ဂွန်ဒါဒိစတြိတ်တွင် သာဝတ္ထိမြို့ဟောင်းကို တွေ့မြင်နိုင်ကြရာ ယခုအမည်ကား "ဆဟက်မဟက်"ဟု ခေါ်တွင်လေသည်။

ဗုဒ္ဓဘုရားသည် တစ်နေ့သောအခါ ရဟန်းတော်ငါးရာတို့နှင့်အတူ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူရာ ဣစ္ဆာနင်္ဂလနိဂုံးသို့ ရောက်တော်မူ၍ ထိုနိဂုံး အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးတော်မူခဲ့လေသည်။

ထိုသတင်းကို ကြားသိရသောအခါ ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိ ပုဏ္ဏားသည် ဗုဒ္ဓဘုရား ဟုတ်,မဟုတ်၊ ကျော်စောတိုင်း မှန်,မမှန်ကို သိရှိနိုင်စေရန် တပည့်ကြီးဖြစ်သူ အမ္ဗဋ္ဌလုလင်ကို စေလွှတ်စုံစမ်းစေလေသည်။

ဆရာဖြစ်သူ ပေါက္ခရသာတိပုဏ္ဏားကဲ့သို့ပင် ဗြဟ္မဏဝါဒီ ဗေဒတ္တယပါရဂူ ဖြစ်သည့်အတိုင်း ဇာတ်ကို အစွဲသန်နေသော အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓဘုရားနှင့် တွေ့သောအခါ ဗုဒ္ဓ၏ လက္ခဏာ ၃၂-ပါးတို့ကို မစုံစမ်းသေးဘဲ ကမ္ဘာ့ပညာရှိတို့၏ စည်းကမ်းကို ကျော်လွန်ကာ မလေးမခန့် ပြောဆိုပြုမူခဲ့ရာ ဆရာဖြစ်သူ ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌအား ခြေနှင့်ပင် ကန်ကျောက်ဆုံးမခဲ့ရသည်အထိ ဝါဒစစ်ပွဲ ဆင်နွှဲခဲ့လေသည်။

ဗုဒ္ဓဘုရားသည် ဤသုတ်၌ ဇာတ်ကို အစွဲသန်နေသော အမ္ဗဋ္ဌအား ဇာတ်အားဖြင့်ပင် အနိုင်ယူတော်မူပြီးမှ ထိုခေတ်တွင် ဗေဒင်ပညာကို ဝိဇ္ဇာဟု ခေါ်ဝေါ်၍ ဗေဒင်ကျမ်းတတ် ပုဏ္ဏားတို့ ထောင်လွှားနေကြသည်ကို ပယ်ဖျက် တွန်းလှန်တော်မူပြီးလျှင် ဝိဇ္ဇာအစစ်, စရဏ အစစ်ဖြစ်ထိုက်သော တရားတို့ကို အစီအစဉ်

အတိုင်း ကျနစွာ ဝေဖန်ဟောကြားတော် မူခဲ့လေသည်။

ဤသုတ်ကို ဖတ်နာကြည့်ရှုလျှင် သိရှိနိုင်မည့် ပြဿနာစုမှာ. . .

၁။ ဇာတ်လေးမျိုးတို့တွင် အဘယ်ဇာတ်သည် အမြတ်ဆုံး ဖြစ်ပါသနည်း။

၂။ သာကီဝင် ဆိုသည်မှာ အဘယ်မှစ၍ အဘယ်ကဲ့သို့ ဖြစ်ပေါ်ခဲ့ပါသနည်း။

၃။ ကဏှာယနမျိုးကို အဘယ်သူသည် အဘယ်သို့ တည်ထောင်ခဲ့ပါသနည်း။

၄။ ဗေဒင်ကို အဘယ်ပုဂ္ဂိုလ်တို့ အစပထမ တီထွင်ခဲ့ကြပါသနည်း။

၅။ ဝိဇ္ဇာနှင့် စရဏကား အဘယ်တရားများ ဖြစ်ကြပါသနည်း။

၆။ သာသနာဖျက်ရာရောက်သော ရသေ့လေးမျိုးတို့ကား အဘယ်ရသေ့မျိုးတို့ ဖြစ်ကြပါသနည်း။

၇။ ဗုဒ္ဓဘုရား ဆိုသည်မှာ အဘယ်လက္ခဏာများနှင့် ပြည့်စုံရပါသနည်း။

၈။ နတ်လူအပေါင်းတို့တွင် အဘယ်သို့သော ပုဂ္ဂိုလ်မျိုးသည် အမြတ်ဆုံးဖြစ်ပါသနည်း။

အထက်ပါပြဿနာရပ်များမှာ ဤအမ္ဗဋ္ဌသုတ်ကို ဖတ်နာကြည့်ရှုလျှင် အလိုလို သဘောပေါက်လာမည့် ပြဿနာရပ်များပင် ဖြစ်ကြပေသည်။

ဤသုတ်သည် အမှန်အားဖြင့် ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒတို့ ထိုးစစ်ဆင်နွှဲခဲ့ရာ စစ်မြေပြင်တစ်ရပ် ဖြစ်သည့်အပြင် ဝိဇ္ဇာစရဏ ဒေသနာတော်လည်း ဖြစ်ပေသည်။

ဤသုတ်၌ ဇာတ်ကိုစွဲ၍ မာန်စောင်တက်လှသော အမ္ဗဋ္ဌလုလင်အား ပရိသတ်အလယ်တွင် ကျွန်မ၏သားဖြစ်ကြောင်း ဝန်ခံရသည်အထိ ဖိနှိပ်၍ ပြောဆိုခြင်းမှာ လွန်စွာ စိတ်ဝင်စာဖွယ်ကောင်းလှပေသည်၊ မဟာကရုဏာတော်ရှင်ဖြစ်သည့် ဗုဒ္ဓမြတ်စွာဘုရားသည် ဒေါသခက်ထန် ကြမ်းကြုတ်လှသော အာဠဝကနှင့်တွေ့စဉ်က အလွန်နူးညံ့ပျော့ပျောင်းစွာ ချွေချွတ်တော် မူခဲ့သော်လည်း ဤ၌ မာနထက်သန်လှသော အမ္ဗဋ္ဌလုလင်ကို ခပ်မာမာမန့်တော်မူသည်မှာ သတိပြု မှတ်သားဖွယ်အချက် ဖြစ်ပေသည်။

နောက်ပိုင်း၌ ပေါက္ခရသာတိ ပုဏ္ဏားကြီးက တပည့်ဖြစ်သူ အမ္ဗဋ္ဌအား မြတ်စွာဘုရားကို မရိုမသေ မချေမငံ ပြုမူရမည်လောဟု ခြေနှင့်ကန်ကြောင်းကို တွေ့မြင်ရမည်ဖြစ်ရာ ဖတ်ကြားသူတို့သည် အမ္ဗဋ္ဌအား ခပ်မာမာပင် မိန့်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား၏ မဟာကရုဏာတော်ကို မြော်ခေါ် စဉ်းစားနိုင်ကြလိမ့်မည် ဖြစ်ပေသည်။

အမျိုးလေးပါးတို့တွင် မင်းမျိုးသည် အမြတ်ဆုံး ဖြစ်သည်။ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသော သူသည်ကား လောကတွင် အမြတ်ဆုံးဖြစ်သည်ဟု မိန့်ဆိုကာ ဝိဇ္ဇာနှင့် စရဏတရားများကို ခွဲခြား၍ ဟောတော်မူသည်ဖြစ်ရာ၊ ဤသုတ်ကို ဖတ်ကြားနာယူလျှင် လောက၌ အဘယ်ပုဂ္ဂိုလ် အမြတ်ဆုံးဖြစ်ကြောင်းနှင့် ပုဂ္ဂိုလ်မြတ် ဖြစ်နိုင်သည့် တရားများကိုပါ စုံလင်စွာ သိရှိနိုင်ကြပေသတည်း။

## ၃-အမ္ဗဋ္ဌသုတ်

| | |
|---|---|
| သုတ်စဉ် | - ၃-အမ္ဗဋ္ဌသုတ်။ |
| ဟောရာအချိန် | - နေမွန်းလွဲချိန်။ |
| ဟောရာအရပ် | - ကောသလတိုင်း, ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာ အနီး ဣစ္ဆာနင်္ဂလ တောအုပ်။ |
| ဟောသည့်ပုဂ္ဂိုလ် | - မြတ်စွာဘုရား။ |
| နာယူသည့်ပရိသတ် | - အမ္ဗဋ္ဌလုလင်နှင့် အဖော်များ၊ ပေါက္ခရသာတိနှင့် အခြွေအရံများ။ |
| ဟောခြင်းအကြောင်း | - အမ္ဗဋ္ဌလုလင်၏ ဝိဇ္ဇာစရဏ ပြဿနာ။ |
| ဟောသည့်တရား | - အမျိုးလေးပါးတို့တွင် မင်းမျိုးသာ မြတ်ကြောင်း၊ သာကီဝင်တို့၏ ရာဇဝင်၊ ကဏှာယနမျိုး၏ ရာဇဝင်၊ ဝိဇ္ဇာစရဏများ၊ ဗေဒင်ပြုရသေ့များနှင့် သာသနာ ပျက်စီးကြောင်း ရသေ့လေးမျိုး။ |

## အင်္ဂုတ္တိုရ်နိဒါန်း

### ဗုဒ္ဓ၏ဝုလ်သတင်း

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း၌ ရဟန်းငါးရာတို့နှင့်အတူ ဒေသစာရီကြွချီတော်မူရာ ကောသလတိုင်းအဝင်အပါ ကေ္ကဿာနဂ်လပုဏ္ဏားရွာအနီး ကေ္ကဿာနဂ်လပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ကေ္ကဿာနဂ်လပုဏ္ဏားရွာအနီး ကေ္ကဿာနဂ်လတောအုပ်၌ သီတင်းသုံးတော်မူ၏။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်နေထိုင်လျက်ရှိ၏၊ ဥက္ကဋ္ဌမြို့ကလေးသည် လူဦးရေပေါများ၍ မြက်, ထင်း, ရေ, ဆန်, စပါးနှင့် ပြည့်စုံ၏၊ ပသေနဒီကောသလမင်းကြီးသည် သူ့အား အပိုင်စား ကျေကျေနပ်နပ် ပေးသနားတော်မူအပ်သော မြို့ဖြစ်ပေ၏။

ထိုသို့ မြတ်စွာဘုရား ကြွရောက်တော်မူလာသောအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓ၏ သတင်းကောင်းကို(ချက်ချင်းပင်) ကြားသိခဲ့လေ၏၊ ထိုသတင်းမှာ. . . သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော သာကီဝင်မင်းသားရဟန်း ဂေါတမသည် ရဟန်းငါးရာတို့နှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်လာရာ ယခုအခါ ကေ္ကဿာနဂ်လရွာသို့ ရောက်လာ၍ ကေ္ကဿာနဂ်လတောအုပ်၌ သီတင်းသုံးတော်မူ၏၊ ထိုအရှင် ဂေါတမ၏ အရဟံစသော

ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံကြောင်း ကောင်းမြတ်သော ကျော်စောသတင်းမှာ ဘဝဂ်မဆုံ ပျံ့နှံ့၍ တက်၏၊ ထိုအရှင် ဂေါတမသည် လူ နတ် ဗြဟ္မာ ဟူသော ဤလောကကို ရဟန်း ပုဏ္ဏားနှင့် တကွ နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းကို ကိုယ်တိုင်ဒိဋ္ဌ သိမြင်တော်မူပြီးမှ သူတစ်ပါးတို့အား သိရှိကြစေရန် ဟောကြား၏။

ထို အရှင်ဂေါတမသည် အစ,အလယ်,အဆုံး, သုံးပါးလုံး ကောင်းခြင်းနှင့် ပြည့်စုံသော, အနက်, သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟော၏၊ လုံးဝပြည့်စုံသော စင်ကြယ်သည့် အကျင့်မြတ်ကို ပြသတော်မူ၏၊ ထိုသို့သော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည် စင်စစ် ကောင်းမြတ်လှပေ၏ဟူသောသတင်းပင် ဖြစ်ပေ၏။

## အမ္ဗဋ္ဌလုလင်ကို အစုံစမ်းလွှတ်ခြင်း

ထိုအချိန်၌ ပေါက္ခရသာတိ ပုဏ္ဏားအား အမ္ဗဋ္ဌအမည်ရှိသော အတွင်းနေ တပည့်လုလင်တစ်ယောက်ရှိ၏၊ အမ္ဗဋ္ဌသည် ဗေဒင်ကို ရွတ်ဖတ်သရဇ္ဈာယ်၏၊ ဗေဒင်ကို(မန္တန်ကို) ဆောင်၏၊ အဘိဓာန်ကျမ်း, အလင်္ကာကျမ်း, သိက္ခာကျမ်း, နိရုတ္တိ ကျမ်း, ဣတိဟာသ ခေါ် ပုရာဏ်ကျမ်းတို့နှင့်တကွ ဗေဒင်သုံးပုံတို့၏ ပါရဂူဖြစ်၏၊ ဗေဒင်ကိုလည်း သင်ကြား၏၊ ဗျာကရုဏ်းကျမ်းကိုလည်း သင်ကြား၏၊ လောကာယတကျမ်း, မဟာပုရိသလက္ခဏာကျမ်းတို့၌လည်း အကြွင်းမဲ့ တတ်ကျွမ်း၏၊ မိမိဆရာ၏ ဥစ္စာ

ဖြစ်သော တေဝိဇ္ဇာ ခေါ် ဗေဒင်သုံးပုံတို့၌ "ကျွန်ုပ်သိသမျှ သင်သိသည် သင်သိသမျှ ကျွန်ုပ်သိသည်ဟု ဆရာကလည်း ခွင့်ပြု၏၊ မိမိကိုယ်တိုင်ကလည်း ဝန်ခံ၏။

ထိုသတင်းကို ကြားသိရသောအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်ကို ဤသို့ ပြောဆိုစေလွှတ်၏။

"အမောင်-အမ္ဗဋ္ဌ. . . သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ကောသလ တိုင်း၌ ဒေသစာရီ လှည့်လည်လာရာ ယခုအခါ ဣစ္ဆာ နင်္ဂလ ပုဏ္ဏားရွာသို့ရောက်၍ ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး လျက်ရှိ၏၊ ထိုရဟန်း ဂေါတမသည် အရဟံစသော ဂုဏ်တော် ကိုးပါးတို့နှင့်ပြည့်စုံကြောင်း ကျော်ဇောသော အသံသည် ဘဝဂ် မဆုံ ပျံ့နှံ့၍တက်၏၊ ထိုရဟန်း ဂေါတမသည် လောက သုံးပါးနှင့် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းကို ကိုယ်တိုင်သိ၍ သူတစ်ပါး တို့အား ဟောကြား၏၊ အစ, အလယ်, အဆုံး, သုံးပါးလုံး ကောင်းမြတ်သောတရားကို ဟောကြား၏၊ လုံးဝပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ပြသလျက်ရှိ၏၊ ထိုကဲ့သို့သော ရဟန္တာတို့အား ဖူးမြော်ရခြင်းသည် ကောင်းမြတ်၏ဟု ကြားသိရ ပေသည်၊ အမောင်သည် ရဟန်းဂေါတမထံသို့သွား၍ ရဟန်း ဂေါတမသည် ထိုဂုဏ်မျိုးရှိ၍သာ ကျော်စောသလော၊ မရှိဘဲ ကျော်စောသလော၊ ကျော်စောသည့်ဂုဏ်နှင့် ညီမညီ သိအောင်

ပြုချေလော၊ အမောင် ကြည့်ရှုစုံစမ်း၍ ပြောဆိုသည့်စကားဖြင့် ငါတို့ သိရပေမည်”

“အို-ဆရာ အရှင်. . . ထိုဂေါတမသည် ထိုသို့ ကျော်စောသောဂုဏ်မျိုး အမှန်ထင်ရှားရှိ၍သာ ကျော်စောသည် သို့မဟုတ်, ထိုဂုဏ်မျိုး ထင်ရှားမရှိဘဲ ကျော်စောသည်၊ အရှင်ဂေါတမသည် ကျော်စောသည့်ဂုဏ်နှင့် ကိုက်ညီသည် မကိုက်ညီသည်ကို အဘယ်သို့ သိနိုင်ပါမည်နည်း”

“အမောင်အမ္ဗဋ္ဌ. . . ငါတို့၏ ဗေဒင်ကျမ်းတို့၌ မဟာပုရိသလက္ခဏာ ၃၂-ပါးတို့ လာရှိကြပေသည်၊ ထိုမဟာပုရိသလက္ခဏာ ၃၂-ပါးတို့နှင့် ပြည့်စုံသောသူသည် လူ့ဘောင်၌ နေခဲ့ပါလျှင် စကြာမင်းကြီး ဖြစ်တတ်၏၊ ရဟန်းပြုခဲ့ပါလျှင်လည်း လောက၌ ဝင့်မြစ်ပြတ်သော သမ္မာသမ္ဗုဒ္ဓဘုရား အစစ် ဖြစ်တတ်ပေသည်၊ ငါသည် ဗေဒင်တို့ကို သင်ချစ်သားအား သင်ကြားပေးခဲ့ပြီးပြီ၊ သင်ချစ်သားလည်း သင်ယူခဲ့ပြီးပြီ။

## အမ္ဗဋ္ဌလုလင် မြတ်စွာဘုရားထံ ရောက်ခြင်း

ထိုနောက် အမ္ဗဋ္ဌလုလင်သည် ကောင်းပါပြီ ဟုတာဝန်ခံပြီးလျှင် နေရာမှထ၍ ပေါက္ခရသာတိပုဏ္ဏားအား ရှိခိုး, လက်ျာရစ်လှည့်ပြီးနောက် မြည်းမတပ်သော မြည်းရထားကို တက်စီး၍ များစွာသောလုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလတောအုပ်သို့ ထွက်သွား၏၊ ယာဉ်မစီးသင့်သောနေရာသို့ရောက်လျှင် ယာဉ်မှဆင်းသက်၍ ကျောင်းတိုက်သို့ ခြေလျင်ဝင်၏၊ ထိုအချိန်တွင် ရဟန်းတော်အများတို့သည် လွင်ပြင်၌ စင်္ကြံကြွတော်မူလျက် ရှိကြ၏။

"အရှင်တို့ . . . ယခု အရှင်ဂေါတမ အဘယ်မှာ သီတင်းသုံးပါသနည်း၊ ကျွန်ုပ်တို့သည် အရှင်ဂေါတမကို ဖူးမြင်ရန် ဤကျောင်းသို့ ရောက်လာကြပါသည်။

ရဟန်းများသည် အမ္ဗဋ္ဌသည် ထင်ရှားသော အမျိုးကောင်းသားဖြစ်သည့်ပြင် ထင်ရှားသော ပေါက္ခရသာတိပုဏ္ဏား၏တပည့်လည်းဖြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးနှင့် စကားပြောဆိုရန် မြတ်စွာဘုရားအား ဝန်လေးခြင်းရှိမည် မဟုတ်ဟု နှလုံးသွင်းကြပြီးလျှင်-

"အိုအမ္ဗဋ္ဌ . . . ဤတံခါးပိတ်ထားသောကျောင်းသို့ တိုးတိုးသက်သာချဉ်းကပ်၍ တံခါးမုခ်သို့ ဖြည်းဖြည်းဝင်သွား

ပြီးလျှင် ချောင်းသံပြု၍ တံခါးရွက်ကို ခေါက်လော့၊ သင်အား မြတ်စွာဘုရားသည် တံခါးဖွင့်၍ ပေးလိမ့်မည်”။

အမ္ဗဋ္ဌသည် ရဟန်းတော်တို့ ပြောဆိုသည့်အတိုင်း သွား၍ တံခါးကို ခေါက်၏၊ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏၊ အမ္ဗဋ္ဌလုလင်သည် ကျောင်းတွင်းသို့ဝင်သောအခါ အဖော်လုလင်တို့လည်း ကျောင်းတွင်းသို့ ဝင်ကြပြီးလျှင် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်၍ သင့်ရာ၌ ထိုင်ကြကုန်၏၊ အမ္ဗဋ္ဌလုလင်သည်ကား လမ်းလျှောက်ချက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် စကားအနည်းငယ် အနည်းငယ် ပြောဆိုနှုတ်ဆက်၏၊ ရပ်လျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် စကားအနည်းငယ် အနည်းငယ် ပြောဆိုနှုတ်ဆက်၏။

---

* ဗြဟ္မဏဝါဒ ။ ။ အမ္ဗဋ္ဌယုံကြည်သော ဗြဟ္မဏဝါဒ၌ ပုဏ္ဏားမျိုးသည် ဗြဟ္မာ၏ ပါးစပ်မှ မွေးဖွားသည် မင်းမျိုးသည် ဗြဟ္မာ၏ ရင်မှ, ကုန်သည်မျိုးသည် ဗြဟ္မာ၏ချက်မှ, ဆင်းရဲသားမျိုးသည် ဗြဟ္မာ၏ ဒူးမှ, ရဟန်းသည် ဗြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားသည်။(စ၍ ဖြစ်ပေါ်သည်)ဟု ဆိုသတတ်။

# မြတ်စွာဘုရားအား မထီလေးစားပြုလုပ်ခြင်း

"အိုအမ္ဗဋ္ဌ. . . သင်သည် သွားကာ ရပ်ကာ ထိုင်သော ငါဘုရားနှင့် စကား အနည်းငယ် ပြောဆိုနှုတ်ဆက်သကဲ့သို့ပင် အသက်, ဂုဏ်ကြီးရင့်သော သင်၏ ဆရာ့ဆရာပုဏ္ဏားတို့နှင့် စကားပြောဆိုလေ့ ရှိပါသလော။

"အို အရှင်ဂေါတမ. . . ဤသို့ပြောဆိုလေ့ မရှိပါ။ သွားနေသော ပုဏ္ဏားသည် သွားနေသော ပုဏ္ဏားနှင့် ရပ်နေသော ပုဏ္ဏားသည် ရပ်နေသော ပုဏ္ဏားနှင့်, ထိုင်နေသော ပုဏ္ဏားသည် ထိုင်နေသောပုဏ္ဏားနှင့်, လျောင်းနေသော ပုဏ္ဏားသည် လျောင်းနေသော ပုဏ္ဏားနှင့်သာ စကားပြောဆိုထိုက်ပေသည်၊ သူကြွယ်မျှသာဖြစ်ကြကုန်သော, မည်းနက်သောကဏှာ ဇာတ်ရှိကြကုန်သော, ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားလာကြကုန်သော, * ဦးပြည်း (ကတုန်း)ရဟန်းယုတ်တို့နှင့်ပြောဆိုသောအခါ အရှင်ဂေါတမနှင့် ပြောဆိုသကဲ့သို့သာ ပြောဆိုပေသည်"

"အို အမ္ဗဋ္ဌ. . . သင်သည် ကိစ္စရှိ၍သာ ဤနေရာသို့ လာခဲ့ခြင်း ဖြစ်ပေသည်၊ သင်လာခဲ့ရင်းကိစ္စကိုသာ ကောင်းစွာ နှလုံးသွင်း စဉ်းစားသင့်ပေသည်၊ အချင်းတို့. . . ဤအမ္ဗဋ္ဌ လုလင်သည် (ဆရာကောင်းထံ၌) မနေဖူးပါဘဲလျက် နေထိုင်ဖူး သူဟု ထင်မှတ်နေ၏၊ (ဤသို့ရိုင်းစိုင်းစွာ ပြုမူမှု၌ ဆရာကောင်း ထံ) မနေခဲ့ဖူးဟူသော စကားမှတစ်ပါး အဘယ်စကားကို ပြောဆို ဖို့ ရှိသေးသနည်း"

ဆရာသမားကောင်းတို့ထံ၌ မနေဖူးဟူသော အဝုသိတဝါဒဖြင့် ပြောဆိုခြင်းခံရသောအခါ အမ္ဗဋ္ဌလုလင်သည် အမျက်ဒေါသထွက်၍ မြတ်စွာဘုရားကိုပင် ကဲ့ရဲ့စွပ်စွဲလိုသောကြောင့် ငါသည် ရဟန်းဂေါတမကို ယုတ်ညံ့သွားစေမည်ဟူသော စိတ်ထားဖြင့် ဤသို့ ဆို၏၊

"အိုအရှင် ဂေါတမ. . . သာကီဝင်မင်းမျိုးသည် ခက်ထန်, ကြမ်းကြုတ်၏၊ စိတ်နှလုံး ပေါ့ဆ၏၊ (မလေးနက်)၊ စကားများ၏၊ သူကြွယ်မျိုးမျှသာ ဖြစ်ပါလျက် ပုဏ္ဏားတို့ကို ကောင်းစွာ မပြုမူကြကုန်၊ မလေးစားကြကုန်၊ မမြတ်နိုး, မပူဇော်, မရိုသေကြကုန်၊ ဤအချက်သည် မသင့်လျော် မလျောက်ပတ်သော အချက်ပင် ဖြစ်တော့သည်"

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးကို ပထမအကြိမ် ကျရောက်စေသည်။

# သာကီဝင်တို့၏ဇာတိမာန်

"အို အမ္ဗဋ္ဌ. . . သင်အား သာကီဝင်တို့သည် အဘယ်သို့ ပြစ်မှားဖူးကြကုန်သနည်း"

"အို အရှင်ဂေါတမ. . . အကျွန်ုပ်သည် အခါတစ်ပါး၌ ဆရာဖြစ်သူ ပေါက္ခရ သာတိ ပုဏ္ဏား၏ကိစ္စဖြင့် ကပိလဝတ်မြို့သို့ သွားရောက်ခဲ့ပါသည်။ ထို့နောက် သာကီဝင်တို့၏ စည်းဝေးရာ အဆောက်အအုံ၌ သာကီဝင်မင်း သာကီဝင် မင်းသားငယ်အများတို့သည် မြင့်သောနေရာတို့၌ အချင်းချင်းကလိထိုး၍ ပြင်းထန်စွာ ရယ်ရွှင်မြူးတူးကြကုန်လျက် ထိုင်နေကြပါသည်၊ အမှန်စင်စစ်အားဖြင့် အကျွန်ုပ်ကို တစ်စုံတစ်ယောက်မျှ နေရာဖြင့် ဖိတ်မန္တကပြုခြင်း မရှိပါ၊ သာကီဝင်တို့သည် သူကြွယ်မျှသာ ဖြစ်ကြပါကုန်လျက် ဤကဲ့သို့ ပုဏ္ဏားတို့အား မရိုမသေ, မလေးစားခြင်းမှာ မသင့်လျော် မလျောက်ပတ် သော အချက်ပင် ဖြစ်ပေသည်"

ဤသို့လျှင် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးကို ဒုတိယအကြိမ် ကျရောက်စေပြန်၏။

" အို အမ္ဗဋ္ဌ. . . ဗီလုံးငှက်မကလေးပင်လျှင် သူ၏ အသိုက်၌ အလိုရှိတိုင်း အော်မြည်တတ်သေး၏၊ ဤကပိလဝတ်မြို့ကား သာကီဝင်တိုပ၏ စိုးပိုင်ရာအရပ်ဖြစ်ပေသည်၊ အမောင်

အမ္ဗဋ္ဌသည် ဤအနည်းငယ်မျှသော အကြောင်းဖြင့် မကျေနိုင်အောင် ရန်ငြိုး မဖွဲ့ထိုက်ပေ"

"အို အရှင်ဂေါတမ. . . မင်း, ပုဏ္ဏား, ကုန်သည်, ဆင်းရဲသားဟူ၍ အမျိုးလေးပါးရှိရာ၌ ကျန်သော အမျိုးသုံးပါးတို့သည် ပုဏ္ဏား၏အလုပ်အကျွေးများသာ ဖြစ်ကြပေသည်၊ သာကီဝင်တို့သည် သူကြွယ်မျှသာ(မင်းမခေါ်လောက် ဟူလို)ဖြစ်ကြကုန်လျက် ပုဏ္ဏားတို့အား မရိုသေ, မလေးစားခြင်းမှာ မသင့်လျော်မလျောက်ပတ်သော အချက်ပင် ဖြစ်ပေသည်"

ဤသို့လျှင် သာကီဝင်တို့၌ သူကြွယ်ဟူသော စကားလုံးကို တတိယအကြိမ် ကျရောက်စေပြန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအမ္ဗဋ္ဌကား သာကီဝင်တို့၌ သူကြွယ်ဟူသော စွပ်စွဲချက်ဖြင့် အလွန်လျှင် ရှုတ်ချဘိ၏၊ သူ၏ အမျိုးအနွယ်ကို မေးဦးမှ သင့်မည်ဟု အကြံဖြစ်တော်မူ၏။

"အို အမ္ဗဋ္ဌ. . . သင်သည် အဘယ်အမျိုးအနွယ်ရှိသနည်း"

"ကျွန်ုပ်သည် ကဏှာယနမျိုး ဖြစ်ပေသည်"

## သာကီဝင်တို့၏ အစဉ်အလာ

## အမ္ဗဋ္ဌ၏မာနကိုချိုးတော်မူခြင်း

"အိုအမ္ဗဋ္ဌ. . . သင်၏ မိဘမှလာသော ရှေးအမည်အမျိုးကို ဆင်ခြင်လိုက်သော် သာကီဝင်တို့သည် သင်၏အရှင့်သားများဖြစ်ကြ၍ သင်သည် သာကီဝင်တို့၏ ကျွန်မသားဖြစ်နေပေသည်။

အို အမ္ဗဋ္ဌ. . သာကီဝင်တို့သည် ဥက္ကာကမင်းကြီးကို ဘိုးတော်အရာ၌ ထားကြကုန်၏၊ ရှေးက ဖြစ်ဖူးသည်မှာ ဥက္ကာမင်းကြီးသည် ချစ်မြတ်နိုးတော်မူသော မိဖုရား၏ သားတော်အား မင်းစည်းစိမ်ကို ဆောင်နှင်းပေးအပ်လိုသဖြင့် ဥက္ကာမုခ, ကရဏ္ဍု,

---

* သာကီဝင်များ ။ ။ မင်းသားတို့နှင့်အတူ နှမတော်ငါးယောက်, စိတ်သဘောတူသော မှူးမတ် အခြွေအရံတို့ ပါသွားကြ၏၊ နှမတော်အကြီးဆုံးကို အမိအရာ၌ထား၍ အငယ်လေးယောက်တို့နှင့် မင်းသားလေးယောက်တို့ ပေါင်းသင်းနေထိုင်ကြသည်၊ နောင် ဒေဝဒဟပြည်တွင်၏၊ နှမတော်အကြီးဆုံးမှာ နူနာရောဂါစွဲကပ်သဖြင့် သင့်ရာ၌ တွင်းတူး၍ အစားအစာနှင့်တကွ ထားပြီးလျှင် ည၌ ပျဉ်ချပ်ဖြင့် ပိတ်ဆို့၍ ထားကြ၏၊ နောက် နူနာစွဲကပ်၍ တောသို့ ထွက်လာသော ဗာရာဏသီ ရာမမင်း (ထိုအရပ်၌ ကလောသီးများ စား၍ ရောဂါပျောက်နေသူ)နှင့် တွေ့၍ ခေါ်ယူပေါင်းသင်း နေထိုင်ရာ နောင်အခါ ထိုမြို့သည် ကောလိယတွင်၏။

ဟတ္ထိနိက, သိနိသူရ ဟူသော သားတော်ကြီး လေးယောက်တို့ကို တိုင်းပြည်မှ နှင်ထုတ်တော်မူခဲ့၏၊ ပြည်နှင်ခံရသော ထိုမင်းသား တို့သည် ဟိမဝန္တာ၏နံဘေး ရေကန်တစ်ကန်၏ ကမ်း၌ ကျွန်း တောကြီး တစ်ခုရှိရာ ထိုကျွန်းတောကြီး၌ နေထိုင်ကြကုန်၏၊ ထိုမင်းသားတို့သည် အမျိုးဇာတ်ပျက်စီးမည်မှ ကြောက်ခြင်းကြောင့် မိမိတို့၏ နှမတော်အရင်းများနှင့် ပေါင်းသင်းနေထိုင်ကြကုန်၏။*

ထို့နောက် ဥက္ကာကမင်းကြီးသည် အချင်းတို့. . . ယခု မင်းသားတို့ အဘယ်မှာ နေကြကုန်သနည်းဟု မေးတော်မူသဖြင့် မှူးမတ် ပရိသတ်တို့သည် အရှင်မင်းကြီး မင်းသားတို့သည် ဟိမဝန္တာ နံဘေး ရေကန်တစ်ကန်၏ ကမ်းနဖူး ကျွန်းတောကြီး၌ ယခု နေထိုင်ကြပါသည်၊ ထိုမင်းသားတို့သည် အမျိုးဇာတ် ပျက်စီးမည် မှ ကြောက်ခြင်းကြောင့် မိမိတို့၏ နှမတော်အရင်းများနှင့် ပေါင်း သင်း နေထိုင်ကြပါသည်ဟု လျှောက်တင်ကြကုန်၏။

အို အမ္ဗဋ္ဌ. . . ထိုအခါ ဥက္ကာကမင်းကြီးသည် အချင်း တို့. . . မင်းသားတို့သည် (အမျိုးကို)စောင့်စွမ်းနိုင်ကြပေကုန်စွ တကား၊ မင်းသားတို့သည် (အမျိုးကို)စောင့်စွမ်း နိုင်ကြကုန်ပေစွ တကားဟု ဥဒါန်းကျူးတော်မူ၏၊ ထိုအချိန်မှ အစပြု၍ (ထိုသကျာဝတ ဟူသော စကားမှ အစပြု၍) သာကီဝင်(သကျ)မျိုးဟူ၍ ထင်ရှား ခဲ့ကြကုန်၏၊ ထိုဥက္ကာကမင်းကြီးသည် သာကီဝင်တို့၏ အစဦး ဖြစ်သော ယောကျ်ားတည်း။

## ကဏှာယနမျိုး၏ အတ္ထုပ္ပတ္တိ

### ထူးဆန်းလှသောကဏှ

“အိုအမ္ဗဋ္ဌ. . . ဥက္ကာကမင်းအား ဒိသာ အမည်ရှိသော ကျွန်မတစ်ယောက် ရှိ၏၊ ထိုကျွန်မသည် ကဏှအမည်ရှိသော သူငယ်ကို ဖွားမြင်၏၊ ဖွားစဖြစ်သောကဏှသည် အို မိခင်. . . ဆေးကြောကြပါ၊ ရေချိုးကြပါ၊ ဤအညစ်အကြေးမှလွတ်အောင် ပြုကြပါ၊ ကျွန်ုပ်သည် မိခင်တို့အကျိုးအတွက် ဖြစ်ပါလိမ့်မည် ဟု ပြောဆို၏။

“အို အမ္ဗဋ္ဌ. . . ယခုအခါ၌ လူတို့သည် အသားစား မြေဘုတ်ဘီလူးကိုမြင်လျှင် ပိသာစ-အသားစားမြေဘုတ်ဘီလူးဟု သိကြကုန်သကဲ့သို့ ထိုအခါ၌လည်း လူတို့သည် အသားစား မြေဘုတ်ဘီလူးကို ကဏှာဟု သိကြကုန်၏၊ (ခေါ်ဝေါ် သိမှတ်ကြကုန်၏)၊ ထိုခေတ်လူတို့သည် ဤသူငယ်ကား မွေးစကဉ်ပင်လျှင် စကားပြောဆို၏၊ ကဏှကို မွေးဖွားခဲ့၏၊ မြေဘုတ်ဘီလူးကို မွေးဖွားခဲ့၏ဟု ပြောဆိုကြကုန်၏၊ ထိုအခါမှ အစပြု၍ (ထိုကဏှ ဟူသောစကားကို အစပြု၍)ကဏှယနမျိုးများဟူ၍ ထင်ရှားခဲ့ကြကုန်၏၊ ထိုကဏှသည် ထိုကဏှာယနမျိုး၏ အစဦးယောက်ျား ပင် ဖြစ်ပေသည်”

"အို အမ္ဗဋ္ဌ. . . ဤသို့လျှင် သင်၏ အမည်အမျိုးအနွယ်ကို အစဉ်လျှောက်၍ ဆင်ခြင်လိုက်သော် သာကီဝင်တို့သည် သင့် အရှင်၏ သားတို့ ဖြစ်ကြကုန်၏၊ သင်သည် သာကီဝင်တို့၏ ကျွန်မသား ဖြစ်၍နေပေသည်"

## လုလင်တို့ဝိုင်း၍ တန့်ကွက်ခြင်း

ထိုအခါ အမ္ဗဋ္ဌ၏အဖော်လုလင်တို့သည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားကုန်၏-

"အို အရှင်ဂေါတမ. . . အမ္ဗဋ္ဌလုလင်ကို ကျွန်မ၏သားဟူသောစကားဖြင့် အလွန်ပြင်းပြင်းထန်ထန် မရှုတ်ချပါလင့်၊ အမ္ဗဋ္ဌလုလင်သည် ကောင်းစွာမွေးဖွားလာသူ(ဇာတ်မြင့်သူ)ဖြစ်ပါသည်၊ အမျိုးကောင်းသားလည်း ဖြစ်ပါသည်၊ ဗဟုသုတလည်း ရှိပါသည်၊ အပြောအဆို ကောင်းပါသည်၊ ပညာရှိပါသည်၊ ဤစကားရပ်၌ အရှင်ဂေါတမနှင့် အပြန်အလှန် ပြောဆိုရန် လုံလောက်သူလည်း ဖြစ်ပါသည်"

"အိုလုလင်တို့. . . အမ္ဗဋ္ဌသည်(ညံ့ဖျင်းသူ ဖြစ်သည်ဟု) အထင်ရှိကြလျှင် အမ္ဗဋ္ဌသည် အသာနေပါစေ၊ သင်တို့ပင် ငါဘုရားနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုကြကုန်လော့၊ အမ္ဗဋ္ဌသည် (အရည်အချင်းလုံလောက်သည်ဟု) အထင်ရှိကြလျှင်လည်း

သင်တို့ အသာနေကြကုန်၊ အမ္ဗဋ္ဌပင် ငါဘုရားနှင့် အပြန်အလှန် ဆွေးနွေး ပြောဆိုပါစေလော့"

" အို အရှင်ဂေါတမ. . . အမ္ဗဋ္ဌသည် (အရည်အချင်း ရှိသူဖြစ်ပါသည်) အကျွန်ုပ်တို့ ဆိတ်ဆိတ်နေကြပါမည်၊ အမ္ဗဋ္ဌပင် အရှင်ဂေါတမနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုပါစေလော့။

## အမ္ဗဋ္ဌလုလင် အကြပ်ရိုက်နေခြင်း

"အိုအမ္ဗဋ္ဌ. . . သင်အား တရားသဖြင့်ဖြစ်သော ပြဿနာ သည် ရောက်လာခဲ့ချေပြီ၊ မဖြေဆိုလိုသော်လည်း ဖြေဆိုရပေ မည်၊ အကယ်၍ မဖြေဆိုလျှင်, စကားအမျိုးမျိုးပြောဆို ရှောင်လွှဲ လျှင်, တိတ်တိတ်နေလျှင်, မဖြေဆိုဘဲ ထ၍သွားခဲ့လျှင် သင်၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲလိမ့်မည်"

"အို အမ္ဗဋ္ဌ. . . ငါ ဘုရားမေးတော်မူမည့် ပြဿနာကို အဘယ်သို့ ထင်မြင်သနည်း၊ ကဏှာယနမျိုးသည် အဘယ်မှစ၍ ဖြစ်ခဲ့သနည်း၊ ကဏှာယနမျိုး၏ အစဦးယောက်ျားမှာ အဘယ် သူ ဖြစ်သနည်း"

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ဆိတ်ဆိတ်နေခဲ့၏၊ မြတ်စွာ ဘုရားသည် ထိုအမေးကို တရားသဖြင်ဖြစ်သော ပြဿနာကို တတိယအကြိမ်မြောက်အောင် မေးပါလျက် မဖြေဆိုသော သူ၏ ဦးခေါင်းသည် ဤအရပ်၌ပင် ခုနစ်စိတ်ကွဲလိမ့်မည်။

## လက်နက်ကိုင်နတ်သားခေါ်လာခြင်း

ထိုအခါ ဝရဇိန်လက်နက် အရှင်သိကြားမင်းသည် အလျှံအပြောင်ပြောင် တောက်လောင်သော သံတူကြီးကိုကိုင်၍ ဤအမ္ဗဋ္ဌသည် သုံးကြိမ်မြောက် မြတ်စွာဘုရား မေးတော်မူအပ်သော တရားသဖြင့်ဖြစ်သော ပြဿနာကို မဖြေဆိုခဲ့လျှင် ဤနေရာ၌ပင် သူ၏ဦးခေါင်းကို ခုနစ်စိတ် ခွဲပစ်မည်-ဟူသောသဘောဖြင့် အမ္ဗဋ္ဌ၏အထက်ကောင်းကင်၌ တည်လာ၏၊ ထိုသိကြားကို မြတ်စွာဘုရားနှင့် အမ္ဗဋ္ဌလုလင်တို့သာ မြင်ကြရ၏၊ (အခြားသူများ မမြင်ကြရ။)

ထိုအခါ အမ္ဗဋ္ဌလုလင် ကြောက်ရွံ့တုန်လှုပ်၍ ကြက်သီးထလျက် မြတ်စွာဘုရားကိုပင် အားထားကိုးကွယ်ရာ ရှာသည့်သဘောဖြင့် အနီးသို့ချဉ်းကပ်၍ ထိုင်ပြီးလျှင် ဤသို့လျှောက်၏။

“အရှင်ဂေါတမသည် အဘယ်ကို ပြောပါသနည်း၊ ထပ်၍ ပြောပြစေလိုပါသည်”

“အို အမ္ဗဋ္ဌ. . . ငါ ဆိုလတ္တံ့သော စကားကို အဘယ်သို့ ထင်မြင်သနည်း၊ အသက်,ဂုဏ်ကြီးရင့်သော ဆရာ့ ဆရာ ပုဏ္ဏားကြီးတို့ထံမှ အဘယ်သို့ သင်ကြားဖူးသနည်း၊ ကဏှာယနမျိုးသည် အဘယ်မှစခဲ့သနည်း၊ ကဏှာယနမျိုး၏ အစဦးယောက်ျားသည် အဘယ်သူနည်း”

"အို-အရှင်ဂေါတမ. . . အရှင်ဂေါတမ ပြောသည့်အတိုင်းပင် ကြားဖူးပါသည်၊ ကဏှာယနမျိုးသည် ထိုအခါမှစ၍ဖြစ်ပေါ်ခဲ့ပါသည်၊ ကဏှာယနမျိုး၏ အစဦး ယောက်ျားသည် ထိုကဏှာပင် ဖြစ်ပါသည်"

ထိုအခါ အဖော်လုလင်တို့သည် ပွဲတင်ထပ်မျှ ဆူဆူညံညံ ဤသို့ ပြောဆိုကြကုန်၏။

"အချင်းတို့. . . အမ္ဗဋ္ဌလုလင်သည် ဇာတ်မကောင်းသတတ်၊ အမျိုးကောင်းသား မဟုတ်သတတ်၊ သာကီဝင်တို့၏ ကျွန်မသားဖြစ်သတတ်၊ သာကီဝင်တို့သည် အမ္ဗဋ္ဌ၏ အရှင်သားတို့ ဖြစ်ကြကုန်သတတ်၊ ငါတို့သည် တရားသဖြင့် ပြောဆိုသော အရှင်ဂေါတမကို တားမြစ်ကန့်ကွက်မိကြကုန်၏၊ (မျက်နှာပျက်အောင် ပြုမိကြကုန်၏)"
ဟု ကျယ်လောင်စွာ ပြောဆိုကြကုန်၏။

## တန်ခိုးကြီးသော ကဏှာရသေ့

ထိုအခါ မြတ်စွာဘုရားသည် လုလင်တို့အား ဤသို့ မိန့်တော်မူ၏။

"အိုလုလင်တို့ . . . သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား ဟူသောစကားဖြင့် ပြင်းထန်စွာ မရှုတ်ချကြကုန်လင့်၊ ကဏှာသည် မြတ်သောရသေ့ ဖြစ်ခဲ့၏၊ ထိုကဏှာသည် (ဂင်္ဂါမြစ်၏ တောင်ဘက်)ဒက္ခိဏာအရပ် ဇနပုဒ်သို့သွား၍ မြတ် သောမန္တာန်တို့ကို

သင်ယူခဲ့ပြီးလျှင် ဥက္ကာကမင်းကြီးထံသို့ ချဉ်းကပ်၍ အလှမာန်ယစ်သော မဒ္ဒရူပီသမီးတော်ကို တောင်း၏။

ထိုအခါ ဥက္ကာကမင်းကြီးသည် အချင်းတို့. . . ဤသို့ သမီးတော်ကို တောင်းသောသူသည် အဘယ်သူတဲ့နည်း၊ (ဘာကောင်တဲ့နည်း၊) ဤရသေ့သည် ငါ၏ ကျွန်မသားပင် ဖြစ်ပါလျက် မဒ္ဒရူပီသမီးတော်ကို တောင်းဘိ၏ဟု အမျက်ထွက်၍ (လေး၌)မြားကိုတင်၏၊ ဥက္ကာကမင်းသည် ထိုမြားကို ပစ်လည်း မပစ်နိုင်၊ ချလည်း မချနိုင် ဖြစ်ခဲ့လေ၏။

"အိုလုလင်တို့. . . ထိုအခါ မှူးမတ် ပရိသတ်တို့သည် ကဏှာရသေ့သို့ ချဉ်းကပ်ကြ၍ အို-အရှင်. . . မင်းကြီးအား ချမ်းသာပေးစေလော့၊ အို အရှင်. . . မင်းကြီးအား ချမ်းသာပေးစေလော့ဟု ဆိုကြကုန်၏။

"မင်းကြီးသည် ချမ်းသာပါလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် မြားကို အောက်အရပ်သို့ပစ်လွှတ်လျှင် မင်းကြီး၏ နိုင်ငံတော်ဖြစ်သမျှ မြေကြီးသည် ပြိုပျက်လိမ့်မည်"

"မင်းကြီးအားလည်း ချမ်းသာပါစေလော့၊ နိုင်ငံတော် (ဇနပုဒ်)အားလည်း ချမ်းသာပါစေလော့။

"မင်းကြီးလည်း ချမ်းသာပါလိမ့်မည်၊ နိုင်ငံတော်လည်း ချမ်းသာပါလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် မြားကို အထက်သို့ ပစ်လွှတ်လျှင် နိုင်ငံတော်သည် ဖြစ်သမျှ၌ ခုနစ်နှစ် မိုးမရွာဘဲ နေလိမ့်မည်။

"မင်းကြီးလည်း ချမ်းသာပါစေလော့၊ နိုင်ငံတော်လည်း ချမ်းသာပါစေလော့၊ မိုးကိုလည်း ရွာပါစေလော့"

"မင်းကြီးလည်း ချမ်းသာပါလိမ့်မည်၊ နိုင်ငံတော်လည်း ချမ်းသာပါလိမ့်မည်၊ မိုးလည်းရွာလိမ့်မည်၊ စင်စစ်မှာ မင်းကြီးသည် သားတော်ကြီး၌ မြားကို တည်စေလော့၊ မင်းသားသည် ကြက်သီးမျှ မထဘဲ ချမ်းသာစွာ ရှိလိမ့်မည်"

ထို့နောက် ဥက္ကာကမင်းကြီးသည် ကြောက်ရွံ့ထိတ်လန့်၊ ကြက်သီးထလျက် မြတ်သောဒဏ်ဖြင့်(ပြဟ္မဒဏ်ဖြင့်) အခြိမ်းခြောက်ခံရခြင်းကြောင့် ထိုကဏှရသေ့အား မဒ္ဒရူပီ သမီးတော်ကို ပေးတော်မူခဲ့၏။

"လုလင်တို့ . . . အမ္ဗဋ္ဌကို ကျွန်မသားဟူသော စကားဖြင့် အပြင်းအထန် မရှုတ်ချကြကုန်လင့်၊ ကဏှသည် မြတ်သော ရသေ့ ဖြစ်ပေသည်"

## အမျိုးလေးပါးတို့တွင် မင်းမျိုးအမြတ်ဆုံး

"အိုု-အမ္ဗဋ္ဌ. . . ဆိုလတ္တံ့သောစကားကို အဘယ်သို့ ထင်မြင်သနည်း၊ ဤလောက၌ မင်းသားနှင့် ပုဏ္ဏားကညာတို့ ပေါင်းသင်း၍ရသောသတို့သားသည် ပုဏ္ဏားတို့၌ နေရာထိုင်ခင်းကို ဖြစ်စေ, ရေကိုဖြစ်စေ ရနိုင်ပါမည်လော။

"အို အရှင်ဂေါတမ. . . ရနိုင်ပါလိမ့်မည်"

"ပုဏ္ဏားတို့သည် ထိုသတို့သားကို အသုဘ, မင်္ဂလာပွဲ, ယဇ်ပွဲ, ဧည့်ခံပွဲတို့၌ ကျွေးမွေးကြပါမည်လော"

"ကျွေးမွေးကြပါလိမ့်မည်။"

"ဗေဒင်ကို သင်ကြားပို့ချပါမည်လော"

"ပို့ချကြပါလိမ့်မည်"

"မိန်းမမှုတို့၌ (ပေါင်းသင်းဆက်ဆံမှုကို) တားမြစ်ကြမည်လော၊ မတားမြစ်ဘဲ နေကြမည်လော"

"တားမြစ်ကန့်ကွက်ကြမည် မဟုတ်ပါ"

"မင်းမျိုးတို့တွင် ထိုသတို့သားကို မင်းမြှောက်၍ အဘိသိက်သွန်းကြပါမည်လော"

"မင်းမျိုးတို့ကမူ မင်းမြှောက်၍ အဘိသိက်သွန်းကြမည် မဟုတ်ပါ၊ အကြောင်းမှာ အမိဘက်မှ အမျိုးမပြည့်စုံပါ"

"အို အမွှန်. . . ဤလောက၌ ပုဏ္ဏားနှင့် မင်းသမီးတို့ ပေါင်းသင်း၍ရသော သတို့သားသည် ပုဏ္ဏားတို့၌ (ရှေးနည်းတူ ပေါင်းသင်းဆက်ဆံမှုကို) ရနိုင်ပါမည်လော"

"ရနိုင်ပါလိမ့်မည်"

"ထိုသတို့သားကို မင်းမျိုးတို့သည် မင်းမြှောက်၍ အဘိသိက်သွန်းကြပါမည်လော"

"မင်းမျိုးတို့ကမူ အဘိသိက်သွန်းကြမည် မဟုတ်ပါ၊ အကြောင်းမှာ အဖဘက်မှ အမျိုးမပြည့်စုံပါ"

"အို အမ္ဗဋ္ဌ. . . ဤသို့လျှင် ယောက်ျားချင်းချင်း၊ မိန်းမချင်းချင်း နှိုင်းယှဉ်ခဲ့သော် မင်းမျိုးတို့သာ မြတ်ကြကုန်၏၊ ပုဏ္ဏားမျိုးတို့သည် ယုတ်နိမ့်ကြကုန်၏။

"အို အမ္ဗဋ္ဌ. . . ဆိုလတ္တံ့သောစကားကို သင်အဘယ်သို့ ထင်မြင်သနည်း၊ ဤလောက၌ ပုဏ္ဏားတို့သည် အကြောင်း တစ်ခုခုကြောင့် ပုဏ္ဏားတစ်ယောက်ကို သင်မုန်းဖြင့် ခေါင်းတုံး ရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှ ဖြစ်စေ၊ မြို့ရွာမှဖြစ်စေ, နှင်ထုတ်လိုက်ကြကုန်ရာ၏၊ ထိုသို့ နှင့်ထုတ်ခံရသော ပုဏ္ဏား သည် (ရှေးနည်းတူ) ပေါင်းသင်းဆက်ဆံမှု ရနိုင်ပါဦးမည်လော"

"အို အရှင်ဂေါတမ. . . ရနိုင်လိမ့်မည် မဟုတ်ပါ"

"မင်းမျိုးသည် မင်းမျိုးတစ်ယောက်ကို အကြောင်း တစ်ခုခုကြောင့် သင်မုန်းဖြင့် ခေါင်းတုန်းရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မှဖြစ်စေ, မြို့ရွာမှဖြစ်စေ နှင်ထုတ်ကြကုန်ရာ၏၊ ထိုသို့ အနှင်ခံရသော မင်းမျိုးသည် ပုဏ္ဏားတို့၌ (ရှေးနည်းတူ ပေါင်း သင်း ဆက်ဆံမှုမျိုးကို) ရနိုင်ပါမည်လော"

"ရနိုင်ပါလိမ့်မည်"

"အို-အမ္ဗဋ္ဌ. . . ခေါင်းတုံးရိတ်၍ ပြာဖြူးပြီးလျှင် တိုင်းပြည်မြို့ရွာမှ နှင်ထုတ်ခံရသော မင်းမျိုးသည် အယုတ်ဆုံး

အဆင့်အတန်းသို့ရောက်ရှိသော မင်းမျိုး ဖြစ်ပေသည်၊ ဤသို့ အယုတ်ဆုံး အဆင့်အတန်းသို့ ရောက်ရှိသောအခါ၌ပင် မင်းမျိုးတို့သည် မြတ်ကုန်၏၊ ပုဏ္ဏားမျိုးတို့သည် ယုတ်ညံ့ကြကုန်၏။

သနင်္ကုမာရ ဗြဟ္မာသည်လည်း "အမျိုးအနွယ်ကို အစဉ်လျှောက်၍ အောက်မေ့စဉ်းစားသော လူအပေါင်း၌ မင်းမျိုးသည် အမြတ်ဆုံး ဖြစ်ပေ၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသောသူသည်ကား နတ်လူအပေါင်း၌ အမြတ်ဆုံး ဖြစ်ပေ၏"ဟူသော ဂါထာ * ကို (ရှစ်လုံးဘွဲ့ ပါဠိကဗျာကို)ရွတ်ဆို ပြောကြား၏၊ ထိုဂါထာသည် ကောင်းစွာ စီကုံးရွတ်ဆိုအပ်သော အဓိပ္ပါယ်ရှိသည့် ဂါထာ ဖြစ်ပေသည်၊ ငါဘုရားလည်း သဘောကြိုက်ညီ ခွင့်ပြုတော်မူပေသည်။

---

* ဂါထာ။ ။ ဒီဃ, ရဿ, ဂရု, လဟု, အသံတို့ရှည်ကို မှတ်သား၍ စည်းကမ်းတကျ ဖွဲ့စီအပ်သော ပါဠိကဗျာများသည် ဂါထာများ ဖြစ်ကြ၏၊ ထိုစည်းကမ်းချက်များကို ဆန်းကျမ်းများ၌ အကျယ်တဝင့် ရေးသား ပြဆိုလျက် ရှိ၏၊ ဂါထာသည် ကဗျာဖြစ်ခဲ့လျှင် မြတ်စွာဘုရားသည် ကဗျာဖြင့် တရားဟောတော်မူသလောဟု စောဒကတက်ဖွယ် ရှိ၏၊ ကဗျာဆိုသည်မှာ ပညာရှိသူများ သာယာနာပျော်ဖွယ်ရှိအောင် ရွတ်ဆိုရေးသားသော စကားပြေ မဟုတ်သည် အဖွဲ့ ဗန္ဓမျိုးဖြစ်၍ ကဗျာဆိုတိုင်း ကာလပေါ် သီချင်း ကဗျာများနှင့် နှီးယှဉ်ဖို့ မလိုပြီ။

## ဝိဇ္ဇာစရဏ ပြဿနာ

"အို အရှင် ဂေါတမ. . . ထိုစရဏ* နှင့် ဝိဇ္ဇာတို့သည် အဘယ်တရားများ ဖြစ်ကြပါသနည်း။

"အို အမ္ဗဋ္ဌ. . . အတုမဲ့ ဝိဇ္ဇာစရဏနှင့်ပြည့်စုံမှု၌ သင်သည် ငါနှင့်ထိုက်တန်၏(တန်းတူ၏)၊သင်သည် ငါနှင့်မတန် (တန်းမတူ)" ဟူသော ဇာတိဝါဒ ခေါ် ဇာတ်စကား၊ ဂေါတ္တဝါဒ ခေါ် အမျိုးအနွယ်စကား၊ မာနဝါဒ ခေါ် မာန်စကားမျိုး တို့ကို ပြောဆိုခြင်း မရှိ၊ ဤဇာတ်စကား စသည်တို့သည် အာဝါ ဟ- သမီးယူမင်္ဂလာ၊ ဝိဝါဟ-သမီးပေးမင်္ဂလာ အာဝါဟ ဝိဝါဟ- သမီးယူ သမီးပေး မင်္ဂလာများကို ပြုလုပ်ကြသော သူတို့၌သာ ရှိကြပေသည်၊ ထိုသူတို့သာ ပြောဆိုကြပေသည်။

"အို-အမ္ဗဋ္ဌ. . . ဇာတ်စကား၊ အနွယ်စကား၊ မာနစကား၊ ထိမ်းမြားမင်္ဂလာပြုမှုတို့ဖြင့် အနှောင်အဖွဲ့ခံ၍နေကြရသော သူတို့ သည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းမှ အလှမ်းဝေးကြကုန် သေး၏၊ ဤအနှောင်အဖွဲ့များကို ပယ်ခွာပြီးမှသာလျှင် အတုမဲ့

---

* စရဏ ။ ။ ဖြည့်ကျင့်အပ်သော တရားသည် စရဏမည်၏၊ ထိုစရဏသည် သီလစသော တစ်ဆယ့်ငါးပါးတို့ပင် ဖြစ်၏၊ သို့ရာတွင် ဤ၌ အမြတ်ဆုံးကိုသာယူသော ဥက္ကဋ္ဌနည်းအားဖြင့် ဈာန်သမာပတ် လေးပါးကို စရဏဟု သရုပ်ဖော်တော်မူသည်၊ စတုတ္ထဈာန်၌ အရူပသမာ ပတ် လေးပါးလည်း ပါဝင်၏။

ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း(အရဟတ္တဖိုလ်)ကို မျက်မှောက်ပြုနိုင်ပေသည်"

"အို အရှင်ဂေါတမ. . . ထိုစရဏနှင့် ဝိဇ္ဇာ*တို့သည် အဘယ်တရားများ ဖြစ်ကြပါသနည်း"

## ဝိဇ္ဇာစရဏ အဖြေ

### စရဏများ

"အို အမ္ဗဋ္ဌ. . . ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာ၍ တရားတော်ကိုကြားနာရသဖြင့် အမျိုးကောင်းသားသည် လူ့ဘောင်မှစွန့်ခွာ၍ ရဟန်းပြုပြီးနောက် သီလသုံးမျိုး, ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသောတခါးရှိခြင်း, မှတ်ခြင်း,သိခြင်း(သတိသမ္ပဇဉ်)ရောင့်ရဲခြင်း(သန္တောသ)တို့နှင့်ပြည့်စုံ၍ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ဘာဝနာကို အားထုတ်သဖြင့် ပထမစျာန်ကို ရရှိပြည့်စုံစေ၍ ဝင်စားနေထိုင်၏၊ ဤပထမစျာန်သည်လည်း စရဏတရားအပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။ (သာမညဖလသုတ်ကြည့်ပါ)

---

* ဝိဇ္ဇာ ။ ။ သိမြင်တတ်သောဉာဏ်သည် (ပညာသင်)ဝိဇ္ဇာမည်၏၊ ဝိဇ္ဇအမည်ရသော ဉာဏ်တို့မှာ ဝိပဿနာဉာဏ်စသောဉာဏ်ရှစ်ပါးတို့သာ ဖြစ်ကြ၏၊ သို့ရာတွင် စုတူပပါတဉာဏ်နှင့် ယထာကမ္မူပဂဉာဏ်နှစ်ပါးတို့ကို ဒိဗ္ဗစက္ခုဉာဏ်မှ ခွဲထုတ်၍ ဆယ်ပါးရအောင် အဋ္ဌကထာဆရာယူ၏။

ဤဒုတိယစျာန်သည်လည်း, ဤတတိယစျာန်သည်လည်း, ဤစတုတ္ထစျာန်သည်လည်း စရဏတရားအပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

"အို အမ္ဗဋ္ဌ. . . ဤစျာန်လေးပါးတို့သည် စရဏ တရားများပင် ဖြစ်ကြပေသည်"

"အို အမ္ဗဋ္ဌ. . . ဤစျာန်လေးပါးတို့သည် စရဏတရားများပင် ဖြစ်ကြပေသည်"

**ဝိဇ္ဇာများ**

"အို အမ္ဗဋ္ဌ. . . ထိုစတုတ္ထစျာန်ကို ရရှိသောရဟန်းသည် စိတ်တည်ကြည်၍ အင်္ဂါရှစ်ပါးတို့နှင့် ပြည့်စုံခဲ့သော် ဝိပဿနာဉာဏ် အမြင်အလို့ငှာ စိတ်ကိုရှေ့ရှုဆောင်တတ်၏၊ ညွတ်စေ၏၊ ဤ ဝိပဿနာဉာဏ်အမြင်သည်လည်း ဝိဇ္ဇာတရားအပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်။

ဤမနောမယဉာဏ်, ဤဣဒ္ဓိဝိဓဉာဏ်, ဤဒိဗ္ဗသောတဉာဏ်, ဤစေတောပရိယဉာဏ်, ဤပုဗ္ဗေနိဝါသဉာဏ်, ဤစုတုပပါတဉာဏ်, ဤယထာကမ္မူပဂဉာဏ်, ဤဒိဗ္ဗစက္ခုဉာဏ်, ဤအာသဝက္ခယဉာဏ်သည်လည်း ဝိဇ္ဇာတရားအပေါင်းတွင် တစ်ပါးအပါအဝင် ဖြစ်ပေသည်"(သာမညဖလသုတ်ကြည့်)

"အို အမ္ဗဋ္ဌ. . . ဤဉာဏ်ဆယ်ပါးတို့သည် ဝိဇ္ဇာတရား များပင် ဖြစ်ကြပေသည်။

"အို အမ္ဗဋ္ဌ. . . ဤရဟန်းမျိုးကို (ဈာန်အဘိညာဉ်, ဝိပဿနာဉာဏ်, မဂ်ဖိုလ်နှင့် ပြည့်စုံသောသူ, စရဏနှင့်ပြည့်စုံ သောသူ, ဝိဇ္ဇာစရဏနှင့် ပြည့်စုံသောသူဟူ၍ ဆိုအပ်၏၊ ဤဝိဇ္ဇာ, စရဏနှင့် ပြည့်စုံခြင်းထက် သာလွန်နှစ်သက်အပ်, မွန်မြတ်သော တစ်ပါးသော ဝိဇ္ဇာ, စရဏ၏ ပြည့်စုံခြင်းဟူ၍ မရှိပြီ"

## အတုမဲ့ ဝိဇ္ဇာစရဏပျက်စီးကြောင်းလေးပါး

"အို အမ္ဗဋ္ဌ. . . ဤအတုမဲ့ ဝိဇ္ဇာစရဏ၏ ပြည့်စုံခြင်း၌ ပျက်စီးကြောင်းလေးပါးတို့ ရှိကြပေသည်၊ ထိုပျက်စီးကြောင်း လေးပါးတို့ကား အဘယ်တို့နည်း"

"အို အမ္ဗဋ္ဌ. . . ဤလောက၌ အချို့သောရဟန်း ပုဏ္ဏား တို့သည် ဤအတုမဲ့ ဝိဇ္ဇာစရဏ၏ပြည့်စုံခြင်းကိုမမီနိုင်သည်ဖြစ်၍ အထူးထူးသော ရသေ့ပရိက္ခရာတို့ဖြင့် ပြည့်သောထမ်းပိုးကို ထမ်း၍ အလိုလို ကြွေကျသောသစ်သီးကို စားသောက်နေထိုင် မည်ဟု တောအုပ်ကြီးသို့ ဝင်၏၊ ထို(အသီးစားရသေ့ ပြုလုပ်)သူ သည် စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူ၏ အလုပ်အကျွေး မျှသာ ဖြစ်ပေသည်"

"အို အမ္ဗဋ္ဌ. . . ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၌ ဤသစ်သီးစားရသေ့ ပြုလုပ်ခြင်းသည် ပထမပျက်စီးကြောင်းပင် ဖြစ်ပေသည်"

"အို အမ္ဗဋ္ဌ. . . ထိုမှတစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည်စုံခြင်းနှင့် သစ်သီးစားရသေ့ အကျင့်မျိုးကို မမီနိုင်သဖြင့် သစ်ဖု, သစ်ဥ, သစ်သီးတို့ကို စားသောက်နေထိုင်မည်ဟု ပေါက်တူး, ခြင်းတောင်းတို့ကို ယူ၍ တောနက်ကြီးသို့ ဝင်၏၊ ထိုသစ်ဥ, သစ်ဖုစားရသေ့သည်လည်း စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပေသည်"

"အို အမ္ဗဋ္ဌ. . . ဤသစ်ဥ, သစ်ဖုစား ရသေ့ပြုလုပ်ခြင်းသည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူ၏ ဒုတိယပျက်စီးကြောင်းပင် ဖြစ်ပေသည်။

"အို အမ္ဗဋ္ဌ. . . ထိုမှတစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း, သစ်သီစားရသေ့အဖြစ်နှင့် သစ်ဥ, သစ်ဖုစား ရသေ့အဖြစ်ကိုလည်း မမီနိုင်သဖြင့် ရွာ, နိဂုံး၏အနီး၌ မီးတင်းကုတ်ကို ဆောက်လုပ်ပြီးလျှင် မီးကို လုပ်ကျွေး၍ နေထိုင်၏၊ ထိုမီးကို လုပ်ကျွေးသော ရသေ့သည်လည်း စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပေသည်"

"အို အမ္ဗဋ္ဌ. . . ဤမီးကို လုပ်ကျွေးသော ရသေ့ပြုလုပ်ခြင်းသည်လည်း အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ တတိယ ပျက်စီးခြင်း အကြောင်းပင် ဖြစ်ပေသည်"

ထိုမှတစ်ပါးလည်း ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားသည် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း, သစ်သီးစားရသေ့၊ သစ်ဉ, သစ်ဖုစားရသေ့နှင့် မီးလုပ်ကျွေးသော ရသေ့အဖြစ်ကိုလည်းမမီနိုင်သဖြင့် လမ်းလေးခွ၌ တံခါးလေးဘက်ရှိသောအိမ်ကိုဆောက်လုပ်၍ ဤအရပ်လေးမျက်နှာမှလာသော ရဟန်း ပုဏ္ဏားတို့ကို အစွမ်းရှိသမျှ (ရေသောက်ပါ, အပန်းဖြေပါစသည်ဖြင့်) ပူဇော်မည်ဟု နေထိုင်၏၊ ထိုလမ်းလေးခွ၌နေ၍ လာသမျှ လောကွတ်လုပ်သော ရသေ့သည်လည်း စင်စစ်အားဖြင့် ဝိဇ္ဇာစရဏနှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာ ဖြစ်ပေသည်။

"အို အမ္ဗဋ္ဌ. . . ဤလမ်းလေးခွ၌ အိမ်ဆောက်၍လာသမျှ လောကွတ်လုပ်သော ရသေ့ပြုလုပ်ခြင်းသည်လည်း အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၏ စတုတ္ထပျက်စီးကြောင်းပင် ဖြစ်ပေသည်"

"အို အမ္ဗဋ္ဌ. . . ဤသို့လျှင် အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်း၌ ပျက်စီးကြောင်းလေးပါးတို့ ရှိကြပေသည်။

## အဗ္ဗဋ္ဌ၏မာန်စွယ်ကို ချိုးတော်မူခြင်း

"အိုး အမ္ဗဋ္ဌ. . . သင်တို့ဆရာတပည့်သည် ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့်ပြည့်စုံခြင်း၌၊ (တည်နေကြသည်ဟု) တွေ့မြင်ရ၏ လော"

"အို အရှင်ဂေါတမ. . . မတွေ့မြင်ရပါ၊ အို အရှင် ဂေါတမ. . . ဆရာနှင့်တကွသော အကျွန်ုပ်သည် အဘယ်သူတဲ့ နည်း၊ အတုမဲ့ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းသည် အဘယ်တဲ့နည်း၊ (တစ်ခြားစီပင်ဟူလို)အကျွန်ုပ်တို့ ဆရာတပည့်သည် အတုမဲ့ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံခြင်းမှ အလှမ်းဝေးကြပါသေးသည်"

"အို အမ္ဗဋ္ဌ. . . ဤအတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို မမီနိုင်ခဲ့သော် ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း ဖြစ်သော သစ်သီးစား၊ သစ်ဥ သစ်ဖုစား၊ မီးလုပ်ကျွေးသောရသေ့နှင့် လမ်းလေးခွ၌နေ၍ လာသမျှကို ပူဇော်သောသူ တစ်မျိုးမျိုး ဖြစ်စေမည်ဟု သင်နှင့်ဆရာပါ ကျင့်ကြံနေထိုင်နိုင်ကြကုန်သလော"

"အနေထိုင် မကျင့်ကြံနိုင်ကြပါ"

"အို အမ္ဗဋ္ဌ. . . ဤသို့လျှင် သင်သည် ဆရာနှင့်တကွ အတုမဲ့ ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှုမှလည်း ယုတ်လျော့၏၊ ဝိဇ္ဇာ စရဏနှင့် ပြည့်စုံမှုမှ ပျက်စီးကြောင်းဖြစ်သော ရသေ့လေးမျိုးတို့ မှလည်း ယုတ်လျော့၏၊(တစ်မျိုးကိုမှ သင်တို့ မရှိသေးဟူလို)"

## ပေါက္ခရသာတိပုဏ္ဏားၡ၏ချို့ယွင်းချက်များ

"အို အမ္ဗဋ္ဌ. . . သင်၏ ဆရာဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားသည် သူကြွယ်များ သာ ဖြစ်ကြကုန်သော မည်းနက်သော ကဏှဇာတ်ရှိကြကုန်သော ဗြဟ္မာ၏ခြေဖမိုးမှ ဖြစ်ပွားလာကြကုန်သော ခေါင်းတုံးရဟန်းယုတ်တို့သည့် အဘယ်သူတို့တဲ့နည်း၊ ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏ ဆွေးနွေးခြင်းသည် အဘယ်တဲ့နည်း၊ (တစ်ခြားစီပင်)ဟူသော စကားကို ပြောဆိုခဲ့ဖူး၏၊ မိမိသည်ကား ဝိဇ္ဇာစရဏနှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း ရသေ့အကျင့်မျိုးကိုပင် မဖြည့်ကျင့်နိုင်ဘဲလျက် ဤသို့ ပြောဆိုသော သင့်ဆရာ ပေါက္ခရ သာတိပုဏ္ဏား၏ အမှားကိုလည်း ကြည့်ဦးလော့။ *

"အမ္ဗဋ္ဌ. . . ပေါက္ခရသာတိပုဏ္ဏားသည် ပသေနဒီကောသလမင်းကြီး၏ ဆုတော်လာဘ်တော်များကို စားသုံးရသူ ဖြစ်ပေ၏၊

---

* ဆရာကိုထိပါးခြင်း ။ ။ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်တို့ဆရာတပည့်အား ဝိဇ္ဇာဟုခေါ်သော တရားနှင့်ဝေးသေးကြောင်း ပုဏ္ဏားတို့ခေါ်သောဗေဒင်မှာ ဝိဇ္ဇာအစစ်မဟုတ်ကြောင်းကို သိစေတော်မူလို၍ ဆရာကိုပါ ထည့်သွင်း မိန့်မြွက်တော်မူသည်၊ ပုဏ္ဏားတို့သည် ဗေဒင်သုံးပုံတတ်သူကို တေဝိဇ္ဇဝိဇ္ဇာ=သုံးပါးရှိသူ(တတ်သူ)ဟု ခေါ်ကြ၏၊

ထို့ပြင် အလုံးစုံကို သိတော်မူသည်ဟူသော အချက်ကိုလည်း ပြတော်မူခြင်း ဖြစ်ပေသည်။

သို့ရာတွင် ပသေနဒီကောသလမင်းသည် ထိုပေါက္ခရသာတိပုဏ္ဏားအား မျက်နှာချင်းဆိုင်ခွင့်ကိုပင် မပေးချေ၊ ထိုပေါက္ခရသာတိပုဏ္ဏားနှင့် တိုင်ပင်သောအခါ၌လည်း အဝတ်ကန့်လန့်ကာခြား၍သာ တိုင်ပင်၏၊ တရားသဖြင့်ဖြစ်သော ဆုတော်လာဘ်တော်ကို ခံယူသူဖြစ်ခဲ့ပါလျှင် သူ့အား ပသေနဒီကောသလမင်းသည် မျက်နှာချင်းဆိုင်ခွင့်ကို အဘယ်ကြောင့် မပေးဘဲ ရှိချေအံ့နည်း”

“အို အမ္ဗဋ္ဌ. . . သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏား၏ ဤဒုတိယအမှားကိုလည်း ကြည့်ဦးလော့”

## သင်၏တတ်ကာမျှဖြင့် မာနမကြီးထိုက်ခြင်း

“အို အမ္ဗဋ္ဌ. . . ဆိုလတ္တံ့သောစကားကို အဘယ်သို့ထင်မြင်သနည်း၊ ဤကောသလတိုင်း၌ ပသေနဒီကောသလမင်းကြီးသည် ဆင်၏လည်ပင်း၌ဖြစ်စေ၊ မြင်းကျောက် ကုန်း၌ဖြစ်စေ၊ ရထားခင်းနှီး၌ဖြစ်စေ နေထိုင်လျက် ထင်ရှားကျော်စောကြကုန်သော လက်အောက်ခံမင်း, မင်းအမတ်ကြီးတို့နှင့် ကိစ္စတစ်စုံတစ်ရာကို တိုင်ပင်ဆွေးနွေးပြီးလျှင် ထိုင်နေရာမှ ထွက်ခွာ၍ သင့်ရာ၌ နေရာ၏၊ ထို့နောက် ဆင်းရဲသား, ဆင်းရဲသား၏ ကျွန်တစ်ယောက်ယောက်သည် ထိုနေရာ၌ ရပ်တည်၍ “ပသေနဒီကောသလမင်းသည် ဤသို့ ဤပုံ ပြောဆိုသည်၊ ဤသို့ ဤပုံ

ပြောဆိုသည်"ဟု ထိုတိုင်ပင် ဆွေးနွေးခြင်းမျိုးကိုပင် တိုင်ပင်ဆွေးနွေးရာ၏။

"အို အမ္ဗဋ္ဌ. . . ဤသို့ အတုလိုက်၍ ပြုကာမျှဖြင့် ထိုဆင်းရဲသား, ဆင်းရဲသား၏ ကျေးကျွန်သည် မင်းတို့၏စကားကို ပြောဆိုသူ မင်းတို့ အတိုင်ပင်ကို တိုင်ပင်သူ ဖြစ်နိုင်ပါမည်လော၊ ဤမျှဖြင့် ထိုသူသည် မင်းသော်လည်းကောင်း၊ မင်းအမတ်သော်လည်းကောင်း ဖြစ်နိုင်ပါမည်လော"

" အို အရှင် ဂေါတမ. . . ဤသို့ မဖြစ်နိုင်ပါ"

"အို အမ္ဗဋ္ဌ. . . ဤ ဥပမာအတိုင်းပင် ပုဏ္ဏားတို့ ရှေ့သွားဗေဒင်ကျမ်းရင်းပြုများ ဖြစ်ကြကုန်သော အဋ္ဌက ရသေ့, ဝါမက, ဝါမဒေဝ, ဝေဿာမိတ္တ, ယမဒဂ္ဂိ, အင်္ဂီရသ, ဘာရဒ္ဒါဇ, ဝါသေဋ္ဌ, ကဿပ, ဘဂုရသေ့တို့ ရှိကြ၏၊ ယခုအခါ ပုဏ္ဏားတို့သည် ထိုရသေ့တို့ ပြုစုခဲ့ကြသော ဗေဒင်ကျမ်းရင်းတို့ကို အတုလိုက်နည်းမှီ၍ သင်အံပို့ချကြကုန်၏၊ "ငါကား-ဆရာနှင့်တကွ ထိုဗေဒင်တို့ကို သင်ကြားခဲ့သည်"ဟူ၍ သင်သည် ထိုသို့ ဗေဒင်ကို သင်ကာမျှဖြင့် ဗေဒင်ပြုရသေ့ သို့မဟုတ် ဗေဒင်ပြုရသေ့ဖြစ်ရန် အတွက်ကျင့်ကြံနေသူ ဖြစ်နိုင်စရာအကြောင်း မရှိပေ"

## ဗေဒင်ပြုနှင့်ယခုဗေဒင်တတ်

"အို အမ္ဗဋ္ဌ. . . သင်သည် အသက်ဂုဏ်ကြီးရင့်သော သင်တို့ဆရာ့ ဆရာပုဏ္ဏားကြီးတို့ထံမှ အဘယ်သို့ ကြားဖူးသနည်း၊ ဗေဒင်ကို တီထွင်သည့်ရသေ့ ဆယ်ယောက်တို့သည် ယခု သင်တို့ ဆရာတပည့်တို့ကဲ့သို့ ကောင်းစွာ ရေချိုး, နံ့သာလိမ်း,ဆံမုတ်ဆိတ်တို့ကို ရိတ်ဖြတ်ပြုပြင်, ပတ္တမြားလက်စွပ် တန်ဆာဆင်ယင်၍ အဝတ်ဖြူများကို ဝတ်ရုံကြပြီးလျှင် ကာမဂုဏ်ခံစားကြသည်ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

"ယခုအခါ သင်တို့ ဆရာတပည့်သည် ဆန်မည်း (ဆန်ကျိုး)ကို ကောင်းစွာရွေးချယ်၍ စင်ကြယ်သော သလေး (ကောက်ကြီးဆန်) သားပွဲမ်းထမင်းကို ဟင်းလျာအများနှင့် စားကြသကဲ့သို့ စားကြသည်ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

"ယခုအခါ သင်တို့ဆရာတပည့်သည် ကိုင်းညွတ်အောင် တန်ဆာဆင်အပ်သောမိန်းမတို့ကို လုပ်ကျွေးစေကြ (အပြုစုခံကြ) သကဲ့သို့ မိန်းမတို့ အလုပ်အကျွေးကိုခံကြသည် ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

"ယခုအခါ သင်တို့ဆရာတပည့်သည် အမြီးကို ပျံ့ပြင်အပ်ပြီးသော မြည်းမ,က-သော ရထားတို့ဖြင့် နှင့်တံရှည်ကြီးများဖြင့် မောင်းနှင်ကာ သွားလာလှည့်ပတ်ကြသကဲ့သို့ သွားလာလှည့်ပတ်ကြသည်ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

"ယခုအခါ သင်တို့ဆရာတပည့်သည် ကျုံးကို နက်အောင်တူး၍ တံခါးတိုင်ကြီးများကို စိုက်ထူထားပြီးလျှင် သန်လျက်ရှည် (ဓားရှည်)ကိုင်ယောက်ျားတို့ကို အစောင့်ထားကြကုန်သကဲ့သို့ ကျုံးတူး၍ အစောင့်ထားကြသည်ဟု ကြားဖူးပါသလော"

"မကြားဖူးပါ"

"အို အမ္ဗဋ္ဌ. . . သင်တို့ ဆရာတပည့်သည် ဤသို့လျှင် (ဗေဒင်ပြု)ရသေ့မျိုးလည်း မဟုတ်ကြ၊ ရသေ့ဖြစ်အောင် ပြုကျင့်နေသူများလည်း မဟုတ်ကြပေ၊ အို အမ္ဗဋ္ဌ. . . ငါ ဘုရား၌ ယုံမှားသံသယရှိသောသူသည် ငါဘုရားကို ပြဿနာမေးလျှောက်နိုင်သည်၊ ငါဘုရားသည် ထိုသူအား ဖြေကြားရှင်းလင်းတော်မူမည်"

## မဟာပုရိသလက္ခဏာများကို ပြတော်မူခြင်း

ထို့နောက် မြတ်စွာဘုရားသည် ကျောင်း တော်တွင်းမှ ထွက်၍ စင်္ကြံကြွတော်မူ၏၊ အမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရား၏ စင်္ကြံ ကြွရာသို့လိုက်၍ နောက်တော်မှအတူ စင်္ကြံသွားလျက် ကိုယ်တော်၌ မဟာပုရိသလက္ခဏာတို့ကို ရှာဖွေစုံစမ်း၏၊ အမ္ဗဋ္ဌ လုလင်သည် အအိမ်ဖြင့် ဖုံးလွှမ်းနေသော အင်္ဂါဇာတ်နှင့် ကြီးပြန် သော လျှာတော်ဟူသော လက္ခဏာနှစ်ပါးကို ချန်ထား၍ ကျန်သောမဟာပုရိသလက္ခဏာသုံးဆယ်တို့ကို တွေ့မြင်ရလေ၏၊

ထိုလက္ခဏာနှစ်ပါးတို့၌ကား ယုံမှားသံသယ ဖြစ်လျက် ရှိ၏၊ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိမြင်တော်မူသဖြင့် ထိုလက္ခဏာနှစ်ပါးကို အမ္ဗဋ္ဌလုလင် တွေ့မြင်နိုင်အောင် တန်ခိုး ဖန်ဆင်းပြတော်မူ၏၊ မြတ်စွာဘုရားသည် လျှာတော်ကိုထုတ်၍ နားပေါက်နှစ်ဘက်တို့ကိုလည်း အပြန်ပြန်အလှန်လှန် သုံးသပ် တော်မူ၏၊ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်ပြန်အလှန်လှန် သုံးသပ်တော်မူ၏၊ နဖူးပြင်တစ်ခုလုံးကိုလည်း လျှာတော်ဖြင့် ဖုံး၍ ပြတော်မူ၏။

ထိုအခါ အမ္ဗဋ္ဌလုလင်သည် ရဟန်းဂေါတမကား မဟာ ပုရိသလက္ခဏာ သုံးဆယ့်နှစ်ပါးတို့နှင့်ပြည့်စုံပေသည်ဟု သိမြင်ရ လေလျှင် မြတ်စွာဘုရားအား -

"အို အရှင်ဂေါတမ. . . ကျွန်ုပ်တို့ပြန် ခွင့်ပြုစေလိုပါသည်၊ ကျွန်ုပ်တို့မှာ ကိစ္စတာဝန်များပြားသူများ ဖြစ်ကြပါသည်" ဟု ခွင့်ပန်၏။

ထိုအခါ မြတ်စွာဘုရားသည် "မိမိအချိန် ကာလကိုသိ၍ ပြန်လိုက ပြန်နိုင်ပြီ"ဟု မိန့်တော်မူရာ ထ၍ ပြန်ခဲ့လေ၏။

## အမ္ဗဋ္ဌလုလင်၏ အစီရင်ခံချက်

အမ္ဗဋ္ဌလုလင် ပြန်လာသောအချိန်၌ ပေါက္ခရသာတိပုဏ္ဏား သည် ဥက္ကဋ္ဌမြို့မှထွက်၍ များလှသော ပုဏ္ဏားတို့နှင့်အတူ မိမိပိုင် ဥယျာဉ်ခြံသို့ ရောက်ရှိနေပြီးလျှင် အမ္ဗဋ္ဌလုလင်ကို စောင့်မျှော် လျက်ရှိ၏။

ထို့နောက် အမ္ဗဋ္ဌလုလင်သည် ထိုဥယျာဉ်ခြံသို့ ရောက် လာပြီးလျှင် သင့်လျော်ရာ အရပ်တိုင်ရုံသာ ယာဉ်စီးလာခဲ့၍ ယာဉ်မှဆင်းသက်ကာ ခြေလျင်လျှောက်၍ ပေါက္ခရသာတိ ပုဏ္ဏားထံသို့ ချဉ်းကပ်ပြီးနောက် ရှိခိုး၍ သင့်ရာ၌ထိုင်၏။

"အမောင် အမ္ဗဋ္ဌ. . . အရှင်ဂေါတမကို တွေ့ခဲ့ရပါ၏ လော"

"တွေ့ခဲ့ကြရပါသည်"

"အမောင်အမ္ဗဋ္ဌ. . . အသို့နည်း၊ ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်းမှာ ထိုဂုဏ်မျိုးထင်ရှားရှိ၍ (အမှန်အတိုင်း) ကျော်စော

ခြင်းသာ ဖြစ်ပါသလော၊ (သို့မဟုတ်) ထိုသို့ ထင်ရှားမရှိဘဲ ကျော်စောခြင်း ဖြစ်ပါသလော၊ ထိုအရှင်ဂေါတမသည် ကျော်စောသည့်အတိုင်း ဟုတ်မှန်ပါ၏လော၊ သို့မဟုတ် ကျော် စောခြင်းနှင့် တခြားစီပင် ဖြစ်ပါသလော။

"အို ဆရာအရှင် . . . ထိုအရှင်ဂေါတမ၏ ဂုဏ်သတင်း မှာ ထိုဂုဏ်မျိုး ထင်ရှားရှိ၍ (အမှန်အတိုင်း) ကျော်စောခြင်းသာ ဖြစ်ပါသည်၊ ထင်ရှားမရှိဘဲ ကျော်စောသည် မဟုတ်ပါ၊ ထိုအရှင် ဂေါတမသည် ကျော်စောသည့်အတိုင်းပင် ဟုတ်မှန်ပါသည်၊ ကျော်စောခြင်းနှင့် တခြားစီဖြစ်၍ မနေပါ၊ ထိုအရှင်ဂေါတမသည် မဟာပုရိသလက္ခဏာ ၃၂ ပါးတို့နှင့် အလုံးစုံ ပြည့်စုံသူ ဖြစ်ပါ သည်၊ အချို့အဝက်နှင့်သာ ပြည့်စုံသူ မဟုတ်ပါ"

"(သို့ဖြစ်လျှင်) ရဟန်းဂေါတမနှင့် စကားပြောခဲ့ရပါ သေးသလော"

"ပြောဆိုခဲ့ရပါသည်"

"အဘယ်သို့ ပြောဆိုခဲ့ရပါသနည်း"

## အမ္ဗဋ္ဌလုလင် ခြေတန်ခံရခြင်း

ထိုအခါအမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရားနှင့် စကားပြော ဆိုခဲ့ပုံကို အစုံအလင် အစီရင်ခံလေ၏၊ ထိုစကားကို ကြားရသော အခါ ပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌကို ဤသို့ဆို၏။

"အချင်းတို့ . . . ကျွန်ုပ်တို့၏ပညာရှိခြင်း, အကြားအမြင်များခြင်း, ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံကို တတ်ကျွမ်းခြင်းတို့သည် စိတ်ပျက်ဖွယ်ကောင်းပေစွ"

"အို အမ္ဗဋ္ဌ . . . သင်ကဲ့သို့ပင် ထိုအရှင်ဂေါတမကို ထိပါး၍ ပြောဆိုပြုမူသော ယောကျ်ားသည် အကုသိုလ်များသူတို့ ပျက်စီး၍ ကျရာဒုဂ္ဂတိဖြစ်သော အပါယ်ငရဲသို့ လားရောက်ရပေသည်၊ စင်စစ်အားဖြင့် အရှင်ဂေါတမသည် ကျွန်ုပ်တို့ကိုပင် ဥပမာဆောင်၍ ဆောင်၍ ပြောဆိုခဲ့ရတော့သည်၊ အို အချင်းတို့ ကျွန်ုပ်တို့၏ပညာရှိခြင်း, အကြားအမြင်များခြင်း, ဝိဇ္ဇာသုံးပါးခေါ် ဗေဒင်သုံးပုံကို တတ်ကျွမ်းခြင်းတို့သည် စိတ်ပျက်ဖွယ်ကောင်းပေစွ"

ပေါက္ခရသာတိပုဏ္ဏားသည် ဤသို့ ပြောဆိုမြည်တမ်း၍ အမျက်ဒေါသထွက်ကာ စိတ်နှလုံး မသာယာသည်ဖြစ်၍ အမ္ဗဋ္ဌလုလင်ကို ခြေဖြင့်သာလျှင် ကန်ကျောက်လဲစေ၏၊ ပေါက္ခရသာတိပုဏ္ဏားသည် အမှန်အားဖြင့် ချက်ချင်းပင် မြတ်စွာဘုရားကို ဖူးမြင်လို၏၊ ထိုအခါ (အတူပါလာကြသော)ထိုပုဏ္ဏားတို့သည် "အို . . . အရှင် . . . ယနေ့ကား အချိန်မရှိတော့ပြီ၊ နက်ဖြန်၌ အရှင်ပေါက္ခရသာတိသည် ရဟန်းဂေါတမကို ဖူးမြင်ရပါလိမ့်မည်" ဟု ပြောဆိုကြရကုန်၏။

## ပေါက္ခရသာတိပုဏ္ဏား သောတာပန်တည်ခြင်း

ထိုနောက် ပေါက္ခရသာတိပုဏ္ဏားသည် မိမိအိမ်၌ မြတ်သောခဲဖွယ်ဘောဇဉ်များကို အသင့်စီမံထားပြီးလျှင် ယာဉ်စီး၍ မီးတိုင်တို့ကို ထွန်းညှိကိုင်ဆောင်စေပြီးသော် ဥက္ကဋ္ဌမြို့မှ ထွက်၏၊ မြတ်စွာဘုရားအထံသို့ ရောက်လျှင်ရောက်ချင်း ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၍ ဤသို့ လျှောက်၏။

"အို အရှင်ဂေါတမ. . . အကျွန်ုပ်တို့ တပည့်အမ္ဗဋ္ဌသည် ဤအရပ်သို့ ရောက်ရှိလာပါသလော"

"အို ပုဏ္ဏား ရောက်လာပေသည်"

"အမ္ဗဋ္ဌနှင့် စကားပြောဆိုတော်မူရပါသေးသလော"

"ပြောဆိုရပေသေးသည်"

"အဘယ်သို့ ပြောဆိုတော်မူပါသနည်း"

မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်နှင့် စကားပြောဆိုကြပုံကို အစုံအလင် ပြန်လည်မိန့်မြွက်တော်မူရာ ပေါက္ခရသာတိပုဏ္ဏားသည် ဤသို့လျှောက်၏။

"အိုအရှင်ဂေါတမ. . . အမ္ဗဋ္ဌလုလင်သည် မိုက်မဲလှပါသည်၊ အမ္ဗဋ္ဌလုလင်အား သည်းခံတော်မူပါ"

"အို ပုဏ္ဏား. . . အမ္ဗဋ္ဌလုလင်သည် ချမ်းသာခြင်းနှင့် ပြည့်စုံစေ"

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရားကိုယ်တော်၌ မဟာပုရိသ လက္ခဏာတို့ကို ရှာဖွေစုံစမ်းပြန်ရာ

မြတ်စွာဘုရားသည် အမွှေနည်းတူပင် မမြင်နိုင်သော လက္ခဏာနှစ်ပါးကို တန်ခိုးဖြင့် ပြတော်မူ၏။

မြတ်စွာဘုရားသည် မဟာပုရိသလက္ခဏာသုံးဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံတော်မူကြောင်းကို သိမြင်ရသောအခါ ပေါက္ခရသာတိပုဏ္ဏားသည် သံဃာတော်များနှင့်တကွ မိမိအိမ်သို့ ယနေ့ဆွမ်းဘုဉ်းပေးကြွတော်မူပါဟု လျှောက်သဖြင့် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ ခွင့်ပြုတော်မူလိုက်၏။

ထိုနေ့ နံနက်တွင် မြတ်စွာဘုရားသည် ရဟန်းတော်အပေါင်းနှင့်တကွ ပေါက္ခရသာတိပုဏ္ဏားသည် သင့်ရာ၌ထိုင်၏၊ ထိုအခါ မြတ်စွာဘုရားသည် ပေါက္ခရသာတိပုဏ္ဏားအား အစဉ်အတိုင်း တရားဟောတော်မူ၏၊ ဒါနတရား, သီလတရား, နတ်ပြည်တရား, ကာမဂုဏ်၏အပြစ်, ကာမဂုဏ်မှ ထွက်မြောက်မှု၏အကျိုးများကို အစဉ်အတိုင်း ပြသညွှန်ကြားတော်မူ၏။

ထို့နောက် နီဝရဏကင်း၍ တက်ကြွ, ကြည်လင်လျက် မင်္ဂလ်ဖိုလ်နှင့် သင်လျော်သောစိတ်မျိုး နူးညံ့သောစိတ်မျိုး ဖြစ်ပေါ်လာပြီဟု သိရသောအခါ မြတ်စွာဘုရားတို့၏ သာမုက္ကံသိကဒေသနာ ခေါ် ကိုယ်တိုင်တီထွင်ဖော်ထုတ်ထားသော သစ္စာလေးပါးတရားဒေသနာကို ဖော်ပြဟောကြားတော်မူ၏။

သစ္စာလေးပါးတရားတို့မှာ-

ဒုက္ခသစ္စာ-အမှန်အားဖြင့် ဆင်းရဲကြောင်းတရား၊

သမုဒယသစ္စာ-အမှန်အားဖြင့် ဆင်းရဲကြောင်းတရား၊

နိရောဓသစ္စာ-အမှန်အားဖြင့် တဏှာချုပ်ကြောင်းတရား၊
မဂ္ဂသစ္စာ-အမှန်အားဖြင့် နိဗ္ဗာန်ရောက်ကြောင်း
အကျင့်လမ်းစဉ်တို့ပင် ဖြစ်ကြကုန်၏။

ဥပမာအားဖြင့် အမည်းအစွန်း မရှိသော သန့်ရှင်းသော အဝတ်သည် ဆိုးသောအရောင်ကို ကောင်းစွာ ခံယူတပ်စွဲသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏားအား ထိုနေရာမှာပင် ဖြစ်ခြင်းသဘော ရှိသော တရားအားလုံးသည် ချုပ်ဆုံးခြင်းသဘောရှိသည်ဟု မြူ အညစ်အကြေးကင်းသော ဓမ္မစက္ခုခေါ် သောတာပတ္တိမဂ်မျက်စိ ဖြစ်ပေါ်လာလေ၏။

ထို့နောက် ပေါက္ခရသာတိပုဏ္ဏားသည် တရားမှန်ကို မြင်ပြီး ရောက်ပြီး(ရရှိပြီး)သိပြီး သက်ဝင်ပြီးဖြစ်၍ ယုံမှားတွေး တောခြင်း-ဝိစိကိစ္ဆာကို လွန်မြောက်ပြီးဖြစ်၍ သာသနာတော်၌ ရဲရင့်ယုံကြည်ပြီးဖြစ်၍ မြတ်စွာဘုရားမှတစ်ပါး မည့်သည့်ဆရာကိုမျှ မယုံကြည်နိုင်သည်ဖြစ်၍ မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"အို အရှင်ဂေါတမ. . . အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ ဥပမာအားဖြင့် မှောက်၍နေသောအရာကို လှန်၍ပြသကဲ့သို့ ဖုံးကွယ်၍နေသောအရာကို ဖွင့်၍ပြသကဲ့သို့ မျက်စိလည်လမ်း မှားသောသူအား ခရီးလမ်းကို ညွှန်ကြားသကဲ့သို့ မျက်စိအမြင် ရှိသူသည် ရူပါရုံကို မြင်လိမ့်မည်ဟူသော သဘောဖြင့် အမိုက် အမှောင်ထု၌ ဆီမီးကို ညှိထွန်း၍ထားသကဲ့သို့ ဤအတူသာလျှင်

အရှင်ဂေါတမသည် များလှသောအကြောင်းဖြင့် အကျွန်ုပ်အား တရားကို ပြသဟောကြားတော်မူပါပေသည်။

အကျွန်ုပ်သည် သားသမီး, ဇနီးမယား မှူးမတ်ပရိသတ်တို့နှင့်တကွ မြတ်စွာဘုရားနှင့်တရား, သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သိမှတ်ပါသည်၊ အရှင်ဂေါတမသည် ယနေ့မှအစပြု၍ အကျွန်ုပ်ကို ရာသက်ပန် သရဏဂုံဆောက်တည်သော ဥပသကာဟူ၍ သိမှတ်တော်မူပါ။

အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြား ဥပါသကာအိမ်များသို့ ချဉ်းကပ်တော်မူသကဲ့သို့ ပေါက္ခရသာတိအိမ်သို့လည်း ချဉ်းကပ်တော်မူပါ။ ထိုသို့ ချဉ်းကပ်ကြွရောက်တော်မူရာ၌ သူငယ်, သူငယ်မတို့သည် ရှိခိုးကြပါလိမ့်မည်၊ ခရီးဦးကြို ပြုကြပါလိမ့်မည်၊ နေရာထိုင်ခင်း, ခြေဆေးရေ, သောက်ရေတို့ကို ပေးလှူကြပါလိမ့်မည်၊ စိတ်ကိုသော်လည်း ကြည်လင်စေကြ ပါလိမ့်မည်၊ ထိုအမူအရာတို့သည် ထိုသူငယ်, သူငယ်မတို့အတွက် အရှည်အကြာ စီးပွားချမ်းသာရဖို့ ဖြစ်ကြပါလိမ့်မည်။

"အို ပုဏ္ဏား. . . သင်သည် စကားကောင်းကို ပြောဆိုခြင်းပင် ဖြစ်တော့သည်။

အမ္ဗဋ္ဌသုတ် ပြီးပြီ။

# အမ္ဗဋ္ဌသုတ်ကို လေ့လာအကဲခတ်ခြင်း

အမ္ဗဋ္ဌသုတ်ဆိုသည်မှာ ပေါက္ခရသာတိပုဏ္ဏားဧ၏တပည့် အမ္ဗဋ္ဌလုလင်အား ဆုံးမဟောကြားသောသုတ် ဖြစ်ပါသည်။

ဤသုတ်တော်ကို ကောသလတိုင်း၊ ဣစ္ဆာနင်္ဂလ၊ နိဂုံး အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ ဗုဒ္ဓသီတင်းသုံးစဉ် ဟောခဲ့သော သုတ်ဖြစ်ပါသည်။ ကောသလတိုင်း၏မြို့တော်မှာ သာဝတ္ထိမြို့ ဖြစ်၍ ဗုဒ္ဓခေတ်က လူဦးရေခုနစ်ကုဋေရှိသည်ဟု အဋ္ဌကထာ ဆရာက ဆိုပါသည်။

ယခုအခါ သာဝတ္ထိမြို့ဟောင်းကို ဘီဟာနယ်၊ ဂွန်ဒါဒီ စတိတ်တွင်တည်ရှိပြီး ယခုခေတ်အခါ ဆာဟက်မဟက် ဟုခေါ် တွင်လေသည်။

ဗုဒ္ဓသည် ဒေသစာရီလှည့်လည်ရင်း ဣစ္ဆာနင်္ဂလတော အုပ်၌သီတင်းသုံးနေစဉ် ထိုသတင်းကိုကြားရသော ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိပုဏ္ဏားသည် ဗုဒ္ဓဟုတ်-မဟုတ်၊ ကျော်စောတိုင်း မှန်-မမှန်သိစေရန် တပည့်ကြီးဖြစ်သူ အမ္ဗဋ္ဌလုလင်ကို တပည့် အပေါင်းအဖော်များနှင့်အတူ ဗုဒ္ဓထံစုံစမ်းရန် စေလွှတ်ခဲ့သည်။

ဆရာဖြစ်သူ ပေါက္ခရသာတိပုဏ္ဏားကဲ့သို့ပင် ဗြဟ္မဏဝါဒီ ဗေဒတ္တယပါရဂူဖြစ်သည့်အတိုင်း ဇာတ်မြင့်မြတ်သည် ဟု အစွဲ သန်ကာ ဗုဒ္ဓနှင့်တွေ့သောအခါ မိမိဆရာခိုင်းထားသော ဗုဒ္ဓလက္ခ ဏာ(၃၂)ပါးကို မစုံစမ်းသေးဘဲ ကမ္ဘာပညာရှိတို့၏စည်းကမ်း

ဥပဒေကိုကျော်လွန်ကာ ထိုင်နေသောဗုဒ္ဓရှေ့တွင် ပမာမခန့် လမ်းလျှောက်ပြီး ဗုဒ္ဓနှင့်စကားပြောဆိုကာ မရိုမသေ ပြုလုပ်ခဲ့သည်။

ဗုဒ္ဓသည် ဇာတ်အစွဲသန်ပြီး မာန်ထောင်နေသော အမ္ဗဋ္ဌကို ပရိသတ်အလယ်တွင် ဗုဒ္ဓ၏မျိုးရိုး၊ အမ္ဗဋ္ဌ၏မျိုးရိုးတို့ကို စိစစ်ဆွေးနွေးမေးမြန်းပြီး ဇာတ်အားဖြင့်ပင် အမ္ဗဋ္ဌကို ပရိသတ်အလယ်၌ ကျွန်မ၏သားဖြစ်ကြောင်း ဝန်ခံပြောဆိုမှုဖြစ်ရသည်အထိ အနိုင်ယူပြီးမှ ထိုခေတ်တွင် ဗေဒင်ပညာကို ဝိဇ္ဇာဟုခေါ်ဝေါ်၍ ဗေဒင်ကျမ်းတတ်ပုဏ္ဏားတို့ထောင်လွှားနေကြသည်ကိုပင် တွန်းလှန်ဖယ်ရှားပေးပြီး ဝိဇ္ဇာအစစ်၊ စရဏအစစ်ဖြစ်ထိုက်သောတရားတို့ကို စနစ်တကျစိစစ်ဝေဖန် ဟောပြောပြခဲ့ပါသည်။

အမ္ဗဋ္ဌသုတ်ကိုလေ့လာလျှင် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဘုရားပွင့်စဉ်ကာလ၌ ထင်ရှားကျော်ကြားသော ဇာတ်လေးမျိုးနှင့် ထိုဇာတ်လေးမျိုးတွင် မည်သည့်ဇာတ်သည် အမြတ်ဆုံးဖြစ်သနည်းဟူသော ပြဿနာနှင့်အဖြေကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

ဗုဒ္ဓဂေါတမ၏အမျိုးအနွယ် သကျသာကီဝင်မင်းမျိုးများ မည်သို့သောအဆင့်အမျိုးအနွယ်မှ စတင်ဖြစ်ပေါ်လာသည်ဟူသော ပြဿနာနှင့်သမိုင်းအဖြေကို ရှာဖွေတွေ့ရှိနိုင်ပါသည်။

-အမ္ဗဋ္ဌ၏မျိုးနွယ်ကဏှာယနမျိုး စတင်ဖြစ်ပေါ်လာမှုမျိုးနွယ်အဆင့်ပြဿနာနှင့်သမိုင်းကို သိရှိနိုင်သည်။

-ဤကမ္ဘာတွင် ခေတ်စားနေသော ဗေဒင်ပညာကို မည်သူတွေက ပြုစုခဲ့၍ မည်သည့်ခေတ်က စတင်ပေါ် ပေါက်ခဲ့သည်ဟူသော သမိုင်းစဉ်ကို သိရှိနိုင်ပါသည်။

-ဝိဇ္ဇာနှင့်စရဏတရားများသည် အဘယ်တရားများဖြစ် သည်၊ ထိုတရားများကို မည်ကဲ့သို့အဆင့်ဆင့်ကျင့်ကြံ အားထုတ်ပွားများရသည်၊ ကျင့်စဉ်အမှန်ကို သိနိုင်သည်။

-သာသနာကိုဖျက်ကြသောရသေ့လေးမျိုးကား အဘယ် ရသေ့မျိုးဖြစ်သည်ဟူသော အဖြေပြဿနာကို ရရှိနိုင် သည်။

-ဗုဒ္ဓဂေါတမဆိုသည်မှာ အဘယ်ကဲ့သို့သော ယောကျ်ား မြတ်လက္ခဏာနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ထူးခြားမြင့်မြတ် သောလက္ခဏာရှိသောပုဂ္ဂိုလ်အဖြစ် သိရသည်။

-လက္ခဏာပညာရပ်သည် ဗုဒ္ဓမပွင့်ခင်ကထဲကရှိနေ သော အတတ်ပညာတစ်ခုဖြစ်သည်ကို လေ့လာသိရှိ နိုင်သည်။

-ဤ(၃၁)ဘုံရှိ လူ၊ နတ်၊ ဗြဟ္မာတို့တွင် အဘယ်သို့သော ပုဂ္ဂိုလ်သည် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်ဟူသော ပြဿနာအဖြေကို ဖော်ထုတ်ပြသထားသည်။

ဤကဲ့သို့သော ပြဿနာများသမိုင်းစဉ်များဖြစ်ပေါ်မှုကို ဤအမ္ဗဋ္ဌသုတ်လေ့လာက သိရှိနိုင်၍ တန်ဘိုးမဖြတ်နိုင်သော လောကီအသိ၊ လောကုတ္တရာအသိကို ရနိုင်ပါသည်။

ဤသုတ်သည် အမှန်အားဖြင့် ဗြဟ္မဏဝါဒနှင့်ဗုဒ္ဓဝါဒ တို့ကို စစ်ဆင်နွဲရာ ဘာသာရေး၊ လူမှုရေးစစ်ပွဲတစ်ရပ်ဖြစ်သည့် အပြင် ဝိဇ္ဇာကျင့်စဉ်မှန်၊ စရဏကျင့်စဉ်မှန်ကို ဖော်ထုတ်တင်ပြ ထားသော ဒေသနာတော်လည်း ဖြစ်ပါသည်။

ပေါက္ခရသာတိပုဏ္ဏားကြီးသည် တပည့်ဖြစ်သူ အမ္ဗဋ္ဌ လုလင်နှင့်တပည့်များ ပြန်ရောက်သောအခါ အမ္ဗဋ္ဌက ဗုဒ္ဓအပေါ် မရိုမသေ မချေမငံပြုမှုနှင့်ပတ်သက်၍ ပညာရှိမပီသဟုဆိုကာ ခြေနှင့်ထကန်လေသည်၊ ပေါက္ခရသာတိပုဏ္ဏားကြီး၏ အသိပညာ လိမ္မာမှုနှင့်ပုဂ္ဂိုလ်မှန်၊ ပုဂ္ဂိုလ်မြတ်ကို မိမိ၏အတတ်ပညာနှင့်စဉ်း စားဆင်ခြင်တတ်မှု၊ ဗုဒ္ဓ၏မဟာကရုဏာတော်ထား၍ စိတ်ရှည် လက်ရှည် ရှင်းပြမှုတို့သည် အလွန်မှတ်သားစရာ၊ အတုယူစရာ ကောင်းလှပါသည်။

အမျိုးလေးပါးတွင် မင်းမျိုးသည် အမြတ်ဆုံးဖြစ်သည်၊ သို့သော် ထိုမင်းမျိုးထက် ဝိဇ္ဇာစရဏနှင့်ပြည့်စုံသောသူကသာ လောကတွင် အမြတ်ဆုံးဖြစ်ကြောင်း ခွဲခြား၍ ဟောကြားတော် မူသည်ဖြစ်ရာ ဤအမ္ဗဋ္ဌသုတ်သည် လောက၌အဘယ်ပုဂ္ဂိုလ် သည်သာ အမြတ်ဆုံးဖြစ်ကြောင်းနှင့် ထိုပုဂ္ဂိုလ်မြတ်ဖြစ်ဘို့ အတွက် ကျင့်ရသည့်ကျင့်စဉ်တရားများကိုပါ စုံလင်စွာသိရှိနိုင် သည် ဟု လေ့လာသုံးသပ်အကဲခတ်ရပါသည်။

# သကျသာကီဝင်မင်းတို့ဖြစ်ပေါ်လာမှုကို လေ့လာအကဲခတ်ခြင်း

အမ္ဗဋ္ဌလုလင်သည် မိမိ၏ဆရာ ပေါက္ခရသာတိပုဏ္ဏား၏စေခိုင်းမှုကြောင့် မိမိတို့လေ့လာသင်ကြားထားခဲ့ရသော မဟာပုရိသလက္ခဏာကျမ်းအရ ဗုဒ္ဓဟုတ်-မဟုတ်၊ လက္ခဏာတော်ကြီး (၃၂)ပါးနှင့်ပြည့်စုံသူဟုတ်-မဟုတ်စုံစမ်းရန် ဗုဒ္ဓထံသို့ တပည့်လုလင်(၅၀၀)နှင့်အတူ လာခဲ့သည်။

ဗုဒ္ဓထံသို့ရောက်သောအခါ ထိုင်နေသောဗုဒ္ဓကို မိမိက လမ်းလျှောက်ပြီး မရိုမသေစကားပြောသည်၊ ထိုအခါ ဗုဒ္ဓက သင်တို့ ပုဏ္ဏားလောက၌ အသက်အရွယ်ကြီးကုန်သောဆရာဖြစ်သော ပုဏ္ဏားတို့နှင့် ဤသို့မရိုမသေ စကားပြောပါသလား ဟု မေးသည်။

အမ္ဗဋ္ဌကား ထိုင်နေသောပုဏ္ဏားကိုထိုင်လျက်ရပ်နေသောပုဏ္ဏားကိုရပ်လျက် စကားပြောသည်၊ ရဟန်းဂေါတမမူ ဇာတ်နိမ့်ဖြစ်ပြီး မည်းညစ်သောဗြဟ္မာ၏ခြေဖမိုးမှပေါက်ဖွားသော ဦးပြည်ကတုံးရဟန်းညံ့တို့နှင့်စကားပြောမှုကား ယခု ရဟန်းဂေါတမနှင့်စကားပြောသကဲ့သို့ ပြောပါသည်ဟု မရိုမသေ ဇာတ်နိမ့်ဟူသော စကားဖြင့်စွပ်စွဲပြောဆိုသည်။

တစ်ဖန် အမ္ဗဋ္ဌက မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲဟူသောအမျိုးလေးပါးတို့တွင် မင်း၊ ကုန်သည်,သူဆင်းရဲ,ဟူသော

အမျိုးသုံးပါးတို့သည် ပုဏ္ဏားမျိုး၏အလုပ်အကျွေးဖြစ်သည်၊ ဇာတ် နိမ့်ဖြစ်သော သာကီဝင်မင်းတို့က ပုဏ္ဏားတို့ကိုမရိုသေခြင်း၊ မမြတ်နိုးမပူဇော်ခြင်းသည် မသင့်လျော်ပါ ဟု ဇာတ်နိမ့်စကားဖြင့် စွပ်စွဲပြောဆိုပြန်သည်။

ပထမအကြိမ်ပြောဆိုမှုတွင် ဗုဒ္ဓက မသိမလိမ္မာ ငယ်သူဖြစ်၍ ဤသို့ပြောဆိုသည်ဟု ဆင်ခြင်သည်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ သာကီဝင်မင်းမျိုးများကို ဇာတ်နိမ့်ဟူ၍ စွပ်စွဲသောလာအခါ ဗုဒ္ဓက အမ္ဗဋ္ဌ၏မျိုးရိုးဇာတိအနွယ်ကို ဖော်ထုတ်မေးမြန်းလေသည်။

အမ္ဗဋ္ဌကား မိမိ၏အနွယ်သည် ကဏှာယနအနွယ်ဖြစ်ကြောင်းပြောသောအခါ ဗုဒ္ဓက သာကီဝင်တို့သည် ဉက္ကာက မင်းကိုအဘိုးအရာ၌ထားပုံ၊ ထိုမင်း၌ ပထမမိဖုရားကြီးမှမွေးသော ဉက္ကာမုခ၊ ကရကဏ္ဍု၊ ဟတ္ထိနိက၊ သီနိသူရ ဟူသော သားတော်ကြီးလေးယောက်ရှိပုံ၊ ပထမမိဖုရားကြီး နတ်ရွာစံ၍ ဒုတိယမိဖုရားတင်မြှောက်ရာ ထိုမိဖုရားမှသားတစ်ယောက်မွေးလာ၍ ထိုသားကိုဆုပေးရာမှ မိဖုရားက အိမ်ရှေ့မင်းနှင့်ထီးနန်းကိုတောင်းသဖြင့် သားကြီးများကို ဟိမဝန္တာတောသို့ နှင်ထုတ်ပုံ၊ သားတော်များနှင့်အတူ နှမငါးယောက်၊ မှူးမတ်တို့ပါသွားပုံ၊ မှူးမတ်တို့က အမျိုးပျက်မှာစိုး၍ သားတော်နှင့်သမီးတော်များ၊ မောင်နှမအချင်းချင်းလက်ထပ်ပေးပုံ၊ ထိုအကြောင်းကို ဉက္ကာကမင်းကြီး

ကြားသိ၍ အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်း၌ စွမ်းနိုင်ကုန်သည် ဟု ဥဒါန်းစကားကျူးပုံ၊ ထိုဥက္ကာကမင်းကြီး ဥဒါန်းကျူးသော (သကျ-စွမ်းနိုင်သူ)ဟူသောစကားကိုအစွဲပြု၍ သကျသာကီဝင်မင်းမျိုးပေါ်လာပုံ၊ ဥက္ကာကမင်းသည် သာကီဝင်မင်းတို့၏ ရှေးဦး စွာပုဂ္ဂိုလ်ဖြစ်ပုံ။

ထိုဥက္ကာကမင်း၌ ဒိသာမည်သော ကျွန်မရှိပုံ၊ ထိုကျွန်မ မှ ကဏှမည်သောသားကိုမွေးဖွားပုံ၊ ထိုကဏှကမွေးလျှင်မွေးချင်း ကျွန်ုပ်ကို ဆေးကြောပေးပါ၊ ရေချိုးပေးပါ၊ အညစ်အကြေးမှ လွတ်အောင်လုပ်ပေးပါ၊ သင်တို့အကျိုးဆောင်ရွက်သူဖြစ်ပါမည် ဟု ပြောပုံ။

လူတို့က မွေးလျှင်မွေးချင်းစကားပြောသဖြင့် ဘီလူးဟု ထင်ပုံ၊ ကဏှမွေးဖွား၏၊ ဘီလူး(ပိသာစ)မွေးဖွား၏ဟုဆိုရာမှ ထိုစကားကိုအစွဲပြု၍ ကဏှအနွယ် စတင်ဖြစ်ပေါ်လာပုံ၊ ရှေး အမည်အနွယ်ကို စိစစ်ပါက သာကီဝင်တို့သည် အရှင်သခင်၊ ကဏှယနအနွယ်ဝင် အမ္ဗဋ္ဌသည် ကျွန်မသားအနွယ်ဝင် ဟု ဗုဒ္ဓ ကမိန့်ကြားသည်။

ထိုသို့ ဗုဒ္ဓကဆိုသဖြင့် နောက်ပါလုလင်တို့သည် ဗုဒ္ဓအား အမ္ဗဋ္ဌကို ကျွန်မသားမဆိုရန်၊ အမ္ဗဋ္ဌသည် ကောင်းသောဇာတ် ရှိသည်၊ အမျိုးကောင်းသားဖြစ်သည်၊ အကြားအမြင်များသည် ချောင့်သောစကားရှိသူဖြစ်သည်၊ အရှင်ဂေါတမနှင့်စကားယှဉ်ပြိုင် ပြောနိုင်သူဖြစ်ပါသည် ဟုဆိုကြသည်။

ထိုအခါ ဗုဒ္ဓက ထိုလုလင်များကို သင်တို့အမ္ဗဋ္ဌက ငါနှင့် ယှဉ်ပြိုင်ပြောဆိုနိုင်လျှင် ပြောပါစေ၊ အမ္ဗဋ္ဌက မယှဉ်နိုင်၍ သင်တို့က ယှဉ်ပြိုင်ပြောဆိုနိုင်လျှင် သင်တို့လာပြောပါ ဟု မိန့်ကြားသောအခါ လုလင်များငြိမ်းသွားပြီး အမ္ဗဋ္ဌနှင့်သာပြောပါ ဟု ဆိုလာကြသည်။

ထိုအခါ ဗုဒ္ဓက အမ္ဗဋ္ဌကို ကဏှအနွယ်ဝင်၏အစကိုမေးပြီး၍ ဝန်ခံခိုင်းခဲ့ရာ နောက်ဆုံး အမ္ဗဋ္ဌ ဝန်ခံသွားရသည်။

ထိုသို့ အမ္ဗဋ္ဌက ကျွန်မသားအနွယ် ကဏှယနဖြစ်ကြောင်းဝန်ခံသောအခါ နောက်ပါလုလင်တို့က အမ္ဗဋ္ဌကို ကောင်းသောဇာတ်ရှိသူမဟုတ်၊ သာကီဝင်မင်းတို့၏ ကျွန်မသားဟု ပြင်းပြသောအသံတို့ဖြင့် ပြောဆိုကြသည်။

ထိုအခါ ဗုဒ္ဓက အမ္ဗဋ္ဌကို ကျွန်မသားဟူသောစကားဖြင့် အပြင်းအထန်မဆိုပါနှင့်၊ နောက်ပိုင်း ကဏှသည် တန်ခိုးကြီးသောရသေ့ဖြစ်သည်၊ သူသည် ဒက္ခိဏာဇနပုဒ်သို့သွား၍ မြတ်သောမန္တန်ကိုသင်ပြီး ဉက္ကာက မင်းကြီး၏သမီးချော မဒ္ဒရူပီကို တောင်းခံခဲ့ရာ မင်းကြီးကစိတ်ဆိုးပြီး လေးနှင့်ပစ်ရန်ချိန်လိုက်ရာ လေးကိုမပစ်နိုင်၊ မချနိုင်ဖြစ်ခဲ့ရသည်၊ မင်းက ကဏှရသေ့ကို တောင်းပန်ပြီး သမီး မဒ္ဒရူပီကိုပေးစားလိုက်ရသည့်အကြောင်းစုံကိုပြောပြပြီး အမ္ဗဋ္ဌကို ကျွန်မသားဟူ၍ မစွပ်စွဲကြရန်မိန့်ကြားပြီး အမ္ဗဋ္ဌကို ဖိနှိပ်ပြောဆိုခြင်းမှ လွတ်မြောက်စေခဲ့သည်။

ဗုဒ္ဓနှင့်အမွှဌာတို့၏ မင်းမျိုး၊ ပုဏ္ဏားမျိုးမြတ်မှု၊ ဇာတ်နိမ့်မှု ပြဿနာအငြင်းအခုံဖြစ်မှုနှင့်ပတ်သက်ပြီး ဤအမွှဌသုတ်ဖြစ်ပေါ်ခဲ့သည်၊ ဤအမျိုးဇာတ်သမိုင်းဖြစ်စဉ်ကို ဗုဒ္ဓကဖော်ထုတ်ဟောပြောပြသဖြင့် ဘုရား၏အမျိုးသကျသာကီဝင်တို့၏ဖြစ်ပေါ်မှုသမိုင်းစဉ်ကို သိရှိခဲ့ရသည်။

ယနေ့ အိန္ဒိယ၏လူမျိုးနွယ်သမိုင်းအစနှင့် ဝေဒယဉ်ကျေးမှုအစတို့၏သမိုင်းတွင် အာရိယန်လူမျိုးတို့၏သမိုင်းသည် အဓိကပါနေသည်၊ သို့သော် ထိုလူမျိုးတို့၏အစကို ယနေ့ထိ သမိုင်းစဉ်ကောက်၍မရသေးပေ၊ ဟိန္ဒူဘာသာဝင်တို့က ဗုဒ္ဓဂေါတမဟောခဲ့သော ကမ္ဘာပျက်ပြီးနောက် ကမ္ဘာသစ်ကြီးပြန်တည်စတွင် အာဘဿရဗြဟ္မာဘုံမှ ဗြဟ္မာသက်တမ်းကုန်၍ မည်သူတစ်ဦးတစ်ယောက်မျှမရှိသေးသော ဤကမ္ဘာသစ်လောကကြီးထဲသို့ ဦးစွာရောက်လာသော ဗြဟ္မာလူသားကို လူသားအစဟု ယူဆလက်ခံသလို ယနေ့ ဗုဒ္ဓဘာသာတို့ကလည်း ကမ္ဘာဦးလူသားအစကို ဗြဟ္မာဘုံက သက်တမ်းကုန်၍ဆင်းလာသူများဟု ယူဆလက်ခံထားကြသည်။

သမိုင်းပညာရှင်တို့ကမူ လူသားအစကို မယဉ်ကျေးရိုင်းစိုင်းသော ကျောက်ခေတ်လူသားက စတင်သည်ဟု ဆိုကြသည်၊ ထိုကျောက်ခေတ်လူသားသည် မည်သို့ဖြစ်ပေါ်လာသနည်းဟု မေးခွန်းထပ်ဆင့်ထုတ်သော် အဖြေရှာမရကြတော့ပေ။

ထိုသည်ကို သိပ္ပံပညာရှင် ဒါဝင်က စဉ်းစားတွေးခေါ်ပြီး လူသည်မျောက်ကတစ်ဆင့် အသိဉာဏ်အတွေးအခေါ် ရင့်ကျက်ပြီး လူသားဖြစ်လာသည်ဟု ဆိုသည်၊ ထိုအယူအဆကို မည်သူသည် ဘာသာကမျှ လက်မခံပေ။

ယနေ့ ကမ္ဘာတွင်ပေါ် ထွန်းလက်ခံထားသော လူသားတို့ကိုးကွယ်ဆည်းကပ်ရာ ဘာသာကြီးအသီးသီးတွင် ဟိန္ဒူဘာသာ၊ လူသားအစပြဗြဟ္မာဖန်ဆင်းမှုက ဟု လက်ခံထားခဲ့သည်၊ ခရာဇ်ယံဘာသာနှင့်အစ္စလာမ်ဘာသာတို့က လူသားအစ ထာဝရဘုရားဖန်ဆင်းမှုကဟု လက်ခံထားကြသည်၊ ဗုဒ္ဓဘာသာကမူ လူသား၏အစ သံသရာကိုရှာ၍မရ ဟု လက်ခံထားသည်၊ အကြောင်းကြောင့် အကျိုးတရားဖြစ်ပေါ်နေသည်ဟူ၍သာ လက်ခံထားပါသည်။

အမ္ဗဋ္ဌသုတ်လာ သာကီဝင်မင်းတို့၏ဖြစ်ပေါ်မှုသမိုင်းစဉ်သည် မြန်မာအစ တကောင်းကဆိုသကဲ့သို့ သမိုင်းတကွေ့တစ်ချိန်ကိုသာဖော်ထုတ်ပြခဲ့ခြင်းဖြစ်သည်၊ ယနေ့ ဤကမ္ဘာလောကတွင် သာကီဝင်မျိုးဟူ၍သီးခြားမရှိတော့ပေ၊ မြန်မာနိုင်ငံတွင် ယခုပျူလူမျိုးအဆက်အနွယ်ပျောက်သကဲ့သို့ ပျောက်ကွယ်သွားပြီဖြစ် ပါသည်။

ဤအမ္ဗဋ္ဌသုတ်ကိုလေ့လာရသောအားဖြင့် ထိုခေတ်ထိုအခါက လူမျိုးနွယ်တစ်စု၏သမိုင်း(ဝါ)ကျွန်ုပ်တို့လူသားများ

ယုံကြည်ကိုးကွယ်နေသော ဗုဒ္ဓဂေါတမလူသားဘုရား၏မျိုးနွယ်စဉ်ဆက်သမိုင်းကို လေ့လာခွင့်ရသဖြင့် မိမိတို့ကိုးကွယ်သော ပုဂ္ဂိုလ်၏မျိုးနွယ်ဇစ်မြစ်၏ မြင့်မြတ်မှု၊ ကြီးကျယ်မှု၊ ဂုဏ်ရှိမှုကို အလေးအနက်ထား တန်ဖိုးထားခွင့်ရသည် ဟု သုံးသပ်အကဲခတ်ရပါသည်။

# အမွဋ္ဌသုတ်လာ ပေါက္ခရသာတိပုဏ္ဏားကြီး၏ဘဝကို လေ့လာအကဲခတ်ခြင်း

မြတ်စွာဘုရားရှင်သည် ပစ္ဆိမယံ၏အဆုံးတွင် တစ်သောင်းသောလောကဓာတ်ကို ဉာဏ်ကွန်ရက်ကို ဖြန့်ကျက်၍ သစ္စာလေးပါးတို့ကိုသိစေထိုက်သော မြတ်စွာဘုရားနှင့် ဆက်စပ်မှုရှိနေကြသော ဝေနေယျသတ္တဝါဆွေတော်မျိုးတော်တို့ကို ကြည့်ရှုလတ်သော် ကောသလမင်းက ဥက္ကဋ္ဌမြို့စားအဖြစ် ချီးမြှင့်ခံထားရသော ဥက္ကဋ္ဌမြို့စားပေါက္ခရသာတိပုဏ္ဏားကြီးကို သဗ္ဗညုတဉာဏ်ကွန်ရက်ထဲသို့ ဝင်လာသည်ကို သိရှိတော်မူသည်။

"ဤပုဏ္ဏားကား ငါ၏ဉာဏ်ကွန်ရက်ထဲသို့ ဝင်လာ၏၊ သူ၏အားကြီးသောမှီရာသည် ရှိပါ၏လော-ဟုစူးစမ်းဆင်ခြင်တော်မူလတ်သော် သောတာပတ္တိမဂ်၏ မှီရာကိုမြင်တော်မူ၍ ထိုကောသလတိုင်း ဇနပုဒ်သို့ ငါသွားလျှင် ဤပုဏ္ဏားသည် ငါ၏လက္ခဏာကို လေ့လာရန်အတွက် အမွဋ္ဌမည်သောတပည့်ကို စေလွှတ်လိမ့်မည်၊ ထိုအမွဋ္ဌသည် ငါနှင့်ဝါဒပြိုင်ဆိုင်ခြင်းကို ပြု၍ အမျိုးမျိုးသောမသူတော်စကားကို ပြောဆိုလိမ့်မည်၊ ငါသည် ထိုအမွဋ္ဌကို ဆုံးမ၍ယဉ်ကျေးအောင်ပြုမည်၊ သူကသူ၏ဆရာအားပြန်ပြောပြလိမ့်မည်၊ ထိုအခါသူ့ဆရာကိုယ်တိုင်လာ၍ ငါ၏လက္ခဏာကို လေ့လာလိမ့်မည်၊ ထိုဆရာအား ငါကတရားဟော

ကြား၍ တရားဒေသနာအဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်”

ဟုမြင်တော်မူ၍ ရဟန်းငါးရာခြံရံလျက် ကောသလတိုင်း ဣစ္ဆာနင်္ဂလ ဇနပုဒ်သို့ ကြွတော်မူခဲ့သည်။

ထိုပေါက္ခရသာတိပုဏ္ဏား၏ ဘဝကိုလေ့လာကြည့်လျှင် ထိုပုဏ္ဏားကြီးသည် ကဿပဘုရားရှင်လက်ထက်၌ ဝေဒကျမ်းပါရဂူဖြစ်၍ ဘုရားရှင်အားအလှူကို ပေးလှူခဲ့သည်၊ တရားကိုနာကြားခဲ့ပြီး ကွယ်လွန်သောအခါ၌ နတ်ပြည်၌နတ်ဖြစ်လေသည်၊

ထိုပုဏ္ဏားသည် နတ်ပြည်မှတစ်ဖန် လူ့ပြည်သို့ပြန်လာသော် မိခင်ဝမ်း၌ကိန်းအောင်းနေရခြင်းကို စက်ဆုပ်သည်ဖြစ်၍ ဟိမဝန္တာတောအရပ်ရှိ ရေအိုင်ကြီးအတွင်း၌ ပဒုမ္မာကြာတိုက်၌ သန္ဓေယူလေသည်။

ထိုရေအိုင်ကြီးအနီး သစ်ရွက်မိုးကျောင်း၌လည်း ရသေ့တစ်ပါး နေထိုင်သည်၊ထိုရသေ့သည် ကမ်းစပ်၌ ရပ်တည်လျက် ထိုပဒုမ္မာကြာကို မြင်လတ်သော် ”ဤပဒုမ္မာကြာသည် အခြားသောပဒုမ္မာကြာတို့ထက် ပို၍ကြီး၏၊ ပွင့်သောအခါ ထိုအပွင့်ကိုကိုငါယူအံ့”

ဟုကြံစည်ထားသည်။

ထိုပဒုမ္မာကြာက ခုနှစ်ရက်လည်းမပွင့်သေး ရသေ့သည် “အဘယ်ကြောင့် ဤပဒုမ္မာကြာသည် ခုနှစ်ရက်ဖြင့်လည်းမပွင့်

သေးသနည်း၊ ယခု ထိုကြာကို ငါယူတော့အံ့"

ဟုကြံစည်ပြီး ရေအိုင်ထဲသို့ဆင်းကာ အရိုးကဖြတ်၍ယူလေသည်၊ ထိုခဏမှာပင် ကြာကပွင့်အာလာပြီး ထိုကြာအတွင်း၌ ရွှေမှုန်တို့ဖြင့် ရောပြွမ်းသော ရွှေရုပ်ထုကလေးကဲ့သို့ ပဒုမ္မာကြာဝတ်ဆံတို့ဖြင့် ပြွမ်းသည်ဖြစ်၍ ဖြူသောအဆင်းရှိသော သူငယ်ကိုတွေ့ရသည်။

ရသေ့သည် ဤသူငယ်အား ကြီးသောဘုန်းကံရှိသူဖြစ်လိမ့်မည်၊ သူ့ကို ငါပြုစုအံ့-ဟုကြံစည်၍ သစ်ရွက်မိုးကျောင်းသို့ယူဆောင်လာပြီး ကျွေးမွေးပြုစုထားသည်။

ခုနစ်နှစ်အရွယ်သို့ရောက်သောအချိန်မှစ၍ ရသေ့ကြီးကဝေဒသုံးပုံကို သင်ပေးသည်၊ သူငယ်သည် ဝေဒသုံးပုံ၌ တစ်ဘက်ကမ်းခတ် လိမ္မာကျွမ်းကျင်သည်ဖြစ်၍ ဇမ္ဗူဒိပ်၌ အမြတ်ဆုံးပုဏ္ဏားဖြစ်လေသည်။

ထိုပုဏ္ဏားသည် နောင်အရွယ်ရောက်သော် သူ၏ကိုယ်သည် ပဒုမ္မကြာဖြူနှင့်တူသည်ဖြစ်၍ နတ်မြို့၌ စိုက်ထူထားသောတုရိုင်းတိုင်ကဲ့သို့ တင့်တယ်သည်၊ သူ၏ဦးခေါင်းကား မည်းနက်သော အဆင်းရှိသည်ဖြစ်၍ ဣန္ဒနီလာ ပတ္တမြားညိုအတိ ပြီးသကဲ့သို့ တင်းတယ်သည်၊ မုတ်ဆိတ်ကျင်စွယ်သည်လည်း လဝန်း၌ တစ်ခါတစ်ရံဖြစ်တတ်သော မည်းနက်သည့်မိုးတိမ်အရောင်ကဲ့သို့ ထင်ရသည်။

မျက်စိတို့သည် ကြာညိုပွင့်နှင့် တူကုန်၏၊ နှာခေါင်းသည် ငွေကျည်တောက်ကဲ့သို့ ကောင်းစွာလုံး၏၊ ကောင်းစွာထက်ဝန်းကျင်မှ စင်ကြယ်၏၊ လက်ဖဝါးပြင်၊ ခြေဖဝါးပြင်များနှင့် ပါးစပ်ပေါက်သည် ချိတ်ရည်ဖြင့် ပြုပြင်ထားသကဲ့သို့ တင့်တယ်၏၊

ထိုပုဏ္ဏားရဲ့အတ္တဘောသည် လွန်စွာတင့်တယ်၏၊ဤပုဏ္ဏားကို မင်းမရှိသော အရပ်၌မင်းမြှောက်ခြင်းငှါ သင့်၏၊ဤပုဏ္ဏားသည် ဤမျှကျက်သရေရှိလေသည်၊ ဤသို့လျှင် ပဒုမ္မာကြာဖြူနှင့် တူသသည်အဖြစ်ကြောင်းသူ့ကို ပေါက္ခရသာတိ ဟူ၍ အမည်ပေးခဲ့သည်။

ပေါက္ခရသာတိပုဏ္ဏားသည် တစ်ပါးသောအခါ၌ ဖခင်ရသေ့၏လမ်းညွှန်ချက်ဖြင့် ကောသလမင်းအား အတတ်ပညာကိုပြလေသည်၊ ကောသလမင်းသည် ပုဏ္ဏားအားကြည်ညိုသည်ဖြစ်၍ ဥက္ကဋ္ဌမည်သော အစာရေစာ၊ ဆင်၊မြင်း စသည်တို့နှင့်ပြည့်စုံပြီး စည်ပင်ဝပြောသော မြို့ကိုအပိုင်စားပေးပြီးလျှင် မင်း၏ အတိုင်ပင်ခံ ပုရောဟိတ်အဖြစ် ပေးအပ်ခံရသည်။

ပေါက္ခရသာတိပုဏ္ဏားကြီးကို ကောသလမင်းကြီးသည် အလှူကိစ္စကို ဆောင်ရွက်မှုတို့၌ ကျွမ်းကျင်လိမ္မာလှသဖြင့် အလွန်မြတ်နိုးသည်၊ တွေ့လျှင်ဖက်လှဲတကင်း နေလေ့ရှိသည်၊ မင်းကြီးနှင့် ပုဏ္ဏားတို့ ဤမျှချစ်ခင်မှုအားကြီးသည်ကို အချို့အမတ်တို့ကမကျေနပ်ကြချေ၊ အကွက်ပေါ်လျှင် ပေါ်သလိုတိုက်ခိုက်အပြစ်ဖို့ကြသည်၊ ချောက်တွန်းစကား ဆိုကြသည်။

တစ်နေ့တွင် မင်းကြီးသည်မြတ်သောသူတို့အားသာ ထိုက်တန်သော တန်ဆာဖြင့်ဆင်ယင်ထားသည်၊ ထိုအခါပေါက္ခရသာတိပုဏ္ဏားသည် မင်းအနီး၌ ကပ်လျက်ထိုတန်ဆာကို တောင်းခံသည်၊ မင်းကြီးသည်အလွန်ချစ်ခင်သူဖြစ်၍ ငါမပေးဟုဆိုခြင်းငှါ အမစွမ်းသဖြင့် ပေးလိုက်ရသည်။

ပေးပြီးနောက် နောက်တစ်ဖန်ပွဲတော်သဘင်နေ့၌ --

"ငါ၏အဆင်တန်ဆာကိုယူခဲ့ကြ" ဟုမိန့်ကြားသောအခါ

"အရှင်မင်းကြီး . . မရှိတော့ပါ၊ထိုအဆင်တန်ဆာကို ပုဏ္ဏားအား အရှင်မင်းကြီးပေးလိုက်ပါသည်"

ဟုလျှောက်တင်သော်-

"ဘာကြောင့် ငါပေးလိုက်ပါသလဲ"

ဟုမေးသောအခါ အမတ်တို့က -

"ထိုပုဏ္ဏားသည် မျက်မှောက်၌ လှည့်စားတတ်သော မာယာကိုသိ၏၊ ထိုမာယာဖြင့် အရှင်မင်းကြီးကို လှည့်စား၍ ယူသွားပါသည်"

ဟုလျှောက်ထားသည်။

အခြားသောအမတ်တို့ကမူ ပုဏ္ဏားကို မင်းနှင့်အလွန်အကျွမ်းဝင်သည်ကိုမကြိုက်၊ သည်းမခံနိုင်ကြ၍ ပုဏ္ဏား၏ကြာဖြူအဆင်းကို အပြစ်ပြုကာ--

"အရှင်မင်းမြတ် . . . ပုဏ္ဏား၏ကိုယ်၌ ခရုသင်းကဲ့သို့ ဖြူဖွေးသော နူနာသည်ရှိသည်၊ အရှင်မင်းကြီးတို့သည် ဤပုဏ္ဏား

ကို မြင်လျှင်မြင်ချင်းပင် ပွေ့ဖက်ကြပါသည်၊ သုံးသပ်ကြပါသည်၊ ဤနူနာမည်သည်မှာလည်း ကိုယ်လက်နှီးနှောခြင်း အစွမ်းအားဖြင့် အစဉ်လိုက်တတ်ပါ၏၊ ကူးစက်တတ်ပါ၏၊ ဤကဲ့သို့ မပြုပါလင့်" ဟု ချောက်တွန်းစကား ပြောဆိုကြသည်။

ထိုအခါမှစ၍ ကောသလမင်းကြီးသည် ဆင်ခြင်ဉာဏ် ပညာအားနည်း၍ ပေါက္ခရသာတိ ပုဏ္ဏားအား မျက်နှာချင်းဆိုင် အတွေ့မခံတော့ချေ၊ သို့သော် ပုဏ္ဏားကြီး၏ ပညာရှိမှု၊ ရာဇသတ်ကျမ်းအတတ်၌ ကျွမ်းကျင်မှု သူနှင့်တိုင်ပင်ပြုလုပ်သော အလုပ်ဟူသမျှမလွဲမရှောင်ရှိ၍ မင်းကြီးသည် တင်းတိမ် ကန့်လန့်ကာအတွင်း၌တည်၍ အပြင်၌နေသော ပေါက္ခရသာတိ ပုဏ္ဏားနှင့် တိုင်ပင်လေ့ရှိသည်။

ဤသည်ကား ပေါက္ခရသာတိပုဏ္ဏား၏ ဘဝနှင့်ကောသလမင်းနှင့် ဆက်ဆံမှု အခြေအနေဖြစ်ပါသည်။

ပေါက္ခရသာတိပုဏ္ဏားသည် ဘုရားရှင်နှင့်သံဃာတော်များ ဥက္ကဋ္ဌမြို့အနီး ဣစ္ဆာနင်္ဂလရွာနှင့် မနီးမဝေး တောအုပ်သို့ ရောက်ရှိမည်ဟု သတင်းကြားသောအခါ တပည့်ကြီးအမ္ဗဋ္ဌကို မိမိသင်ထား၊ တတ်ထားသောလက္ခဏာပညာဖြင့် ဘုရားဟုတ် မဟုတ် သွားရောက်စစ်ဆေးနိုင်ခဲ့သည်။

အမ္ဗဋ္ဌသည် ပထမတွင် ဘုရားရှင်ကို အောက်တန်းစား ဇာတ်နိမ့်ဟူ၍နှိမ့်၍ ဆက်ဆံပြောဆိုပြုမူခဲ့သော်လည်း ဘုရားရှင်က သူ၏ဇာတ်ကို ရှင်းပြဆွေးနွေးသောအခါ မာန်လျော့ပြီး

ဘုရားရှင်၏ကလက္ခဏာကို ကြည့်ရှုလေ့လာသည်။ ဘုရားရှင်သည် မိမိတို့တတ်ထား၊ သိထားသော (၃၂)ပါးသောလက္ခဏာနှင့်ညီ၍ မိမိဆရာထံပြန်သွားခဲ့ပြီး အကျိုးအကြောင်းပြောပြခဲ့သည်။

ဆရာပေါက္ခရသာတိပုဏ္ဏားက ဘုရားရှင်ပေါ် အမ္ဗဋ္ဌမရိုမသေမဆက်ဆံခဲ့ကြောင်း ကြားသိရသောအခါ အမ္ဗဋ္ဌကို စက်ဆုပ်သည်ဖြစ်၍ စုတ်ချာသောပညာရှိ ဟုပြောဆိုပြီး၊ ထ, ပြီးကန်ကျောက်လေသည်၊ နှုတ်မှလည်းမှလည်း သင်ကဲ့သို့ အကျိုးစီးပွားကို ကျင့်တတ်သောတပည့်ရှိလတ်သော် ဆရာဖြစ်သော ပေါက္ခရသည် ငရဲသို့ရောက်ရ၏၊ တစ်ပါးသောသုဂတိသို့မရောက်ရာဟု ပြောဆိုပြီး ချက်ချင်းပင်အခြံအရံပုဏ္ဏားများနှင့်အတူ ဘုရားရှင်ထံသို့ သွားပြီးဖူးတွေ့သည်၊ ကိုယ်တိုင်လည်း ဘုရားရှင်လက္ခဏာတော်ကြီး(၃၂)ပါးကို ရှာဖွေလေ့လာခဲ့သည်။

လက္ခဏာတော်(၃၂)ပါးနှင့်ညီညွတ်၍ ဘုရားဖြစ်ကြောင်း လက်ခံသောအခါ ဘုရားရှင်ကို မိမိအိမ်သို့ ဆွမ်းပင့်ဖိတ်ကျွေးပြီး တရားနာယူခဲ့သည်၊ ဘုရားရှင်သည် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ့အာဒီနဝကထာတို့ကို အစဉ်အတိုင်း ဟောပြီး မဂ္ဂကထာကို ဆက်လက်ဟောပြတော်မူရာ ဘုရားရှင်၏တရားအဆုံးဝယ် ပေါက္ခရသာတိ ပုဏ္ဏားသည် မြင်အပ်သောသစ္စာတရားရှိပြီး သို့လော သို့လော ယုံကြည်ခြင်းကင်းသွားသည်၊ ဘုရားရှင်မှ အခြားတစ်ပါးကိုးကွယ်ရာမရှိ ဘဝရောက်ကာ သောတာပတ္တိဖိုလ်၌ တည်သွားလေသည်။

ပေါက္ခသာတိပုဏ္ဏားနှင့် ဗုဒ္ဓ၏ဘဝကို လေ့လာလျှင် အိန္ဒိယ၌ ဗုဒ္ဓဂေါတမမပွင့်ခင်ကတည်းက ထိုဗြာဟ္မဏပုဏ္ဏားတို့က လူတန်းစားအားလုံးပေါ် ပညာအားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း၊ လွှမ်းမိုးထားကြသည်၊ သူတို့ကိုသူတို့လည်း ဗြာဟ္မာမှ မွေးဖွားမြင့်မြတ်သူ ပညာတတ်သူ၊ ကြီးသူဟု ခံယူထားကြပြီး အခြားသူများကို မိမိတို့ထက် အောက်တန်းကျသူဟု ယူဆထားကြသည်။

ပေါက္ခရသာတိပုဏ္ဏားဘဝကို ကြည့်လျှင်-ကြာပဒုမ္မာ၌ သန္ဓေယူခဲ့၍ အလွန်အဆင်းလှသူ၊ ဇာတ်အားဖြင့် မြင့်မြတ်သူ၊ ဗုဒ္ဓထက်အသက်အားဖြင့်လည်းကြီးသူ ဖြစ်သည်။

သို့သော်အမှန်တရားနှင့် သဘာဝတရားကို စဉ်းစားဆင်ခြင်သုံးသပ်တတ်သော ပညာရှိတစ်ယောက်ဖြစ်၍ မိမိ၏ဇာတ်၊ ပညာကိုမာန်ချပြီး မိမိထက်ငယ်သော ဗုဒ္ဓ၏ဂုဏ်အား ဉာဏ်အားကို ယုံကြည်ပြီး ဥပါသကာအဖြစ် ခံယူခဲ့သည်။

အမ္ဗဋ္ဌသုတ်လာ ပေါက္ခရသာတိပုဏ္ဏားကြီးဘဝနှင့် ဘုရားရှင်၏ဘဝကို လေ့လာသုံးသပ်လျှင် လောက၌ ဇာတ်အမျိုးမြတ်မှု၊ အသက်ကြီးမှု၊ ပညာကြီးမှုတို့သည် ပဓာနမဟုတ်၊ အကျင့်သီလနှင့် မြင့်မြတ်မှု၊ အဆင့် ဟူသော မဂ်ဖိုလ်ရောက်မှုသာ အဓိကဖြစ်သည်၊ မဂ်ဖိုလ်ဆိုက်ရောက်နေသော ပုဂ္ဂိုလ်အဆင့်သည်သာ အဓိကဖြစ်ကြောင်း တွေ့ရှိလေ့လာအကဲခတ်ရပါသည်။

# မင်းနှင့်ပုဏ္ဏား၊ အမျိုးမြတ်မှု–မမြတ်မှုအပေါ် လေ့လာအကဲခတ်ခြင်း

အမ္ဗဋ္ဌသုတ်တွင် အမ္ဗဋ္ဌလုလင်က ဗုဒ္ဓကို ထိုခေတ်တွင် လက်ခံကျင့်သုံးနေသော အမျိုးလေးပါးနှင့်ပတ်သက်၍ မင်းမျိုးထက်ပုဏ္ဏားမျိုးကမြတ်သည်၊ ပုဏ္ဏားမျိုးသည် ဗြဟ္မာ၏ခံတွင်းမှမွေးဖွားသည်၊ မင်းမျိုးသည် ဗြဟ္မာ၏လက်ရုံးမှမွေးဖွားသည်၊ ကုန်သည်မျိုးသည် ဗြဟ္မာ၏ပေါင်မှမွေးဖွားသည်၊ သူဆင်းရဲ ကျွန်သည် ဗြဟ္မာ၏ခြေဖမိုးမှမွေးဖွားသည်။

ထို့ကြောင့် အမြင့်မြတ်ဆုံးသောပုဏ္ဏားမျိုးကို မင်းမျိုးက စောင့်ရှောက်ပေးရမည်၊ ကုန်သည်မျိုးက ပူဇော်လှူဒါန်းပေးရမည်၊ သူဆင်းရဲကျွန်မျိုးက အမှုကိစ္စဟူသမျှတို့ကို အထက်ပါလူတန်းစား(၃)ရပ်အတွက်ဆောင်ရွက်ပေးရမည်ဟု လက်ခံယုံကြည်ကျင့်သုံးနေသောခေတ်ကာလအချိန်ဖြစ်သည်။

ထိုအချိန်တွင် ဗုဒ္ဓဂေါတမပွင့်လာပြီး ဗုဒ္ဓဂေါတမက လူတန်းစားခွဲခြားမှု၊ ဇာတ်ခွဲခြားမှုကို လက်မခံ၊ မင်းမျိုးစသည်ဖြစ်ပေါ်မှုသည် ခေတ်သမိုင်းရေစီးကြောင်းနှင့်ထိုပုဂ္ဂိုလ်များ အတိတ်ဘဝကပြုခဲ့သောကုသိုလ်ကံအတိမ်အနက်နှင့် အကုသိုလ်ကံ-အတိမ်အနက်အပေါ်မူတည်သည်၊ အကြောင်းကြောင့် အကျိုးဖြစ်ရသည်၊ ပစ္စုပ္ပန်လူသားသည် ခေတ်သမိုင်းရေစီးကြောင်းအရ

မည်သည့်ဘဝတွင်ရောက်နေပါစေ၊ အသိအလိမ္မာဉာဏ်ပညာရှိပြီး အတ္တဒိပါ-မိမိဘဝကို ပစ္စုပ္ပန်ဘဝ၌ထွန်းတောက်အောင်လုပ်နိုင်သည်၊ နောင်ဘဝချမ်းသာအောင်လုပ်နိုင်သည်၊ အတ္တသရဏာ-မိမိဘဝတိုးတက်အောင်မြင်အောင် မိမိကိုယ်ကို ကိုးကွယ်ရာဖြစ်ရမည်၊ အတ္တာဟိ-အတ္တနော နာထော-မိမိကိုယ်ကို အားကိုးလုပ်ရမည်၊ ကံ၊ ဉာဏ်၊ ဝိရိယဟူသောချိန်ခွင်တွင် ဉာဏ်တည်းဟူသော ချိန်တွင်ညာကိုတည့်မတ်အောင်ပြုလုပ်ပြီး ဝိရိယ(လုံ့လ)ဖြင့် ကံ (ကမ္မအလုပ်)ကိုလုပ်ရမည်၊ ထိုသို့လုပ်ဆောင်သော် မိမိဘဝ၊ ပစ္စုပ္ပန်ဘဝတိုးတက်အောင်မြင်သလို နောင်ဘဝ၌လည်းချမ်းသာအတိဖြစ်မည်ဟု ဗုဒ္ဓက လမ်းညွှန်ထုတ်ဖော်ဟောကြားခဲ့သည်။

ထိုခေတ် ထိုကာလအချိန်တွင် အမ္ဗဋ္ဌနှင့်ဗုဒ္ဓသည် တွေ့ဆုံခဲ့ရပြီး အမျိုးမြတ်မှု-ယုတ်ညံ့မှု ဇာတ်နိမ့်ဇာတ်မြင့်ပြဿနာဖြစ်ပေါ်ခဲ့ရသည်။

ဗုဒ္ဓက အမ္ဗဋ္ဌကို သူ၏မျိုးနွယ်ဇာတိဖြစ်ပေါ်မှုကို မေးမြန်းဖော်ထုတ်ပြီး ဇာတ်နိမ့် ကျွန်မသားမျိုးနွယ်ဖြစ်ကြောင်း မိမိတို့ကသာကီနွယ်ဝင်မင်းမျိုးဖြစ်ကြောင်း ဆွေးနွေးရှင်းပြခဲ့ပြီးနောက်အမ္ဗဋ္ဌ၏ဗုဒ္ဓနှင့်ဗုဒ္ဓမျိုးရိုး သာကီဝင်များကို ဇာတ်နိမ့် ဗြာဟ္မာခြေဖမိုးမှဖွားသူ၊ ဦးပြည်ကတုံးဟူသော အယူအဆအစွဲကို ချွတ်ပေးခဲ့သည်။

ထို့နောက် ဗုဒ္ဓက မင်းနှင့်ပုဏ္ဏားမျိုး မည်သူကမြတ်သနည်းဆိုသောအချက်ကိုဖော်ထုတ်ပြရန် အမ္ဗဋ္ဌကို အမေးအဖြေမေးခွင့်ပြုခဲ့သည်။

ဗုဒ္ဓက မင်းမျိုးသတို့သားနှင့်ပုဏ္ဏားမျိုး သတို့သမီးအိမ်ထောင်ပြု၍ သားမွေးရာ ထိုသားသည် ပုဏ္ဏားတို့၏နေရာ၊ ရေကိုရနိုင်-မရနိုင်၊ သေသူအားရည်ညွှန်းလှူသော ထမင်းကျွေးပွဲ (ကုပ္ပိုး)၊ မင်္ဂလာထမင်းကျွေးပွဲ၊ ယာဇ်ပူဇော်ပွဲ၊ ဧည့်ခံကျွေးမွေးပွဲတို့၌ကျွေးမွေးခွင့်ရ-မရ၊ ဝေဒကျမ်းသင်ခွင့်ရှိ-မရှိ၊ ပုဏ္ဏေးမမျိုးနှင့်လက်ထပ်ခွင့်ရှိ-မရှိ တားမြစ်-မတားမြစ် မေးရာ အားလုံးရနိုင်ကြောင်း၊ အမ္ဗဋ္ဌက အဖြေပေးခဲ့သည်။

ထိုသားကို မင်းမျိုးတို့ အဘိသိက်သွင်းခွင့်ရှိ-မရှိ မေးရာ အမိဘက်မှမင်းမျိုးမဟုတ်၍ အဘိသိက်သွင်းခွင့်မရှိ ဟု အဖြေပေးခဲ့သည်။

တစ်ဖန် ဗုဒ္ဓက ပုဏ္ဏားမျိုးသတို့သားနှင့်မင်းမျိုးသမီးတို့လက်ထပ်၍ သားမွေးရာ ထိုသားသည်လည်း အထက်ပါအခွင့်ရေးများရ-မရ မေးမြန်းရာ အမ္ဗဋ္ဌက ရနိုင်ကြောင်း အဖြေပေးခဲ့သည်၊ အဘိသိက်သွင်းခံရ-မရမေးသောအခါ အဖဘက်က မင်းမျိုးမဟုတ်၍မရနိုင်ကြောင်း အဖြေပေးခဲ့သည်။

ထိုအခါ ဗုဒ္ဓက မိန်းမအချင်းချင်း၊ ယောကျာ်းအချင်းချင်း နှိုင်းယှဉ်သော် မင်းမျိုးသာမြတ်သည်၊ ပုဏ္ဏားမျိုးမမြတ်၊ ယုတ်သည်ကိုသိရမည်ဟု မိန့်ကြားခဲ့သည်။

တစ်ဖန် ဤလောက၌ ပုဏ္ဏားတို့သည် ပုဏ္ဏားတစ်ယောက်ကိုအပြစ်တစ်စုံတစ်ခုကြောင့် ဦးပြည်းကတုံးရိပ်ပြီး ဦးခေါင်းထက်၌ ပြာဖြူးပြီး တိုင်းပြည်မြို့ရွာမှ နှင်ထုတ်ပစ်လိုက်သည်။

ထိုပုဏ္ဏားသည် အထက်ဖော်ပြပါ အခွင့်အရေးများ ရ-မရ မေးရာ မရနိုင်ကြောင်း လျှောက်သည်။

မင်းမျိုးတစ်ယောက်သည် အပြစ်ဖြစ်၍ နှင်ထုတ်ခံရသော် ပုဏ္ဏားတို့ထံ၌ ထိုအခွင့်အရေးများ ရ-မရမေးရာ ရနိုင်ကြောင်း အမ္ဗဋ္ဌက အဖြေပေးခဲ့သည်။

မင်းမျိုးသည် အယုတ်ဘဝရောက်သော်မှ အခွင့်အရေးရသဖြင့် မင်းမျိုးသာဖြစ်ကြောင်း ပုဏ္ဏားမျိုးယုတ်ကြောင်း တွေ့ရပါမည် ဟု ဗုဒ္ဓက မိန့်ကြားပြီး သနင်္ကုမာရဗြဟ္မာကလည်း-

"လူအပေါင်း၌ အကြွင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ ထိုသူတို့တွင် မင်းမျိုးသည်မြတ်၏၊ နတ်လူအပေါင်း၌ အကြွင်သူသည် အသိဉာဏ်(ဝိဇ္ဇာ)၊ အကျင့်(စရဏ) နှင့်ပြည့်စုံ၏၊ ထိုသူသည်မြတ်၏" ဟုဆိုခဲ့သည်။

သနင်္ကုမာရဗြဟ္မာသည် ဤဂါထာကို ကောင်းစွာသီဆိုခဲ့၏၊ မကောင်းသဖြင့် မသီဆိုခဲ့ပါ၊ ကောင်းစွာရွတ်ဆိုခဲ့၏၊ မကောင်းသဖြင့် မရွတ်ဆိုခဲ့ပါ၊ အကျိုးနှင့်စပ်ပေ၏၊ မစပ်သည် မဟုတ်ပါ၊ ငါသဘောတူ၏၊ ငါလည်း ထိုကဲ့သို့ သဘောရှိ၏ဟု ဗုဒ္ဓကပါ, သနင်္ကုမာရဗြဟ္မာ၏စကားကို ထောက်ခံကြောင်း မိန့်ကြားခဲ့သည်။

ထိုခေတ်ထိုအခါက ဗြဟ္မဏသာလျှင် လောကတွင် အထွဋ်အထိပ်ဟု ယူဆထားသော ဗြဟ္မဏလူတန်းစားကို ဗုဒ္ဓက အမြင်ပြောင်းအောင် အသွင်ပြောင်းအောင် လက်တွေ့ဥပမာဖြင့် ရှင်းလင်းပြခဲ့ပေးသည်။

ဗုဒ္ဓပွင့်လာသောအချိန်တွင် ဗြဟ္မဏတို့၏ဇာတ်ကြီးဝါဒ ဇာတ်မြင့်ဝါဒကို ဗုဒ္ဓကနှိမ်ခဲ့သဖြင့် ဗြဟ္မဏတို့သည် ဗုဒ္ဓအပေါ် မကျေနပ်ခဲ့ကြပေ၊ ဗုဒ္ဓ၏လောကသဘာဝအမှန်တရားဖော်ထုတ်မှုကို လက်မခံကြဘဲ နောက်ဆုံး ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်သောအခါ ဗုဒ္ဓဘာသာထဲဝင်ပြီး နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးခဲ့ကြသလို အခွင့်အရေးရက အာဏာရှိသူများနှင့်ပူးပေါင်းပြီး ဗုဒ္ဓဝါဒကို အပြတ်ရှင်းအောင် ပြုလုပ်ခဲ့ကြသည်။

ဗုဒ္ဓက လူသားလောကတွင် မြတ်သည်၊ ယုတ်သည်ဆိုသည်မှာ အမျိုးဇာတ်နွယ်နှင့်မဆိုင်၊ အသိဉာဏ်(ဝိဇ္ဇာ)နှင့်အကျင့်(စရဏ) သာ အဓိက ဟုဖော်ထုတ်ပြခဲ့သည်။

ဤမင်းနှင့်ပုဏ္ဏားမျိုး မည်သူက မြတ်သနည်း ဟု အဖြေဖော်ထုတ်မှုသည် လူ့လောကတွင် မည်သည့်အရာကမြတ်၍ မည်သည့်အရာကယုတ်သည့်သဘောကို ဗုဒ္ဓကမီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်ဟု သုံးသပ်လေ့လာအကဲခတ်ရပါသည်။

# အမ္ဗဋ္ဌသုတ်လာ ဝိဇ္ဇာစရဏ ပျက်စီးမှု ရသေ့နှင့် ရသေ့ကျင့်ဝတ်များအပေါ် အကဲခတ်ခြင်း

အမ္ဗဋ္ဌသုတ်တွင် ဗုဒ္ဓကအမ္ဗဋ္ဌကို ပုဏ္ဏားတို့၏ ရှေးဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်၊ ပို့ချကုန်သော- အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသရသေ့၊ ဘာရဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့ ကဿပရသေ့၊ ဘဂုရသေ့ ဟူသော ရသေ့(၁၀)ဦးတို့၏ ဝေဒကျမ်းများကို သင်တို့လိုက်၍ဆိုကြကုန်၏၊ လိုက်၍ ရွတ်ဖတ်ကြကုန်၏၊ ပို့ချသည့်အတိုင်း လိုက်၍ပို့ချကြကုန်၏။

သင်တို့ဆရာတပည့်နှင့်ပုဏ္ဏားတို့သည် ကောင်းမွန်စွာ ရေချိုးကုန်လျက်၊ ကောင်းမွန်စွာလိမ်းကျံကုန်လျက် ဆံမုတ်ဆိတ်တို့ကို ပြုပြင်လျက် ပတ္တမြားနားတောင်း တန်ဆာဝတ်ဆင်လျက် ဖြူသောအဝတ်ကို ဝတ်ဆင်ကုန်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင်ခံစားမှုရှိ-မရှိ၊ များသော အရည်ဟင်း၊ အဖတ်ဟင်း၊ အသားပြွမ်းသော သလေးဆန်ထမင်းတို့ကို စား-မစား၊ အဝတ်တန်ဆာ ဝတ်ထားသောမိန်းမတို့နှင့် ပျော်ပါးမှုရှိ-မရှိ၊ မင်းတို့ကဲ့သို့ မွေးမျှင်သ,ထားသော မြင်းကသော ရထားကိုစီး-မစီး၊ တူးထားသောကျုံး၊ မင်းတုပ်ရှိသောမြို့တံတိုင်း အခြေခံရှိသောမြို့တို့၌ လက်နက်ကိုင် အစောင့်အရှောက်တို့ဖြင့် ထိုရသေ့တို့ နေ-မနေ ကြွားဘူး-မကြွားဘူး မေးသည်။

ထိုအခါ အမ္ဗဋ္ဌတို့သည်က ထိုရသေ့တို့သည် ထိုကဲ့သို့ မနေကြပါ၊ နေသည်ဟု မကြားဘူးပါ ဟုလျှောက်ထားသည်။ ဗုဒ္ဓက-သင်တို့သည် ထိုရသေ့တို့၏ ဝေဒကိုသင်နေပါလျက် ဆရာရသေ့တို့ကဲ့သို့ ရသေ့လည်းမဟုတ်၊ ရသေ့ဖြစ်ရန်ကျင့်သူလည်း မဟုတ်-ဟု ဗုဒ္ဓက အမ္ဗဋ္ဌကို ရှေးရသေ့တို့ရေးသားခဲ့သော ဝေဒကျမ်း၊ နောက်ကလိုက်သင်နေသော ဗြာဟ္မဏတို့၏ အယူအဆအတွေးအခေါ်မှားပုံများကို ထောက်ပြခဲ့သည်။

ရသေ့နှင့်ပတ်သက်၍ အဋ္ဌကထာဆရာအရှင် မဟာဗုဒ္ဓဃောသမှ ရသေ့(၈)မျိုး ခွဲခြားပြထားသည်ကို တွေ့ရပါသည်-

၁။သပုတ္တဘရိယရသေ့ -ဥစ္စာပစ္စည်း၊သားမယားတို့နှင့် နေသောရသေ့မျိုး

၂။ဥဉ္ဆာစရိယရသေ့ -သားမယားနှင့်တကွနေခြင်းသည် မသင့်လျော် ဟုကြံ၍ စပါးရိပ်ရာ၊ နယ်ရာအရပ်တို့၌ ကောက်စပါး၊ ပဲနောက်၊ပဲကြီး၊ နှမ်း၊ စသည်တို့ကို စုရုံးပြီးချက်၍စားသောရသေ့မျိုး

၃။အနဂ္ဂိပက္ကိကရသေ့ -တလင်းတစ်ခုမှ တစ်လင်းတစ်ခုသို့ လှည့်လည်ကောက်စပါးကို ယူဆောင်ပြီး ထောင်း၍ စားရခြင်း မည်သည် ရဟာန်းအားမသင့်လျော် ဟု ကြံ၍ ရွာနိဂုံးတို့၌ ဆွမ်းဆန်ကိုခံယူပြီး ချက်၍ စားသောရသေ့မျိုး

၄။အသာမတပါကရသေ့ -ရဟန်းအားကိုယ်တိုင်ချက်စားခြင်း ဖြင့်အဘယ်မှာသင့်တော်ပါအံ့နည်း ဟုကြံ၍ ရွာသို့ဝင်ပြီး ကျက်ပြီးသော ဆွမ်းကိုသာလျှင်ခံစားသောရသေ့မျိုး

၅။ အသ္မမုဋ္ဌိကရသေ့ -နေ့တိုင်းနေ့တိုင်းဆွမ်းကိုရှာဖွေရခြင်း ရခြင်းမည်သည် ရဟန်းအားဆင်းရဲ ၏-ဟုကြံ၍ လက်တစ်ဆုပ်ပမာဏ ရှိသော ကျောက်တုံးဖြင့် ဝွေးပင် စသည်တို့၏အခွံအခေါက်ကို ထုရိုက်စားသောရသေ့မျိုး

၆။ဒန္တဝက္ကလိရသေ့ -ကျောက်တုံးဖြင့်အခွံအခေါက်ကို ထုရိုက် ၍စားခြင်းသည် ဆင်းရဲဟု ကြံပြီး သွားတို့ဖြင့် ခွါစားရသော ရသေ့မျိုး

၇။ပဝတ္တဖလဘောဇနရသေ့-အခွံခေါက်ကိုသွားဖြင့် ခွာထုတ်၍ စားရခြင်းသည် ဆင်းရဲ၏-ဟုကြံ၍ ခဲ၊ တုတ်တို့ဖြင့် ပစ်ခတ်၍ကြွေကျ သော သစ်သီးတို့ကို စားရသော ရသေ့မျိုး

၈။ပဏ္ဍုပလာသိကရသေ့ -ခါ၊တုတ်စသည်ဖြင့် ကျစေ၍စားရ
ခြင်းမည်သည်ရဟန်းအား မလျှောက်
ပတ်ဟုကြံ၍ အလိုလိုကြွေကျသော
အပွင့်၊အသီး၊အရွက်တို့ကိုစား၍
မျှတနေသောရသေ့မျိုး၊

သစ်သီး သစ်ပွင့်ကြွေကျရာ၌ အဓိဋ္ဌာန်ထားပြီးစား သော ပဏ္ဍုပဏာသိကရသေ့တို့တွင် အမျိုးအစား(၃)မျိုးခွဲခြား ပြထားပါသည်-

(က) ထိုင်ရာအရပ်မှမထဘဲလက်ဖြင့်မှီရာအရပ်၌ ကျသောအပွင့်၊အသီး၊အရွက် တို့ကိုစားသော ရသေ့ကို အမြတ်စား ဥက္ကဋ္ဌရသေ့

(ခ) သစ်ပင်တစ်ပင်မှ အခြားသစ်ပင်တစ်ပင်သို့ မသွားသောရသေ့သည် အလတ်စားမဇ္ဈိမရသေ့

(ဂ) သစ်ပင်ရင်းသို့သွားပြီး အလိုလိုကြွေကျသော အပွင့် အသီး၊ အရွက် တို့ကိုရှာ၍စားသော အငယ်စားရသေ့

ဟူ၍ ခွဲခြားပြသထားပါသည်။

ဗုဒ္ဓသာသနာတော်ထွန်းကားလာသော အချိန်ဝယ် ထို ရသေ့အလုပ်သည် သာသနာတော်၏ပျက်စီးကြောင်း ဟုဗုဒ္ဓက ဟောပါသည်။

နောက်နောင်သော အချိန်ကာလသို့ ရောက်သွား- ရောက်သွားသည်ရှိသော် သာသာနတော်သည် ရသေ့အဖြစ်သို့ ကပ်ရောက်ခြင်း၏ အစွမ်းအားဖြင့် ဆုတ်ယုတ်လတံ၊ ထို့ကြောင့် ရသေ့အဖြစ်သို့ ကပ်ရောက်ခြင်းကို သာသနာမြတ်၏ ပျက်စီး ခြင်းအကြောင်း ဟူ၍ဟောကြားခဲ့ပါသည်။

ဤသာသနာတော်၌ ရဟန်းပြု၍ သီလ၊သမာဓိ၊ပညာ သိက္ခာ သုံးပါးကို လိုလားသော လဇ္ဇီရဟန်းတို့က-

“သင်နှင့်အတူ ဥပုသ်ပြုခြင်းသည်လည်းကောင်း၊ ပဝါ ရဏာပြုခြင်းမည်သည်လည်းကောင်း၊ သံဃာကံသည်လည်း ကောင်း မရှိ”

ဟုဆို၍ စက်ဆုပ်၍ ရှောင်ကြဉ်ကြကုန်သည်၊

ထိုပုဂ္ဂိုလ်သည် သာသနာတော်၌ ပဋိပတ်အကျင့်ကို ဖြည့်ကျင့်ရခြင်းကား ပြုကျင့်နိုင်ခဲ၏၊ သင်တုန်းဓားသွားပေါ်၌ နင်းသွားရခြင်းနှင့်တူ၏၊ ဆင်းရဲ၏၊ ရသေ့အဖြစ်သို့ ကပ်ရောက် ၍နေရခြင်းကား ပြုကျင့်ရန်လွယ်ကူ၏၊ လူအများကလည်း အမြတ်ဟု ဟုသမုတ်အပ်၏၊

ဟုကြံပြီး လူထွက်၍ရသေ့ဖြစ်သွား၏။

အခြားသောရဟန်းတို့သည် ထိုရဟန်းလူထွက်ဖြစ်သော ရသေ့ကို မြင်ကြကုန်၍-

“သင်ဘယ်လို လုပ်တာလဲ”

ဟုမေးကြသည်။

"သင်တို့၏သာသနာတော်၌ အလုပ်သည်ဝန်လေး၏၊ ဤရသေ့အဖြစ်၌ ငါတို့သည်မိမိဆန္ဒဖြင့် လှည့်လည်နိုင်ကြကုန်၏" ဟူ၍ ထိုရဟန်းလူထွက်သောရသေ့က ပြောလေသည်၊ထိုမေးသောရဟန်းကလည်း -

"ထိုသို့ဖြစ်လျှင် တပည့်တော်လည်းဘဲ ထိုရသေ့အဖြစ်သို့ပင် ဝင်ရောက်တော့မည်-"
ဟုဆို၍ ထိုပထမရဟန်းသို့ အတု လိုက်၍ ကျင့်လျက်ရသေ့ဖြစ်သွားသည်။

ဤနည်းတူ အခြားရဟန်းများကလည်း ရသေ့ဖြစ်သွားကြ၏၊ ဤသို့လျှင် အစဉ်အားဖြင့် ရသေ့တို့သည်သာလျှင်များလာကုန်၏၊ ထိုများစွာသောရသေ့တို့ ဖြစ်ပေါ်လာသောအခါ၌ သာသနာတော်သည် ဆုတ်ယုတ်သည် မည်သည်ဖြစ်လတံ

လောက၌ ဤသို့သဘောရှိသော ဘုရားမည်သည် ဖြစ်ပေါ်ခဲ့၏၊ ထိုဘုရား၏ ဤသို့သဘောရှိသော သာသနာမည်သည် ဖြစ်ခဲ့၏-
ဟူ၍ ကြားဖူးရုံမျှဖြင့်သာ ဖြစ်လိမ့်မည်။

ဤသို့ဖြစ်ခြင်းကို ရည်ရွယ်၍ ဗုဒ္ဓသည် ရသေ့အဖြစ်သို့ ကပ်ရောက်ခြင်းကို သာသနာတော်၏ ပျက်စီးကြောင်းဟု ဟောတော်မူပါသည်။

ဗုဒ္ဓကအတုမရှိသော ဝိဇ္ဇာစရဏနှင့်ပြည့်စုံမှုကို မကျင့်နိုင်၍ အချို့သည်တောထဲသို့သွား၍ ရသေ့ဝတ်ကာ ကြွေကျသော သစ်သီးကိုသာစားသုံးနေထိုင်ခြင်း

-တောထဲသို့ဝင်၍ ရသေ့ဝတ်ပြီး ပေါက်တူးနှင့်ခြင်းတောင်းကို ကိုင်လျက် သစ်ဖု၊သစ်မြစ်၊ သစ်သီးများကိုသာ စားသုံးခြင်း

-ရွာနိဂုံးတို့အနီး၌ မီးပူဇော်ရင်း အိမ်ကိုဆောက်လုပ်ပြီး မီးလုပ်ကျွေးနေခြင်း

-အရပ်လေးမျက်နှာမှလာသော ရသေ့ရဟန်းတို့ကို စွမ်းအားရှိသလောက် ပူဇော်အံ့ ဟူသောရည်ရွယ်ချက်ဖြင့် လမ်းလေးဆုံ၌ တံခါးပေါက်လေးခုရှိသော အိမ်ကိုဆောက်လုပ်၍နေခြင်း

ဤကဲ့သို့သော ရသေ့များအဖြစ်ပြုလုပ်နေခြင်းသည် ဗုဒ္ဓဘာသာထွန်းကားနေသော ကာလဝယ် ဗုဒ္ဓလမ်းညွှန်သော ဝိဇ္ဇာအကျင့်နှင့် စရဏတို့ကို မပြုလုပ်နိုင်သော သူတို့၏လူအထင်ကြီးအောင် အချောင်စားရအောင် ပြုလုပ်သောအကျင့်ဖြစ်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များများလာပါက ဘုရားရှင်၏သာသနာသည် ဆုတ်ယုတ်ပျက်စီး သွားနိုင်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဗုဒ္ဓ၏ဓမ္မဝိနယတို့ကို အတိအကျမလိုက်နိုင် မကျင့်နိုင်သော ပုဂ္ဂိုလ်အသီးသီးတို့ပေါ်လာကြ၍ ဗုဒ္ဓသာသနာသည် ဂိုဏ်းအသီးသီးပေါ်လာကြပြီး ဗုဒ္ဓသာသနာအတွင်း၌ပင် အယူဝါဒအမျိုးမျိုး ပေါ်လာခဲ့ရသည်။

ယနေ့ခေတ်တွင်လည်း ဗုဒ္ဓသာသနာကို အသုံးချပြီး သာသနာပြု ဟုအမည်ခံပြီး ဂိုဏ်းဆရာများ၊ ဘိုးတော်များ၊ထွက်ရပ်ပေါက်များ၊ စသည်ဖြင့် ပြုလုပ်နေကြသည်။ထိုပုဂ္ဂိုလ်များသည် ဗုဒ္ဓသာသနာတော်၌ သုတ်, ဝိနည်း, အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံနှင့် သတိပဋ္ဌာန်၊မဂ္ဂင်ကျင့်စဉ်များ၊ သစ္စာလေးပါးတရားများ ပဋိစ္စသမုပ္ပါဒ်တရားများထင်ရှားရှိနေပါလျက် ထိုတရားစစ်၊တရားမှန်ကိုမကျင့်ဘဲ လတ်တလော လူအထင်ကြီးတတ်သော ထိုသို့ ဘိုးတော်ထွက်ရပ်ပေါက် ကျင့်စဉ်များကျင့်ပြီး သာသနာပြု ဟုအမည်ခံနေကြသည်။

အမ္ဗဋ္ဌသုတ်လာ ရသေ့များအကြောင်းကို လေ့လာခြင်းအားဖြင့် ထိုဗုဒ္ဓခေတ်ကရသေ့များ ပြုလုပ်ပုံနှင့် ယနေ့ခေတ်ဘိုးတော်၊ ထွက်ရပ်ပေါက်၊ဂိုဏ်းဆရာတို့၏ လုပ်ပုံနှင့်တူနေ၍ ထိုဂိုဏ်း၊ဘိုးတော် ထွက်ရပ်ပေါက်တို့၏ လုပ်ငန်းများသည် ဗုဒ္ဓသာသနာပျက်စီးကြောင်း ကျင့်စဉ်များဖြစ်သည်ဟု သုံးသပ်လေ့လာအကဲခတ်ရပါသည်။

# အမွှသုတ်လာ ဗုဒ္ဓ၏ဒေသစာရီလှည့်လည်ခြင်းကိုလေ့လာခြင်း

ဗုဒ္ဓဂေါတမသည် ဘုရားဖြစ်သည်မှစ၍ ပရိနိဗ္ဗာန်စံဝင်သည်အထိ-၄၅-ဝါတို့ပတ်လုံး ဇမ္ဗူဒိပ်ကျွန်းရှိ တိုင်းကြီး(၁၆)တိုင်းသို့ မနားမနေလှည့်လည်ကြွ၍ ဒေသစာရီ လှည့်လည်ခဲ့ပါသည်၊

ဗုဒ္ဓ၏ဒေသစာရီကြွခြင်းတွင် . . .

၁။ လျင်မြန်သောကြွခြင်း

၂။ မလျင်မြန်သောကြွသွားခြင်း ဟူ၍နှစ်မျိုးရှိပါသည်။

လျင်မြန်သောကြွသွားခြင်း-ဟူသည် အလှမ်းဝေးသောအရပ်၌ သစ္စာလေးပါးကို သိစေထိုက်သော ပုဂ္ဂိုလ်ကိုသိစေခြင်းအကျိုးငှါ အဆောတလျင် ကြွသွားခြင်းသည် လျင်မြန်သောကြွသွားခြင်းမည်ပါသည်။

ဥပမာ-အရှင်မဟာကဿပ မထေရ်လောင်းကို ခရီးဦးကြိုဆိုရှိသော် တမဟုတ်ခြင်းဖြင့် (၃)ဂါဝုတ်ခရီးသို့ ကြွသည်။

-အာဠာဝကဘီလူးကိုဆုံးမခြင်းငှါ -ယူဇနာ(၃၀)ခရီး
-အင်္ဂုလိမာလကိုဆုံးမခြင်းငှါ -ယူဇနာ(၃၀)ခရီး
-ပက္ကုသာတိမင်းအတွက် -ယူဇနာ(၄၅) ခရီး
-မဟာကပ္ပိနမင်းအတွက် -ယူဇနာ(၁၂၀)ခရီး
-ဓနိယအတွက် -ယူဇနာ(၇၀၀)ခရီး
-ဝနဝါသိတိဿသာမဏေအတွက် -ယူဇနာ(၁၂၀)ခရီး
နှင့် ၃-ဂါဝုတ်ခရီး တို့သို့ ကြွတော်မူသည်။

မလျှင်မမြန်ကြွသွားခြင်း ဟူသည်. . . လောကကို ချီးမြှောက်ရန် အလို့ငှါ ဆွမ်းအလို့ငှါ ရွာနိဂုံးအစဉ်အတိုင်း နေ့စဉ် တစ်ယူဇနာအစွမ်းအားဖြင့် လှည့်လည်ခြင်းသည် မလျှင်မမြန်ကြွ သောခရီး မည်ပါသည်။

ဤမလျှင်မမြန်ကြွသောခရီးတွင်-

၁။ မဟာမဏ္ဍလ– –ကျယ်ဝန်းသောခရီး

ဗုဒ္ဓသည် ကျယ်ဝန်းသောခရီးကို လှည့်လည်လိုသော အခါ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ပဝါရဏာပြုတော် မူပြီး အထွက်တစ်ရက်နေ့၌ များစွာသောရဟန်းအပေါင်း ခြံရံ လျက် ခရီးထွက်ပါသည်။ထက်ဝန်းကျင် ယူဇနာတစ်ရာတိုင် အောင် အုတ်အုတ်ကျက်ကျက် ဖြစ်လေသည်။

ရှေးဦးစွာ ရှေးဦးစွာလာသောသူတို့သည် ပင့်ဖိတ်ခွင့် ရရှိ ကြသည်။ ဗုဒ္ဓသည်ထိုရွာနိဂုံး၌ တစ်ရက်၊နှစ်ရက်မျှနေလျက် များစွာသောလူအပေါင်းတို့အား ဆွမ်းစသော အာမိသကို ခံယူ ခြင်းဖြင့် ချီးမြှောက်တော်မူလျက်လည်းကောင်း၊ တရားအလှူကို ပေးလှူခြင်းဖြင့် ထိုသူအပေါင်းအား ဝဋ်ဆင်းရဲမှကင်းရာ နိဗ္ဗာန် အထောက်အပံ့ဖြစ်သော ကုသိုလ်ကိုပွားစေလျက်လည်းကောင်း (၉)လတို့ဖြင့် ခရီးလှည့်လည်ခြင်းကို ပြီးစေသည်။

## ၂။ မဇ္ဈိမ မဏ္ဍလ–အလယ်အလတ်အဝန်းဖြစ်သောခရီး

အကယ်၍ဝါတွင်း၌ ရဟန်းတို့၏ သမထ၊ ဝိပဿနာတို့သည် နုကုန်သည်ဖြစ်ငြားအံ့၊ မဟာပဝါရဏာနေ့၌ ပဝါရဏာမပြုသေးဘဲ နေရန်ခွင့်ပြုခြင်းဟူသော ပဝါရဏာဖြင့်ချီးမြှောက်ခြင်းကို ပေးသည်၊ တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုစေပြီး တန်ဆောင်မုန်းလ၏ ပထမအထွက်နေ့၌ များစွာသောရဟန်းအပေါင်းခြံရံလျက် ခရီးထွက်ခြင်းဖြစ်သည်။

အခြားသောအကြောင်းဖြင့်လည်း အလယ်ရပ်ဝန်းဒေသစာရီ လှည့်လည်တော်မူလိုသည်ရှိသော် ဝါဆိုရာအရပ်၌ လေးလပတ်လုံး နေတော်မူပြီးမှသာလျှင် ခရီးထွက်တော်မူသည်။

ဗုဒ္ဓသည် ရှေးနည်းအတိုင်းပင် လောကကို ချီးမြှောက်ခြင်းအကျိုးငှါ ရှစ်လတို့ဖြင့် ခရီးလှည့်လည်သည်။

## ၃။ အန္တောမဏ္ဍလ–အတွင်းပိုင်း အဝန်းဘက်ခရီး

ဗုဒ္ဓသည် ဝါဆိုရာအရပ်၌ လေးလပတ်လုံးနေတော်မူပြီး ဖြစ်သော်လည်း ဆုံးမထိုက်သော ဝေနေယျသတ္တဝါတို့သည် မရင့်ကျက်သေးသော ဣန္ဒြေရှိကုန်သည်ဖြစ်ငြားအံ့၊ ဗုဒ္ဓသည် ထိုပုဂ္ဂိုလ်တို့၏ ဣန္ဒြေရင့်ကျက်ခြင်းကို ဆောင့်ဆိုင်းတော်မူလျက် နောက်ထပ်တစ်လ၊ နှစ်လဖြစ်စေ၊သုံးလ၊ လေးလဖြစ်စေ၊ ဝါဆိုရာ အရပ်၌သာလျှင်နေပြီး ခရီးထွက်တော်မူသည်။

ဗုဒ္ဓသည် ရှေးနည်းတူ လောကကိုချီးမြှောက်ရန်အလို့ ငှါ (၇)လ (၆)လတို့ဖြင့်သော်လည်းကောင်း (၅)လ၊ (၄)လတို့ဖြင့် သော်လည်းကောင်း ခရီးလှည့်လည်ခြင်းကို ပြီးဆုံးစေသည်။

ဤသုံးပါးသောမဏ္ဍလတို့တွင် တစ်ပါးပါးသော မဏ္ဍလ၌ ဒေသစာရီလှည့်လည်သော ဘုရားရှင်သည်--

သက်န်းစသော ပစ္စည်းလေးပါး အကြောင်းကြောင့် လှည့်လည်သည်မဟုတ်၊ စင်စစ်မှာ အကြင်ဆင်းရဲသူ လွန်စွာ အိုမင်းသူ၊ ပြင်းစွာ နာမကျန်းဖြစ်နေသူတို့သည် ရှိကြသည်၊ ထိုသူ တို့သည် ဘယ်အခါ၌ ဘုရားရှင်ထံ လာရောက်ဖူးမြော်နိုင်ကြလိမ့် မည်နည်း၊ ငါဘုရားဒေသစာရီ လှည့်လည်ပါက များစွာသော လူအပေါင်းသည် ဘုရားရှင်ကို ဖူးမြင်ခွင့်ရကြလိမ့်မည်။

ထိုသူတို့တွင် အချို့က စိတ်တို့ကို ကြည်လင်စေကြလိမ့် မည်၊ အချို့ကပန်းစသည်ဖြင့် ပူဇော်ကြလိမ့်မည်၊ အချို့ဆွမ်း တစ်ဇွန်းမျှကိုပင်ဖြစ်စေ၊ လောင်းလှူကြလိမ့်မည်၊ အချို့ကလွဲမှား သော မိစ္ဆာအယူကိုပယ်၍ မှန်သောအယူရှိသူများ ဖြစ်ကြ လိမ့်မည်။

ယင်းသို့ဖြစ်ခြင်းသည် ထိုသူတို့အတွက် ရှည်မြင့်စွာ သော နေ့ညဉ့်ပတ်လုံး စီးပွားချမ်းသာ အလို့ငှါဖြစ်လိမ့်မည်။

ဤသို့ဆင်ခြင်ပြီး လောကကိုသနားစောင့်ရှောက်တော် မူခြင်းအလို့ငှါသာလျှင် ဗုဒ္ဓသည်ဒေသစာရီကို လှည့်လည်သည်

ထိုမှတစ်ပါး သလုံးမြင်းခေါင်းဖြင့် လှည့်လည်နေခြင်း၏ အစွမ်းအားဖြင့် ကိုယ်၏ချမ်းသာခြင်း အကျိုးငှါလည်းကောင်း၊ အကြောင်းထူးဖြစ်ပေါ်လာချိန်ကို စောင့်ဆိုင်းခြင်းအကျိုးငှါ လည်းကောင်း၊ ရဟန်းတို့အား သိက္ခာပုဒ်ပညတ်ခြင်းအကျိုးငှါ လည်းကောင်း၊ ထိုထိုမြို့ရွာတို့၌ ဣန္ဒြေရင့်ကျက်ခြင်းသို့ ရောက်နေသော သစ္စာလေးပါးကို သိစေသင့် သိစေထိုက်သော သတ္တဝါတို့အား သစ္စာလေးပါးကို သိစေခြင်းအကျိုးငှါလည်းကောင်း၊ ဤလေးပါးသောအကြောင်းဖြင့် ဗုဒ္ဓသည် ဒေသစာရီ လှည့်လည်ပါသည်။

ထိုမှတစ်ပါး ဗုဒ္ဓ, ဓမ္မ, သံဃကို-ကိုးကွယ်ရာ ဟုဆည်းကပ်ကြလိမ့်မည် ဟူသော အကြောင့်ဖြင့်လည်းကောင်း၊ ကြီးစွာသော တရားမိုးရေဖြင့် လေးပါးသောပရိယတ်တို့ကို တင်းတိမ်ရောင့်ရဲစေအံ့ ဟူသော အကြောင့်ဖြင့်လည်းကောင်း၊ ဤလေးပါးသော အကြောင်းဖြင့်လည်း ဗုဒ္ဓသည် ဒေသစာရီလှည့်လည်သည်။

ထို့ပြင် သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာမခိုးယူခြင်း သူသားအိမ်ယာမပြစ်မှားခြင်း၊ လိမ်ညာမပြောဆိုခြင်း၊ သေရည်မသောက်ခြင်း ဟူသောငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်ကြလိမ့်မည် ဟူသော အကြောင့်ဖြင့် ဗုဒ္ဓသည်ဒေသစာရီလှည့်လည်ပါသည်။

ထို့ပြင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန် ရကြလိမ့်မည် ဟူသော အကြောင်း(၈)ပါးတို့ဖြင့် ဗုဒ္ဓသည် ဒေသစာရီ လှည့်လည်ပါသည်။

ထို့ပြင် သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမ် မဂ်ဖိုလ်၊ အနာဂါမ်မဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် ဟူသော၍(၈)ပါးသော အကြောင်းဖြင့် ဗုဒ္ဓသည် ဒေသစာရီလှည့်လည်ပါသည်။

၎င်းမဆောမလျှင် လှည့်လည်ခြင်းတွင်-

၁။ အနိဗဒ္ဓစရိကာ-တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်နှင့် မဆက်မစပ်သော ရွာနိဂုံးအစဉ်အတိုင်းလှည့်ခြင်း

၂။နိဗဒ္ဓစရိကာ -တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်နှင့် စပ်သော သစ္စာလေးပါးကိုသိစေလိုသည့် ပုဂ္ဂိုလ်တစ်ဦး၏ အကျိုးငှါကြွသွားခြင်း၊

ဟူ၍ နှစ်မျိုးရှိပါသည်၊ ထိုအမ္ဗဋ္ဌသုတ်၌ ဗုဒ္ဓသည် ထိုနိဗဒ္ဓစရိကကို အလိုရှိ၍ (ဝါ) ပေါက္ခရသာတိ ပုဏ္ဏား၊ အကျိုးငှါ၊ ၎င်းဣစ္ဆာနင်္ဂလရွာသို့ လှည့်လည်ကြွခြင်းဖြစ်ပါသည်။

၎င်းလောကတွင် သာမန်လူသားတို့သည် ပညာရှာလိုခြင်း၊ ဒေသန္တရ ဗဟုသုတရယူလိုခြင်း၊ ဥစ္စာစီးပွားရှာလိုခြင်းတို့အတွက် ခရီးလှည့်လည်သွားကြသည်။ ဗုဒ္ဓ၏ ဒေသစာရီလှည့်လည်မှုက

ထိုကဲ့သို့ မဟုတ်ပါ၊ လောကလူသားတို့ ကောင်းကျိုးချမ်းသာ အလို့ငှါကြွခြင်း၊ လှည့်လည်ခြင်းဖြစ်သည်။

လောကလူသားကောင်းကျိုးဆိုရာ၌ လောကလူသားတို့ ပစ္စုပ္ပန်ဘဝ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ချမ်းသာမှု၊ ရရှိနိုင်စေရေး နှင့် တမလွန်၊ နတ်ရွာ၊ သုဂတိရောက်ရေး နောက်ဆုံး(၃၁)ဘုံ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေး ဟူသော လူသားတို့ ကောင်းကျိုးအတွက် လှည့်လည်ခြင်းဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့် ဗုဒ္ဓ၏ဒေသစာရီလှည့်လည်ခြင်းသည် လောကရှိ သာမန်လူသားတို့ လှည့်လည်ခြင်းနှင့်မတူ အလွန် မွန်မြတ်သန့်စင်သောလောကရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ကောင်းကျိုးကို လိုလားသော ဒေသစာရီလှည့်လည်မှု ဟုခွဲခြား သိမှတ်ရမည်ဖြစ်ကြောင်း လေ့လာအကဲခတ် သုံးသပ်မိပါသည်။

# အစွဲဌာထုတ်လာ ဗုဒ္ဓ၏လက္ခဏာတော်(၃၂)ပါးနှင့် သိရှိရမှုအကျိုးကိုလေ့လာ အထဲခတ်ခြင်း

ဗုဒ္ဓသည် ပေါက္ခရသာတိပုဏ္ဏား ဟူသော ပုဂ္ဂိုလ်တစ်ဦးတည်းအကျိုး ဟူသော နိဗ္ဗဒ္ဓစာရိက ဒေသစာရီလှည့်လည်စဉ် ဣစ္ဆာနင်္ဂလပုဏ္ဏားရွာသို့ ရောက်ရှိပြီး ထိုရွာအနီးတောအုပ်၌ သီတင်းသုံးနေတော်မူသည်။

ထိုအချိန်တွင် ပသေနဒီကောသလမင်း ချီးမြှင့်ခံထားရသော ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိပုဏ္ဏားကြီးသည် ဗုဒ္ဓ၏ကျော်ကြားလှသောဂုဏ်ကျေးဇူးသတင်းကို ကြားသိရ၍ ဗုဒ္ဓကို ကိုယ်တိုင်သွားရောက်တွေ့ဆုံပြီး မိမိတို့ သင်ကြားတတ်မြောက်ထားသော မဟာပုရိသလက္ခဏာကျမ်း၏ အဆိုနှင့်ညီ-မညီကိုလေ့လာသည်။

ပစ္စက္ခလောကအခြေအနေ၌လည်း ငါဘုရား ဟူ၍ လှည့်လည်ကြွေးဝါးနေကြသော ပူရာဏကဿပ စသော ဘုရားတု-ဘုရားယောင်များက ရှိနေလေရာ မဟာပုရိသကျမ်းလာ ယောကျ်ားမြတ်လက္ခဏာနှင့် ပြည့်စုံသူဟုတ်-မဟုတ် သေချာစွာကြိုတင်သိချင်သေးသည်၊မိမိက အသက်လည်းကြီးပြီ၊ မြို့စားကြီးတစ်ဦး ဖြစ်နေ၍ ဦးစွာမသွားလို မှန်-မမှန်စစ်ဆေးပြီးမှ သွားလို

သည်၊ သို့အတွက် တပည့်ဗေဒပါရဂူ အမွှဌကို စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

ရှေးကမ္ဘာဦးကတည်းက ဗြဟ္မဏတို့ အဆိုအရ မဟာဗြဟ္မာကြီးက လူသားတို့ ကျင့်ရန်အတွက် ဣရုဝေဒ၊ ယဇုဝေဒ၊ သာမဝေဒ၊ ဟူသော ဗေဒင်သုံးပုံကျမ်း၊ ဝေဒကျမ်းတို့ကို ရွတ်ဆိုတတ်အောင် အမည်သညာအက္ခရာမည်သော အဋ္ဌာယကကျမ်း၊ သစ်ပင်စသည်တို့၏ ဝေဝုစ်ပရိယာယ် စကားလှယ်တို့ကို ပြသောကေနိယဏ္ဍုကျမ်း၊ နှုတ်မြွက်ခြင်း စသောအမူအရာကိရိယာအမျိုးမျိုးတို့ကို အထူးထူးအပြားပြားအားဖြင့် ပြုပြင်စီရင်ကြောင်းဖြစ်သော ကဗျာတတ်သိပညာရှိတို့ကို ဌာန်ကရိုဏ်းစသည်အားဖြင့် ခွဲခြားပြသော သာက္ခရပ္ပဘေဒကျမ်း ခေါ် ဤလောက၌ ဤသို့ဖြစ်ခဲ့ဘူး၏-ဟူ၍ စကားနှင့်စပ်လျဉ်းသော ရှေးဟောင်းစကားဟုဆိုအပ်သော ဣတိဟာသကျမ်း ခေါ် အထဗ္ဗဏဝေဒကျမ်းနှင့် လူအပေါင်းတို့အား နောင်တမလွန် အကျိုးစီးပွားကိုအားမထုတ်အောင် ပိတ်ပင်တားဆီးတတ်သော လောကယတကျမ်းများကို သင်ကြားပေးထားခဲ့သည်။

ဤလောကတွင် ဘုရားပွင့်တော့မည်ဟူသော ကောလဟာဠသည် နှစ်ပေါင်း (၁၀၀)ကတည်းက ပေါ်ထွန်းလာခဲ့သည်။ ထိုအခါ ဘုရားအစရှိသော ယောကျ်ားမြတ်တို့၏ လက္ခဏာကို ဖော်ပြသော (၁၂၀၀၀)အဖွဲ့ ဂါထာ ပမာဏရှိသော မဟာပုရိသ

ကျမ်းကို သုဒ္ဓဝါသမဟာဗြဟ္မကြီးက ပုဏ္ဏားတို့၏ ဝေဒကျမ်း၌ လက္ခဏာမန္တာန်ကိုထည့်၍ လာရောက်သင်ကြားပေးထားသည် ဟုဆိုပါသည်။

ယင်းကျမ်းတွင် (၁၀၁၆)ဂါထာ အတိုင်းအရှည်ရှိသော ဗုဒ္ဓမန္တာန်ပါရှိသည် ဟု ဆိုပါသည်။ ယင်းဗုဒ္ဓမန္တာန်တို့၏အစွမ်း အားဖြင့်-

-ဤသို့သော လက္ခဏာနှင့်ပြည့်စုံသော သူတို့သည် ဗုဒ္ဓ မည်သည်ဖြစ်ကုန်၏၊

-ဤသို့သောလက္ခဏာနှင့်ပြည့်စုံသော သူတို့သည် ပစ္စေကဗုဒ္ဓါမည်သည် ဖြစ်ကုန်၏၊

-ဤသို့သောလက္ခဏာနှင့်ပြည့်စုံသော သူတို့သည် အဂ္ဂသာဝကနှစ်ပါး ဖြစ်ကုန်၏၊ ရှစ်ကျိပ်သော မဟာသာဝက ဖြစ်ကုန်၏။

-ဤသို့သောလက္ခဏာနှင့်ပြည့်စုံသောသူတို့သည် ဗုဒ္ဓ၏ ခမည်းတော်-မယ်တော် မြတ်သော အလုပ်အကျွေး ဒါယကာ-ဒါယိကာမဖြစ်၏၊ စကြဝတေးမင်းဖြစ်၏၊

စသည်အားဖြင့် ဤသို့သောအချက်များပါဝင်သည် ဟုဆိုပါသည်။

ဤမန္တန်တို့သည် ဗုဒ္ဓမန္တန်မည်ကုန်၏ ဟူ၍ ဗြဟ္မာ အသွင်ဖြင့်သာလျှင် ဝေဒကျမ်းတို့ကို လာရောက်သင်ကြားပို့ချ ပေးကြသည်။

"ထိုမန္တာန်တို့ကို အစဉ်လိုက်သဖြင့် သတ္တဝါတို့သည် မြတ်စွာဘုရားကို သိကြလိမ့်မည်"
ဟု နှလုံးသွင်း၍ သင်ကြားပို့ချပေးကြကုန်၏-ဟုဆိုပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သော် ထိုဗုဒ္ဓမန္တာန်ခေါ် မဟာပုရိသ လက္ခဏာတို့သည် ကွယ်ပျောက်သွားမြဲဖြစ်၍ ယနေ့ ဝေဒကျမ်းတို့၌ မဟာပုရိသလက္ခဏာများမရှိတော့ ဟုဆိုပါသည်

မဟာပုရိသ-ဟူသည် တောင့်တခြင်း၊ ဆောက်တည် ခြင်းဉာဏ်၊ ကရုဏာ-အစရှိသော ဂုဏ်တို့နှင့် မြင့်မြတ်သော ယောကျ်ားမြတ်တို့၏ လက္ခဏာရှိသော ဘုရားအဖြစ် စကြဝတေး မင်းအဖြစ်-ဖြစ်စေနိုင်မှုကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ဘုရားအဖြစ်၊စကြဝတေးမင်းအဖြစ်ရှိသောသူကို မဟာ ပုရိသ-ဟုခေါ်သည်၊ ထိုကျမ်း၌ ယောကျ်ားမြတ်လက္ခဏာ(၃၂)ပါး ရှိသည်။ ထိုလက္ခဏာနှင့်ပြည့်စုံသော မဟာပုရိသသည် တော ထွက်တရားကျင့်သော် ဘုရားစစ်စစ်ကေန်ဖြစ်မည်၊ လူ့ဘဝ၌ နေသော စကြာရတနာ၊ သားကြီးရတနာ၊ ဆင်ကြီးရတနာ၊ မြင်း ရတနာ၊ သူကြွယ်ရတနာ၊ မိဖုရားရတနာ၊ ပတ္တမြားရတနာ ဟူသော ရတနာ(၇)ပါးနှင့် ပြည့်စုံပြီး ကျွန်းအားလုံးကို အစိုးရ သော စကြာဝတေးမင်းဖြစ်မည် ဟုအတိအကျညွှန်းပြထားသည် ဟု ဆိုပါသည်။

ပေါက္ခရသာတိပုဏ္ဏားသည် ထိုမဟာပုရိသကျမ်းပါ ယောက်ျားမြတ် လက္ခဏာ(၃၂)ပါး ပါ-မပါကို တပည့် အမ္ဗဋ္ဌအား သေချာစွာမှာပြီးစေလွှတ်ခဲ့ပါသည်။

အမ္ဗဋ္ဌသည် အဖော်လုလင်ငယ်များနှင့်အတူ ဗုဒ္ဓထံသို့ သွားရောက်ပြီး ဗုဒ္ဓ၏လက္ခဏာ(၃၂)ပါးကို စုံလင်စွာရှိ-မရှိစုံစမ်း ခဲ့သည်၊ထိုသို့ စုံစမ်းသောအခါ ဘုရားရှင်၌-

၁။ ခြေဖဝါးလက္ခဏာ
၂။ စက်ဝန်းလက္ခဏာ
၃။ ဖနောင့်လက္ခဏာ
၄။ လက်ချောင်းခြေချောင်းလက္ခဏာ
၅။ လက်ဖဝါးခြေဖဝါးလက္ခဏာ
၆။ လက်ခြေလက္ခဏာ
၇။ ခြေဖမျက်လက္ခဏာ
၈။ သလုံးမြင်းခေါင်းလက္ခဏာ
၉။ အရပ်တော်၏အချိုးကျသောလက္ခဏာ
၁၀။ ယောက်ျားနိမိတ်လက္ခဏာ
၁၁။ အသားတော်လက္ခဏာ
၁၂။ အရေတော်လက္ခဏာ
၁၃။ မွေးညှင်းတွင်းလက္ခဏာ
၁၄။ မွေးညှင်းတော်လက္ခဏာ

၁၅။ ဖြောင့်မတ်သောကိုယ်တော်လက္ခဏာ

၁၆။ ပြည့်ဖြိုးသောအသားတော်လက္ခဏာ

၁၇။ ရှေ့ပိုင်းကိုယ်တော်လက္ခဏာ

၁၈။ ကျောက်ကုန်းလက္ခဏာ

၁၉။ လုံးဝန်းသောကိုယ်တော်လက္ခဏာ

၂၀။ လည်တိုင်လက္ခဏာ

၂၁။ ရသာဆောင်ကြောလက္ခဏာ

၂၂။ မေးတော်လက္ခဏာ

၂၃။ သွားတော်လက္ခဏာ

၂၄။ ညီညာသောသွားတော်လက္ခဏာ

၂၅။ သွားမကျဲခြင်းလက္ခဏာ

၂၆။ စွယ်တော်လေးဆူလက္ခဏာ

၂၇။ လျှာတော်လက္ခဏာ

၂၈။ အသံတော်လက္ခဏာ

၂၉။ မျက်လုံးတော်လက္ခဏာ

၃၀။ မျက်တောင်မွေးလက္ခဏာ

၃၁။ ဥဏ္ဏာလုံမွေးရှင်လက္ခဏာ

၃၂။ သင်းကျစ်လက္ခဏာ

အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓ၏ ထို(၃၂)ပါးသော လက္ခဏာတော်များကို တွေ့မြင်ပြီး မိမိဆရာထံသို့ ပြန်လည်သတင်းပို့ ပြောကြားခဲ့သည်။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားကြီးသည် အခြားပုဏ္ဏားများနှင့်အတူ ဘုရားရှင်ထံ ကိုယ်တိုင်လာရောက်ပြီး ဖူးမြင်ကာ ဗုဒ္ဓ၏လက္ခဏာတော်(၃၂)ပါးကို ကိုယ်တိုင်လေ့လာရှာဖွေခဲ့သည်။

ပုဏ္ဏားကြီးသည် မိမိလေ့လာထားသော မဟာပုရိသလက္ခဏာကျမ်းလာ လက္ခဏာများအတိုင်း ဗုဒ္ဓ၏ ကိုယ်တော်၌ စုံစုံလင်လင် ပီပီပြင်ပြင် တိတိကျကျ တွေ့မြင်ရသောအခါ အတိုင်းမသိကြည်နူးမိသည်။ ရင်း-ဖျား တုံ့လှည့် ကြည့်ရှုဖူးမြော်၍မဝ ဖြစ်ခဲ့ရပြီး-

"ဒါမှ အာဇာနည်ယောက်ျားမြတ် နတ်နှင့်တကွသော သုံးလောကသားများ၌ နှစ်ယောက်အတူမရှိ သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ဖြစ်ပေသည်"

ဟု ချီးကျူးရေရွတ်ပြီး ဘုရားရှင်ကို ထက်သန်စွာကြည်ညိုပြီး ဘုရားရှင်ကို ဆွမ်းပင့်ဖိတ်ကျွေးမွေးခဲ့ပါသည်။

ဗုဒ္ဓ၏ ထိုလက္ခဏာ(၃၂)ပါး စစ်ဆေးမှုကို အကြောင်းပြု၍ ပေါက္ခရသာတိပုဏ္ဏားကြီးမှာ သောတာပန်အရိယာ ဖြစ်သွားသည့်ပြင် ပုဏ္ဏားကြီး၏ သားမယားအခြံအရံများလည်း ရတနာသုံးပါးဆည်းကပ်ကိုးကွယ်မှု ဥပါသကာအဖြစ်သို့ရောက်သွားကြသည်။

ဘုရားအလောင်းတော်သည် ရှေးဘဝပေါင်းများစွာတို့၌ သုစရိုက်(၁၀)ပါးကိုဖြည့်ကျင့်မှု၊ ဒါန,သီလ, ဆောက်တည်မှု

ဥပုသ်စောင့်မှု၊ မိဘတို့ကိုလုပ်ကျွေးမှု စသော ကောင်းမှုများပြု လုပ်ရာတွင် လူအများ၏ရှေ့ဆောင်ဦးစီး အကြီးအမှူးပြုလျက် စီမံဆောင်ရွက်ခဲ့သော ကောင်းမှု၊ မည်သည့်ကောင်းမှု မည်သည့် စိတ်ထားကြောင့် မည်သို့သောယောကျ်ားမြတ်လက္ခဏာတော် များ ဖြစ်ပေါ်ရရှိခဲ့ကြောင်း လက္ခဏာသုတ္တန်ကို ရှင်အာနန္ဒာ လျှောက်ထားမှုကို အကြောင်းပြု၍ ဟောကြားခဲ့ပါသည်။

ဗုဒ္ဓသည် ဤလက္ခဏာသုတ်တော်ကို သီးခြားဟောတော် မူရခြင်းမှာ သတ္တဝါများ၏ အကျိုးစီးပွားချမ်းသာမှုနှင့် စပ်၍ဤ မည်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့သောကြောင့် ဤသို့ သောကြင်အင်လက္ခဏာတော်များ ပြည့်စုံသည်ကို ဖူးမြင်ရသူ နတ်, ဗြဟ္မာ,တိုင်းသိကြစေ ဟုညွှန်ပြတော်မူလိုသဖြင့် ဤ လက္ခဏာကြီး(၃၂) ပါးကို သီးသန့်ဟောကြားခဲ့ပါသည်။

ဤယောကျ်ားမြတ်လက္ခဏာ(၃၂)ပါးကို သိရှိရသော အားဖြင့် ဗုဒ္ဓဟူသည် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူ အောင်စိတ်ကိုထား၊ ကုသိုလ်ကောင်းမှုတရားတို့၏ အနှိုင်းမဲ့၊ အတုမရှိသော ရုပ်ပုံလွှာကြီးဖြစ်ကြောင်းရှုမြင်ကာ ကုသိုလ် ကောင်းမှုတို့ကို အတုယူလိုက်နာကျင့်သုံးစေသော စိတ်ဆန္ဒဖြစ် ပေါ်စေပါမည်။

ဗုဒ္ဓ၏ လက္ခဏာတော်(၃၂)ပါးကို သိထားသဖြင့် နောက် နောင်ဗုဒ္ဓ၏ရုပ်ပုံလွှာ-ဗုဒ္ဓ၏ရုပ်ထုကိုရေးဆွဲထုလုပ် ပူဇော်ကြရာ၌

ဤလက္ခဏာတော်(၃၂)ပါးနှင့် ပြည့်စုံသော ဗုဒ္ဓရုပ်ပုံလွှာ-ရုပ်ထုတို့ကို ရေးဆွဲထုလုပ်နိုင်သော အကျိုးကျေးဇူးကိုရရှိနိုင်ခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ပြီး ဗုဒ္ဓဘာသာကို ပူးဝင်ပြီး ဗုဒ္ဓဘာသာအတုအယောင် တန္တရ၊ မန္တရတို့၏ ဗုဒ္ဓလက္ခဏာတော်နှင့် မညီသောရုပ်ထု၊ ရုပ်ပုံများ ရေးဆွဲထုလုပ်မှုကိုလည်း ဆန်းစစ်ဝေဖန်နိုင်သော အကျိုးရှိကြောင်း ဆန်းစစ်ဝေဖန်အကဲခတ်ရပါသည်။